www.burmeseclassic.com

No.88, September 2014

# ဂမ္ဘီရလောက

မဂ္ဂဇင်း



ဒဂုန်ရွှေမျှား
မောင်ညိုမှိုင်း(သန်လျင်)
မင်းရွှေသိန်း(ဂင်းကျိုက်)
နန္ဒာမိုးကြယ်
မင်းဘုန်းသိမ်သူ
မျှာပုံစိုးသား
ဝင်းနိုင်(ရွှေပြည်သာ)
အောင်သာကျော်
မင်းရဲကျော်
မောင်မြဦး(မြောင်းမြ)
သိမ်သူ
မောင်လင်းသစ်
ဝေယံသိန်း
သားစိန်ဒိုင်

– စုန်းမရေချ – အချိန်သွားခရီးသည် – သေတွင်းဗိုသူ – သိုက်စေတီ
– ဝိဉာဉ်ရှာက ပေါ်မြူရှင် မိရှင်မနှင့် ပရမာယောရှင် စံပယ်တင်မှု – မိုးကျသိ ဇီဂဝါးဒိပ်...
– နှင်ထုတ်ပစ်ရမည့်တာဝန် – တရှေ့နေ၏ တစ်ညတာဘဝ – တိုက်မြေ
– ကျွမ်းရစ်လေနှင် – ရူးတွေသည့် အုံဂျာသော် – အဝေးမြေလမ်းပေါ်မှာ ...ညတာ
– ခေတ်သစ်ဒေဝဒတ္တ – စေတစ်လုံးမင်းအောင်နှင့် အစိုးကြီးသော အ...

www.burmeseclassic.com

www.burmeseclassic.com


uality Publishing House

…အောင်ဆန်း၏
…ဝနှင့်ပတ်သက်သော
…ီးအရာများကို
…ဖော်ပြထားသော

…ား ကြီးဗိုလ်တေဇ

Quality စာစဉ်အတွဲ





…လ်တေဇ
ဘဝကဗျာ
ရှုသဟန်အတ္ထုပ္ပတ္တိ

…ality စာစဉ်အတွဲ

…ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
…န်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
…ွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်

…ဗိုလ်ချုပ်အောင်ဆန်း
ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)






စုစည်း

ခုပြည့်စုံထွန်းစာပေ

အမှတ်(၅၀၈/၅၁၂)၊ ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သာရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၁၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ရုပ်ရှင်လောက

No.88, September 2014


အချိန်မှီခြင်းဝတ်ရုံသည်
ခရန်ရွှေမှူး ၆

ရေသာကြီးမှိုင်းညှို့
ရာဇုံတိုးသား ၂၄

သို့ရှင်ဒေဝီ
ဝင်းနိုင် (ရွှေပြည်သာ) ၄၀

ပိုင်ရှင်မဲ့ ပေါ်မြောင် မိုးရွာချိန် ပါရမီဖြည့်သူ
သားစိန်နိုင် ၇၁

မိုးရာသီ ဇီဇဝါ
မင်းဘုန်းသိမ်းသူ ၉၂

နှင်းရည်ပေါက်ကလေးရဲ့ညှို့
မင်းချိုကျော် ၁၁၀

ချစ်နောင်
မောင်ညိုမှိုင်း (သန်လျင်) ၁၂၆

တာဝန်ရှိသူ၏ ...
မင်းရွှေသိန်း (ဇင်းကျိုက်) ၁၄၆

တိုက်ပွဲ
မောင်မြဦး (မြောင်းမြ) ၁၆၃

ကျွမ်းကျင်သူ
အောင်သာကျော် ၁၇၄

ထူးခြားသည့် ...
နန္ဒာမိုးကြယ် ၁၈၆

... အချိုးကြီးသော ...
မောင်လင်းသစ် ၁၉၄

အဝေးရောက် ...
သိမ်းသူ ၂၁၄

...
ဝေယံသိန်း ၂၂၆

Next Month Preview ၅


www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ရှုလောက

**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**အုပ်ချုပ်မှု အယ်ဒီတာ**
မခင်မာရွှေ

**တာဝန်ခံအယ်ဒီတာ**
ဝေလွင်မြင့်မောင် (၀၉၃၁၁၁၆၉၉၉)

**အယ်ဒီတာအဖွဲ့**
ညက်လင်းအောင်

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလှိုင်၊ ဖေငြိမ်းထွန်း၊ မင်းထွန်း၊ နေဇင်လတ်၊ ဝေလင်း၊ ကျော်ကျော်၊ မြမြသင်း၊ ဝင်းဝင်းမော်၊ မောမောလှိုင်၊ ဝင်းဝင်းမာ၊ ပိုပိုဇင်၊ အိမြ၊ ပီပီဇင်

**ထုတ်ဝေသူ**
ဒေါ်ခင်မာရွှေ (ထုတ်ဝေခွင့်လိုင်စင်အမှတ်)၊ (၀၃၉၇၈) (မြ)၊ အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**မျက်နှာဖုံး**
ညက်လင်းအောင်

**အတွင်းသရုပ်ဖော်**
ကံကောင်း၊ အောင်စိုးမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညိမ်း၊ ထောင်မှ စိုးမြင့်အေး၊ လှသစ်အောင် (အစ်းလျူး)၊ ရန်နိုင်ဦး၊ မောင်ခနကြည်၊ ချစ်သူ၊ ဒေမွန်လင်း၊ ပေါ်တာ၊ ဗိုင်းမော်

**ကွန်ပျူတာနှင့် ပလင်**
Quality

**ပုံနှိပ်သူ**
မြို့ဝေလွင်ပုံနှိပ်တိုက်
ဒေါ်သည်သည်မွန် (၀၀၆၅၉)
အမှတ်-အပိုင်မှ လမ်း၊ ဝင်းဝင်း၊ အထက်ပုဇွန်တောင်လမ်း၊ ဆင်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်၊

**စာအုပ်ချုပ်**
တင်မေထွန်း
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - [illegible]

[illegible] အေး တိုမိန့်ခြယ်နှင့် ဓိုင်းလုံးကျော်





[illegible] အောတအား အစွဲကြီးအား ကျောက်တုံးများ



ထင်ရှင့်ဝိုင်

မင်းရှိန်းနွယ်




အံ့ဖွယ်ထူးဆန်း လောကီပညာခန်း

နန္ဒာဝိုင်ကြည့်ဆိုင်

**Next Month Preview**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒဂုန်ရွှေမျှား

# အချိန် သွား ခရီးသည်



ထို့နောက် သူသည်အဆောက်အအုံနှင့် လမ်းမကြီးစပ်ကြားတွင်ရှိသော လူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့ရာ မိမိ၏ မျက်နှာချင်းဆိုင်ဘက်မှ လာနေသော မိန်းမပျိုတစ်ယောက် ဆောင်းထားသည့် ထီးအစွန်းကို မတော်တဆ ဝင်၍တိုက်မိသဖြင့် -

"ဩော် - မတော်လို့ပါ၊ စိတ်မရှိပါနဲ့ တူမကြီး" ဟု တောင်းပန်လိုက်၏။

ထိုအခါ မိန်းကလေးကလည်း -

"ကိစ္စမရှိပါဘူး၊ မတော်လို့ တိုက်မိတာပဲ"

ဟု နှုတ်ကပင် မပြောသော်လည်း ခွင့်လွှတ်သည့်အမူအရာဖြင့် ဦးဗိဏ္ဍအား ခပ်ပြုံးပြုံးကြည့်ကာ အဆောက်အအုံဘက်သို့ ဆက်လက်လျှောက်သွားလေသည်။



ဦးစိဏ္ဍသည် ဘေးဘီကိုပင် ကောင်းစွာမကြည့်နိုင်ဘဲ လမ်းမကြီးပေါ်သို့ ရောက်အောင်သာ အမြေးအလွှား လျှောက်သွားလေ၏။ သူသည် (၇)ထပ် တိုက်ကြီး၏ အပေါ်ဆုံးထပ်အခန်းတစ်ခန်းထဲတွင် ဒေါက်တာမိုးသီးဆိုသူအား ဓားနှင့်ထိုး၍ သတ်ဖြတ်ခဲ့သဖြင့် ထိုနေရာမှ ဝေးနိုင်သမျှ အဝေးဆုံး ရောက်အောင် အမြေးအလွှားလာခဲ့ခြင်း ဖြစ်လေသည်။

စားပွဲပေါ်သို့ကျကာ အလျားမှောက် သေဆုံးလျက်ရှိသော ဒေါက်တာ ဦးမိုးသီး၏ အလောင်းကိုလည်းကောင်း၊ ဓားအက်ရာမှ ပန်းထွက်သည့် သွေးစ သွေးနများ စွန်းထင်းနေသော စာအိတ်နှင့် စာများကိုလည်းကောင်း မျက်စိ ထဲတွင် မြင်ယောင်နေမိ၏။

"ငါ လွတ်အောင် ပြေးမှပဲ၊ ဘယ်နည်းနဲ့မဆို ငါလွတ်ရမယ်။ နို့ပေမဲ့ - တစ်ခုရှိတာက စာတွေကို ငါမယူခဲ့မိတာက ခက်တယ်။ ဒီစာတွေကို ကြည့် ပြီး ရဲဘက်က ငါ့ကို ခြေရာခံလိုက်နိုင်တယ်။ အေးလေ - ဘာပဲဖြစ်ဖြစ် အခုလို လွတ်လာတာ တော်သေးရဲ့" ဟု လျှပ်ပြက်နေဘိသကဲ့သို့ စိတ်ထဲမှ အကြိမ် ကြိမ် စဉ်းစားမိ၏။

ထိုခေတ်၌ လူသတ်မှုအတွက် "သေစား သေစေ" အပြစ်ဒဏ်ကား မရှိ တော့ချေ။ သို့သော် "တစ်သက်တစ်ကျွန်း" အပြစ်ဒဏ်မှာ ဆက်လက်တည်ရှိ ၍ထောင်ထဲတွင် နှစ်ပေါင်း(၄၀)ကျခံရမည်ဖြစ်၏။ ဦးစိဏ္ဍသည် ထိုအကြောင်း များကို စဉ်းစားလိုက်သောအခါ ယခင်ကထက်ပင် ပို၍တုန်လှုပ်မိ၏။ ခြေ လှမ်းများ မမှားရန်ကိုပင် အတော်ဂရုစိုက်၍ လျှောက်နေရ၏။

ဦးစိဏ္ဍသည် စားပွဲပေါ်တွင် ကျန်ရစ်ခဲ့သော မိမိလက်ရေးဖြင့် ဦးမိုးသီးသို့ ပေးသည့်စာများကို ပြန်၍ယူဦးမည်ဟု စဉ်းစားမိသေး၏။ သို့သော် - နောက် ကျခဲ့လေပြီ။

လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က ဦးစိဏ္ဍမှာ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝ သူတစ်ယောက်ဖြစ်ခဲ့၏။ သို့သော် - သူ့ထက်အသက်ကြီးသော ဇနီးဖြစ်သူမှာ



www.burmeseclassic.com

www.burmeseclassic.com

နာတာရှည်ရောဂါသည်ကြီးတစ်ဦးဖြစ်၍ နှစ်ပေါင်းအတော်ကြာမျှ အိပ်ရာထဲမှ မထနိုင်အောင် ရှိခဲ့၏။

ထိုအချိန်များအတွင်း၌ ဦးစိတ္တသည် သူ၏ အလုပ်တိုက်မှ လက်နှိပ်စက်စာရေးမကလေးတစ်ယောက်နှင့် တိတ်တဆိတ် အကျွမ်းဝင်ခဲ့၏။ ဤကဲ့သို့ အကျွမ်းဝင်ခဲ့ရာမှ တစ်နှစ်ခန့်ကြာသောအခါ အမျိုးသမီးမှာ မဖုံးမဖိနိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့လေသည်။

ဤတွင် ဦးစိတ္တသည် မိမိအား နှစ်ပေါင်းအတော်ကြာမျှ ခုကွပေးခဲ့သည့် ဇနီးဟောင်းအား တစ်ခါတည်း ရှင်းလင်းပစ်ရန် စိတ်ကူးပေါက်၍လာပါ၏။ သို့နှင့် သူသည် ဒေါက်တာမိုးထံသို့ ချဉ်းကပ်ခဲ့လေသည်။ ဒေါက်တာမိုးအမည်ခံ ဦးမိုးသီးမှာ နိုင်ငံခြားတွင် (၁၀)နှစ်ကျော်ကျော်မျှ ဆေးပညာရပ်များကို လိုက်စားခဲ့သူ ဆရာဝန်ကြီးတစ်ဦးဖြစ်၍ သာမန်အိပ်ဆေးနှင့် အဆိပ်ဆေးများအပြင် ထူးခြားဆန်းကြယ်သည့် အဆိပ်အမျိုးမျိုးအကြောင်းကို ကောင်းစွာလေ့လာလိုက်စားခဲ့သူ တစ်ဦးလည်းဖြစ်သည့်အတိုင်း အဆိပ်ဆေးဘက်တွင် ပါရဂူတစ်ဦး ဖြစ်လေသည်။

တစ်နေ့တွင် ဦးစိတ္တသည် ဦးမိုးသီးထံ လာရောက်၍ နာတာရှည်ရောဂါသည်ကြီးဖြစ်သော မိမိ၏ ဇနီးအား သေပြီးသည့်အချိန်၌ပင် အဆိပ်၏ လက္ခဏာကို မတွေ့နိုင်သည့်အဆိပ်မျိုးဖြင့် သုတ်သင်ပေးရန် တိတ်တဆိတ် တိုင်ပင်လေသည်။ ထိုအချိန်က ဒေါက်တာမိုးမှာ အလွန်ငွေကြေးကျပ်တည်းနေသည့်ပြင် မိမိအပေါ်၌ အမှုမပတ်နိုင်သော မည်သည့်ရာဇဝတ်မှုမျိုးကိုမဆို ကျူးလွန်ဝံ့သူတစ်ဦး ဖြစ်သောကြောင့် နောက်ဆုံးတွင် ငွေငါးထောင်ဖြင့် ဈေးတည့်ခဲ့ကြ၏။

ဒေါက်တာမိုး၏ဆေးမှာ လက်သန်းများခန့်သာရှိသော နာဗုလင်းကလေးတစ်လုံးနှင့် အိမ်မြှောင်ဥအရွယ်ရှိသော ပန်းနုရောင်အိပ်ဆေးတကလေး တစ်လုံးသာဖြစ်၏။ လူမမာအား ပထမ နာကိုရှူစေပြီးလျှင် နောက်တစ်နာရီခန့်အကြာ အိပ်ရာဝင်ချိန်၌ ထိုအိပ်ဆေးကလေးကို တိုက်ကျွေးရန် ဖြစ်လေသည်။

ဇနီးဖြစ်သူ သေဆုံး၍ အားလုံးကိစ္စများ ချောမောအောင်မြင်ပြီးနောက် ထိုလျှို့ဝှက်ချက်မှာ မည်သည့်နည်းနှင့်မျှ မပေါက်ကြားဘဲ အေးချမ်းလုံခြုံစွာ ရှိနေခဲ့၏။

သို့သော် - နောက်ငါးနှစ်ခန့်ကြာသောအခါ ဒေါက်တာမိုးထံမှ ဦးစိတ္တထံသို့ ငွေညှစ်သောစာတစ်စောင် မမျှော်လင့်ဘဲ ရောက်ရှိလာ၏။ ထိုစာ၏ အဆိုမှာ ယင်းကိစ္စလုံခြုံမှုအတွက် မိမိအား တစ်လလျှင် ငွေ ၃၀၀ ကျပ် လစဉ်မှန်မှန် ပေးရမည်ဖြစ်ကြောင်း ပါရှိလေသည်။

သို့နှင့် ဦးစိတ္တသည် ဒေါက်တာမိုးအား ထိုငွေများကို လစဉ်မှန်မှန်ပေးရလေရာ ထိုနေ့က ယင်းလျှို့ဝှက်သည့်ကိစ္စကို တစ်ခါတည်း ငွေ ၅၀၀၀ နှင့် ကျေအေးပါမည့်အကြောင်းပြောဆိုရန် ဒေါက်တာမိုးထံ လာရောက်ခဲ့ခြင်းဖြစ်၏။ သို့သော် - ဒေါက်တာမိုးမှာ အလွန်လောဘကြီးသူ တစ်ယောက်ဖြစ်သည့်အတိုင်း ငွေတစ်သောင်းရမှသာ ကျေနပ်မည်ဟု ငြင်းပယ်လျက်ရှိသဖြင့် တစ်ယောက်နှင့်တစ်ယောက် အရေးအတင်ပြောဆိုငြင်းခုံကြပြီးနောက် နောက်ဆုံးတွင် ဦးစိတ္တသည် ဆက်လက်သည်းမခံနိုင်တော့ဘဲ ဒေါက်တာမိုးအား သေနတ်ပစ်လိုက်ခြင်းဖြစ်လေသည်။

ယင်းအဖြစ်အပျက်များ ဖြစ်ပျက်နေသည့်အချိန်သည်ကား ခရစ်သက္ကရာဇ် ၂၁၃၅ ခုနှစ်ဖြစ်၍ လူတို့၏ သက်တမ်းမှာလည်း နှစ်ပေါင်း ၂၅၀ မျှ အသက်ရှည်နိုင်သည့် အချိန်ဖြစ်၏။ နှစ်ဆယ်ရာစုနှစ်မှစ၍ သိပ္ပံပညာနှင့် အသက်ဆိုင်ရာ အတတ်ပညာတို့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာခဲ့





www.burmeseclassic.com

www.burmeseclassic.com

ရာ ယခု ၂၂နှစ် ရာစုနှစ်သို့ ရောက်သောအခါ မြန်မာပြည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းမှာ အသက် ၁၀၀ကျော်မျှ ရှည်၍ ၂၀ရာခိုင်နှုန်းမှာ ၂၀၀နီးပါးမျှ အသက်ရှည်လျက်ရှိကြလေပြီ။ ထိုအချိန်၌ အစာအိမ်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျား၊ ပန်းနာ၊ ကျောက်ကြီးရောဂါတို့မှာ မရှိသလောက် ရှားပါး၍ကင်ဆာရောဂါကိုပင် နိုင်နင်းစွာ ကုသနိုင်ခဲ့လေပြီ။

စက်ရုံနှင့် အလုပ်ရုံကြီးများသည်လည်း နိုင်ငံခြားနှင့် ပခုံးချင်းယှဉ်ပြိုင်လျက်ရှိပြီးလျှင် လုပ်သားပြည်သူများ၏ စားဝတ်နေရေးသည်လည်း တစ်စုံတစ်ရာ ပူပင်သောကဖြစ်စရာမရှိ၊ အစားအသောက်နှင့်တကွ အဝတ်အထည်များပါ သင့်လျော်သည့်ဈေးနှုန်းဖြင့် လိုသလောက်ရ၍ နေလေပြီ။

ဥက္ကလာပမြို့ကြီးကား အလွန်အလွန် စည်ကားလျက်ရှိနေ၏။

ဦးစိတ္တလျှောက်လာခဲ့သောလမ်းမှာ ဥက္ကလာပမြို့ကြီး၏ ဗဟိုလမ်းမကြီးတစ်ခုဖြစ်၍ သူ ဆင်းလာခဲ့သော ဂုထပ်တိုက်နှင့် မျက်နှာချင်းဆိုင်ဘက်ကိုက်(၂၀၀)ခန့်ဝေးသောနေရာတွင် (၈)ထပ်တိုက် အဆောက်အအုံကြီးတစ်ခုရှိ၏။ ထို (၈)ထပ်တိုက်ကြီးသို့ရောက်ရန် ဦးစိတ္တသည် လမ်းကိုဖြတ်၍ ကူးရပေဦးမည်။

ကျယ်ပြန့်သောလမ်းမကြီးပေါ်၌ကား ကားများသည် လက်ယာမောင်းစနစ်ဖြင့် ဥဒဟိုပြေးလျက်ရှိရာ၊ ဘတ်(စ်)ကားများထက် ကိုယ်ပိုင်များက ပို၍များ၏။ ကားပုံစံများမှာလည်း လေးထောင့်ပုံ၊ ဘဲဥပုံ၊ တော်ပီဒိုပုံစသည်ဖြင့်အလွန်ထွေထူး ဆန်းပြားလှပေသည်။

လမ်းမကြီးပေါ်၌ ကားများသည် အနည်းဆုံး တစ်နာရီလျှင် မိုင် ၆၀နှုန်းဖြင့် ပြေးလွှားလျက်ရှိရာ ဦးစိတ္တသည် ကားများကိုရှောင်ရှားကာ အခြားဘက်သို့ လျင်မြန်စွာ ကူးသွားလေသည်။ သို့သော် - အခြားဘက်သို့ရောက်အောင် မကူးနိုင်သေးဘဲ လမ်းအလယ်ရှိ အဖြူမျဉ်းကြောင်းပေါ်တွင် ခေတ္တမျှ ရပ်နားနေလေ၏။ အခြားဘက်တွင် ကားများ အဆက်မပြတ်ရှိနေသည်ကို တစ်ခဏမျှ စောင့်ကြည့်နေရ၏။



ဦးစိတ္တသည် ကားများ အဆက်ပြတ်သည်နှင့်တစ်ပြိုင်နက် လမ်းကိုဖြတ်၍ အခြားဘက်သို့ လျင်မြန်စွာ ကူးသွားလေရာ လူသွားစင်္ကြံပေါ်တွင် လမ်းလျှောက်လာသော လူငယ်တစ်စုကို မြင်ရ၏။

၎င်းတို့မှာ အသက် ၁၅နှစ်မှ ၂၀အရွယ်အတွင်းရှိ လူငယ်များဖြစ်၍ အဝတ်အစား ဟောင်းနွမ်းစုတ်ပြတ်လျက် တေးသီချင်းများ ဟစ်အော်သီဆို၍ လာကြ၏။

လမ်းမပေါ်မှ လူသွားစင်္ကြံပေါ်သို့ မရောက်မီ ၃ - ၄ပေခန့် အကွာသို့ အရောက်တွင် အရှိန်ပြင်းစွာဖြင့် မောင်းလာသော ကားသံနှင့်အတူ အဆက်မပြတ် ခပ်ရှည်ရှည်ဆွဲ၍လာသော ဘက်ထရီဟွန်းသံတစ်ခုကိုလည်း ဦးစိတ္တနားထဲ၌ ကြားလိုက်ရ၏။

"ဟာ"

ဟူသော အသံနှင့်အတူ လူငယ်များထဲမှ သူငယ်တစ်ယောက် ဦးစိတ္တ၏ လက်တစ်ဖက်ကို လျင်မြန်စွာဆောင့်၍ ဆွဲလိုက်သဖြင့် ဦးစိတ္တမှာ စင်္ကြံ သမံတလင်းပေါ်သို့ လဲကျသွားတော့မည့်ကဲ့သို့ပင် ဖြစ်သွား၏။ သို့သော် အခြား လူငယ်နှစ်ယောက်က ဖေးမ,ထားသဖြင့်သာ ဦးစိတ္တမှာ လူသွားစင်္ကြံပေါ်သို့ မှောက်လျက် လဲမသွားခဲ့ချေ။

လူသွားစင်္ကြံကိုကပ်၍ အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာသောကားမှာ တစ်နာရီလျှင် ၁၀၀နှုန်းဖြင့် အရှိန်ပြင်းစွာ မောင်းနှင်လာသော ရဲကားဖြစ်လေသည်။

"ဟာ - နည်းနည်းကလေး လိုတော့တယ်"

"ဒီလူကြီး ကံကောင်းလို့ပေါ့"

လူငယ်များသည် ဦးစိတ္တအား ကားမတိုက်မိဘဲ လွတ်မြောက်သွားသည်ကို တအံ့တဩကြည့်ကာ တစ်ယောက်တစ်ပေါက် ပြောဆို၍ သွားကြလေသည်။

www.burmeseclassic.com

ဦးစိတ္တသည် ထိုလူသွားစကြံအတိုင်း ကိုက် ၂၀၀ခန့်မျှ ဆက်လက်သွားလေရာ (၈)ထပ်တိုက်ကြီးရှေ့သို့ ရောက်ရှိလာလေ၏။ တိုက်ကြီးမှ မြေညီထပ်မှစ၍ အပေါ်ဆုံးထပ်အထိ တစ်ထပ်လျှင် ၁၀ ခန်းမျှရှိ၏။ တိုက်၏ လက်ဝဲဘက် အစွန်ဆုံး အခန်းတစ်ခန်းမှာ နှစ်ခန်းတွဲယူထားသဖြင့် အခြားအခန်းများထက် ကျယ်ပြန့်ပြီးလျှင် မျက်နှာစာအဆင်အပြင်မှစ၍ အခြားအခန်းများထက် သပ်ရပ်၍ ခန့်ညားထည်ဝါလှပေ၏။ အခန်း၏ အလယ်တွင် ၆ပေခန့်ရှိသည့် အနက်ရောင် ပျဉ်တစ်ချပ်ပေါ်တွင် အနီရောင်နီယွန်မီးချောင်းဖြင့် "ကာလယန္တရား" ဟု ဆိုင်းဘုတ်တပ်ထားသည်ကို တွေ့ရ၏။

ဦးစိတ္တသည် အခန်းရှေ့တွင် ခေတ္တမျှရပ်နေပြီးနောက် ဆင်နားရွက်တံခါးကလေးကိုဖွင့်ကာ အတွင်းသို့ ဝင်သွားလေသည်။

အခန်းအတွင်း၌ကား ကျောက်ဖြူပြားများ ခင်းထား၍ ဘေးတစ်ဖက်ရှိ စားပွဲတစ်လုံးတွင် အသက် ၄၀ခန့်ရှိ လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။ ဦးစိတ္တ ဝင်လာသည်ကိုမြင်လျှင် ထိုသူသည် စားပွဲမှ ထလာပြီးနောက် ဦးစိတ္တအား ကြိုဆိုနှုတ်ဆက်သည့် အမူအရာဖြင့် -

"ဘာကိစ္စပါလဲ ခင်ဗျာ၊ ထိုင်ပါ"

"ကိစ္စကတော့ ခရီးသွားဖို့ ကိစ္စပါပဲ"

"ကျွန်တော်တို့ ကာလယန္တရားနဲ့ သွားဖို့လား ခင်ဗျာ"

"ဟုတ်ပါတယ်"

ဦးစိတ္တသည် သူ ညွှန်ပြသော ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပြီးနောက် သက်ပြင်းတစ်ချက်ချ၍ အဖြေပေးလိုက်၏။ ထိုအခန်းမှာ စိတ္တဗေဒပညာရှင် ပါရဂူကြီးတစ်ဦးက တီထွင်လုပ်ကိုင်ထားသည့် "အချိန်ခရီးသွားစက်" (ကာလယန္တရား)ဖြင့် အဖိုးစားနားပေးပြီးလျှင် ခရီးသွားနိုင်ကြ၏။

ထိုခေတ်မှာ သိပ္ပံပညာများ အလွန်တိုးတက်လျက်ရှိသော ခေတ်ဖြစ်၍ ရုပ်မြင်သံကြား၊ တယ်လီဖုန်းဖြင့် စကားပြောနိုင်သောအခန်းများ၊ ကာလယန္တရားဖြင့် ခရီးသွားနိုင်သော အခန်းများကိုပင် ဖွင့်လှစ်ထားနိုင်ခဲ့လေပြီ။



ကာလယန္တရားစက်ဖြင့် ခရီးသွားလိုသူများအား အဖိုးစားနားယူ၍ လက်ခံသော စာရေးသည် ဦးစိတ္တအား စီးကရက်များနှင့် ဧည့်ခံပြီးလျှင် -

"ဘယ်ကို ပို့ဆောင်ပေးရမလဲ ခင်ဗျာ၊ အတိတ်ကိုလား အနာဂတ်ကိုလား"

"ကျုပ် သွားချင်တာက အတိတ်ကို ပြန်သွားချင်တာပါ"

"ဟုတ်ကဲ့ - ရပါတယ်၊ အဖိုးစားနားကတော့ အနာဂတ်ကို သွားတာလောက် ဈေးမများလှပါဘူး၊ အချိန် ဘယ်လောက်ကြာကြာ လိုချင်ပါသလဲ"

"တစ်နာရီလောက်ဆိုရင် တော်လောက်ပါပြီ"

"အသွား နာရီဝက်၊ အပြန် နာရီဝက်ဆိုပါတော့"

"ဟုတ်ပါတယ်"

"တစ်နာရီကို ၃၀၀၀ ပေးရလိမ့်မယ် ခင်ဗျ"

"ကဲလေ - ပေးရတာပေါ့၊ ကျုပ် ကြည့်ချင်တာကလေးတွေ တစ်ခု၊ နှစ်ခု ကြည့်ပြီး ပြန်ဖို့ပါပဲ"

"ဟုတ်ပါတယ်၊ အတိတ်ကအချိန်တွေမှာ ဖြစ်ခဲ့ပျက်ခဲ့တာတွေ ဦးမင်း မြင်တွေ့ရမှာပါ ခင်ဗျာ၊ တစ်နာရီနဲ့ ပြန်ရောက်အောင်ဆိုတော့ နာရီဝက်အချိန်စေ့တဲ့အခါအထဲမှာ မီးနီကလေးပြလိမ့်မယ်ခင်ဗျ။ ဒီအခါ ဦးမင်းက မီးကလေးအောက်တည့်တည့်မှာရှိတဲ့ ခလုတ်ကို နှိပ်လိုက်ရင် အပြန်ခရီးလမ်းပေါ်ကို အလိုအလျောက် ပြောင်းသွားတာပါပဲ။ ဒီအချက်တွေက အထူးဂရုစိုက်ရလိမ့်မယ် ခင်ဗျ။ ကျန်အချက်တွေတော့ ဆရာကြီးက ပြောပြပါလိမ့်မယ်"

ဦးစိတ္တသည် အိတ်ထဲတွင်ပါလာသော ငွေစက္ကူများကို ထုတ်၍ ငွေ ၃၀၀၀ ရေတွက်ပြီးလျှင် စာရေးဖြစ်သူက ဦးစိတ္တ၏ လိပ်စာအပြည့်အစုံကို မေးပြီးနောက် ကာလယန္တရားဖြင့် အတိတ်သို့ အသွားအပြန် တစ်နာရီ သွားမည့်အတွက် ငွေ ၃၀၀၀ ရရှိကြောင်း ပြေစာလက်မှတ်ရေးထိုးပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ - ကြွပါ ခင်ဗျာ၊ အခန်းထဲကို"

စာရေးသည် ဦးစိတ္တအား အတွင်းဘက်သို့ ခေါ်သွားလေ၏။ အတွင်းဘက်ရှိအခန်းမှာ အိမ်ရှေ့ဧည့်ခန်းထက် သပ်ရပ်၍ အစိမ်းနုရောင် တိုက်နံရံများတွင် နံရံကပ် ဗီရိုကြီးများအတွင်း၌လည်း စာအုပ်ကြီးများဖြင့် ပြည့်နက်လျက်ရှိ၏။ မျက်နှာကြက်တွင် မြှုပ်နှံထားသည့် မီးချောင်းများဖြင့် အခန်းပတ်ဝန်းကျင်ကို အလင်းရောင် ပေးထား၏။ အခန်း၏ အလယ်၌ကား ဂုပေခန့်အမြင့်ရှိသည့် ဒုံးပျံထိပ်ဖူးသဏ္ဌာန် ဖန်ပေါင်းချောင်ကြီး တစ်ခုရှိရာ တစ်ဖက်တွင် လူတစ်ယောက် ဝင်သာရုံမျှ တံခါးပေါက်တစ်ခုရှိသည်ကို မြင်ရ၏။ ဖန်ပေါင်းချောင်တစ်ခုဟု ဆိုရသော်လည်း နို့နှစ်ရောင်အဆင်းရှိပြီးလျှင် အလွန်ထူထဲသော မှန်ချပ်များဖြင့် ပြုလုပ်ထားသောကြောင့် အပြင်မှ အတွင်းသို့လည်းကောင်း၊ အတွင်းမှ အပြင်သို့လည်းကောင်း မမြင်နိုင်ချေ။ ပေါင်းချောင်၏ထိပ်များမှာ လျှပ်စစ်ကြိုးများဖြင့် အတွင်းခန်းဘက်သို့ ဆက်သွယ်ထားသည်ကိုလည်း တွေ့ရ၏။

အခန်းကြီး၏ လက်ယာဘက်တစ်နေရာတွင် မှန်စားပွဲတစ်ခုရှိရာ စားပွဲ၏ နောက်ကုလားထိုင်တွင် ဆံပင်များဖွေးဖွေးဖြူလျက်ရှိသော အသက် ဂု၀ ခန့်ရှိ လူကြီးတစ်ယောက် ထိုင်နေသည်ကိုမြင်ရ၏။ ထိုလူကြီးမှာ ထူထဲသော မျက်မှန်ဝိုင်းကြီးကို တပ်ထား၍ အသားအရေမှာ အတန်ငယ်တွန့်လိမ်နေပြီဖြစ်သော်လည်း ထင်ပေါ်သောနှာတံနှင့် ခိုင်ခန့်သောမေးရိုးတို့မှာ အလွန်ခန့်ညားသော အသွင်ကိုဆောင်လျက်ရှိ၏။ စာရေးကလေးကညွှန်ပြသည့်အတိုင်း ဦးစိတ္တသည် မှန်စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်၏။ ထိုလူကြီးသည် ဦးစိတ္တအား တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီးနောက် စာရေးကလေးဘက်သို့ လှည့်လျက် -

"ဒီကမိတ်ဆွေက ခရီးသွားမယ့်လူလား - မောင်ဖိုးလုံ"

"မှန်ပါတယ် ဆရာကြီး"



"ရှေ့ကိုလား၊ နောက်ကိုလား"

"နောက်ကိုပြန်သွားမယ့် ခရီးသည်ပါ ဆရာကြီး"

"အတိတ်ကို ဟုတ်လား၊ ပြေစာကော ပေးပြီးပြီလား"

"ပေးပြီးပါပြီ ဆရာကြီး"

သို့နှင့် စာရေးကလေးသည် စာရွက်တစ်ရွက်ကို ဆရာကြီးအား လှမ်း၍ ပေးလိုက်၏။

"စက်အကြောင်းကော နည်းနည်းပါးပါး ပြောပြပြီးပလား"

"ဟုတ်ကဲ့၊ အတော်အသင့်တော့ ကျွန်တော် ပြောပြီးပါပြီ"

"ကောင်းပြီ၊ မင်းသွားနိုင်ပြီ မောင်ဖိုးလုံ"

အခန်းထဲမှ စာရေးကလေးထွက်သွားပြီးနောက် ဆရာကြီးသည် ဦးစိတ္တဘက်သို့ ဂရုစိုက်ကြီးစွာဖြင့် လှည့်လိုက်ပြီးလျှင် ပြုံးသည်ဆိုရုံမျှ ပြုံးလိုက်၏၊

"နာမည်က ဦးစိတ္တတဲ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"သွားလိုတဲ့ အချိန်က တစ်နာရီ ဟုတ်စ"

"မှန်ပါတယ်"

"တစ်နာရီဆိုတာက အသွား နာရီဝက်၊ အပြန် နာရီဝက်ဆိုတာ သိထားရမယ်"

"စာရေးကလေး ပြောလို့ သိထားပြီးပါပြီ ခင်ဗျာ"

"အင်း အချိန်ခရီးသည်ဆိုတာ လဟာပြင်သွားနေတဲ့ ခရီးသည်လို မဟုတ်ဘူး။ စိတ်ကို တည်ငြိမ်နိုင်သလောက် တည်ငြိမ်အောင်ထားပြီး ခရီးသွားနေတဲ့အတွင်း ဘာကိုမျှ ဂရုမပြုရဘူးဆိုတာ ပထမဆုံး နားလည်ထားရမယ်။ ဟဲ - ဟောဒီကတ်ပြားကလေးပေါ်က အချိန်ခရီးသည်များလိုက်နာရမယ့်စည်းကမ်းချက်တွေကို ဖတ်ကြည့်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com

နံပါတ်၃အချက်နဲ့ ပတ်သက်ပြီး ဦးစိတ္တကို နည်းနည်းပါးပါး ပြောချင်တယ်။ ဒါက– ဘာလဲဆိုတော့ အဲဒီလိုအတိတ်ကို ခရီးသွားနေတုန်း လမ်းခရီးမှာ ကိုယ်လိုချင်တဲ့အရာတွေ၊ ကိုယ်တွေ့ချင်တဲ့လူတွေ၊ အင်မတန်ဆန်းကြယ်တာတွေ တွေ့ချင်တွေ့လိမ့်မယ်။ ဒီအခါ– ဦးစိတ္တဟာ ဒီဟာတွေကိုသွားပြီး ဘယ်နည်းနဲ့မျှကိုင်လားတွယ်လား မလုပ်ရဘူး၊ လူဆိုရင်လည်း ပြောလား ဆိုလား မလုပ်ရဘူး၊ ဥပမာတစ်ခုပြောရရင် လမ်းမှာရွှေဒင်္ဂါးတစ်ပြား ကျနေတာတွေ့ပါစေ ကောက်ပြီး မယူရဘူး။ ဒီအချက်ဟာ အရေးအကြီးဆုံးအချက်ပဲ



ဆရာကြီးသည် စားပွဲအံဆွဲထဲမှ ကတ်ပြားကလေးတစ်ခုကို ထုတ်ပေးရာ ဦးစိတ္တလည်း ကတ်ပြားကလေးပေါ်တွင် ပုံနှိပ်ထားသည့်စာများကို ဖတ်ကြည့်လေသည်၊ ကတ်ပြားပေါ်တွင် ပါရှိသောစာမှာ အောက်ပါအတိုင်း ဖြစ်၏။

အချိန်ခရီးသည်များ ဂရုပြုရန် အချက်ကြီးများ –

၁။ သမာဓိဖြင့် မိမိစိတ်ကို တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင်ထားရမည်။



၂။ မိုးနီပြသောအခါ အောက်ဘက်ရှိ ခလုတ်ကို နှိပ်လိုက်ရန်။

၃။ အတိတ်ကာလတွင် မိမိတွေ့မြင်ရသောအရာများကို မည်သည့်နည်းနှင့်မျှ အနှောင့်အယှက် မပြုရ။

၄။ မိမိနှင့် သိကျွမ်းဖူးသူများက တွေ့လျှင်လည်း ၎င်းတို့အား နှုတ်ဆက်ခြင်း၊ စကားပြောဆိုခြင်း၊ ဟစ်အော်ခေါ်ငင်ခြင်းမပြုရ။

ဦးစိတ္တသည် ကတ်ပြားကလေးပေါ်ရှိ စာများကို အပြန်ပြန်အလှန်လှန် ဖတ်လျက်ရှိနေ၏၊ ဆရာကြီးက ဦးစိတ္တအား –

"နံပါတ် ၃အချက်နဲ့ ပတ်သက်ပြီး ဦးစိတ္တကို နည်းနည်းပါးပါး ပြောချင်တယ်၊ ဒါက ဘာလဲဆိုတော့ အဲဒီလိုအတိတ်ကို ခရီးသွားနေတုန်း လမ်းခရီးမှာ ကိုယ်လိုချင်တဲ့အရာတွေ၊ ကိုယ်တွေ့ချင်တဲ့လူတွေ၊ အင်မတန်ဆန်းကြယ်တာတွေ တွေ့ချင်တွေ့လိမ့်မယ်၊ ဒီအခါ ဦးစိတ္တဟာ ဒီဟာတွေကို သွားပြီး ဘယ်နည်းနဲ့မျှ ကိုင်လားတွယ်လား မလုပ်ရဘူး၊ လူဆိုရင်လည်း ပြောလား ဆိုလား မလုပ်ရဘူး၊ ဥပမာတစ်ခုပြောရရင် လမ်းမှာ ရွှေဒင်္ဂါးတစ်ပြား ကျနေတာ တွေ့ပါစေ ကောက်ပြီးမယူရဘူး။ ဒီအချက်ဟာ အရေးအကြီးဆုံး အချက်ပဲ"

"ကျွန်တော် ကောင်းကောင်း နားမရှင်းသေးပါဘူး ဆရာကြီး"

"ဒီလိုဗျာ – ဦးစိတ္တသွားမယ့်လမ်းခရီးမှာ ဘယ်လောက်ပဲ ဦးစိတ္တစိတ်ကို ဆွဲဆောင်နိုင်မယ့် အရာပဲတွေ့တွေ့ နှုတ်ကလည်း မပြောရဘူး၊ လက်နဲ့လည်း မထိမကိုင်ရဘူး။ အဲဒါ အဓိကအရေးအကြီးဆုံးအချက်ပဲ၊ ဘာဖြစ်လို့လည်း ဆိုတော့ ဒီလိုပြောလိုက်ဆိုလိုက် ကိုင်လိုက်တွယ်လိုက်ရင် ပထမအချိန်ရေစီးကြောင်းထဲကနေပြီး တခြားအချိန်ရေစီးကြောင်းကိုထဲကို လမ်းချော်ပြီး ရောက်သွားနိုင်တယ်၊ တခြားကမ္ဘာတစ်ခုပဲ ဆိုပါတော့ဗျာ၊ ဒါဟာ အန္တရာယ်ရှိတယ်နော်၊ အဲဒါ ကြပ်ကြပ်ကြီး သတိပြုဖို့ပါပဲ ဦးစိတ္တ"

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် နားလည်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးသည် မှန်စားပွဲအောက်ရှိ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ စာရေးကလေး ချက်ချင်းရောက်လာ၍ ဆရာကြီးက စာရေးကလေးအား -

"ကဲ - မောင်ဖိုးလုံ၊ ဦးစိတ္တကို ခေါ်သွားပေတော့၊ အချိန်ခရီးသွားဝတ်ရုံ ဝတ်ပေးလိုက်ပါ။ ဆရာအခုပဲ လာခဲ့မယ်။ ဦးစိတ္တလည်း မောင်ဖိုးလုံနောက်ကို တစ်ဆိတ်လိုက်သွားပါ"

သို့နှင့် ဦးစိတ္တသည် မောင်ဖိုးလုံနောက်သို့ လိုက်ပါသွားရလေသည်။ ဒုံးပျံသဏ္ဌာန် ဖန်ပေါင်းရှောင်ကြီး၏ လက်ဝဲဘက်တွင် အခန်းကလေးတစ်ခန်းရှိ၍ မောင်ဖိုးလုံသည် ဦးစိတ္တအား ထိုအခန်းကလေးအတွင်းသို့ ခေါ်သွား၏။ ထို့နောက် ဦးစိတ္တအား မောင်ဖိုးလုံသည် ဝတ်ရုံကြီးတစ်ခုကို ဝတ်ပေးလေသည်။ ဝတ်ရုံကြီးမှာ အလွန်ပျော့ပျောင်းသော ရော်ဘာအဝတ်ဖြင့် ချုပ်လုပ်ထား၍ ဦးခေါင်းစွပ်ကြီးမှာ အတွင်းမှ သံပြားများဖြင့် ခံထားပြီးလျှင် မျက်လုံးပေါက်နေရာများ၌ အပြာနုရောင်မှန်များ တပ်ဆင်ထား၏။ နားရွက် နှစ်ဖက်နေရာတွင် အတွင်းမှ အလွန်ပါးလွှာသော သံဆန်ခါကလေးများ တစ်ထားသဖြင့် အပြင်မှအသံများကို ကောင်းစွာကြားနိုင်ရန် ပြုလုပ်ထားသည်နှင့်တူ၏။ ဝတ်ရုံကြီးကိုဝတ်၍ ရှေ့မှ ကြယ်သီးများကို တပ်ဆင်လိုက်သောအခါ ရေအောက်သို့ ဆင်းမည့်ရေငုပ်သမားတစ်ယောက်နှင့် တူနေတော့၏။

ထို့နောက် မောင်ဖိုးလုံသည် ဦးစိတ္တအား တွဲဆောင်ခေါ်ယူခဲ့ပြီးလျှင် ဖန်အိမ်တံခါးကလေးကိုဖွင့်၍ အထဲသို့သွင်းလိုက်၏။ ထို့နောက် ဦးစိတ္တအား ဖန်အိမ်အတွင်းရှိ သံကုလားထိုင်ပေါ်၌ ထိုင်စေ၏။

"ဆရာကြီး အခုပဲ လာပါလိမ့်မယ် ခင်ဗျာ၊ ခဏသည်းခံပါ"

မကြာမီ ဆရာကြီးရောက်လာ၍ ဦးစိတ္တအား နေသားတကျ ရှိ၊ မရှိကို စေ့စေ့ကြည့်ပြီးနောက် -



"ကဲ - ဦးစိတ္တတို့ သွားဖို့ဖြင့်ပေတော့၊ အခု ၆နာရီထိုးဖို့ တစ်မိနစ်ပဲ လိုတော့တယ်၊ ခရီးမထွက်ခင် အခု မှာလိုက်တဲ့စကားတွေကို သတိကြီးကြီးထားပြီး မှတ်သားပါ။ (၆) နာရီခွဲတိတိမှာ အထဲက မီးလုံးအနီရောင်ပြတဲ့အခါ၊ လတ်ယာဘက်က ခလုတ်ကြီးကို နှိပ်လိုက်ရမယ်။ ဒါဟာ - ဦးစိတ္တကို အပြန်ခရီးလမ်းကြောင်းပေါ်တင်ပေးတာပဲ။ ဒုတိယအချက်က ခရီးလမ်းကြောင်းမှာ တွေ့သမျှမြင်သမျှ အရာတွေကိုတစ်စုံတစ်ရာ ဘာမျှမနှောင့်ယှက်ရဘူး။ အခုပြောတဲ့အချက်ဟာ အင်မတန်အရေးကြီးတဲ့ အချက်ပဲ၊ ဒီအချက်ကို ကျူးလွန်ဖောက်ဖျက်မိရင် "အချိန်ခရီး" လမ်းကြောင်း ပြောင်းသွားနိုင်တယ်။ ဘေးအန္တရာယ်နဲ့ တွေ့နိုင်တယ်။ ကဲ - အချိန်စေ့ပြီ ခရီးသွားခလုတ်ကို နှိပ်တော့မယ်"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် ဝင်ပေါက်တံခါးပိတ်သွားလေသည်။ ဖန်အိမ်အတွင်း မျက်နှာကြက်မှ အစိမ်းရောင်မီးလုံးကလေး ပွင့်လာရာ ဖန်အိမ်အတွင်းတွင် အစိမ်းနုရောင်ဖြင့် လင်းလျက်ရှိ၏။ မိမိမျက်နှာရှေ့တည့်တည့်၌ လေက်မပတ်လည် သတ္တုပြားတစ်ပြားရှိရာ မှန်တစ်ချပ်ကဲ့သို့ ပြောင်လက်လျက်ရှိသော်လည်း အရိပ်မထွက်ချေ။

အစိမ်းရောင်မီးလုံး လင်းသည်နှင့်တစ်ပြိုင်နက် တဝီဝီမြည်သော အသံများကိုကြားလိုက်ရပြီးလျှင် အသံများသည် ခပ်ကျယ်ကျယ် မြည်လျက်ရှိရာမှ တဖြည်းဖြည်း တိုး၍တိုး၍ သွားလေတော့၏။

သို့သော် - အသံများမှာ အဆက်မပြတ် ဆက်လက်မြည်လျက်ရှိလေသည်။ ဦးစိတ္တသည် မိမိ၏ ကိုယ်ကို လျှပ်စစ်ဓာတ်ဖြင့် မနာမကျင် တို့လိုက်ဘိသကဲ့သို့လည်းကောင်း၊ သံလိုက်ဖြင့်အပြင်မှ ဆွဲယူလိုက်သကဲ့သို့ လည်းကောင်း တစ်ကိုယ်လုံး တုန်လှုပ်ကာ စီး၍သွားသည်ဟု ထင်မှတ်ရပြီးလျှင် လေထဲတွင် လွင့်စဉ်၍ ပါသွားသကဲ့သို့လည်း ခံစားရ၏။ ထိုအခါ မိမိရှေ့ရှိ သတ္တုပြားပေါ်တွင် အရိပ်အရောင်များ ပေါ်လာသည်ကို မြင်ရလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် မောင်းနှင်လာသော ဝါယာလက်
ရဲတားကြီးတစ်စင်းသည် ဦးစိတ္တ၏ နောက်ပိုင်းကို ဖြတ်၍တိုက်သွားရာ
ဦးစိတ္တ၏ ကိုယ်သည် ကားအရှိန်ဖြင့် ပေ ၃၀ခန့်အကွာတွင်
သွား၍ကျပြီးနောက် စကြံသမံတလင်းပေါ်၌ အလျားမှောက်လျက်
ရှိနေသည်ကို ဦးစိတ္တကိုယ်တိုင် တွေ့မြင်နေရသည်



ဝထမတွင် ပြာလွဲ့လွဲ့မိုးကောင်းကင်အောက်၌ မကွဲမပြား လှုပ်ရှားသွားလာနေသည့် အရိပ်များပေါ်လာ၏။ အရိပ်များသည် ကောင်းစွာထင်ရှားပြတ်သားခြင်းမရှိသော်လည်း တစ်ခဏမျှ ကြာသောအခါ အတော်အတန်သဲကွဲပြတ်သားစွာ မြင်လာရ၏။ မိမိ၏ကိုယ်သည် လေယာဉ်တစ်စင်းပေါ်၌ လိုက်ပါသွားရသကဲ့သို့ လည်းကောင်း၊ ကောင်းကင်တွင် ငှက်တစ်ကောင်ကဲ့သို့ ပျံပါးစွာပျံသန်းနေသကဲ့သို့လည်းကောင်း စိတ်ထဲတွင် ထင်မိ၏။



ပြာလွဲ့သော မိုးကောင်းကင် မြင်နေရာမှ တဖြည်းဖြည်း မှိန်၍သွားပြီးလျှင် ဥက္ကလာပမြို့ကြီးကို လေယာဉ်ပျံပေါ်မှ စီး၍မြင်ရသကဲ့သို့ မြင်ရ၏။ ထို့နောက် – ဗဟိုလမ်းကြီးနှင့်တကွ ဒေါက်တာမိုးနေသော (၇)ထပ်တိုက်ကြီးကိုပါ တွေ့မြင်လာရလေသည်။

"ဟာ – နေရာကျပြီ၊ ငါ မယူခဲ့မိတဲ့စာတွေ အခုအသွားမှာ ယူသွားမှပဲ၊ အပြန်ကျရင် ဒီလမ်းက ပြန်ချင်မှပြန်မှာ။ ဒီနေရာကိုလည်း ရောက်ချင်မှ ရောက်မှာ၊ ဟုတ်ပြီ – ဟုတ်ပြီ ငါ တက်ယူဦးမှပဲ"

ဤသို့ စိတ်ကူးပြီးနောက် ဦးစိတ္တသည် တိုက်ပေါ်သို့ တက်သွားပြီးလျှင် ဒေါက်တာမိုး၏ အခန်းထဲသို့ ဝင်သွားလေ၏။ အခန်းတွင်း၌ကား ဒေါက်တာမိုး၏ အလောင်းမှာ မိမိသတ်ထားသည့်အတိုင်းပင် ရှိနေ၏။ စားပွဲပေါ်၌ တင်ထားသည့် စာသုံးစောင်မှာ ယခင်ကအတိုင်းပင် ရှိနေသေး၍ ဦးစိတ္တသည် မိမိအပေါ်သို့ အမှုပတ်နိုင်သော ယင်းစာသုံးစောင်ကို လျင်မြန်စွာ ဆွဲယူပြီးလျှင် အိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် – ဓာတ်လှေကားရှိရာ မသွားတော့ဘဲ လှေကားထစ်များအတိုင်း အောက်သို့ ပြေးဆင်းလာခဲ့လေသည်။

တိုက်မှထွက်၍ လမ်းမသို့သွားသော လူသွားလမ်းကလေးပေါ်တွင် မိန်းမပျိုကလေးတစ်ယောက် လျှောက်လာသည်ကို တွေ့ရ၏။ တိုက်ဆီသို့ ခပ်သုတ်သုတ်လျှောက်လာရာ မိမိနှင့် လူချင်းဝင်၍ တိုက်မိမည်ကဲ့သို့ ဖြစ်သွား၏။ အနီးသို့ကပ်၍ မြင်ရသောအခါ ၎င်း၏ မျက်နှာမှာ ယခင်က ထီးဆောင်းလာသော မိန်းမပျိုကလေး၏ မျက်နှာပင်ဖြစ်ကြောင်း ကောင်းစွာ မှတ်မိ၏။ သို့သော် – ၎င်းထံတွင် ထီးမပါချေ။

ဦးစိတ္တသည် ထိုအကြောင်းကို စဉ်းစားသောအခါ အတန်ငယ် အံ့အားသင့်သွားမိ၏။

"ဆရာကြီး ပြောလိုက်တဲ့အတိုင်း ငါဟာ "အချိန်ရေစီးကြောင်း" များ ချော်ပြီးသွားပလား မသိဘူး၊ ဒီလိုဆိုရင် အန္တရာယ်ရှိတယ်လို့ ဆရာကြီး ပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်။ ဟဲ - ဒီတော့ ငါ ရှေ့ဆက်မသွားတော့ဘူး။ မြန်မြန်မြန်မှ ဖြစ်မယ်" ဟု စဉ်းစားမိ၏။ သို့နှင့် ဦးစိတ္တသည် လမ်းမဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့၏။ ကျယ်ပြန့်သော ဗဟိုလမ်းမကြီးပေါ်၌ကား ကားများသည် အလွန်လျင်မြန်သော မိုင်နှုန်းဖြင့် ဥဒဟိုပြေးနေ၏။ သို့နှင့် - သူသည် ကားများကို ရှောင်ရှားက လျင်မြန်စွာကူးသွားလေ၏။ သို့သော် - အခြားဘက်သို့ ရောက်အောင် မကူးနိုင်သေးဘဲ လမ်းအလယ်ရှိ အမြဲမျဉ်းကြောင်းပေါ်တွင် ခေတ္တမျှ ရပ်နားနေလိုက်ရသေး၏။ ထို့နောက် - ကားများ အတန်ငယ်ရှင်းသွားသော အခါမှ ဖြတ်ကူးသွားလေ၏။ အခြားစင်္ကြံဘက်တွင် အသက် ၁၅နှစ်မှ၊ ၂၀ အရွယ်အတွင်းရှိ လူငယ်တစ်စုကို မြင်ရလေရာ ၎င်းတို့မှာ ဝတ်ကောင်းစားလှဖြင့် တည်ငြိမ်အေးချမ်းစွာ လျှောက်၍လာကြလေသည်။

ထိုလူငယ်တစ်စုသည် ဦးစိတ္တဖြတ်ကူးသောနေရာနှင့် တည့်တည့်သို့ ရောက်လာကြရာ ထိုအချိန်အတွင်း၊ အရှိန်ပြင်းစွာ မောင်းနှင်လာသော ကားတစ်စင်းအသံနှင့်အတူ ခပ်ရှည်ရှည်ဆွဲ၍လာသော ဘက်ထရီဟွန်းသံကိုလည်း နားထဲ၌ ကြားလိုက်ရ၏။ ထိုအချိန်၌ ဦးစိတ္တမှာ ပလက်ဖောင်းနှင့် ၃ - ၄ပေခန့်သာ ဝေးတော့၏။

"ဟာ" ဟူသော အသံနှင့်အတူ လူငယ်များထဲမှ လူငယ်တစ်ယောက်သည် မိမိ၏ လက်တစ်ဖက်ကို လျင်မြန်စွာ ဆောင့်၍ဆွဲလိုက်၏။ သို့သော် နောက်ကျခဲ့လေပြီ။

တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် မောင်းနှင်လာသော ဝါယာလက်ရဲကားကြီးတစ်စီးသည် ဦးစိတ္တ၏ နောက်ပိုင်းကို ဖြတ်၍တိုက်သွားရာ ဦးစိတ္တ၏ ကိုယ်သည် ကားအရှိန်ဖြင့် ပေ ၃၀ခန့်အကွာတွင် သွား၍ကျပြီးနောက် စင်္ကြံ သမံတလင်းပေါ်၌ အလျားမှောက်လျက်ရှိနေသည်ကို ဦးစိတ္တကိုယ်တိုင် တွေ့မြင်နေရသည်။



မိမိ၏ ကိုယ်ကြီးသည် မိမိမျက်စိအောက်၌ပင် ကားတိုက်ခံရသဖြင့် မရှုမလှ ဆုံးသွားရသည်ကို မြင်လိုက်ရသည်နှင့် ဦးစိတ္တမှာ အပြင်းအထန် တုန်လှုပ်သွားမိတော့သည်။

တိုက်ပေါ်သို့တက်၍ တများကိုယူမိခြင်း၊ အောက်ထပ်သို့ဆင်းပြီးနောက် မြန်၍ထွက်အလာတွင် မိန်းကလေးတစ်ယောက်နှင့် လမ်း၌ တွေ့ရသဖြင့် ၎င်းအား ခေတ္တမျှရပ်၍ကြည့်နေမိခြင်း၊ လမ်းပေါ်သို့ ရောက်သောအခါ၌လည်း လူသွားစင်္ကြံသမံတလင်းပေါ်တွင် ခေတ္တရပ်ကာ လမ်းမပေါ်မှ ကားများကို ခေတ္တစောင့်ဆိုင်းနေရခြင်း၊ လမ်းကို ဖြတ်၍ ကူးသွားသောအခါ၌လည်း အခြားဘက်မှလာသော ကားများရှုပ်နေသဖြင့် အလယ်မျဉ်းကြောင်း အမြဲပေါ်၌ ခေတ္တရပ်နေခြင်း၊ ထို့နောက် အတန်ငယ်ကြာမှ ကားများရှင်းသဖြင့် တခြားဘက်သို့ ကူးသွားရခြင်း စသည်တို့မှာ မိမိမျှော်လင့်သော အချိန်ထက် ပို၍ကြာခဲ့၏။

ဦးစိတ္တသည် မိမိအလောင်းကို မြင်လိုက်ရသည့်အချိန်၌ပင် ရှေ့မှ မီးနီကလေးပွင့်လာသည်ကို မြင်လိုက်ရသဖြင့် မီးနီအောက်မှခလုတ်ကို နှိပ်ချလိုက်လေသည်။ ထိုအခါ တစီစီမြည်သောအသံများသည် ယခင်ကထက် ကျယ်လောင်၍လာပြီးလျှင် အတန်ကြာမှ တဖြည်းဖြည်းတိုး၍တိုး၍ သွားသည်ကို ကြားရ၏။ ထို့နောက် - အချိန်မည်မျှကြာသည်မသိ၊ မျက်စိထဲတွင် မည်သည့်အရာကိုမျှ မမြင်ရဘဲ မှောင်ကျသွားပြီးနောက် မေ့ခနဲ အိပ်ပျော်သွားသကဲ့သို့ ဖြစ်လာလေသည်။

ထို့နောက် တံခါးဖွင့်သံ ကြားရပြီးလျှင် တံခါးပွင့်သွား၍ မောင်ဖိုးလုံသည် မိမိအား တွဲလျက်အပြင်သို့ ထုတ်လာသည်ကို သိလိုက်၏။ ထို့နောက် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်သည်ကိုလည်း နောက်ဆုံး သိလိုက်၏။

မောင်ဖိုးလုံသည် ဦးစိတ္တအား "အချိန်ခရီးသွားယာဉ်" ဖန်ပေါင်းချောင်ကြီးအတွင်းမှ ဖေးမတွဲယူ၍ထုတ်လာရာ ဦးစိတ္တသည် မောင်ဖိုးလုံ၏ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com

အားမြကာ ဒယီးဒယိုင် လိုက်ပါလာခဲ့လေသည်၊ ထို့နောက် မောင်ဖိုးလုံသည် ဦးစိတ္တကိုယ်ပေါ်မှ ဝတ်ရုံကြီးကို ချွတ်ပေးလျက်ရှိ၏၊ လည်ပင်းမှ ခလုတ်တစ်ခုကို ဦးခေါင်းစွပ်ကြီးကို မ,ချွတ်လိုက်၏။

ဦးစိတ္တသည် အိပ်ပျော်နေရာမှ နိုးလာသောသူတစ်ယောက်ကဲ့သို့ မျက်စိများကို တဖြည်းဖြည်းဖွင့်ကာ တောင်မြောက်လေးပါးကို တအံ့တဩ ကြည့်ရှုလျက်ရှိနေ၏။

"ဘယ့်နှယ်လဲ - ဦးစိတ္တ နေသာထိုင်သာရှိရဲ့လားခင်ဗျာ"

ဦးစိတ္တသည် မောင်ဖိုးလုံမေးသော စကားများကို ကြားဟန်မတူဘဲ တံခါးပေါက်ဆီသို့သာ ပြူးကြောင်သော မျက်လုံးများဖြင့် ကြည့်ရှုနေသည်ကို တွေ့ရ၏။

ဦးစိတ္တသည် စက်ရုပ်တစ်ရုပ်ကို သော့ပေးလိုက်သကဲ့သို့ သူနေရာမှ ထကာ တံခါးပေါက်ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားလေ၏၊ အပြင် စည့်ခန်းသို့ ရောက်သောအခါ ဆင်နားရွက်တံခါးကလေးကိုဖွင့်၍ ထွက်ခဲ့ပြီးနောက် အပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် လမ်းမဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားလေသည်။

=💀=

မောင်ဖိုးလုံသည် တံခါးအနီးတွင်ရပ်ကာ ဦးစိတ္တ၏ အပြုအမူများကို တအံ့တဩ ကြည့်ရှုလျက်ရှိနေ၏။

အချိန်မှာ ညဥ့် ၇နာရီ၅မိနစ်ခန့်ရှိပြီဖြစ်၍ လမ်းဘေးတစ်ချက်မှ မာကြီ မီးချောင်းများသည် နေရောင်ကဲ့သို့ အလင်းရောင်ပေးလျက်ရှိ၏၊ လမ်းမကြီးပေါ်၌ကားများသည် ရှုပ်ယှက်ခတ်နေ၏၊ ဝဲယာနှစ်ဖက်မှ မီးမောင်းများ ထိုး၍လာသော ကားများလည်း လူသွားစင်္ကြံနှစ်ဖက်ကို ထိလုနီးပါး ပွတ်သပ်ကာ လျင်မြန်သော အဟုန်ဖြင့် ပြေးသွားလျက်ရှိ၏။



ဦးစိတ္တလည်း လူသွားစင်္ကြံသမံတလင်းအစွန်းတွင် မရပ်ဘဲ လမ်းပေါ်သို့ ခြေနှစ်လှမ်းမျှ ချလိုက်သည်နှင့်တစ်ပြိုင်နက် သူ၏ လက်ဝဲဘက်မှ ဥဩဆွဲလျက်တစ်နာရီလျှင် မိုင် ၁၀၀နှုန်းဖြင့် မောင်းနှင်လာသော ဝါယာလက်ကား တစ်စီးသည် ဦးစိတ္တ၏ လက်ဝဲဘက်နံစောင်းကို တစ်ခါတည်း ဝင်ရောက်တိုက်လိုက်ရာ ဦးစိတ္တ၏ ကိုယ်ကြီးသည် နံဘေးမှဆောင့်၍ တွန်းလိုက်သကဲ့သို့ လျင်မြန်လှသော ကား၏အရှိန်ကြောင့် ပေ ၃၀ခန့် လွင့်စဉ်သွားပြီးနောက် လူသွားစင်္ကြံအတွင်း မှောက်လျက်သား လဲကျသွားလေတော့၏။

ရဲကားသည် ချက်ချင်းရပ်တန့်လိုက်၍ ကားပေါ်မှ ရဲအရာရှိတစ်ယောက်နှင့်ရဲသားသုံးယောက် ဆင်းလာပြီးလျှင် ဦးစိတ္တအားကြည့်ရှုကြရာ ထိုအချိန်၌ လမ်းသွားလမ်းလာများသည်လည်း ဦးစိတ္တအား ကြည့်ရှုရန် ဝိုင်းအုံ၍လာကြ၏၊ ဦးစိတ္တကား အသက်မရှိတော့ချေ။

ဒေါက်တာမိုးအား သူ၏ အခန်းထဲတွင် အသတ်ခံရကြောင်းကို ဂုဏ်နှင့်ကပ်လျက်ရှိသော အခန်းမှ တယ်လီဖုန်းဖြင့် သတင်းပေးသဖြင့် ရဲဘက်မှ ချက်ချင်းလိုပင် လာရောက်ကြည့်ရှု၏၊ သေဆုံးပုံအခြေနေနှင့်တကွ စားပွဲပေါ်တွင် တွေ့ရှိသော စာများကို ကြည့်ရှု စုံစမ်းထောက်လှမ်းခြင်းအားဖြင့် ဒေါက်တာမိုးသည် နှစ်ပေါင်းများစွာ ငွေညှစ်ခြင်းခံရသူ ဦးစိတ္တဆိုသူနှင့် အဆက်အသွယ်ရှိကြောင်း တွေ့ရ၏၊ သို့ဖြစ်၍ ထိုအမှုတွင် ဦးစိတ္တဆိုသူ အပေါ်တွင် အများဆုံးသံသယဖြစ်ရန်အကြောင်း ပေါ်ပေါက်လာလေသည်၊

သို့နှင့် ဦးစိတ္တဆိုသူအား ခြေရာခံ၍လိုက်ရာတွင် ရုစ်ထပ်တိုက်ကြီးရှေ့၌ ကားတိုက်သေဆုံးသွားသူမှာလည်း ဦးစိတ္တဆိုသူပင်ဖြစ်ကြောင်း ခြေရာခံမိတော့၏၊ ရဲဘက်မှ ဆက်လက်စုံစမ်းရာ ကားတိုက်ခံရသဖြင့် သေဆုံးသူ ဦးစိတ္တမှာ ဒေါက်တာမိုးနှင့် အဆက်အသွယ်ရှိခဲ့ကြောင်း ပေါ်ပေါက်လာလေသည်၊ သို့နှင့် ဒေါက်တာမိုးအား သတ်သွားသူမှာ ကားတိုက်၍ သေဆုံးသူ ဦးစိတ္တပင်ဖြစ်ရမည်ဟု ရဲဘက်မှ ထင်ရှားစွာတွေ့ရှိရသော်လည်း တရားခံမှာ

www.burmeseclassic.com

ဆုံးသွားပြီဖြစ်သဖြင့် မည်သို့မျှ မတတ်နိုင်ဘဲ "တရားခံသေဆုံး" ဟူသော မှတ်ချက်ဖြင့် ဒေါက်တာမိုးအသတ်ခံရသောအမှုကိုတစ်ခါတည်းပိတ်လိုက်ရလေသည်။

ဦးစိတ္တကား အရိုန်အနည်းငယ်အတွင်း ရဲတို့၏ လက်မှ လွတ်မြောက်အောင် တစ်မျိုးတစ်ဖုံ ကြံဆောင်နိုင်ခဲ့သော်လည်း သူ၏ သေွးစွန်းသောဘဝမှာ ထူးဆန်းစွာ နိဂုံးချုပ်၍ သွားခဲ့တော့၏။

●● ဒဂုန်ရွှေမျှား ●●


စာ မူ ရှင် များ သို့

"ကြှိုရှုလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့ စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်

ကြှိုရှုလောကမဂ္ဂဇင်း




www.burmeseclassic.com

မျှာပုံစိုးသား



# သေတွင်းဖို့သူ

လောက၌ မိမိမျက်စိနှင့် မတွေ့မမြင်၊ မကြုံဘူးသမျှ မယုံဘူးဟူ၍ ပုံသေကားကျပ် မထားသင့်သည့်သဘောကို သိရှိနားလည်လာသည့်အချိန်၌ ကျွန်ုပ်၏ အသက်မှာ ငါးဆယ်ကျော်ခဲ့ပြီ ဖြစ်သည်။ ပညာရေးဘက်၌ ထိုက်သင့်သည့် အနေအထားအထိ သင်ယူခဲ့ဖူးသဖြင့်လည်း လက်တွေ့မဆန်၊ စိတ်ကူးယဉ်ဆန်သည့် ကိစ္စမျိုးဆိုလျှင် လက်မခံသည့်ဘက်မှ ငြင်းသားစွာ ရပ်တည်လာခဲ့သည်မှာလည်း နှစ်ပေါင်းများစွာ ရှိခဲ့ပေပြီ။ လူမျိုးဇော်ဝင်စ အရွယ်၌ စာကြမ်းပိုးဘွဲ့ပေးခံရသည်အထိ စာအုပ်စာပေပေါင်းများစွာထဲမှာ နစ်မြုပ်စီးမျောခဲ့ဖူး၏။ စာဖတ်သက်လေးအတော်ရလာတော့ ရွေးချယ်ပြီးမှ ဖတ်တော့သည်။ ချစ်၊ ကြိုက်၊ ကွဲ၊ အလွမ်းများနှင့် မြစကြာ၊ မြစလွှယ် စသည့်သူတို့၏ သရဲ တစ္ဆေ၊ သိုက်သမိုင်းဝတ္ထုများကို စာရင်းထဲ မထည့်တော့ပါချေ။ ရုပ်ဝါဒ သဘောတရားများ ပြည့်လျှမ်းနေသည့် ဇော်လှန်စာပေများထဲမှာသာ နစ် မျောသွားခဲ့ပါတော့၏။

ထိုသို့သော စာအုပ်များ၏ အကျိုးဆက်ကြောင့် ငယ်စဉ်က ညစဉ်ရှိခိုးခဲ့သော ဘုရားကိုလည်း မေ့ခဲ့သည်။ ဘွားအေကြီး နှုတ်တိုက်သင်ကြားပေးခဲ့သည့် ပရိတ်ကြီး (၁၁) သုတ်တို့သည်လည်း လေထဲမှာ လွင့်မျောပျောက်ကွယ်ခဲ့ပြီ။ ယုတ်စွအဆုံး ကျွန်ုပ် အိမ်ထောင်ရက်သားကျ၍ မိဘများနှင့် အိမ်ခွဲနေရချိန်မှစ၍ အသက် (၅၀)ခန့်အထိ သံဃာများ၊ သီလရှင်များကို ဆွမ်းတစ်လုတ်၊ ဆန်တစ်ဖွန်း မလောင်းလှူခဲ့တော့သည်အထိ အစွန်းတစ်ဖက်သို့ ခြေစုံရပ်မိခဲ့သူ ဖြစ်သည်။ တံကြီးလွန်း၍သာ မိဘများကို စော်ကားမှု မပြုခဲ့သဖြင့် ပဉ္စာနန္တရိယကံမှ လွတ်ကင်းခဲ့ရသည်။ ကျွန်ုပ်၏ကျောင်းနေဖက် အချို့တောတွင်းအမှောင်နယ်သို့ ကူးသွားကြရာ၌လည်း ပါမသွားခဲ့သည်က ပင် သံသရာအတွက် အချိန်မီခဲ့သယောင်။

ကံ့ ကံ၏ အကျိုးကို မယုံကြည်လျှင် ဗုဒ္ဓဘာသာ မဟုတ်ဟူ၍ ဖခင်ကြီး၏ ဆုံးမစကားများကို ပြန်လည်လက်ခံလာချိန်၌ မိမိအသက်က ဇရာရှုံးစ ပြုပြီဖြစ်၍ သံသရာအတွက် အချိန်မီရုံလေးသာ ရှိတော့သည်ကို သတိပြုမိပါတော့၏။ ငယ်ခင်က မိတ်ဆွေများအကြား တစ်ယူသန်၊ လူ့ခွစာဟူသည့် ဘွဲ့ထူးများ ကွယ်ပျောက်ခဲ့ပြီး တစ်သက်တာ ဥပေက္ခာပြုလာခဲ့သည့် ဘာသာရေးကိစ္စများ၊ သာသနာရေးကိစ္စများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်မှုများ ပြုလုပ်လာနိုင်ခဲ့သည်။ ငယ်ခင်က အနုပဋိလောမရုပ်ဝါဒ စကားများ၊ တဖောင်ဖောင်ကျဲ၊ ရွဲ့စောင်းခဲ့သည့် နှုတ်ကိုလည်း ပဋိစ္စသမုပ္ပာဒ်တရားများ၊ ပဋ္ဌာန်းဒေသနာတော်များနှင့် ပြန်ပြီးတည့်မတ်နိုင်ခဲ့ပြီဟူ၍လည်း ဆိုနိုင်ပါတော့၏။

=💀=

ရုပ်ဝါဒကို ဖက်တွယ်ရင်း ဖြတ်သန်းလာခဲ့သည့် ဘဝတစ်လျှောက် ပရလောက၊ နာမ်လောကတို့ကို လုံးဝအယုံအကြည် မရှိခဲ့သူ ကျွန်ုပ်အဖို့ ထိုလောကသားတို့နှင့် ထိပ်တိုက်ရင်ဆိုင် ကြုံတွေ့ခဲ့ခြင်း မရှိခဲ့ရသည်ကလည်း မိမိ၏ အယူအဆကို ဗိုဒ်ပင် ခိုင်မာစေသကဲ့သို့ ဖြစ်ခဲ့သည်။ စုန်းပူးသလိုလို၊





www.burmeseclassic.com

www.burmeseclassic.com

ဈေးမှာ နေထိုင်သူတွေကတော့ပြီး သားစဉ်မြေးဆက် အသုံးပြုနိုင်အောင်

အနိုင်အဓမ္မ အုတ်ရိုးစီပြီး အနိုင်အခန့်လုပ်ထားခဲ့တာနော်။

နတ်တလည်း နတ်၊ ကျွယ်တလည်း ကျွယ်၊ ငုံကြည့်ရင်တောင်

အသည်းယားစရာကြီးဗျ။ အဲသည်လို ဈေးဟောင်းရေတွင်းကြီးတွေ၊

ရေကန်ကြီးတွေဆိုရင် မဟိုးကောင်းဘူး။

လူတို့ ဒုက္ခပေးတတ်တယ်လို့ ကြားဖူးတယ်ဗျ။



နတ်ပူးသလိုလို၊ သရဲပူးသလိုလို ကိစ္စများကို ဇာစ်မြစ်လိုက် စုံစမ်းလိုက်သည့်အခါ စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ ဟန်ဆောင်လိမ်ညာလှည့်စားခြင်းတို့နှင့်သာ ဖြစ်သည်ကို တွေ့မိသည်။ ထို့ကြောင့်ပင် မည်သည့်ကိစ္စလုပ်ကိုင်သည်ဖြစ်စေ၊ ရိုးရာယုံကြည်မှု ရှေ့တောင့်မှမကြည့်ဘဲ စနေ၊ အင်္ဂါ မရွေးခဲ့ပါ။ ရက်ရာဇာ၊ ပြဿဒါး၊ နဂါးလှည့် စသည်တို့ကို ဂရုမစိုက်။ ရက်ကောင်းရက်လှတ်မရွေး လုပ်စရာရှိလျှင် လုပ်ခဲ့သည်သာ ဖြစ်သည်။ ထိုသို့ တဖွတ်ထိုးဆန်ဆန် ကျင့်သုံးနေထိုင်လုပ်ကိုင်မှုများကြောင့် ကျွန်ုပ်၏ ဖနီးသည် အပေါ်အဝင် ပတ်ဝန်းကျင်မိတ်ဆွေများနှင့်ပါ ဝိရောဓိအသွင် ဆောင်နေခဲ့သည်။



ကျွန်ုပ် နေထိုင်ရာ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းရပ်သည် ထိုစဉ်အခါက ခြံကျယ်ကြီးများနှင့် နေထိုင်ကြသူများစွာ ရှိသည်။ ယခုနေ့အချိန်ကဲ့သို့ လူနေစိပ်ခြင်းမရှိဘဲ ကျဲပါးလှ၏။ ညဘက်ဆိုလျှင် ဖြတ်သွားဖြတ်လာသူများ လွန်စွာနည်း၏။ ထိုစဉ်က အခြောက်အလှန့်ကြီးသည်ဟု နာမည်ထွက်ခဲ့သော မြန်နွားဥယျာဉ်ခြံဝန်းကြီးနှင့်လည်း သိပ်မဝေးသည်မို့ ညနေမှောင်ရီစဆိုလျှင်ပင် လူခြေတိတ်စပြုသည့် နေရာများဟု ဆိုရမည်။ တစ်ခါတစ်ရံ ဖြတ်သန်းသွားသည့် ကားသံများနှင့် မြို့ပတ်ရထားလမ်းဆီမှ မီးရထား ခုတ်မောင်းသံတို့သာ ကြားရတတ်သည်။ ညဘက်ဆိုလျှင် တိတ်ဆိတ်ငြိမ်သက်မှုက လွန်စွာကြီးစိုးလွှမ်းသည့် ရပ်ကွက်ကြီး ဖြစ်ပါ၏။

သိမ်ကြီးဈေး အထည်ဆိုင်ကြီးမှာ တစ်နေကုန် ရှိနေရပြီး ညနေစောင်းဈေးပိတ်မှ အိမ်ပြန်ရသော ကျွန်ုပ်အဖို့ ညဘက်မှာ စာရင်းများလည်း တွက်ရချက်ရ၊ လိုအပ်သည်များကို ထောင့်စေ့အောင် စီမံရနှင့် ည (၁၀) နာရီကျော်မှ အိပ်ရာဝင်ရသည်က အမြဲတမ်းလိုလို ဖြစ်နေသည်။ ကျွန်ုပ် နေထိုင်ရာ ခြံဝင်းမှာ ကားလမ်းမကြီးမှ ကိုက် (၃၀) အကွာလောက်တွင် ရှိသည်။ ကားလမ်းမမှ မြေနီလမ်းလေးအတိုင်း ဝင်လာခဲ့လျှင် ဈေးခေတ်မကျတကျ တိုက်အဟောင်းကြီးတစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ ခြံထဲအဝင် လမ်းတည့်တည့်တိုက်၏ မျက်နှာစာမှာ အချင်းဆယ်ပေခန့်ရှိ ရှေးလူများ တူးဖော်ပြုလုပ်ထားခဲ့သည့် အုတ်စီရေတွင်းကြီးရှိသည်။ ဤတိုက်ကြီးကို ဝယ်ယူစဉ်ကတည်းက ပါလာခဲ့ခြင်းဖြစ်ပါ၏။ ကျွန်ုပ်တို့ ရပ်ကွက်မှာ ရေတွင်းကိုသာ သုံးကြသည့်ရပ်ကွက်ဖြစ်သည်။ ရေတွင်းမရှိသည့် အိမ်ဟူ၍မရှိဘဲ အချို့ဆိုလျှင် မောင်းတက်ကြီးများဖြင့် ရေငင်ကြသည်။

ကျွန်ုပ် ဘဝင်မကျသည်မှာ ဤရေတွင်းကြီးသာ ဖြစ်တော့သည်။ အိမ်မှ ကားလေးကို မောင်းဝင်၊ မောင်းထွက်လုပ်တိုင်း ထုထည်ကြီးမားလှသည့် ထိုရေတွင်းကြီးကို ကွေ့ပတ်ဝင်ထွက်ရစမြဲမို့ တော်တော်ပင် စိတ်ရှုပ်မိသည်။ ကားမဝယ်မီက ထိုပြဿနာ မရှိခဲ့သော်လည်း ကားရှိလာပြီဆိုသည်နှင့် ထိုရေတွင်းကြီး၏ နေရာယူမှုက သိသာလာခဲ့ပြီ။ ထို့ကြောင့် ကျွန်ုပ်၏ သားသမီးများနှင့် တိုင်ပင်ပြီး ထိုရေတွင်းကြီးကို ဖို့ပစ်ရန် စီစဉ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ကျွန်ုပ်နှင့် လွန်စွာခင်မင်ရင်းနှီးသူ သိမ်ကြီးဈေးဆိုင်ရှင်းကပ် ရက်မှ ဦးတင်မောင်ကို တိုင်ပင်မိလေသောအခါ သူက အပြင်းအထန် ကန့် ကွက်ပါလေတော့၏။

"စဉ်းစားနော် - ကိုမြသိန်း၊ ကျွန်တော်က ခင်များအိမ်ကို မကြာခဏ ရောက်ဖူးတော့ ရေတွင်းကြီးကို မြင်ဖူးတွေ့ဖူးနေခဲ့တာ ကြာပြီ၊ ရှေးက နေထိုင်သူတွေက တူးပြီး သားစဉ်မြေးဆက် အသုံးပြုနိုင်အောင် အခိုင်အမာ အုတ်ရိုးစီပြီး အခိုင်အခန့်လုပ်ထားခဲ့တာနော်၊ နက်ကလည်း နက်၊ ကျယ်က လည်း ကျယ်၊ ငုံ့ကြည့်ရင်တောင် အသည်းယားစရာကြီးဗျ၊ အဲသည်လို ရှေးဟောင်းရေတွင်းကြီးတွေ၊ ရေကန်ကြီးတွေဆိုရင် မဖို့ကောင်းဘူး၊ လူကို ဒုက္ခပေးတတ်တယ်လို့ ကြားဖူးတယ်ဗျ"

ဦးတင်မောင်စကားက ကျွန်ုပ်၏ ရယ်ချင်စိတ်ကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်မို့ ခပ်ဖွဖွလေး ရယ်လိုက်မိပြီး ...

"ဘာလဲ - ခင်များ ဆိုလိုချင်တာက ရှေးရိုးအယူအဆရှိလို့ ရေတွင်းဖို့ရင် နိုက်တာတို့၊ အန္တရာယ်ဖြစ်တာတို့၊ ဘာဖြစ်မယ် ညာဖြစ်မယ်တို့ ဒီလိုလား ဗျ - "

"ကျွန်တော်ပြောမယ် - ကိုမြသိန်းရဲ့ ကိုယ်က အိမ်ထောင်ဦးစီး လူကြီး တစ်ယောက်မို့ ယုံကြည်တာ မယုံကြည်တာ၊ လုပ်တာ မလုပ်တာ ဆုံးဖြတ် ပိုင်ခွင့်ရှိပါတယ်၊ ဒါပေမဲ့ - ခင်များမှာက ဇနီးသည်နဲ့ သားသမီးတွေ ရှိနေသေး တယ်လေ၊ ဖွတ်မလုပ်ပါနဲ့ဗျာ - ဒီအတိုင်းပဲ ထားလိုက်စမ်းပါဦး"

"ကျုပ်ဘဝမှာ ဥပါဒါန်အစွဲတွေ ဖြတ်ပစ်ခဲ့တာ ကြာခဲ့ပြီ ကိုတင်မောင်ရဲ့ ကျုပ် သားသမီးတွေဆိုရင်လည်း ကျုပ်ရဲ့အတွေးအခေါ်အတိုင်း ကြီးပြင်းလာ ခဲ့တာဆိုတော့ တစ်စိတ်တသဘောထဲပဲ၊ ဘာကိုမှ နိုင်နိုင်မာမာ မတွေ့မမြင်ရ ဘဲ ကြောက်လန့်စိုးရိမ်တာတွေ၊ ဟိုဟာမလုပ်ရဲ သည်ဟာမလုပ်ရဲဆိုတာ တွေ လုံးဝမရှိဘူး၊ ဘွဲ့ရခေတ်ပညာတတ်တွေဆိုတော့ စဉ်းစားတွေးခေါ်တာ ကျုပ်ထက်တောင် သာသေးသဗျ၊ အဲ - တစ်ခုပဲ ပြောစရာရှိတယ်၊ ကျုပ်ရဲ့ မိန်းမ မကျင်အေးပဲ၊ သူက ကျုပ်တို့ သားအဖတွေ မကြိုက်မှန်း၊ လက်မခံမှန်း သိလျက်နဲ့ ဟိုဖေဖေဒင်မေး၊ သည်ယကြောလုပ်ရ၊ ဟိုနတ်ပ သရ၊ ဒီဘိုးတော် ပူဇော်ရနဲ့၊ ဒါကလည်း ကျုပ်သိမှာစိုးလို့ ပုန်းလျှိုးကွယ်လျှိုး လုပ်ရတာပါဗျာ၊ ခုသည်ကိစ္စမှာလည်း သူတစ်ယောက်ပဲ၊ အကြောက်အကန်ငြင်း၊ ကန့်ကွက် နေလေရဲ့ဗျာ"

ကျွန်ုပ်၏ စကားကို နားထောင်နေသည့် ဦးတင်မောင်က ခေါင်းကို တဆတ်ဆတ်ခါလိုက်ရင်း ...

"အင်း - ပြောမရတော့လည်း ခင်များပိုင်တဲ့ ရေတွင်းပဲဗျာ၊ ခင်များ ကြိုက်သလို စီရင်ပိုင်ခွင့်ရှိတာပဲလေ၊ ကျုပ်ဆိုရင်တော့ အယူသီးတယ်ပဲ ပြောပြော မလုပ်ရဲဘူးဗျို့"

သူ့ကိုကြည့်ပြီး ကျွန်ုပ် ရယ်မောလှောင်ပြောင်မိမတတ် ဖြစ်သွားရတော့ သည်၊ သည်လို အယူသီးစွဲလမ်း အကြောက်တရားကြီးနေသူတွေ လောက ကြီးမှာ အရေအတွက် မည်မျှများနေပြီလဲဟု၍ တွေးလိုက်မိပါတော့၏။

= ☠ =

ရေတွင်းကြီးကို မဖို့ခင် ရှေးဦးစွာ မြို့ထောင့်တစ်နေရာ၌ အဝီစိရေတွင်း တစ်ခု တူးဖော်လိုက်ပါ၏၊ ထွက်လာသည့် ရေမှာ ကြည်လင်သန့်ရှင်းပြီး ကောင်းမွန်သဖြင့် ရေအတွက် စိတ်ချရပြီဖြစ်၍ လာမည့်အပတ်အတွင်း ရေတွင်းကြီးကို ဖို့ပစ်ရန် သားသမီးများနှင့် စီစဉ်ပါလေတော့သည်၊ အဆင် သင့်ချင်တော့ မိတ်ဆွေတစ်ဦးက ၎င်း၏ တိုက်ဟောင်းကိုဖျက်၍ အသစ်ပြန် ဆောက်နေသည်ဖြစ်၍ လိုအပ်သည့်မြေများ၊ အုတ်ကျိုးများ လာယူရန်ပြော လာသည်၊ အမိကက အလုပ်သမားရှာဖွေရန်သာ ကျန်တော့သည်၊ ဒါက လည်း အခက်အခဲသိပ်မရှိလှပါချေ၊ သိမ်ကြီးဈေး၌ ကုန်ထမ်းအလုပ်သမား များကို ပိတ်ရက်၌ ခေါ်၍ခိုင်းလိုက်လျှင် အဆင်ပြေမည်ဖြစ်သည်မို့ ရေတွင်း ကြီးအတွက် စိတ်အေးရတော့မည် ဖြစ်သည်။

မြေကြီးနှင့်အညီ ဖို့လိုက်လျှင် အိမ်ရှေ့မျက်နှာစာ ကျယ်ဝန်းစွာ ထွက် လာပြီး ကားနှစ်စီးခန့်ထား၍ပင် ရနိုင်သေး၏၊ တစ်ဦးတည်း အစီအစဉ်များ



www.burmeseclassic.com

www.burmeseclassic.com

ဆွဲနေရင်း ထိုညက တော်တော်နှင့် အိပ်၍မပျော်နိုင်၊ မနက်ဈေးဆိုင် ဖွင့်ရမည်လည်းရှိသေး၍ ဖွတ်မိုတ်၍ပျော်အောင် အိပ်ရတော့သည်၊ မည်မျှကြာအောင် အိပ်မောကျသွားမိသည် မသိ၊ ကျွန်ုပ်၏ နာမည်ကို အော်ခေါ်သံကြား၍ အိပ်ရာမှထပြီး အိမ်ရှေ့သို့ ထွက်လာမိသည်၊ ကျန်အိမ်သားများ မနိုးကြသေး၊ စောစောစီးစီး ဘယ်သူပါလိမ့်ဟူ၍ မျက်စိကိုပွတ်၍ ကြည့်မိလိုက်သည်၊ အိမ်တံခါးမကြီးကိုဖွင့်ပြီး အပြင်မှ သံဘာဂျာတံခါးကိုသာ သော့ခတ်ပိတ်ထားခြင်းဖြစ်သည်၊ ပုအိုက်လှသည့် နွေရာသီအချိန်၌ ဤသို့ပင် ညဘက်များမှာ တံခါးမကြီးဖွင့်ပြီး အိပ်တတ်ကြသည်၊ ကျွန်ုပ် မမြင်မသိဘူးသည့် သူတစ်ယောက်ကို တွေ့လိုက်ရတော့သည်၊

အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်နှင့် အသားညိုညို၊ အသက်က ကျွန်ုပ်နှင့် ရွယ်တူခန့်ဟု မှန်းဆမိသည်၊ ထိုသူ၏ မျက်လုံးများ၌ တစ်စုံတစ်ရာကို အလိုမကျ၊ ဒေါသထွက်နေသည့်သဏ္ဍာန်က ပေါ်လွင်နေသည်၊ ကျွန်ုပ်ကို စေ့စေ့ကြည့်ရင်း အက်ကွဲကွဲ အသံတစ်မျိုးနှင့် စကားစ၍ ပြောတော့သည်၊

"မင်းတို့ - ရေတွင်းကြီးကို ဖို့ပစ်ဖို့ကြံစည်နေကြတယ်မဟုတ်လား၊ ငါတို့လုံးဝသဘောမတူဘူး၊ စိတ်ထင်ရာတွေ လျှောက်လုပ်မနေကြနဲ့၊ လုပ်ခဲ့ရင်လည်း မင်းတို့မိသားတစ်စုလုံး မလွယ်ဘူးသာ မှတ်လိုက်တော့၊ ငါတို့နေထိုင်လာခဲ့တာ နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီကွ၊ မင်းနဲ့ကျမှ ငါတို့ ဒုက္ခအရောက်မခံနိုင်ဘူး၊ ငါကတော့ သတိပေးသင့်လို့ လာသတိပေးတာပဲ၊ ဒါကိုမှ နားမထောင်ဘဲ ဖွတ်လုပ်ရင်တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲပေါ့"

ကျွန်ုပ် ဘာပြန်ပြောရမည်မှန်းမသိ၊ အသားလွတ်ကြီး လာပြီးကြိမ်းမောင်းခြိမ်းခြောက်သွားခဲ့သူကိုသာ အကြောင်သားကြည့်နေမိသည်၊ တစ်စုံတစ်ရာပြန်ပြောမည်ဟု ကြံရွယ်လိုက်စဉ်မှာတော့ ထိုသူ မရှိတော့ပြီ၊ ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားခဲ့ပြီဖြစ်သည်၊ ယခုမှ ကျွန်ုပ် စဉ်းစားမိတော့သည်၊ မြံဝက တံခါးကြီးကို ညစဉ်သော့ဖြင့် ခတ်ပိတ်ထားပါလျက် ထိုသူ မည်သို့ဝင်လာခဲ့လေသနည်း၊ သားကြီးဖြစ်သူက တစ်ခါတစ်ရံ အိမ်ပြန်နောက်ကျ



တတ်သည်၊ သူပဲ မေ့ပြီးသော့မခတ်ခဲ့လေသလား၊ ထိုစဉ်မှာပင် ကျွန်ုပ် လက်မောင်းကို ကိုင်လှုပ်နေသည်ကို သတိထားမိလိုက်သည်၊

"ကိုမြသိန်း - ထတော့လေ၊ ဈေးသွားဖို့ နီးပြီ၊ ရေမိုးချိုးဖို့ ပြင်ဆင်တော့"

ဇနီးဖြစ်သူ မကျင်အေးက ကျွန်ုပ်ကို နှိုးနေခြင်းသာတည်း၊ ယခုမှပင် ကျွန်ုပ်မှာ အိပ်ရာထက်မှာပဲ ရှိနေသေးသည်ကို ဂရုပြုမိလိုက်သည်၊ ဒါဖြင့် စောစောက အိပ်မက်များလား၊ အို - မဖြစ်နိုင်တာ ငါကိုယ်တိုင် အိမ်တံခါးဝရောက်သွားပြီး စကားပြောသွားတဲ့သူကို ကြည့်ခဲ့သေးတာပဲ၊ ချက်ချင်း မထနိုင်သေးဘဲ မျက်မှောင်ကြုံ၍ စဉ်းစားနေမိလေသည်၊ ဇနီးဖြစ်သူက ထပ်၍ ပြောပြန်သည်၊

"ရှင် - ညက ဘယ်အချိန်မှအိပ်လို့လဲ၊ တစ်အိမ်သားလုံး နိုးနေတာကြာလှပြီ၊ သိပ်ပြီး ညဉ့်နက်ခံမနေပါနဲ့ရှင်၊ ရှင့်အသက်အရွယ်နဲ့ အိပ်ရေးပျက်ခံတိုင်း မကောင်းတော့ဘူး၊ ကဲ - ထ - ထ ရှင့်သားသမီးတွေတောင် ပြင်ဆင်နေကြပြီ"

သေချာပြီ - ကျွန်ုပ် အိပ်မက် မက်နေခြင်းပင်တည်း၊ တကယ့် ကိုယ်တိုင်ကြုံခဲ့ရသလို ပီပြင်လွန်းလှသည့် အိပ်မက်ပါတကား၊ ကျွန်ုပ် မည်သူ့ကိုမှ ပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်ပါတော့၏၊ ကိုတင်မောင်နှင့် စကားပြောဆိုမိသည်များကို စဉ်းစားရင်း အိပ်မက်မှာ စိတ်စွဲလမ်းသွားတာပဲ ဖြစ်ပါမည်၊ သို့သော်...

"အဖေ - အဖေ့ကို သားပြောစရာရှိတယ်၊ ကျန်တဲ့သူတွေရှေ့မှာတော့ မပြောချင်လို့ ခုလို ကားပေါ်ရောက်မှ နှစ်ယောက်ချင်း ပြောရမှာ အဖေရဲ့"

သိမ်ကြီးဈေးကို ကားလေးဖြင့် သားအဖနှစ်ယောက် ဆိုင်သို့အသွား သားဖြစ်သူက ကားမောင်းရင်း ပြောလာသည်၊

"ပြောပါဦးကွ - ဘာများ ပြောစရာရှိလို့လဲ၊ သားအဖနှစ်ယောက်တည်း ပြောရမှာဆိုတော့ မင်း မိန်းမယူချင်ပြီလို့ ပြောမလို့လား - လုပ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က ရယ်ရွှန်းပတ်ရွှန်း ပြောလိုက်သော်လည်း သားက မျက်နှာထား တည်တည်နှင့်...

"မဟုတ်ဘူး - အဖေ၊ သားပြောမှာက သားတို့အိမ်က ရေတွင်းကြီး တို့စွ"

"ဟေ-"

ကျွန်ုပ် မျက်နှာအစုံမှာ ရုတ်တရက် မြင့်တက်သွားသယောင် ဖြစ်သွားမိပါ တော့သည်။

"သည်လို - အဖေရဲ့ ညက သားအိပ်မက် မက်တယ်၊ အိပ်မက်ဆိုပေမယ့် တကယ့်အဖြစ်လိုပါပဲ အဖေရယ်။ သားဆီကို လူကြီးတစ်ယောက်လာတယ်။ ရေတွင်းကြီးကို မဖို့နဲ့တဲ့၊ ပြောတာ နားမထောင်ဘဲ ဖွတ်လုပ်ခဲ့ရင်တော့ မင်းတို့ တစ်မိသားစုလုံး ငါ့အကြောင်း သိမယ်ဆိုပြီး ကြိမ်းမောင်းသွားလိုက် တာ အဖေရယ် ဒေါသတကြီးပါပဲ"

သား၏ အိပ်မက်နှင့် ကျွန်ုပ်၏ အိပ်မက်က တစ်ထပ်တည်း ဖြစ်နေပါ ပကော။ ကျွန်ုပ်က အတန်ငယ် စဉ်းစားလိုက်သည်။ ကျွန်ုပ်မက်သည့် အကြောင်းကို သားကိုပြောမပြတော့။ ကျွန်ုပ်ကပါ ထိုကိစ္စကို လက်စ်သွား ခဲ့လျှင် ကျွန်ုပ် တစ်သက်လုံး မယုံကြည်ခဲ့သည့်ကိစ္စရပ်များအပေါ် လက်ခံ သွားရကောင်းလင့်ဟု ကျွန်ုပ်၏အပေါ်၌လည်း အထင်သေးသွားတော့မည် ဖြစ်သည်။ ထို့ကြောင့်လည်း...

"အိပ်မက်ပဲကွာ - သူ မက်ချင်ရာမက်မှာပေါ့။ သူများတွေက ရေတွင်း ဖို့ရင် ဘာဖြစ်မယ်၊ ညာဖြစ်မယ်ဆိုပြီး ပြောနေကြတာတွေ။ ငါ့သားစိတ်ထဲ စွဲပြီး မက်တာဖြစ်မှာပေါ့၊ ဘာလဲ - မင်းက ကြောက်နေလို့လားကွ"

"မဟုတ်ပါဘူး - သားက အဖေ့လိုပဲ ဒါမျိုးတွေလက်ခံတဲ့သူ မဟုတ်ဘူး ဆိုတာ သိရဲ့သားနဲ့။ ဒါပေမဲ့ - အိပ်မက်က တကယ့်ကို အပြင်မှာ လာပြော နေသလိုမျိုးချည်း အဖေရာ"

"ခေါင်းထဲမှာ ဖျောက်ပစ်လိုက်ပါ သားရယ်၊ စွဲမနေပါနဲ့တော့ကွာ"

"ဟုတ်ကဲ့ - အဖေ၊ အဖေ့ကို ပြောလိုက်ရင် ကောင်းမလားလို့ မနက်က စဉ်းစားမိသေးတယ်"



"အောင်မယ်လေး - မပြောလိုက်ပါနဲ့ကွာ၊ ပြောသာ ပြောလိုက်မိရင် တော့ ရေတွင်းကိစ္စကို အကြောက်အကန် ဖျက်တော့မှာ အသေချာပေါ့"

သားအဖနှစ်ယောက် ရယ်ရယ်မောမောနှင့် စကားပြောကြရင်း ထိုကိစ္စ ကို ပြီးပျောက်လိုက်ကြပါတော့၏။

=💀=

နောက်တစ်နေ့ မနက်ဘက်တွင် မိတ်ဆွေဖြစ်သူက အုတ်ကျိုးများနှင့် မြေကြီးများ လာ၍တိုက်ပါဆိုသဖြင့် ကားတစ်စီးငှားပြီး ငါးခေါက်တိတိ တိုက် ရလေတော့သည်။ မြံအဝင်လမ်းမဘေးတစ်လျှောက်၌ ပုံထားလိုက်ပြီး တနင်္ဂနွေ ဈေးပိတ်ရက်ကျမှ အလုပ်သမားများ ခေါ်ကာဖို့မည်ဖြစ်သည်။ လေးခေါက်တိုက်အပြီး နောက်ဆုံးအခေါက်တွင်မှ အုတ်ကျိုးဘိလပ်မြေ အတုံးကြီးများ ပါလာ၏။ အလုပ်သမားများကို နေရာပြပေးနေရင်း ဂရုစိုက် လုပ်ကိုင်နေသည့်အကြားမှ အတန်ငယ်ကြီးသည့် ခဲတုံးကြီးတစ်ခုက ကျွန်ုပ် ထံသို့ လွင့်စဉ်လာပြီး ခြေသလုံးရိုးကို မှန်ပါလေတော့သည်။

ကားပေါ်မှ တွန်းချနေသူ အလုပ်သမားက မျက်စိမျက်နှာပျက်ဖြင့် ကျွန်ုပ်ကို တောင်းပန်ရှာသည်။ ကျန်သူများပါ ဝိုင်း၍လာကြပြီး ကျွန်ုပ်ကို ပွေ့ချီ၍ အိမ်ထဲပို့လိုက်ကြသည်။ ကျွန်ုပ်ကား လမ်းလျှောက်၍ပင် မရနိုင် တော့ပြီ။ ဇနီးသည်က ဆိုင်မှာရှိသည့် သားကြီးထံသို့ ဖုန်းဆက်ခေါ်သည်။ သားလာလျှင် ကားနှင့်ဆေးရုံ (သို့) အရိုးအကြောကုဌာနတစ်ခုခုသို့ ပြမည် ဖြစ်သည်။ ထေးမှ အလုပ်သမားတစ်ယောက်က...

"အဲဒီခဲတုံးကြီးက ဦးလေးနဲ့ အလှတ်ကြီးပါ။ ဒါပေမဲ့ - ဘယ်လိုကဘယ် လို လိမ့်ပြီး ဦးလေးခြေထောက်ကို သွားထိတာလည်း မစဉ်းစားတတ်တော့ ဘူး။ မသိရင်တော့ တစ်ယောက်ယောက်က ချိန်ပြီးတွန်းလိုက်သလို ဦးလေး ဘက်ကို လိမ့်သွားလိုက်တာဗျာ"

ထိုခဏ၌ ကျွန်ုပ်မှာ အိပ်မက်မှ ပြောသွားသော စကားသံတို့ကို ရုတ် ခြည်း ပြန်စဉ်းစားမိလိုက်သည်။ အို - မဖြစ်နိုင်တာ၊ ဖြစ်ချင်လို့ အခန့်မသင့်



www.burmeseclassic.com

www.burmeseclassic.com

လို့ဖြစ်သွားတာ၊ ဘာပယောဂမှ ပါတာမဟုတ်ပါဘူး၊ သွေးမကြောင်စမ်းပါနဲ့ဟု၍လည်း မိမိကိုယ်မိမိ ဖြေသိမ့်လိုက်ပါတော့၏၊ ဖနီးသည်က သားကို မစောင့်တော့ဘဲ ဆေးခန်းသွားရန်ပြောသည်၊ ကျွန်ုပ်က သားလာမှပဲ သွားမည်ဟု ဖွတ်ပေနေသည်၊ ထိုခဏမှာပင် ညွှန်ခန်းမှ ဖုန်းသံမြည်လာသည်၊ ဇနီးဖြစ်သူက သွား၍ကိုင်လိုက်သည့်အခါ စိတ်ဆင်းရဲဖွယ်ရာ သတင်းတစ်ခု ဖြစ်နေပါတော့သည်၊

"ဒုက္ခပါပဲ - ကိုမြသိန်းရယ်၊ သားကြီးရဲ့ကားနဲ့ လိုင်းကားနဲ့ပွတ်မိကြလို့တဲ့၊ အဲဒါ ရှင်းလင်းနေကြတာ မပြီးသေးဘူးတဲ့တော်၊ သားက သူ့ကို မစောင့်နဲ့တဲ့၊ ဆေးခန်းကိုသာ သွားနှင့်ကြတော့တဲ့"

"သားကြီးကော - ဘာဖြစ်သွားသေးသတဲ့လဲ"

"လူတော့ ဘာမှမဖြစ်ပါဘူးတဲ့၊ ကားကတော့ နည်းနည်းထိသွားတယ်တဲ့၊ လိုင်းကားက အပြိုင်မောင်းရင်း သူ့ကားကို ဝင်တိုးတာတဲ့၊ သူ မမှားပေမဲ့ ယာဉ်ထိန်းရဲကိစ္စတွေတော့ အပျက်အစီးကို အလျော်တောင်းဖို့တွေကော မို့ကြာဦးမှာတဲ့၊ စိတ်ညစ်လိုက်တာရှင် - "

စိတ်သောကရောက်ဖွယ် များစွာကြုံတွေ့ကြရပြီး တစ်အိမ်သားလုံး နလုံးစိတ်ဝမ်း မရျမ်းသာနိုင်ကြပြီ ဖြစ်သည်၊ ဆေးခန်းသို့ သွားသည့်အခါ ကျွန်ုပ်၏ ညာဘက်ခြေသလုံးရိုး အက်သွားသဖြင့် ကျောက်ပတ်တီး စည်းလိုက်ရပါတော့သည်၊

ညဘက် မိသားစုများ ဆုံကြသော် သားကြီးအား ဖြစ်ပျက်ခဲ့သမျှ မေးကြည့်၏၊ သားက သူ မမှားကြောင်း၊ သူ့လမ်းအမှန်မောင်းနေတာကို လိုင်းကားက ကျော်တက်ပြီး ဝင်တိုက်သွားခြင်းဖြစ်ကြောင်း ညာဘက်မောင်းဖြစ်၍ သူ့ကို ထိမိုက်မှုမှ လွတ်ခြင်းဖြစ်ကြောင်း၊ ကား၏ဘယ်အခြမ်းမှာ အတော်ပင် စုတ်ပြတ်ထွက်သွားကြောင်း ပြောပြပါတော့သည်၊

"အဖေ - ကျွန်တော် ညက မက်တဲ့အိပ်မက်ကြောင့်များ ဖြစ်နေသလား မသိဘူး"

ဟု၍ ခပ်တိုးတိုးမေးသည်၊ ကျွန်ုပ်က ပြန်၍ . . .



"မဟုတ်တာ - သားရယ်၊ အစွဲအလမ်းမထားပါနဲ့ကွာ၊ ခုဟာက သူ့ဟာသူ ဖြစ်ချိန်တန်လို့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားကြတာပါကွာ၊ မင်းက လည်း"

"ခုလို တိုက်ဆိုင်တာကြီးကိုတော့ သားစိတ်ထဲမှာ ဘဝင်မကျချင်ဘူး အဖေရယ်"

ကျွန်ုပ်က သားအား အယူမသီးဖို့ အတွေးမချော်ဖို့ စသဖြင့် ရှင်းလင်းပြောကြတာ ဖြေသိမ့်လိုက်ရပါတော့သည်၊ ကျွန်ုပ် ကိုယ်တိုင်ကပါ သားနှင့် အတူမက်ခဲ့သည့် အိပ်မက်နှစ်ခုလုံး ထပ်တူထပ်မျှ တိုက်ဆိုင်လွန်းသည်ကို သံသယမရှင်းပါချေတော့၊ ခုဆိုလျှင် ကျောက်ပတ်တီးစည်းထားရသဖြင့် သုံးလခန့် ဆိုင်မထွက်နိုင်တော့ဘဲ အိမ်တွင်းအောင်းနေရချေဦးမည်မို့ စိတ်လည်း တို၊ ဒေါသလည်း ထွက်မိသည်၊ မည်သူ့ကို ဒေါသထွက်ရမှန်းတော့ မသိ၊ ရှေးမှ ဦးတင်မောင်လာလျှင်လည်း ရေတွင်းကြီးကြောင့်ဟု ပြောတော့မှာကတော့ အသေအချာပင် ဖြစ်ပါတော့သည်၊

= ☠ =

နောက်တစ်နေ့ နံနက်ဘက် ဝေလီဝေလင်းအချိန်လောက်မှာ သမီးဖြစ်သူ၏ အလန့်တကြားအော်ဟစ်သံကြောင့် အိပ်ရာထဲမှနေ၍ ထရန်ပြင်လိုက်သော်လည်း ရုတ်တရက် ထ၍မရနိုင်၊ သားနှင့် သမီးတို့၏ အော်ဟစ်သံတို့ကိုသာ နားထောင်ပြီး ဘာတွေဖြစ်နေမှန်းကို မသိတော့၊ ခဏကြာမှ သားနှင့်သမီးနှင့်အတူ ဇနီးသည်ပါ ရောက်လာကြသည်၊

"မင်းတို့ ဘာတွေဖြစ်နေကြတာလဲကွယော၊ ဆူညံနေကြပါကလား"

ကျွန်ုပ် မေးခွန်းအဆုံးမှာ ထိတ်လန့်တုန်လှုပ်နေသည့် သမီးက . . .

"မြွေကြီးအဖေ - တော်တော်အကောင်ကြီးတယ်၊ အရှည်ကလည်း တစ်လံကျော်လောက် ရှိမယ်ထင်တယ်"

"ဘယ်နေရာမှာ တွေ့တာလဲ၊ အိမ်ထဲ ဝင်လာလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"ရေတွင်းကြီးဘေးမှာ ခွေနေတာ အဖေ၊ အဝါနဲ့အနက်ကြားနဲ့ သမီးက အိမ်ရှေ့ မြက်ခင်း သွားဖွင့်တာ မြွေကြီးက သမီးသွားမယ့်လမ်းကို ပိတ်ပြီး ခွေခွေကြီး ကြောက်လိုက်တာ အဖေရယ်"

သားကြီးကပါ ဝင်၍ ပြောလာသည်။

"ညီမလေး အော်သံကြားလို့ ပြေးထွက်သွားတော့ ဒီကောင်ကြီးက ကျွန်တော်တို့ဘက်ကို လှည့်ပြီး ပါးပျဉ်းထောင်ကြည့်တယ်၊ သားလည်း တုတ်တစ်ချောင်းနဲ့ ရိုက်မယ်လို့လုပ်တော့မှ မြံအပြင်ကို လျှောခနဲထွက်သွားတယ်၊ သားနောက်က လိုက်ကြည့်ရော မြံအပြင်ရောက်တော့ မတွေ့ရတော့ဘူး၊ အုတ်ကျိုးပုံတွေကြားထဲများ ဝင်သွားသလား မသိပါဘူး"

"ဒါဆိုရင် ဂရုစိုက်ကြပေါ့၊ မြွေကြီးက နိုရင်ရိုနေဦးမှာ၊ ခြောက်လှန့်အသံပေးလိုက်ဦး၊ တို့အိမ်သားတွေက သည်လမ်းကပဲ ဝင်ထွက်နေရတာ မဟုတ်လား"

မိသားတစ်စုလုံး စိတ်ညစ်စရာများ ကြုံတွေ့နေရသဖြင့် ကျွန်ုပ် လွန်စွာ စိတ်ဆင်းရဲမိ၏။ မြွေကြီးက သူ့ဘာသာသူ ထွက်သွား၍သာ တော်တော့၏။ တိုက်များ ကိုက်မိလိုက်ပါက မတွေးစုံစရာပါတကား။

ဤနေ့တစ်နေ့လုံး အိပ်ရာထဲမှာ လဲလျောင်းရင်း ကျွန်ုပ် စဉ်းစားခန်းဝင်နေမိပါတော့သည်။ နှစ်ရက်အတွင်း ဖြစ်ပျက်လာသမျှတို့မှာ တိုက်ဆိုင်မှုလား၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်လား၊ အိပ်မက်ရှင်၏ ကြိမ်းမောင်းမှု နောက်ဆက်တွဲ ဖြစ်ရပ်များပေလား ဝေခွဲမရနိုင်တော့၊ ဇနီးသည်မှာလည်း ရေတွင်းကြီးကို ဖို့မပစ်ဖို့ မျက်ရည်လည်ရွဲနှင့် တောင်းပန်လာချေပြီ။

ကျွန်ုပ် ခြေထောက်မှာလည်း ပြန်၍ကောင်းရန် ရက်များစွာလိုသေးသည်မို့ ခြေထောက်ပတ်တီးဖြေပြီးမှသာ ဖို့တော့မည်ဟု ကတိပေးလိုက်ပါတော့သည်။ ဇနီးသည်ကတော့ လုံးဝမဖို့ပါနှင့်၊ သည်အတိုင်းပဲ ထားလိုက်ပါတော့ဟု၍သာ ပြောနေပါချေ၏။ သားဖြစ်သူမှာလည်း အိမ်မှ ကားလေးကို ဝပ်ရှော့ပို့ထားရသဖြင့် တက္ကစီဖြင့်သာ ဈေးသို့သွားနေသည်။

ထိုနေ့ညက အိပ်မက်မက်ပြန်သည်။ တစ်နေ့က လူကြီးကိုပင် ဖြစ်သည်။ သူ၏ မျက်နှာမှာ မှုန်မှိုင်းနေပြီး ဒေါသအခိုးတို့ လျှံတက်နေသလို . . .



"မင်းတို့ငါ့စကားကို နားမထောင်ဘဲ တစ်ဆင့်တက်ဖို့ငါလည်း တစ်ဆင့်တက်ပြီး အကြောင်းပြလိုက်တာပဲ၊ အဲဒါမှ မမှတ်ကြသေးရင် ဆက်လုပ်ကြပေါ့ကွာ၊ မင်းလို လူ့ခွစာကတော့ လက်တွေ့ကျကျ လုပ်ပြမှ ယုံမှာမဟုတ်လား၊ ဒီထက် လက်တွေ့ကျချင်ရင် ဆက်ပြီး လုပ်ကြဦး"

ကျွန်ုပ်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ကြိမ်းမောင်းနေသည်ကို ကြည့်ပြီး ကျွန်ုပ်မှာ ပြန်ပြောစရာ အားမရှိသလို ခံစားနေရသည်။ အပြင်ဘက်မှာဆိုလျှင် ပွဲက ကြည့်ကောင်းမှာ အသေအချာ၊ အိပ်ရာက လန့်နိုးတော့ တစ်ကိုယ်လုံး ချွေးစေးတွေ ပျံနေပြီး ကတုန်ကယင်၊

ဘာပဲဖြစ်ဖြစ် ရေတွင်းဖို့ရန်ကိစ္စကို ခေတ္တရပ်ဆိုင်းထားလိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချမိပြီး ဇနီးသည်ကိုတော့ စိတ်သက်သာမှု ရစေရန် မယုတ်မလွန် ပြောထားရလေသည်။

=☠=

ဇနီးသည် မကျင်ဖအေးကား ယခုရက်ပိုင်းအတွင်း ဘာသာရေးကို ပို၍လုပ်လာသည်ကို သတိပြုမိ၏။ ပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ခြင်းကို နံနက်မိုးသောက်၊ ညနေ နေဝင်ရီတရော အချိန်တို့၌ ပုံမှန်ပြုလုပ်ပြီး အမျှဝေ မေတ္တာပို့သံတို့ဖြင့် တိုက်တစ်ခုလုံး လွှမ်းခြုံစေလျက် ရှိတော့၏၊ ကျွန်ုပ်မှာ အထူးအလုပ်မရှိသဖြင့် လက်လှမ်းမီရာ စာအုပ်စာတမ်းလေးများ ဆွဲယူပြီး အပျင်းပြေရလေသည်၊ လယ်တီဆရာတော်၏ ဒီပနီများနှင့် အနာဂတဝင်ကျမ်း၊ မိလိန္ဒပဥှာကျမ်း၊ ဇိနတ္ထပကာသနီကျမ်းကြီးတို့ကိုပါ ဇနီးသည်က ရှာဖွေပြီး ဖတ်ရှုစေသည်၊ အားလပ်နေသည့်အတူတူတော့ အပျင်းပြေသဘော ဖတ်ရှုပြီး တစ်စနှင့်တစ်စ ဘာသာတရားကို စိတ်ဝင်တစား ရှိလာပါတော့သည်၊ ဗုဒ္ဓ၏ အစွန်းနှစ်ဖက်လွတ် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ထဲထဲဝင်ဝင် လေ့လာမိပါချေပြီ၊ တစ်နည်းဆိုလျှင် အချိန်ကာလများစွာ အမှောင်တိုက်ထဲမှာ အကန်းဘဝဖြင့် ပျော်မွေ့နေခိုက် လင်းခနဲ ဝင်းခနဲ လက်လိုက်သည့် အလင်းရောင်


www.burmeseclassic.com

www.burmeseclassic.com

လေးတစ်စကြောင့် အလင်း၏တန်ဖိုး အရသာကို စားသုံးလိုက်မိပြီဖြစ်သည်။

(၃၁)ဘုံဟူသည်ကို ယခင်က လက်မခံခဲ့သည့် တစ်ယူသန်ဝါဒမှစ၍ တဲ့.တဲ့၏အကျိုးအပြစ်များပါမကျန် သေချာစေ့ငုနားလည်သဘောပေါက်လာခဲ့သည်၊ သိပ္ပံပညာဖြင့် တိုင်းတာ၍မရနိုင်သည့်ကိစ္စရပ်များကိုပါ တရားတော်နှင့်ချိန်ထိုးပြီး အဖြေထုတ်တတ်လာခဲ့ပါ၏။ မြင်အပ်၊ မမြင်အပ် သတ္တဝါများ မကျွတ်မလွတ် ပြိတ္တာဘဝ၌ ရှိနေရသူများ စသဖြင့် ယခင်က လက်မခံနိုင်ခဲ့သည့် ဘုံသားများကို နေရာပေး စဉ်းစားမိလာတော့သည်။ မဖတ်စဘူး ဘာသာရေးစာများ ဖတ်နေသည့် ကျွန်ုပ်ကို သားသမီးများက အံ့ဩမှုအပြည့်နှင့်၊ သားဖြစ်သူက ဘာသာရေးစာအုပ်များ ရှာဖွေပေးလာသည်။ ဩကာသကို အစအဆုံး မရခဲ့သူ၊ ဓမ္မပျောက်ခဲ့သူ ကျွန်ုပ်မှာ တဖြည်းဖြည်း အမှိုင်းမှ အယဉ်သို့ ဖန်းမှ ပြောင်းလဲခဲ့ရချေပြီ ဖြစ်သည်။

ဤသို့နှင့် ပတ်တီးဖြေပြီးနောက် ၃ ရက်ခန့်အကြာ သိမ်ကြီးဈေး ဈေးပိတ်ရက် တနင်္ဂနွေတစ်ရက်တွင် ရွှေဟသာကျောင်းတိုက်မှ ဆရာတော်ငါးပါးကို ပင့်ဖိတ်ပြီး သင်္ကန်းကပ် ဆွမ်းလုပ်ကျွေး ကုသိုလ်ပြုခဲ့ပါသည်။ အနှစ်သုံးဆယ်အတွင်း ကျွန်ုပ်ဘဝမှာ ပထမဆုံးဦးဆုံးသော ဘာသာတရားနှင့် ပတ်သက်သည့် အလှူဒါနဟု ဆိုရလျှင် မမှားပါချေ။

ဆရာတော်ကြီးက ရေစက်ချတရား ရှိုးမြှင့်ပေးကြားသည်။ တစ်သက်မှာ တစ်ခါသာ နာဖူးသည့်တရား၊ ပထမဆုံး ဆောက်တည်ဖူးသည့် သီလတို့ကြောင့်လားမသိ၊ ကျွန်ုပ်၏ တစ်ကိုယ်လုံး ပီတိတွေဖုံးလျက်၊ ကြက်သီးဖွေးညင်းထမတတ်၊ ဝမ်းမြောက်ဝမ်းသာ ခံစားရပါသည်။ ထိုနေ့ထိုရက်မှစ၍ ဘုရား၊ တရား၊ သံဃာတို့ကို ဆည်းကပ်ပူဇော်ပါတော့မည်ဟူ၍ ဆရာတော်ကြီးကို အာမဘန္တေခံယူလိုက်ပါ၏။ ဖနီးသည်မှာလည်း ကျွန်ုပ်ကိုကြည့်ရင်း မျက်ရည်သွင်သွင် ကျရှာသည်။ ဝမ်းသာလွန်း၍ ကျသောမျက်ရည်သာ ဖြစ်ပါလေတော့သည်။

သံဃာတော်များကို နေ့စဉ် ငါးပါးခန့် ပုံမှန်ဆွမ်းလောင်းခြင်း၊ သီလရှင်များကို ဆွမ်းဆန်လောင်းလှူခြင်းတို့ဖြင့် ကျွန်ုပ်၏ အိမ်မှာ ကုသိုလ်တရား



များက ပြန်လည်ဝင်ရောက်လာပြီ ဖြစ်သည်။ အမျှဝေသည့်အခါ၌လည်း ခြံဝင်းနေအိမ်အတွင်းရှိမြင်အပ်မမြင်အပ် သတ္တဝါများနှင့် ရေတွင်းရှိအစောင့်ပုဂ္ဂိုလ်များကိုပါ အမျှဝေခဲ့မိပါသည်။ ထိုညက . . .

"ချိုသာသော မျက်နှာထားနှင့် ယခင်အိပ်မက်ရှင်ကြီးကို မြင်မက်ပါသည်။ သူက သည်တစ်ခါတော့ ဘာစကားမှ အထူးအထွေမပြောဘဲ စူးစူးစိုက်စိုက် ကြည့်သွားခဲ့သည်၊ ကျွန်ုပ် ဆုံးဖြတ်ချက် ချလိုက်ပါပြီ၊ သည်ရေတွင်းကြီးကို ဘယ်တော့မှ ဖို့ပစ်ခြင်း၊ ဖျက်ဆီးခြင်း မပြုလုပ်တော့ပါဟူ၍။

=☠=

နံနက်ည နေ့စဉ်ဝတ်မပျက် ဘုရားဝတ်တက်ခြင်းနှင့်အတူ ပရိတ်တရားတော်၊ ပဋ္ဌာန်းဒေသနာတော်ကြီးများကို ရွတ်ဆိုပူဇော်နေလိုက်လို့လားတော့ မသိ၊ အလျင်တန်ခဲ့မတွေ့တဲ့ စိတ်အေးချမ်းသာမှုတွေ ပိုပြီးပြည့်စုံလာနေသလိုပါပဲ၊ သိမ်ကြီးဈေးထဲက အထည်ဆိုင်ကလည်း ခါတိုင်းထက် အရောင်းအဝယ်ကောင်းတယ်လို့ သားကပြောပြပါသည်၊ သမီးကျတော့လည်း သူ့အလုပ်ဌာနက တာဝန်နဲ့ နိုင်ငံရပ်ခြားကို သွားရတဲ့အထိ တိုးတက်အောင်မြင်မှုတွေ ရရှိလာခဲ့ကြတာ ထူးခြားမှုတွေပဲလို့ ဆိုရမည်ဖြစ်သည်၊ အရင်တုန်းက ပူလောင်နေတဲ့ စိတ်တွေ စီးပွားရေး၊ လူမှုရေးမှာဘောင် မဝင်တဲ့ပြောဆိုဆက်ဆံမှုတွေလည်း ဘယ်လိုပျောက်ကုန်မှန်းမသိ ဖြစ်ပါတော့သည်။

ဘဝအပြောင်းအလဲဖြစ်ရှင်လာတော့ ကျွန်ုပ်၏ အိမ်ကြီးကို မတန်တဆ ဈေးပေးပြီးဝယ်မည့်သူ ပေါ်ပေါက်လာခဲ့သည်၊ ယခင် မိမိကြိုက်ဈေးခေါ် ရောင်းစဉ်က မတွက်ခဲ့လို့ မရောင်းတော့ဘူးဆိုခါမှပင် ဝယ်သူတွေ၊ မေးသူတွေ ရှိလာခဲ့သည်။ မှန်းထားသည့် ငွေထက် လွန်စွာပိုရသဖြင့် မိသားစုအားလုံး တိုင်ပင်ပြီး ရောင်း၍ မြို့ထဲဈေးနှင့်နီးရာ တိုက်ခန်းသို့ ပြောင်းရွှေ့လာခဲ့ကြပါတော့သည်။

ဝယ်ယူသည့်သူမှာ သား၏အသိမိတ်ဆွေများဖြစ်သည်၊ ကျောက်ကုန်းလို နေရာကိုမှ သဘောကျသဖြင့် အခြေချမည်ဟူ၍ ရည်ရွယ်ပြီး ဝယ်ကြခြင်း ဖြစ်ပါသည်၊ ငွေချေပြီး မပြောင်းခင်ရက်က ကျွန်ုပ်အား . . .



www.burmeseclassic.com

www.burmeseclassic.com

"ဦးရဲ့အိမ်နဲ့ခြံကြီးကိုတော့ သိပ်သဘောကျတယ်ဗျာ၊ တစ်ခုပဲ ပြောစရာရှိတယ်။ ရေတွင်းကြီးကို ဖို့လိုက်ရင် ပိုပြီးကျယ်သွားမယ်၊ တိုက်မျက်နှာစာလည်း ပွင့်သွားပြီး ကားရပ်စရာ ကျယ်ကျယ်ဝန်းဝန်းရှိတော့မှာပဲ။ ဦးသားက ပြောတော့ ဦးတို့ အရင်က ဖို့ပစ်မယ်ဆိုပြီး ခဲတွေတောင် ပုံထားတယ်ဆိုလားပဲ။ ဦးက မဖို့တော့နဲ့ဆိုလို့ သည်လိုပဲ ထားလိုက်တယ်တဲ့"

"ဦးမှာချင်တာကလည်း သည်ရေတွင်းကြီးပါပဲကွယ်၊ မဖို့ဘဲ သည်အတိုင်း ထားစေချင်တယ်။ ရှေးလူတွေရဲ့အမွေအနှစ်လို့ သဘောထားလိုက်ပေါ့"

"ကျွန်တော်တို့က အိမ်ကြီးကို ခေတ်မီလှပသွားအောင် ဒီဇိုင်းပြောင်းပစ်မှာဆိုတော့ ရေတွင်းကြီးကိုတော့ ဖို့ပစ်ရမှာပဲ။ သူက အိမ်ရှေ့တည့်တည့် အဝင်ကြီးမှာ ဗိုက်ပြီး နေရာအများကြီး ယူထားတာမဟုတ်လား"

ကျွန်ုပ် တားချရမည့်သူတွေ မဟုတ်မှန်း အကဲခတ်မိသည်။ ခေတ်လူငယ်လူရွယ်ဆိုတော့ ခေါင်းမာကြမည့်သူများသာ ဖြစ်သည်။ သို့ပေမဲ့ – အချိန်အမြွက် သဘောလောက်တော့ သတိပေးသင့်သည်ဟု ယူဆမိသဖြင့် ...

"ဒါဆိုရင်လည်း သည်လိုကိစ္စတွေမှာ တတ်သိနားလည်တဲ့ လူကြီးသူမတွေကို တိုင်ပင်ပြီး စီစဉ်ကြပေါ့ကွယ်။ ကိုယ့်သဘောနဲ့ကိုယ်တော့ မလုပ်စေချင်ဘူး။ ဦးက စေတနာနဲ့ ပြောတာပါ"

"ကျွန်တော်တို့က ခေတ်လူငယ်တွေပါ၊ ခေတ်အမြင်နဲ့ပဲ အရာရာကို ကြည့်ကြသူတွေပါ။ ကိုယ့်ခြံထဲက ရေတွင်းကို ကိုယ် အသုံးမပြုချင်တော့လို့ ဖို့ပစ်တာ အဆန်းတကြယ်ကိစ္စတစ်ခုလို့ မယူဆချင်ဘူး ဦးရယ်။ ကျွန်တော်တို့အတွက် ဘာမှစိတ်မပူပါနဲ့။ လုပ်သင့်လုပ်ထိုက်တယ် ထင်လို့ လုပ်ရမှာပါ"

ကျွန်ုပ် ပြောစရာစကား ကုန်ပြီဖြစ်သည်။ ဖွတ်လုပ်ကြမည့်သူများကို ဘယ်လိုမှ တားချရမှာမဟုတ်၊ ရေတွင်းနှင့် ပတ်သက်သည့် အိပ်မက်များနှင့် တွေ့ကြုံခံစားခဲ့ရသည့် စိတ်ဆင်းရဲမှုများအကြောင်းကိုပါ ပြောပြလိုက်လျှင် အလှောင်ခံရဦးမှာ အသေအချာ။ သို့ဖြစ်၍ အပေါ်ယံသိကံ ပြုလိုက်ရပါတော့၏။

=✺=



ကျွန်ုပ်တို့ မြို့ထဲတိုက်ခန်း ပြောင်းရွှေ့ပြီး နှစ်လခန့်အကြာ၌ ကျွန်ုပ်၏ဆိုင်သို့ နာရေးဖိတ်စာတစ်စောင် ရောက်ရှိလာခဲ့သည်။ ကွယ်လွန်သူက ကျွန်ုပ်တို့ အိမ်ကြီးကို ဝယ်ယူသွားသူ လူငယ်ကိုယ်တိုင်ဖြစ်သည်ကို စိတ်မကောင်းစွာ ဖတ်ရှုလိုက်ရပါသည်။ ညနေဘက် ဆိုင်သိမ်းအပြန်မှာ ကျွန်ုပ်တို့သားအဖ နာရေးအိမ်သို့ သွားခဲ့ကြသည်။ ကျွန်ုပ်တို့ နေထိုင်ခဲ့သည့် အိမ်ကြီးကား ယခင်ကလို မှုန်မှိုင်းမှိုင်းမဟုတ်တော့ဘဲ ငွေကြေးအကုန်ခံ ပြန်လည်ပြင်ဆင်ထားသဖြင့် ခေတ်မီလှပသည့် အဆောက်အဦတစ်ခု ဖြစ်နေချေပြီ။ ရေတွင်းကြီးကို ဖို့ပစ်ပြီး သမံတလင်းလောင်းထားသဖြင့် တိုက်ကြီး၏ မျက်နှာစာက ကျယ်ကျယ်ဝန်းဝန်း ဖြစ်နေသည်ကိုလည်း တွေ့လိုက်ရသည်။ ကွယ်လွန်သူ၏ ဇနီးသည်က စကားစည့်စံပြောသည် ...

"ဦးလေးတို့ကိုလို့ ပြောပြရတာပါ၊ သူ ရေတွင်းကြီးကိုမဖို့ခင် ကျွန်မကို ပြောတယ်၊ သူ့အိပ်မက်တွေ မကောင်းဘူးတဲ့၊ ဘာတွေမက်လို့လည်း မေးတော့ အလကားပါကွာ၊ မေးမနေပါနဲ့တော့တဲ့။ ကျွန်မက ယကြာလေး ဘာလေး ချေရအောင်ပြောတော့ သူက ဟားတိုက်ရယ်တယ်၊ အပိုအလုပ်တွေ မလုပ်နဲ့၊ ငါ ဘာကိုမှ ဂရုမစိုက်ဘူး။ ကြောက်လည်း မကြောက်ဘူးလို့ ပြောတယ်။ ဒါပေမဲ့ – ထူးခြားတာက အိမ်ကြီးကိုသာ ပြင်နေတယ်၊ ရေတွင်းဖို့တဲ့ကိစ္စကို အရင်လုပ်မယ်ဆိုပြီး မလုပ်ဖြစ်သေးဘူးလေ၊ အကြောင်းတစ်ခုခု ရှိလို့ မဖို့သေးဘူးလို့ ကျွန်မ ထင်တယ်။ ဖွင့်လည်း မပြောဘူး၊ ပြီးခဲ့တဲ့ အပတ်တမှ ဖို့ဖြစ်တာ ဦးရဲ့"

ကျွန်ုပ်က စိတ်ဝင်တစား နားထောင်နေမိရင်း မေးလိုက်မိသည်၊

"ဦးက အိမ်စပြောင်းကတည်းက ဖို့ပစ်လိုက်ပြီထင်တာ၊ ဖို့တာက မကြာသေးဘူးကိုး။ ကဲ – ဆက်ပါဦး၊ ဖို့ပြီးတော့ ဘာထူးခြားချက်မှုတွေ တွေ့လာခဲ့သေးလဲ"

"ဖို့ပြီး နှစ်ရက်လောက်မှာ ညနေမှောင်စအချိန်မှာပေါ့၊ မီးလုံးကြီးတစ်လုံး ကျွန်မတို့ ခြံဝင်းထဲကို ဝင်လာတာ ထင်ထင်ရှားရှား တွေ့လိုက်ရတယ်ရှင်။ ကျွန်မ တစ်ယောက်တည်းဆိုလည်း မျက်စိမှားပြီး မြင်မိမြင်ရာ မြင်တယ်



www.burmeseclassic.com

www.burmeseclassic.com

ပြောလို့ရမယ့် အဲသည့်အချိန်က ကျွန်မနားမှာ ကျွန်မ တူလေးရယ်၊ အိမ်ဖော်လေးကောင်မလေးရယ် ရှိနေတယ်။ သူတို့တွေပါ မျက်စိထဲမှာ ဝင်းခနဲ မီးလုံးကြီးတစ်လုံး တွေ့လိုက်တယ်တဲ့လေ။

တစ်ခုထူးတာက အဲသည်မီးလုံးကြီးက ရေတွင်းနားလည်း ရောက်ရော ရုတ်ခနဲ ပျောက်သွားတယ်၊ ကြောက်လိုက်တာ မပြောပါနဲ့တော့ ဦးရယ်”

ထိုသူငယ်မ စကားအဆုံးမှာ ကျွန်ုပ်တို့ သားအဖ တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်သလို ကြည့်လိုက်မိကြပါတော့သည်။ ခေတ္တခဏ နားလိုက်ပြီးမှ သူမက ဆက်ပြောပြပြန်သည်၊

“သူပြန်လာတော့ ကျွန်မတို့ ပြောပြတယ်၊ သူက မျက်နှာပျက်သွားပြီးမှ ကုခြေ ပြန်ဆည်လိုက်ပြီး ရယ်ရယ်မောမောနဲ့ သည်လောက်နေအပူရှိန် များလွန်းတဲ့အချိန်မှာ တံလျှပ်တို့၊ အလင်းစူးရှလွန်းတာတို့ မြေကြီးအငွေ့တွေက ဖြစ်ပေါ်တာကြောင့်ပါတဲ့၊ အရေးမထားတဲ့ပုံ လုပ်ပစ်လိုက်လေရဲ့ရှင်၊ ကျွန်မကတော့ တပ်အပ်သေချာမြင်ထားရတဲ့ သူဆိုတော့ သူ့စကားကို လုံးဝ မတော်နပ်ဘူး။ ဆက်ပြောရင်လည်း ရန်ဖြစ်မှာပဲဆိုပြီး စိတ်ဖလျှော့လိုက်ရ တော့တယ်၊ စိတ်ထဲမှာတော့ လေးနေမိတယ်၊ ဆိုးဆိုးရွားရွား တစ်ခုခုတော့ မကြုံတွေ့ပါနဲ့ဆိုပြီးလည်း ဆုတောင်းမိတယ်”

ကျွန်ုပ်ကဲ့သို့ ခေါင်းမာသူ၊ အယုံအကြည် မရှိသူ၊ လူငယ်၏ စိတ်ဓာတ် နိုင်မာမှုကိုလည်း လေးစားမိသည်၊ ကျွန်ုပ်ကိုယ်တိုင် ကြုံခဲ့စဉ်က ထိုသူငယ် လောက် ခေါင်းမမာနိုင်ခဲ့၊ မိသားစုပါ အန္တရာယ်ကျရောက်လာမှာကို တွေး တောပူပန်ပြီး လက်လျှော့ခဲ့သူဖြစ်သည်၊ သူတား ဘာကိုမျှဂရုမစိုက်ဘဲ နောက်မတွန့်ခဲ့သူပါတကား၊ နောက်ဆုံးသိလိုသည့် အချက်ကို မေးမြန်းမိ တော့သည်၊

“ဆုံးတဲ့အကြောင်းကိုလည်း ပြောပြပါဦး သမီးရယ်”

“နောက်တစ်နေ့ မနက်ရောက်တော့ သူက ပဲခူးဘက်ကို အလုပ်ကိစ္စ အရေးကြီးလို့ သွားရမယ်လို့ပြောတယ်၊ အိမ်က ကားကလည်း သိပ်မကောင်း တော့ တခြားကားရှာပြီး သွားပါလားလို့ ကျွန်မက ပြောတယ်၊ သူက ရေပါ တယ် မိန်းမရယ်၊ ကားက ပဲခူးကကိစ္စပြီးမှပဲ ဝပ်ရှော့ကို ထိုးလိုက်တော့မယ်၊ သည်ကားနဲ့ပဲ သွားမယ်တဲ့၊ သူက အဲသလို ခေါင်းမာတဲ့သူကိုးရှင့်၊ ညနေ ဘက်ကျတော့ ပဲခူးကအပြန် လှည်းကူးနားမှာ ကားမှောက်ပြီး ဆုံးသွားတယ် ဆိုတဲ့ ဖုန်းဝင်လာတော့တာပါပဲရှင်”

စကားပြောရင်း ဆို့နင့်လာသည့်သဏ္ဌာန်ဖြင့် သူငယ်မက တရှိုက်ရှိုက် ငိုကြွေးနေပါတော့၏၊

အချိန်လင့်ပြီဖြစ်၍ ကျွန်ုပ်တို့လည်း နှစ်သိမ့်စကားများ အားပေးပြော ကြားပြီး ပြန်လာခဲ့ပါတော့သည်၊ အိမ်မှအထွက် ရေတွင်းကြီးနေရာကို အထူး ဂရုစိုက်ကြည့်မိလိုက်ကြပါသေးသည်၊ ကြီးမားနက်ရှိုင်း နိုင်ခန့်လှသည့် ရေ တွင်းကြီးနေရာကို အထူးဂရုစိုက်ကြည့်မိလိုက်ကြပါသေးသည်၊ ကြီးမား နက်ရှိုင်းနိုင်ခန့်လှသည့် ရေတွင်းကြီးကား ဤလောကမှ ပျောက်ကွယ်သွား ခဲ့ချေပြီ၊ ထိုကဲ့သို့ပင် ရေတွင်းဖို့သူ အိမ်ရှင်လူငယ်သည်လည်း လူ့ဘဝမှ ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်၊ အကယ်၍သာ ...

ဤအိမ်ကြီးမရောင်းခင်က ဘာကိုမှ ယုံကြည်မှုမရှိ၊ ခေါင်းမာစွာဖြင့် ကျွန်ုပ်သာ အရင်ဖို့ဖြစ်ခဲ့ပါက ထိုသူငယ်၏ ကြမ္မာဆိုးမျိုး ကျွန်ုပ်တို့ မိသားစု ကြုံတွေ့နိုင်ဟု၍ ကံသေကံမ ပြောနိုင်ပါမည်လား၊ ကျွန်ုပ်တို့ မိသားစုကံ ကြီးမားလှပါဘိတော့သည်တကား ...။

(ရှေးမှ တူးဖော်ထားရှိခဲ့သော ရေတွင်းရေကန်ကြီးများကို လက်လွတ် စပယ် ဖို့ခြင်းမှ ဆင်ခြင်နိုင်ကြပါစေ) ဖြစ်ရပ်မှန်ကို ရေးခွင့်ပြုသူ ဦးမြသိန်း (အမည်လွှဲ) အား ကျေးဇူးတင်စွာဖြင့် ...

●● ဗျာပုံစိုးသား ●●



www.burmeseclassic.com

www.burmeseclassic.com




ဝင်းနိုင် (ရွှေပြည်သာ)

# ဆိုက်ဝေစီ

"ဟေ့ - မြဝင်းကြီးတို့၊ မင်းတို့ လှည်းတွေ အုတ်တင်ပြီးပြီလား"

"တင်ပြီးသွားပြီ - အဘ"

"တစ်စီးကို ဘယ်လောက်တင်ထားသလဲကွ"

"လှည်းတစ်စီးကို အုတ် (၂၀၀)နဲ့ (၂၅)စီး တင်ထားတယ်၊ ဒါဆို - အုတ်က တစ်သောင်းပေါ့"

"အေးကွ - မြန်ရမယ့်ခရီးက နည်းနည်းဝေးတော့ ဒီလောက်ပဲတင်ထားကွ"

"ဘိလပ်မြေ သွားဝယ်တဲ့ကောင်တွေ မလာသေးဘူးလားကွ"

"လာသင့်ပြီ အဘ - သွားတာကြာပြီ"

"ဟော - ပြောရင်းဆိုရင်း ဟိုကား ဖြစ်မယ်နဲ့တူတယ်"

တွံတေးကုန်းမြို့ဘက်မှ ကုန်ကားတစ်စီးလာနေသည်ကို လက်ညှိုးထိုး၍ အသော် မောင်ဦးက ပြောလိုက်သည်။ ထင်သည့်အတိုင်းပင် ဘိလပ်မြေများ

www.burmeseclassic.com

တင်ဆောင်လာသော ကားဖြစ်သည်။ ကားရောက်လျှင် အသင့်စောင့်နေသော လူအုပ်ကြီးက ဘိလပ်မြေအိတ်များကို လှည်းများပေါ်သို့ အရှိန်ကျ တင်လိုက်ကြရာ မကြာမီ ပြီးစီးသွားခဲ့တော့သည်။

နေမှာ နေ့လယ်မွန်းတည့်သာသာဖြစ်၍ အပူရှိန်ပြင်းနေသေးသည်။ ထို့ကြောင့် နွားလှည်းများ အပူဒဏ်ကြောင့် ခရီးမဆက်နိုင်သေးသဖြင့် ခေတ္တနားနေကြရသေးသည်။ ထုံးစံအတိုင်း ကာလသားခေါင်း မြဝင်းကြီးတို့၊ စံပိန်တို့ အုပ်စုကတော့ ထန်းရေဆိုင်များဆီသို့ ချီတက်ကုန်ကြပြီဖြစ်သည်။

"ဟော့ကောင်တွေ - သိပ်လည်း သောက်မနေကြနဲ့နော်၊ ပြန်ကြရဦးမှာ"

"သူကြီးကလည်း အပြန်ခရီးက အေးအေးဆေးဆေးပါ၊ ကျွန်တော်တို့ မမောင်းလည်း နွားတွေက သူ့ဘာသာသူ ရောက်အောင်ပြန်မယ့် ကောင်တွေ"

"ဟိုမှာ - အဘထိတ်တုံးရွှေတို့၊ ဦးဖလးသံယောက်မတို့တောင် ချနေကြပြီ"

"အဲဒီ ပြောမရ ဆိုမရတဲ့ လူတွေကလည်း တစ်မှောင့်"

သူကြီးမင်းမှာ အစ်ကိုဖြစ်သူကိုလည်း မပြောရဲ၊ ရွာရှိ ကာလသားအပေါင်းမှာလည်း အဘနှင့် ပေါင်းမိလျှင် သူ့စကားကိုပါ သိပ်နားမထောင်ချင်ကြ။ ထို့ကြောင့် - စိတ်ပေါက်ပေါက်နှင့် ခေါင်းကိုသာ တဖျှင်းဖျှင်းကုတ်နေတော့သည်။

ယခုကိစ္စကလည်း ရွာဦးကျောင်းဆရာတော် ဘဘုန်း၏ မိန့်မှာခိုင်းစေချက်အရ အုတ်နှင့် ဘိလပ်မြေကို လာရောက်ဝယ်ယူသယ်ဆောင်ရခြင်းဖြစ်သည်။ ဘဘုန်းကတော့ ဘုရားတည်ရန်အတွက် အုတ်နှင့်ဘိလပ်မြေ လိုအပ်၍ ဝယ်ပေးရန်၊ ဘဘုန်းကျောင်းဝင်းအတွင်း ဆုတောင်းပြည့်စေတီတော်ကြီးအနီးတွင် (၁၅)တောင်အမြင့် စေတီတော်တစ်ဆူကို (၂)ပတ်အတွင်း အပြီးတည်မည်ဟု ယမန်နေ့က ခေါ်ယူမိန့်ကြားခဲ့သည်။



ထို့ကြောင့် - လိုအပ်သော အုတ်၊ ဘိလပ်မြေနှင့် သဲများကို အလျင်အမြန် လာရောက်ဝယ်ယူရခြင်းဖြစ်သည်။ လိုအပ်သော ပန်းရန်ဆရာနှင့် သီးတော်ကို ရှာယူရန်အတွက် ဘုရားလူကြီး ဦးပြားကြီးတို့ကလည်း ရန်ကုန်မြို့သို့ တက်ရောက်သွားကြပြီဖြစ်သည်။

ဘဘုန်းကလည်း အကျိုးအကြောင်းကို ဘာမှ သိပ်မပြော၊ အကျိုးအကြောင်းကို ဘုရားတည်မည့်နေ့မှ ပြောမည်ဟုမိန့်သည်။ ဘဘုန်းကိုလည်း မည်သူမျှ မလွန်ဆန်ရဲသောကြောင့် ဘဘုန်းခိုင်းသည့်အတိုင်း မလွဲချော်အောင်သာ ဂရုတစိုက် ဆောင်ရွက်ကြရသည်။

=☠=

"အင်း - ထူးတော့ ထူးခြားနေတယ်"

"ဘဘုန်းကလည်း ဘာမှမပြောပဲ ကောက်ခါငင်ခါ ဘုရားထတည်မယ် ပြောတယ်"

"ပြီးတော့လည်း အဲဒီဘုရားကို နှစ်ပတ်အတွင်း ပြီးအောင်တည်ရမယ် ဆို"

"ဘုရားတည်မယ်လို့ ပြောလိုက်တာနဲ့ အလှူငွေတွေကို လှူလိုက်ကြတာ ဝိုတောင်နေတယ်"

"ဒါတောင် ဘုရားကြီးကို ဘုရားလူကြီး ဦးပြားကြီးနဲ့ ကုန်စုံဆိုင်ပိုင်ရှင် ကိုတုတ်ကြီးတို့ အပြိုင်အဆိုင် သူ လှူမယ်၊ ငါ လှူမယ်လုပ်ပြီး စကားထများကြတာ ဘဘုန်း ကြိမ်လုံးထဆွဲမှ ငြိမ်သွားတယ်။ အခုတော့ သူတို့နှစ်ယောက်က ဘုရားထီးပူဇော်မှာတဲ့ အလှူရှင်တွေ"

"အေးလေ - ဘဘုန်းရှင်းပြမှပဲ အကျိုးအကြောင်း သိရတော့မှာ၊ အခုတော့ - သူခိုင်းတဲ့ အလုပ်ကို ပြီးမြောက်အောင် လုပ်မှ -"

ရွာသူကြီး ဦးလေးငယ်တစ်ယောက် ယနေ့ဆောင်ရွက်နေသော ကိစ္စနှင့်ပတ်သက်၍ အတွေးများနေရာမှ ရပ်တန့်လိုက်သည်။ မွန်းလွဲနှစ်နာရီ



www.burmeseclassic.com

www.burmeseclassic.com

ကျော်ပြီမို့တောင်လေကာပေါက်လာပြီဖြစ်ပြီးအပူရှိန်အနည်းငယ်လျော့သွားသည်။ ထို့ကြောင့် - နွားလှည်းများကို ရွာပြန်ရန်အတွက် ဆော်ဩလိုက်သည်။

"ဟေ့ - မြဝင်းကြီးတို့ ပြန်ကြမယ်လေ။ မင်း ကောင်တွေ ခေါ်လိုက်တော့"

"ဟုတ်ကဲ့ပါ - ဦးလေး။ ဒီမှာ ရေရှိန်မကိုက်သေးလို့ပါ အေ့"

"ဟေ့ကောင် မလိုချင်ဘူးထတော့၊ လှည်းတွေပြင်တော့"

"ဟုတ်ကဲ့ပါ - ဦးရေးကရဲ"

လှည်းများကိုပြန်ရင်ပြင်ဆင်ကြသည်၊ ဒီတစ်ခါတော့အဘထိတ်တုံးရွှေတို့၊ သံယောက်မ ဦးပိန်တို့ ဂိုမကျူပြဿနာမရှာဘဲ အေးဆေးစွာ လိုက်လာကြသည်။ မြဝင်းကြီးတို့ အုပ်စုကတော့ အပိုကျည်တောက်တလေးများကိုလ်စီပါလာကြသေးသည်၊ လုပ်ပေမပေါ့ - သူတို့မျော ကုန်းတန်းတက်မှ ပင်ကျရည်သောက်ရရှာသည်။ ရွာမှာတော့ ထွေးညိုနှင့် နှစ်ပါးသွားနေကြရသည်။

ကျွန်တော်တို့ ရွာကလေးသည် ဟံသာဝတီအနောက်မြမ်း မှတ်ကျွန်းတိုက်နယ်တွင် တည်ရှိသည်၊ မိုးအခါတွင်ရေလမ်းကို အသုံးပြုကြသော်လည်း နွေအခါတွင် လှည်းလမ်းကို အသုံးပြုကြသည်။ မြို့နှင့် (၁၅)မိုင်ခန့်ဝေး၍ လှည်းနှင့်သွားလျှင် (၃)နာရီ (၄)နာရီခန့် မောင်းကြရသည်။

အိမ်သုံး လယ်ယာလုပ်ငန်းခွင်များအတွက် အသုံးလိုသော သစ်ဝါးနှင့် အခြားပစ္စည်းများကို မြို့သို့တက်ဝယ်ယူရာတွင် လှည်းကိုသာ အသုံးပြုကြသည်၊ ကားလမ်းမရှိသောကြောင့် လှည်းကို အများဆုံး အသုံးပြုကြသည်။

ယခုလည်း ဘုရားတည်ရန်အတွက် လိုအပ်သော ပစ္စည်းများကို တင်ဆောင်၍ လှည်းအစီး (၄၀)ခန့် တပျော်တပါး မောင်း၍ ပြန်လာခဲ့ကြသည်။ အပြန်ခရီးဖြစ်၍ ဝန်လေးဖြစ်သော်လည်း နွားများက ခြေလှမ်းသွက်နေကြသည်၊ အချို့လှူငယ်များမှာ လှည်းပေါ်တွင် ထန်းရည်မူးမူးဖြင့် အိပ်ပျော်လာကြသည်။



လှည်းလမ်းတွင် လှည်းရှင်းဆုံသော်လည်း ကိစ္စမရှိ၊ ဝန်မပါသောလှည်းက ရှောင်ပေးရသည်၊ အချို့နွားများဆိုလျှင် သခင်က စေခိုင်းစရာမလိုပါ။ မိမိတို့ လှည်းဝန်မပါလျှင် ဝန်ပါသော လှည်းနှင့်တွေ့ပါက အလိုလိုရှောင်ပေးကြသည်၊ တစ်ဦးနှင့်တစ်ဦး အော်ဟစ်နောက်ပြောင်ရင်းဖြင့်လည်းကောင်း၊ သီချင်းတကြော်ကြော် သီဆိုရင်းဖြင့်လည်းကောင်း တပျော်တပါးပြန်လာခဲ့ကြသည်။

=☠=

ညနေ ငါးနာရီကျော်ကျော်ခန့်တွင် လှည်းများအားလုံး ရွာသို့ပြန်ရောက်လာကြသည်၊ လှည်းများကို ရွာဦးကျောင်းဝင်းအတွင်းသို့ မောင်းဝင်လိုက်ကြသည်၊ ကျောင်းဝင်းအတွင်း ပစ္စည်းသယ်ချရန် စောင့်ဆိုင်းနေကြသော လူအုပ်ကြီးများလည်း မနည်းမနောဖြစ်နေသည်၊ လှည်းများရောက်သည်နှင့် ပါလာသော အုတ်၊ ဘိလပ်မြေ ထုံး အစရှိသော ပစ္စည်းများကို တစ်ယောက်တစ်လက်သယ်၍ နေရာချထားလိုက်ရာ တစ်ခဏချင်း ပြီးစီးသွားခဲ့ကြသည်။

ဘုရားကို ဦးဆောင်တည်မည့် ဘဘုန်းကလည်း ရွာရှိသူ ဒကာ၊ ဒကာမများ၊ ဆွေမျိုးမြေးသားများက တက်တက်ကြွကြွ ဝိုင်းဝန်းလုပ်ဆောင်နေသည်ကို မြင်တွေ့ရ၍ တပြုံးပြုံးဖြစ်နေသည်။

တစ်ရွာလုံးကလည်း ဘဘုန်း ဘာကြောင့် ကောက်ခါငင်ခါ ဘုရားထတည်သည့်အကြောင်းအရင်းကို သိချင်နေကြသည်၊ သို့သော် ဘဘုန်းက ဘုရားတည်မည့်နေ့ကျမှ မိန့်မည်ဆို၍ မည်သူမျှမမေးရဲ၊ မပြောရဲကြ၊ ဘဘုန်းအမိန့်ရှိမည့်အချိန်ကိုသာ စောင့်စားနေကြတော့သည်၊ ပစ္စည်းများကို နေရာချပြီးနောက် ကျွန်တော်နှင့်အဘထိတ်တုံးရွှေတို့၊ သံယောက်မတို့ ပြန်လာခဲ့ကြသည်။

=☠=



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ညနေစောင်းအချိန်ဖြစ်သည်။ ကျွန်တော်တို့ အုပ်စုအားလုံး ဘဘုန်းကျောင်းတွင် ရောက်ရှိနေကြသည်။ မြို့သို့ ပန်းရန်ဆရာနှင့် ဘုရားထီးကို သွားရောက်မှာယူခဲ့သော ဦးပြားကြီးတို့အဖွဲ့လည်း ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ လုပ်ငန်းကိစ္စ အဆင်ပြေခဲ့သည်ဟု သိရသည်။ ၎င်းတို့နှင့်အတူ ဘုရားတည်မည့် ပန်းရန်အဖွဲ့လည်း တစ်ပါတည်း လိုက်ပါလာကြသည်။

အားလုံး လူစုံသောအခါ ဘဘုန်းက ကျွန်တော်တို့ အားလုံးကို ခေါ်၍ ဆုတောင်းပြည့်စေတီတော်ကြီးရှိရာသို့ ထွက်လာခဲ့ကြသည်။ စေတီတော်ကြီး၏ရှေ့သို့ရောက်သောအခါ အားလုံးဆုတောင်းပြည့်စေတီတော်ကြီးကို ထိခြင်းငါးပါးဖြင့် ရှိခိုးကြသည်။ ထို့နောက် ဘဘုန်းက ငါးပါးသီလယူရမည်ဟု မိန့်ကြားပြီး ငါးပါးသီလပေးသဖြင့် အားလုံးယူလိုက်ကြရသည်။ ပြီးနောက် ဆရာတော်က စေတီတော်ကြီး၏ အနောက်မြောက်ထောင့်နေရာကို ညွှန်ပြပြီး -

“ကဲ - ထိတ်တုံးရွှေတို့ အဲဒီနေရာကို တူးလိုက်ကြစမ်းကွာ”

ဆရာတော်ကြီး၏ မိန့်မှာချက်အတိုင်း အဘထိတ်တုံးရွှေတို့ မြဝင်းကြီးတို့အုပ်စု ပေါက်တူးပေါက်ပြားကိုယ်စီဖြင့် တူးလိုက်ကြသည်။

ဘဘုန်းခိုင်း၍သာ တူးရသည်။ ဘာမှန်းမသိ၊ မေးလည်း မမေးရဲ၊

အားလုံးကလည်း အကျိုးအကြောင်း သိချင်ကြသည်။ သူတို့လည်း မမေးရဲ၊

တံတောင်ခန့်အနက်ရောက်သွားပြီး ဘာမှမထူးသေး၊

တံတောင်ထွာခန့်ရောက်လာပြီး နဂိုအတိုင်း နှစ်တောင်ခန့်အရောက်တွင် ...

“ဒုတ်”

“အောက်မှာ တစ်ခုခုရှိတယ်ဟေ့ - ဖြည်းဖြည်းလုပ်ကြကွ”

ပေါက်တူးဖြင့် ထိမိသောနေရာတစ်ဝိုက်ကို သတိထား၍ပတ်ရာလည် တူးဖော်လိုက်သောအခါ အလျားတံတောင့်ထွာ၊ အနံ တောင်ဆုပ်ခန့်၊ အမြင့်တောင်ဆုပ်ခန့်ရှိသော သစ်သားသေတ္တာတစ်လုံးကို တွေ့ရှိလိုက်ရသည်။

“တာ”

“သေတ္တာတစ်လုံးကွ”

“ဟုတ်တယ်ဟေ့ - ရှေးတုန်းက သေတ္တာကွ”

“အထဲမှာ ဘာတွေရှိလည်း မသိဘူး”

“အေးကွ - ဖွင့်ကြည့်ရင် သိရမှာပဲ”

ဘေးမှ ဝိုင်းအုံနေသော လူအုပ်ကြီးကတစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ အဘထိတ်တုံးရွှေတို့လည်း သေတ္တာကို ဂရုတစိုက်သယ်၍ ဘဘုန်းလက်သို့ အပ်လိုက်သည်။ သေတ္တာကလည်း လူနှစ်ယောက်အတော်လေး မ,ယူကြရသည်။ ကြေးသော့ခလောက်ကြီးကလည်း အခိုင်အမာခတ်ထားသေးသည်။ ဘဘုန်း၏ မိန့်မှာချက်အရ ထိုသေတ္တာကို ကျောင်းပေါ်သို့ သယ်ဆောင်လာကြသည်။ ကျောင်းပေါ်သို့ ရောက်သောအခါ ဘုရားကျောင်းဆောင်ရှေ့တွင် သေတ္တာကို ချထားသည်။

ကျောင်းပေါ်တွင် ရှိသော ပရိသတ်အပေါင်း၏ မျက်လုံးများကလည်း ချထားသော သေတ္တာပေါ်တွင်သာ ကျရောက်နေသည်။ သေတ္တာထဲတွင် ဘာတွေများ ရှိနေသလဲဟု သိချင်စိတ်က လူတိုင်းရင်ထဲမှာ ဖြစ်ပေါ်နေသည်။ အချို့ကလည်း တီးတိုးတီးတိုးဖြစ်နေကြသည်။ တစ်ဆင့်စကားတစ်ဆင့် နားကြားလိုက်သော ရွာသူရွာသားအပေါင်းမှာလည်း ရောက်ရှိလာကြသဖြင့် ကျောင်းတစ်ခုလုံး ပြည့်နေတော့သည်။

“ဖြန်း”

“ဖြန်း”

ဘဘုန်းက ကျောင်း၏ကြမ်းပြင်ကို ကြိမ်လုံးဖြင့် ရိုက်လိုက်သည်။ ကြိမ်သံကြားရသဖြင့် လူအုပ်ကြီးမှာ ငြိမ်သက်သွားကြသည်။

“ကဲ - ဒကာ၊ ဒကာမတို့ ဒီသေတ္တာထဲမှာ ဘာတွေပါလည်းဆိုတာ သိချင်နေကြတယ် မဟုတ်လား”





www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါ - သိချင်နေကြပါတယ်"

"မှန်ပါတယ် - ဘုရား၊ မိန့်တော်မူပါ"

"အေး - အေး - ဒီသေတ္တာထဲမှာပါတဲ့ ပစ္စည်းတွေနဲ့ ဘာကြောင့် ဘုရားတို့ ရက်ချင်းတည်ရတယ်ဆိုတာ ဆက်စပ်နေတယ်ကွဲ့၊ ကဲ - ဘဘုန်းပြောပြမယ်၊ သေသေချာချာ နားထောင်ကြကွဲ့"

"တင်ပါ့ဘုရား"

=💀=

"အရှင်ဘုရား"

"အရှင်ဘုရား"

"ဟဲ့ - ဘယ်သူတွေတုံးဟဲ့"

"တပည့်တော်တို့ ဒီနားကပါပဲဘုရား"

"ဘာကိစ္စရှိလို့တုံးဟဲ့ - ညကြီးမိုးချုပ်"

"အရှင်ဘုရားကို အကူအညီတောင်း လျှောက်ထားစရာရှိလို့ပါ၊ တပည့်တော်တို့ ကျောင်းပေါ်တက်လာခဲ့ပါရစေ ဘုရား"

"ကဲ - ကဲ - လာခဲ့ကြ - လာခဲ့ကြ"

အချိန်က ညသန်းခေါင်ကျော်အချိန် ဘဘုန်းတစ်ဦး တရားထိုင်ပြီး၍ အိပ်ရာတွင်း လဲလျောင်းနေသည့်အချိန် ဒီညကျမှ မျက်လုံးက ကြောင်နေသည်၊ အိပ်ချင်စိတ်ကလည်း မရှိသေး၊ ထိုအချိန်တွင် ကျောင်းရှေ့မှ ခေါ်သံကြားသောကြောင့် ဘဘုန်းထလာပြီး မေးမြန်းနေခြင်းဖြစ်သည်၊

ဘဘုန်းက တံခါးဖွင့်ပေးလိုက်သောအခါ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားကြီးတစ်ဦးတို့ ကျောင်းပေါ်တက်လာကြပြီး ဆရာတော်အား ရိုသေစွာ ဦးချကန်တော့လိုက်ကြသည်၊ ဘဘုန်း၏ ထိုသူသုံးဦးတို့ သေချာစွာအကဲခတ်လိုက်သည်၊ မိန်းကလေးနှစ်ဦးမှာ အသက် (၂၀) ခန့်ရှိပြီး ချောမောလှပသည်၊ အဝတ်အစားမှာ ရှေးခေတ်အဝတ်အစားများဖြစ်သော ထိုင်မသိမ်း



ထဘီနှင့် ခါးတောင်အင်္ကျီများကို ဝတ်ဆင်ထားသည်၊ ရွှေလက်ဝတ်တန်ဆာများကိုလည်း ဝတ်ဆင်ထားသည်၊

အမျိုးသားကြီးတစ်ဦးမှာ အသက် (၆၀) ခန့်ရှိ၍ ခေါင်းပေါင်း ပေါင်းထားသည်၊ ၎င်းတို့၏ ရုပ်ရည်သွင်ပြင် အမူအရာကိုကြည့်၍ ဘဘုန်းသဘောပေါက်သွားတော့သည်၊

"ကဲ - ဒကာတို့ ကြည့်ရတာ လူသားတွေတော့ မဟုတ်လောက်ဘူး၊ ပြီးတော့ - အချိန်မတော်လာတာတလည်း ဘာကိစ္စလဲ၊ ကဲ - ရှင်းရှင်းလင်းလင်း ပြောစမ်းပါဦး"

"မှန်လှပါ - ဘုရား၊ တပည့်တော်တို့ အရှင်ဘုရားမိန့်သလို လူသားတွေ မဟုတ်ပါဘူး၊ ဘုမ္မစိုးလို့ခေါ်တဲ့ ဥစ္စာစောင့်တွေပါဘုရား၊ ဒါပေမဲ့ - တပည့်တော်တို့ မြေအဘိုးတွေက ဘုရားသိုက်ကို စောင့်တဲ့ ဘုမ္မစိုးတွေပါဘုရား"

"ဘုရားသိုက်ကို စောင့်တဲ့ ဘုမ္မစိုး ဟုတ်လား"

"မှန်ပါတယ် - တပည့်တော်တို့ စောင့်နေတဲ့ ပစ္စည်းတွေဟာ အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူရင် ကျောင်းဆောက်လုပ်ဖို့ ရည်မှန်းပြီး လှူဒါန်းထားတဲ့ပစ္စည်းတွေပါ၊ ဘုရားရှင်ပွင့်တော်မူရင် အဲဒီပစ္စည်းတွေနဲ့ ကျောင်းဆောက်လုပ်လှူဒါန်း ရေစက်ချအမျှဝေပြီးမှ ဒီထက်ကောင်းတဲ့ ဘုံဘဝကို ကူးကြမှာပါ"

"ဟုတ်ပါပြီ - ဟုတ်ပါပြီ - အခု ဒကာကြီးတို့ ကျုပ်ဆီလာတဲ့ကိစ္စက"

"တင်ပါ့ဘုရား - အဲဒီကျောင်းဆောက်လုပ်လှူဒါန်းမယ့်ပစ္စည်းတွေကို စောင့်ရှောက်ရင်း အနီးအနားက ပိုင်ရှင်မဲ့ပစ္စည်းတွေကိုတွေ့တာနဲ့ တပည့်တော်တို့လည်း ယူပြီးထိန်းသိမ်းထားခဲ့ပါတယ်"

"ပိုင်ရှင်မဲ့ ပစ္စည်းတွေ"

"မှန်ပါတယ် - ပိုင်ရှင်မဲ့ ရွှေငွေတွေ တွေ့လို့ ထိန်းသိမ်းထားပါတယ်၊ ဒါပေမဲ့ - အဲဒီပစ္စည်းတွေကို တပည့်တော်တို့ ဆက်ပြီးထိန်းသိမ်းထားလို့ မရတော့ပါဘူး"

"ဟေ - ဘာဖြစ်လို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီပစ္စည်းတွေကို သိုက်စောင့်ကျလို့ဆိုပြီး အောက်လမ်းဆရာတစ်ဦးနှင့် သူ့တပည့်တွေ လာရောက်တူးဖော်ဖို့ လုပ်နေကြပါတယ်။ မကြာခင် ရောက်လာကြပါလိမ့်မယ်။ တပည့်တော်တို့လည်း ကိုယ်ပိုင်ပစ္စည်းမဟုတ်တဲ့အတွက် မကာကွယ်နိုင်ပါဘူးဘုရား။ ပြီးတော့ - ဒီပစ္စည်းတွေ သူတို့လက်ထဲရောက်သွားရင် အလဟဿတွေ ဖြစ်ကုန်မှာစိုးလို့ အရှင်ဘုရားကို လာရောက်အကူအညီတောင်းတာပါ ဘုရား"

"ဟော့ - ဒီကိစ္စတွေက လောကီကိစ္စတွေပဲကွ"

"မှန်ပါတယ်ဘုရား - အကျိုးမဲ့ဖြစ်မယ့်အတူတူ လောကုတ္တရာကောင်းကျိုးအတွက် အရှင်ဘုရား ဆောင်ရွက်ပေးနိုင်ပါတယ်။ ပြီးတော့လည်း မသမာသူတွေရဲ့လက်ထဲလည်း မရောက်တော့ဘူးပေါ့"

"အေးလေ - ဒါဆိုလည်း ကြည့်ပြီး စီစဉ်ရတာပေါ့။ နေပါဦး - အဲဒီပစ္စည်းတွေကို လာတူးမယ့် သိုက်ဆရာအဖွဲ့က ဘယ်တော့လောက်ဆို ရောက်မှာလဲ"

"နောက်နှစ်ပတ်လောက်ဆို ရောက်တော့မှာပါ"

"အင်း - အချိန်တော့ ရပါသေးတယ်လေ"

"အဲဒီပစ္စည်းတွေက အခု ဘယ်မှာလဲ"

"အရှင်ဘုရား - ကျောင်းဝင်းထဲက ဆုတောင်းပြည့်စေတီတော်ကြီးရဲ့ အနောက်မြောက်ဘက်ထောင့်က အတောင်နှစ်ဆယ်လောက်က မြေအောက်မှာပါ ဘုရား"

"အေး - အေး - ကောင်းပြီ - ကောင်းပြီ။ ဒီပစ္စည်းတွေကို မသမာသူတွေလက်ထဲမရောက်အောင် ကျုပ်ဘုရားတစ်ဆူ တည်လိုက်ပါ့မယ်။ ခုနစ်ရက်သားသမီးတွေလည်း အကျိုးရှိအောင်ပေါ့"

"တင်ပါ့ဘုရား - ဘုရားတည်တဲ့ ကိစ္စ အောင်မြင်အောင် တပည့်တော်တို့လည်း ဝိုင်းဝန်းကူညီပါ့မယ်"

"အေး - အေး - ကောင်းပါပြီ"

"တပည့်တော်တို့ကို ပြန်ခွင့်ပြုပါ - ဦးတင်ခဲ့ပါတယ်"



"ဒါထက် - ဒကာကြီးတို့က ဘယ်မှာနေကြတာလဲ"

"အရှင်ဘုရားကျောင်းဝင်းနဲ့ မလှမ်းမကမ်းမှာပါဘုရား။ အရှင်ဘုရားရဲ့ သီလသမာဓိတွေကြောင့်လည်း တပည့်တော်တို့ အေးချမ်းစွာ နေထိုင်ကြရပါတယ်ဘုရား"

"သာဓု - သာဓု - သာဓု"

=💀=

"ကဲ - အဖြစ်အပျက်ကတော့ အဲဒါပဲ"

"ကျုပ် ဘာကြောင့်ဘုရားကို ရုတ်ချင်းတည်ရသလဲဆိုတာ သိကြပြီလား"

"သိပါပြီ ဘုရား"

"ဘာမေးချင်သေးလဲ"

"မေးတော့ မမေးတော့ပါဘူး ဘုရား"

"မမေးပေမဲ့ မင်းတို့အားလုံး သိချင်နေကြတယ် မဟုတ်လား။ သေတ္တာထဲမှာ ဘာတွေပါလည်းဆိုတာကို"

"ဟို - ဟို"

"ကဲ - ကဲ - ထိတ်တုံးရွှေ - သော့ခလောက်ကို ဖွင့်လိုက်"

ဘဘုန်းအမိန့်ရှိသဖြင့် အဘထိတ်တုံးရွှေက သေတ္တာတွင် ခတ်ထားသော သော့ခလောက်ကိုဖွင့်ရန် ပြင်လိုက်သည်။ သော့တံမရှိ၍ အလွယ်နှင့် ဖွင့်မရ။ သော့ခလောက်ကလည်း ရှေးဟောင်းကြေးဝါသော့ကြီးဖြစ်သည်။ လွယ်လွယ်နှင့် ဖွင့်မရ၍ အဘထိတ်တုံးရွှေ စိတ်ညစ်အကြံအိုက်နေသည်။

"ဒေါ်လေး - ခင်ထွေး၊ အဘထိတ်တုံးရွှေ - သော့ဖွင့်မရလို့ စိတ်ရှုပ်နေတယ်"

"ဟဲ့ - မော်မော်ရဲ့ အဲဒီထိတ်တုံးရွှေမှာ သော့တံမှ မရှိဘဲ ဘယ်ဖွင့်လို့ ရမလဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဒါကြောင့်လည်း ဒီအသက်အရွယ်ထိ မိန်းမ မရတာ၊ ဘာကြောင့်လည်း - ဓါဒါလေးရဲ့"

"သူ့မှာ သော့တံမှမရှိတာ၊ ဘယ်မိန်းမက သူ့ကို ယူမှာလဲ"

"ဒေါ်လေးကလည်း - ခစ် - ခစ် - ခစ်"

"ဟီး - ဟီး - ဟီး"

အဘထိတ်တုံးရွှေလည်း ဘဘုန်းရှေ့ဖြစ်နေ၍ ဒေါ်လေးခင်ထွေးကို့ စကားကိုကြားသော်လည်း ပြန်မပြောနိုင်ဘဲ မျက်လုံးပြူး၍ပြန်ကြည့်လိုက်သည်။

"အဘ - ဖယ် - ဖယ်"

မြဝင်းကြီးက ပြောပြောဆိုဆို သော့ခလောက်အား တူတစ်ချောင်းဖြင့် ထုလိုက်သည်။

"ဒုန်း"

"ဒုန်း"

"ဒုန်း"

"ချလွမ်"

တူဖြင့် သုံးချက်ခန့် ရိုက်ချလိုက်တော့မှ သော့ခလောက်က ပွင့်သွားတော့သည်။ အဘက ပွင့်သွားသော သော့ခလောက်ကိုဖြုတ်၍ အဖုံးကို ဆွဲလှန်လိုက်သည်။

"ဟာ"

"ဟင်"

"အလို"

ကျောင်းပေါ်ရှိ ပရိသတ်အားလုံး မှင်တက်သွားကြသည်။ သေတ္တာထဲတွင် အရောင်တလက်လက်တောက်ပနေသော ရွှေဒင်္ဂါးများ၊ ရွှေမန်ကျည်းစေ့တောင့်များ၊ လက်ဝတ်တန်ဆာများမှာ အပြည့်နီးပါးရှိနေသည်။ ထိုခေတ်ထိုအချိန်ကာလ ပေါက်ဈေးပင် နည်းနည်းနောနောမဟုတ်ပါ။ အားလုံးအံ့သြတကြီး ဖြစ်နေကြတော့သည်။



"ကဲ - ကဲ - အဲဒီပစ္စည်းတွေကို ဖျာပေါ်ကို သွန်ချလိုက်၊ ပြီးတော့ - ဘယ်ပစ္စည်းက ဘယ်လောက်ဆိုတာ စာရင်းလုပ်၊ ဒီပစ္စည်းတွေအားလုံးကို ဘုရားတည်တဲ့အထဲမှာ ဌာပနာထည့်ရမယ်။ ဒါတွေကို စိတ်နဲ့တောင် မပြစ်မှားကြနဲ့၊ ကြားကြရဲ့လား"

"မှန်လှပါဘုရား"

"သာဓု - သာဓု - သာဓု"

=💀=

တူးဖော်ရရှိသော ပစ္စည်းများကို စာရင်းဇယားနှင့် အရိုန်ကို တိတိကျကျမှတ်သား၍ ဘဘုန်း၏ ကျောင်းတွင် စေတ္တသိမ်းဆည်းထားသည်။ ရွာလူကြီးများက ကျောင်းတွင် စောင့်အိပ်ကြပြီး ပစ္စည်းများကို စောင့်ရှောက်ကြသည်။ နောက်တစ်နေ့ နံနက်ကိုးနာရီအချိန်တွင် ဘုရားတည်ခြင်းလုပ်ငန်းကို ဘဘုန်း၏ ဦးဆောင်မှုဖြင့် စတင်ခဲ့ကြပါသည်။

တစ်ရွာလုံး ကလေးလူကြီးမကျန် ဘုရားတည်ခြင်းလုပ်ငန်းကို ဝိုင်းဝန်းလုပ်ဆောင်ကြသည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထားရာ လုပ်ငန်းတစ်ခုဖြစ်ခြင်းကြောင့် အင်တိုက်အားတိုက် ကုသိုလ်ပါဝင်ကြသည်။ လုပ်အားပေးသော၊ ကုသိုလ်ယူသော လူအပေါင်းတို့အား အပြိုင်အဆိုင် ကျွေးမွေးကြသည်မှာလည်း အလှူပွဲပမာဖြစ်သည်။

လုပ်အားပေးကုသိုလ်ပါဝင်သူများတွင် ရွာသူရွာသားများသာမက အနီးပတ်ဝန်းကျင်ဒေသမှ လူများအချို့မသိသော မျက်နှာစိမ်းများပင် ပါဝင်ကြသည်။ အားလုံးဝမ်းသာအားရ ဝိုင်းဝန်းလုပ်ဆောင်ကြသည်မှာ သတ်မှတ်ရက်မတိုင်မီ ပြီးစီးကြမည့်အနေသို့ ရောက်ရှိခဲ့သည်။

ဘုရားစေတီ၏ ဌာပနာတိုက်အတွင်းသို့ ဘုမ္မစိုးများ၏ အကူအညီဖြင့် တူးဖော်ရရှိသော ရွှေငွေရတနာပစ္စည်းများကိုလည်းကောင်း၊ ရွာသူရွာသားနှင့် အနီးပတ်ဝန်းကျင် ခုနစ်ရက်သားသမီးများ လှူဒါန်းကြသော ရတနာပစ္စည်းများကိုလည်းကောင်း လုံခြုံစွာ စီမံ၍ ဌာပနာတည်ထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့်(၁၅)တောင်ရှိသော စေတီတော်မှာ သတ်မှတ်ရက်အတွင်း ဘဘုန်းဦးဆောင်၍ ရနစ်ရက်သားသမီးတို့၏ကောင်းမှုဖြင့် ရွာဦးကျောင်းဝင်း အတွင်း ဆုတောင်းပြည့်စေတီတော်ကြီး၏ အနောက်မြောက်ထောင့်တွင် ပေါ်ပေါက်လာခဲ့ရပါတော့သည်။ မနက်ဖြန်ဆိုလျှင် ထီးတော်ကို တင်လှူ ပူဇော်ကြတော့မည် ဖြစ်ပါသည်။

ထီးတော်တင်လှူပွဲတွင် ကြွရောက်လာကြသော ပရိသတ်အပေါင်းကို ရွာမှ စုပေါင်း၍ စတုဒိသာကျွေးမွေးကြသည်။ ဒေါ်ပုံ မြတ်မင်းဟန် ဆိုင်းအဖွဲ့ ဖြင့် ဖျော်ဖြေကြသည်။ လူရွှင်တော် ဥက္ကာလာ လေးမောင်နှင့်၊ မောင်ညိုမှိုင်း တို့၏ တင်ဆက်မှုကလည်း ပရိသတ်ကို တဝါးဝါး ဖြစ်စေသည်။ ဆိုင်းမင်း သမီးလေး မော်မော်၏ အဆိုအကများကလည်း ပရိသတ်ရင်ကို တသသ စွဲမက်ဖွယ် ဖြစ်စေခဲ့သည်။

တစ်နယ်လုံးမှ ဆရာတော်၊ သံဃာတော်အပေါင်းကလည်း ကြွရောက် ချီးမြှင့်ကြသည်။ နယ်လေးရပ်မှ ကြွရောက်လာကြသော ပရိသတ်အပေါင်းမှ လည်း ဝက်ဝက်ကွဲမျှဖြစ်သည်။ ထမင်းချက်သောအဖွဲ့၊ ထမင်းကျွေးသော အဖွဲ့များမှာ လက်မလည်နိုင်အောင် ချက်ပြုတ်ဧည့်ခံနေကြရသည်။ နေ့လယ် (၁၂)နာရီခန့်တွင်မှ ဧည့်ခံကျွေးမွေးမှုကို နားရသည်။

ကျွန်တော်နှင့် အဘထိတ်တုံးရွှေတို့ အုပ်စုမှာလည်း ထိုအချိန်မှာပင် နံနက်စာကို သုံးဆောင်ကြရသည်။ ကျွန်တော်တို့ ထမင်းဝိုင်းကို ပြင်ဆင် ကျွေးမွေးသော မိန်းမပျိုကလေးနှစ်ဦးကို ယခင်က မမြင်ဘူးခဲ့ပါ။ ဘယ်သူ ဘယ်ဝါဟူ၍လည်း မမေးခဲ့ကြပါ။ မေးရန်လည်း သတိမရကြပါ။ စားသောက် ပြီး သတိရ၍ ပြန်ရှာသောအခါ ထိုမိန်းကလေးနှစ်ဦးကို မတွေ့ရတော့ပါ။ အဘက -

"ဘုရားတည်တဲ့ ကိစ္စကြီး ပြီးလို့ စိတ်ပေါ့သွားလို့လား မသိဘူး။ ထမင်း စားကောင်းလိုက်တာကွာ"

"ဟုတ်တယ် - အဘ၊ ကျွန်တော်လည်း တော်တော်စားလိုက်တယ်။ ဒါထက် - အဘ ကျွန်တော်တို့ဝိုင်းကို ထမင်းလာထည့်ပေးတဲ့ မိန်းကလေး နှစ်ယောက်ကို အဘတွေ့မိလား"

"အေး - တွေ့တယ်လေ"

"သူတို့ကို အဘ သိလား၊ ကျွန်တော်တော့ မသိဘူး"

"အေး - ငါလည်း အရင်က မမြင်ဖူးဘူးကွ"

"ဦးလေး သံယောက်မရော"

"အေး - ငါလည်း မသိဘူးကွ။ ဒီနေ့မှပဲ သူတို့နှစ်ဦးကို မြင်ဘူးတာ"

"ဘာလဲ - ငါ့တူ မင်းက သဘောကျလို့လား"

"မဟုတ်ပါဘူး - အဘရယ်။ မတွေ့ဘူးလို့ မေးကြည့်တာပါ"

"မင်းတော့မသိဘူး။ သံယောက်မတော့ အဲဒီမိန်းကလေးတွေ ထည့်ပေး တဲ့ ထမင်းနဲ့ဟင်း နင်းကန်စားပြီး စားပို့နင့်ခဲ့သေတော့မယ်"

"အောင်မာ - မင်းကရော ညီမလေး၊ ညီမလေးနဲ့ ကိုယ့်အသက်ရွယ် မှ အားမနာ၊ ဟား - ဟား - ဟား"

"ဟီး - ဟီး - ဟီး"

ဤသို့ဖြင့် ဘုရားတည်ခြင်းကိစ္စပြီးဆုံးသည့်အထိ မည်သည့်အနှောင့် အယှက်မျှမရှိဘဲ ပြီးဆုံးချိန်တိုင်ပြီဟု ယူဆခဲ့ကြပါသည်။ ထိုအချိန်တွင် -

"အဘ - အဘ"

"ဟော့ - မောင်ဦး ဘာလဲကွ"

"အဘထိတ်တုံးရွှေတို့ သံယောက်မ ဦးပိန်တို့ အစ်ကိုလေးတို့အားလုံး ဘဘုန်းက ကျောင်းပေါ်ကို အခုလာခဲ့ပါတဲ့"

"ဘာကိစ္စလဲကွ - မောင်ဦးရ"

"ကျွန်တော်လည်း မသိဘူး၊ လိုက်ဆိုလိုက်ခဲ့ကြပေါ့ဗျာ"

"အေးပါကွ - လိုက်ပါ့မယ်။ မင်းကလည်း ဘဘုန်းအားကိုးနဲ့ ငါတို့ကို သိပ်ပါဝါပြချင်တဲ့ အကောင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အုပ်စုလည်း ပြောပြောဆိုဆို ရွာဆော်မောင်ဦးနှင့်အတူ ဘဘုန်းကျောင်းပေါ်သို့ လိုက်လာခဲ့ကြသည်။ ဘဘုန်းကျောင်းပေါ်သို့ ရောက်သောအခါ ရွာလူကြီးများ၊ ဘုရားလူကြီးများနှင့်အတူ လူစိမ်း(၃)ဦးခန့်ကို တွေ့လိုက်ရသည်။

ထိုလူ (၃)ဦးထဲတွင် တစ်ဦးက ပုဆိုးအကွက်တုံးနှင့် တိုက်ပုံအနက်ကို ဝတ်ဆင်ထားပြီး ခေါင်းပေါင်းပေါင်းထားသည်။ အသက် (၅၀)ကျော်ခန့်ရှိပြီး နှုတ်ခမ်းမွေးကားကားနှင့် ဖြစ်သည်။ ကျန်နှစ်ယောက်မှာ အသက် (၃၀)ခန့် ဖြစ်ပြီး ထိုလူ၏ နောက်လိုက်များဖြစ်ပုံရလေသည်။ ကျွန်တော်တို့အုပ်စု ရောက်သွားပြီး ဘဘုန်းကို ဝတ်ချပြီးသောအခါ ဘဘုန်းက ထိုလူများကို -

"ကဲ - ဒကာကြီးတို့က ဘယ်သူတွေလဲ။ ဘာကိစ္စနဲ့ ဒီကို ရောက်လာရသလဲဆိုတာ ဟောဒီက ကျုပ် ဒကာ၊ ဒကာမတွေရှေ့မှာ ပြောပါဦး"

"တပည့်တော်က အထက် ယောနယ်ကလာတဲ့ ယောပြန်ဆရာသိန်းပါ ဘုရား။ ဒီနှစ်ယောက်ကတော့ တပည့်တော်ရဲ့ တပည့်နှစ်ယောက်ပါ။ တပည့်တော်တို့က သိုက်စာကျလာတဲ့ ဥစ္စာစောင့်သိုက်တွေကို လိုက်လံတူးဖော်နေတဲ့ သူတွေပဲဖြစ်ပါတယ်။ အခုလည်း အရှင်ဘုရားကျောင်းဝင်းထဲမှာ ပိုင်ရှင်မဲ့ သိုက်တစ်ခုရှိတယ်လို့ သိုက်စာကျလာလို့ အဲဒီသိုက်ကို တူးဖော်ရအောင်လို့ ရောက်လာရခြင်းဖြစ်ပါတယ်"

"ဘာ"

"ဘာကွ - ဘယ်က ဆရာသိန်းလဲ။ ယောနယ်မှာ ယောင်ယာယောင်ယောင်၊ ထောင်မှုးအငြိမ်းစား သိန်းဝင်းဆိုတာ ရှိတယ်။ သူလား"

"ဒီကျောင်းဝင်းထဲမှာ သိုက်တူးမယ် ဟုတ်လား"

"မဟုတ်ပါဘူး - ဘုရား။ တပည့်တော်က ရောရောယောင်ယောင် အုကြောင်ကြောင် မဟုတ်ပါဘူး ဘုရား"

"လုပ်ရဲရင် လုပ်ကြည့်လေကွာ၊ အသက်ချင်း လဲပစ်လိုက်မယ်"

"မင်းတို့က ဘာကောင်တွေမို့လို့လဲ"



တပည့်တော်က အောက်လမ်းသိုက်ဆရာဆိုပေမယ့် ပဉ္စနှီယကံထိုက်မယ့် ကိစ္စမျိုးကို ဘယ်တော့မှ မကျူးလွန်ခဲ့ပါဘူးဘုရား။

ဒီသိုက်ကလည်း ပိုင်ရှင်မရှိဘူးဆိုပြီး သိုက်စာကျလာလို့ တူးဖော်ရအောင်လာခြင်း ဖြစ်ပါတယ်။ အခု ပိုင်ရှင်ရှိတဲ့ ဘုရားသိုက်၊ ဘုရားကို ရည်မှန်းပြီး လှူဒါန်းထားတဲ့ပစ္စည်းတွေ ဖြစ်တာကြောင့် . . .



ရွာသူရွာသားများ၏ တစ်ယောက်တစ်ပေါက် ကန့်ကွက်သံများ၊ ဒေါသထွက်ကြိမ်းဝါးသံများ၊ အခြေအတင် အသံများက ဆူညံစွာ ထွက်ပေါ်လာသည်။ ထိုအခါ ဘဘုန်းက ကြိမ်းပြင်ကို ကြိမ်လုံးဖြင့် -

"ငြိမ်း - ငြိမ်း"

"တဲ့အကောင်တွေ တိတ်ကြစမ်း။ ဒီကိစ္စကို ငါပြောမယ်"

"ဒကာကြီးတို့က အဲဒီသိုက်ကို တူးမလို့ပေါ့"

"တင်ပါ့ဘုရား။ တူးပြီးရင်လည်း အရှင်ဘုရားနဲ့ ရွာအတွက်လည်း ခင်သင့်သလို ပြန်လှူခဲ့ဦးမှာပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ခုန ဒကာကြီးက ပိုင်ရှင်မဲ့ သိုက်လို့ပြောတယ်နော်"

"မှန်ပါတယ် - ဘုရား"

"အခုအချိန်မှာ အဲဒီသိုက်က ဘုရားသိုက်ဖြစ်မနေရင်ရော"

"ဘုရားသိုက် အစစ်အမှန်ဖြစ်နေရင်တော့ တပည့်တော်တို့မတူးတော့ပါဘူးဘုရား"

"ကတိပေးသလား"

"ကတိပေးပါတယ် ဘုရား"

"ကဲ - ဒါဆို ကျုပ်နောက်လိုက်ခဲ့ကြ"

ဘဘုန်းက ပြောပြောဆိုဆို ကျောင်းပေါ်မှ ဆင်း၍ နံနက်ကမှ ထီးတင်ထားသော စေတီရှိရာသို့ ဦးဆောင်ခေါ်သွားတော့သည်။ သိုက်ဆရာ (၃)ဦး အပါအဝင် ကျွန်တော်တို့အုပ်စုမှာလည်း စေတီတော်ရှိရာသို့ လိုက်ပါလာကြသည်။ သိုက်ဆရာများ ရောက်နေသည်၊ ဘုရားအောက်ရှိသိုက်ကို တူးတော့မည်ဟု တစ်ဆင့်စကားတစ်ဆင့် ကြားပြီး ရွာရှိ လူအုပ်ကြီးမှာလည်း တုတ်များ၊ ဓားများကို ကိုင်ဆောင်၍ သတ်မည်၊ ဖြတ်မည်၊ ဖမ်းမည် တကဲကဲနှင့် ရောက်လာကြသည်မှာ ကျောင်းဝင်းထဲတွင် လူတွေ ပြည့်ကျပ်နေသည်။

တစ်ယောက်တစ်ပေါက် ပြောဆိုကြိမ်းဝါးနေကြသံမှာ ဘဘုန်းကို မြင်သောအခါ တိတ်ဆိတ်သွားကြတော့သည်။ ထီးတင်ထား၍ ရွှေရောင်တဝင်းဝင်း ဖြစ်နေသော စေတီတော်ရှေ့သို့ ရောက်သောအခါ ဘဘုန်းက ထိခြင်းငါးပါးဖြင့် ရိုသေစွာ ကန်တော့လိုက်သည်။ လူအုပ်ကြီးကလည်း ဘဘုန်းကဲ့သို့ပင် လိုက်၍ ကန်တော့ကြတော့သည်။ ထို့နောက် ဘဘုန်းက သိုက်ဆရာအား -

"ဒကာကြီးက ဘာလူမျိုးလဲ"

"တပည့်တော် ဗမာလူမျိုးပါဘုရား"

"ဘယ်ဘာသာ ကိုးကွယ်လဲ"

"တပည့်တော် ဗုဒ္ဓဘာသာ ကိုးကွယ်ပါတယ် ဘုရား"

"ဟုတ်ပါပြီ - ဟုတ်ပါပြီ"



"ကဲ - ကဲ - ဒကာကြီးတို့ သိုက်စာကျတယ်ဆိုတဲ့ ပိုင်ရှင်မဲ့သိုက်ကို ခုနစ်ရက် သားသမီးတွေရဲ့အကူအညီနဲ့ ဘုရားကို လှူလိုက်ပါပြီ။ ဟောဒီ အသစ်တည်ထားတဲ့ စေတီရဲ့ဌာပနာတိုက်ထဲမှာ အဲဒီရတနာတွေ ရှိနေပါတယ်။ အဲဒီသိုက်ဟာ အခုတော့ ဘုရားသိုက်ဖြစ်သွားပါပြီ၊ ဒကာကြီး သဘောအတိုင်းသာ ဆုံးဖြတ်ပါတော့"

ဘဘုန်း၏မိန့်ကြားချက် ကြားလိုက်ရသောအခါ သိုက်ဆရာ ဆိုသူမှာ ငိုင်သွားတော့သည်။ ခေတ္တအကြာတွင် ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်ပြီး စေတီတော်ကို ဦးချ၍ ထိခြင်းငါးပါးဖြင့် ရိုသေစွာထိုင်၍ ကန်တော့လိုက်တော့သည်၊ ထို့နောက် -

"တပည့်တော်က အောက်လမ်းသိုက်ဆရာဆိုပေမယ့် ပဉ္စနန္တယကံထိုက်မယ့် ကိစ္စမျိုးကို ဘယ်တော့မှ မကျူးလွန်ခဲ့ပါဘူးဘုရား။ ဒီသိုက်ဟာလည်း ပိုင်ရှင်မရှိဘူးဆိုပြီး သိုက်စာကျလာလို့တူးဖော်ရအောင် လာခြင်းဖြစ်ပါတယ်။ အခု ပိုင်ရှင်ရှိတဲ့ ဘုရားသိုက်၊ ဘုရားကို ရည်မှန်းပြီး လှူဒါန်းထားတဲ့ပစ္စည်းတွေ ဖြစ်တာကြောင့် စိတ်နဲ့တောင် မပြစ်မှားပါဘူးဘုရား။ တပည့်တော်တို့ကိုလည်း ခွင့်လွှတ်ပါ၊ ပြန်ပါတော့မယ် အရှင်ဘုရားကို ဦးတင်ခဲ့ပါတယ်ဘုရား"

"သာဓု - သာဓု - သာဓု"

"ကဲ - ကဲ - ထိတ်တုံးရွှေတို့ အုပ်စုက ဧည့်သည်တွေကို ရွာပြင်ရောက်အောင် လိုက်ပို့လိုက်ပါ၊ ရွာသားတွေလည်း ကိုယ့်အိမ်ကိုပြန်ကြတော့၊ သွားကြ - သွားကြ"

"ကျန်းမာပါစေ - ချမ်းသာပါစေ"

ကျွန်တော်တို့ အုပ်စုလည်း ဧည့်သည်သိုက်ဆရာအဖွဲ့အား ရွာပြင်ရောက်အောင် လိုက်ပို့ကြတော့သည်။ သိုက်ဆရာအုပ်စုလည်း ကျွန်တော်တို့အား နှုတ်ဆက်၍ ပြန်သွားကြတော့သည်။ ကျွန်တော်တို့အုပ်စုလည်း အပြန်တွင် ဘဘုန်း၏ သီလ၊ သမာဓိ၊ စွမ်းအားများနှင့်ယခုတည့်ခဲ့သော စေတီတော်လေးအကြောင်းကို တွေးမကုန်နိုင်တော့အောင် ဖြစ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစေတီတော်လေးမှာ ဘွဲ့အမည်ရှိသော်လည်း တစ်နယ်လုံးက ယခုချိန်အထိအောင် သိုက်ဘုရား၊ သိုက်စေတီဟုသာ ခေါ်နေကြတော့သည်။

ထိုကိစ္စထဲတွင် ဘုရားစေတီလေး ထီးတင်သည့်နေ့က နံနက်စာ စားရာတွင် တစ်ခါမှ မတွေ့ဘူးသော မိန်းမပျိုကလေးနှစ်ဦး တည်ခင်းကျွေးသော ထမင်းဟင်းများကို စားခဲ့သော ကျွန်တော်တို့အုပ်စုမှာ တစ်ပတ်လုံး အာဟာရသိဒ္ဓိပြီးသလို ဆာလည်းမဆာသေးကြောင့် ဘာမှမစားဘဲ နေနိုင်ခဲ့ကြသည်။ စားပိုးနင့်အောင် စားခဲ့သော သံယောက်မ ဦးပိန်မှာတော့ နှစ်ပတ်ခန့် အာဟာရသိဒ္ဓိပြီးနေခဲ့သည်။ အစာမစားပဲနေကြသော်လည်း ထုံးစံအတိုင်း ညနေပိုင်းတွင် အရည်ကို ပိုင်းဖွဲ့ခဲ့ကြသည်တို့တော့ …

●● ဝင်းနိုင် (ရွှေပြည်သာ) ●●


**စာမူရှင်များသို့**

မသွေးချယ်သောစာမူများကို ပြန်လည်ပေးပို့၍ မပေးပို့ပါ။ မှတ်ချက်ပြုပါရန်

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း




www.burmeseclassic.com

သားစိန်ဒိုင်

# ဝိညာဉ်ရှာက ပဝါဖြူရင်မြိုင်မ နှင့် ပရမာယာရှင်စံပယ်တင်မှဲ့

အချိန်က ၁၉၁၉ - ခု၊ ဗြိတိသျှနယ်ချဲ့တို့ ကြီးစိုးချိန်ကာလ ...။

တစ်နေ့သ၌ ကျွန်ုပ်သည် ရန်ကုန်မြို့မှ ထားဝယ်မြို့သို့ ပြောင်းရွှေ့ရန်ကိစ္စ ပေါ်လာခဲ့၏။ ဤသို့ ပြောင်းရွှေ့ရန် အကြောင်းဖန်လာခြင်းကား ကျွန်ုပ်၏ ဆန္ဒကြောင့် မဟုတ်၊ ကံကြမ္မာ၏ ပြောင်းလဲခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။ ဖြစ်ပုံမှာ ကျွန်ုပ်၏ အထက်အရာရှိ ရော်နယ်ကာဒင်အား ထားဝယ်ရှိ ဟိန္ဒား သတ္တုတွင်း၊ ဟာမြင်းကြီး၊ ကံဘောက်တောင်သုံးလုံး၊ ပကာရီ၊ သတ်နီးတုံး၊ ဝကုန်း၊ ဘဝပင်၊ ကလုံးထား၊ ကျောက်မဲတောင် အစရှိသည့် သတ္တုတွင်းများများစွာရှိသည့်အနက် ကျောက်မဲတောင်သတ္တုတွင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ကျလာခဲ့သည်။ ထိုအခါ ရော်နယ်ကာဒင်သည် တပည့်ရင်းချာလည်း ဖြစ်၊ မိတ်ဆွေတစ်ယောက်ကဲ့သို့ ခင်မင်ရင်းစွဲလည်း ဖြစ်နေသော ကျွန်ုပ်အား သူနှင့်အတူ လိုက်ပါရန် ဆန္ဒပြုလာခဲ့သည်။ ထိုအချိန်က ကျွန်ုပ်ကိုယ်တိုင်ကလည်း နယ်ဘက်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုသော စိတ်အခံရှိနေရာ ရော်နယ်ကာဒင်၏ အဆိုကို လိုလိုချင်ချင်ပင် လက်ခံသဘောတူမိလေ၏။

ရော်နယ်ကာဒင်မှာ ကျွန်ုပ်၏ သဘောတူညီချက်ရသည်နှင့် အထက်သို့ သူနှင့်အတူ လိုက်ပါခေါ်ယူသွားခွင့်ပြုရန် ချက်ချင်းအစီရင်ခံစာ တင်ရာ အထက်မှလည်း ခွင့်ပြုခဲ့လေသည်။ ဤသို့ဖြင့် ကျွန်ုပ်မှာ မမျှော်လင့်ဘဲ ထားဝယ်ရှိကျောက်မဲတောင်သတ္တုတွင်းသို့ ရောက်ရန်ကံကြမ္မာဖန်လာခြင်း ဖြစ်ပေတော့သည်။

=☠=

တနင်္သာရီတိုင်း၊ ထားဝယ်မြို့ရှိ ကျောက်မဲတောင်သတ္တုမိုင်းသို့ ကျွန်ုပ်ရောက်သောအခါ အရာရာတို့သည် ကျွန်ုပ်အတွက် အသစ်အဆန်းတွေချည်း ဖြစ်နေပေသည်။

ညို့ညို့ဆိုင်းဆိုင်း၊ မှိုင်းမှိုင်းဝေဝေနေသော တောင်တန်းကြီးများ ဝိုင်းရံကာနေသည့် ကျောက်မဲတောင်သတ္တုမိုင်းရှိ နေ့စားလုပ်သားများမှာ တစ်နေကုန်မိုးထဲ၊ ရေထဲ၌ ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ရသည်။ မဲကျင်ခြင်း၊ မြေတူးခြင်း၊ မြေများ ထုခွဲခြင်းများကို လုပ်ကိုင်နေရသဖြင့် လက်များတွင် ပဲကြီးရေခွံများ တွန့်ကာ ခြေချောင်းလေးများတွင်လည်းကွဲလျက် အနာများပင် စံစားနေကြရသည်။ စားရတော့ မဝရေစာ၊ ဝတ်ရတော့ ကိုယ်လုံရုံ၊ နေရဖို့တော့ အခန်းကျဉ်း တဲတန်းလျား။

တစ်ခါတစ်ရံ စိမ့်စမ်းရေများ၊ ရေတံခွန်များ ပတ်လည်ဝိုင်းရံနေသည့် အတွက် တောတောင်မြေပေါ်မှ ကျားရဲတိရစ္ဆာန်တို့၏ ရန်ကိုလည်း ကြောက်ကြရသေး၏။ သည်ကြားထဲ ငှက်ဖျားရောဂါကြောင့်သေဆုံးရသူများကလည်း နည်း။ မြင်ရသည်၊ ကြားရသည်တို့က စိတ်မချမ်းမြေ့စရာ၊ ကြေကွဲစရာ။

ကျွန်ုပ် စိတ်ညစ်ညူးလာသဖြင့် ဗိုလ်တဲသို့ပြန်၍ အနားယူရန် အလုပ်သမားခေါင်းကိုခေါ်ကာ အသိပေးလိုက်သည်။ အလုပ်သမားခေါင်းက ကျွန်ုပ်အား တစ်ယောက်တည်းပြန်ရန် စိတ်မချဟုဆိုပြီး အလုပ်သမားတစ်ယောက်အား အဖော်အဖြစ် ထည့်ပေးလိုက်လေသည်။ လမ်းတစ်လျှောက်





www.burmeseclassic.com

www.burmeseclassic.com

လုံး စကားတဲ့ပြောပြောဖြင့် ဒေသန္တရအကြောင်းစုံ လေ့လာသိရှိခွင့် ရခဲ့သည်။

"ဆရာက ရန်ကုန်ဇာတိလား"

"ဆိုပါတော့"

"ထားဝယ်ကို အရင်ကရောက်ဖူးသလား - ဆရာ"

"မရောက်ဖူးပါဘူး။ ဒါ ပထမဦးဆုံး ရောက်ဖူးတာပါ"

"ဒါဆို ထားဝယ်နဲ့ ပတ်သက်တဲ့အကြောင်းလေးတွေ ဗဟုသုတအဖြစ် ဆရာကို ပြောပြရဦးမယ်၊ ဆရာ နားထောင်မလား"

"လုပ်စမ်းပါဦး - လမ်းလျှောက်ရင်း အပျင်းပြေပေါ့ဗျာ"

"အရင်က ထားဝယ်လို့ မခေါ်ကြဘူး ဆရာ။ ဝေမိဿကတောင်က နန်းတောင်ထိပ်မှာ ရှင်တော်မြတ်စွာဘုရားထက်ဝယ်ဖွဲ့နေထိုင်နေတော်မူသည်ကို အစွဲပြုပြီး ပွန်း၊ ရှမ်း၊ ယိုးဒယားတို့ဘာသာနဲ့ "ထဝ့ါ" ပြုတော်မူသည်ဟု သမုတ်ကြသောကြောင့် ထဝ့ါဒေသကို ထဝ့ါတိုင်းတွင်ပြီး ကာလရှည်လျားလာတဲ့အခါ "ဝ့ါ" အကွရာနေရာမှာ ဟထိုးကို ဖျောက်ပြီး "ထားဝါ" (ထားဝယ်) လို့ ဖြစ်လာတာတဲ့ ဆရာ"

"ဟုတ်လား - ကျွန်တော်တော့ ခုမှပဲ ကြားဖူးတယ်။ ကဲ - ဆက်စမ်းပါဦး။ ထားဝယ်နဲ့ ပတ်သက်တာလေးတွေ"

"ကျွန်တော်တို့ ထားဝယ်တွေကို တချို့က မခံချင်အောင် ထားဝယ်ရိုး ကြက်မိုးလို့ ပြောဆိုတတ်ကြသေးတယ်။ အမှန်တော့ ထားဝယ်တွေ ကြက်မိုး တတ်ခြင်းကို ဆိုလိုတာ မဟုတ်ပါဘူး။ စောသီလမင်းကြီးက မောင်ဗအဲရဲ့ ချောမောလှပတဲ့ဖနီး စောပညာကို လိုချင်လို့ မောင်ဗအဲကို ရေတွင်းထဲ တွန်းချအဆုံးစီရင်ခဲ့တယ်၊ အဲဒီမှာ အစိမ်းဘဝ မောင်ဗအဲက နတ်ကွန်းနဲ့ ကြက်အရှင် တင်မြှောက်ကိုးကွယ်ပသဖို့ မင်းကြီးကို ပြောလာတယ်လေ။ စောသီလမင်းကြီးကလည်း မောင်ဗအဲကို သတ်မိတဲ့အတွက် ကြောက်လန့်ပြီး ကြက်ကို အရှင်ကိုးရခြင်းကို ဆိုလိုတာပါ။ ကြက်ကိုးပေါ့ - ကြက်မိုး မဟုတ်ပါဘူး"



"ဪော် - ဒီလိုလား"

လမ်းခရီးတစ်လျှောက်လုံးတွင် ကျွန်ုပ်တို့နှစ်ဦးမှာ စပ်မိစပ်ရာ ပြောလာကြရင်း ဗိုလ်တဲသို့ ရောက်လာကြတော့၏။ ဆရာ ဗိုလ်တဲရောက်ပြီဆိုတော့ ကျွန်တော် မိုင်းကျင်းကို ပြန်တော့မယ်။ အလုပ်သမားလူငယ်က ကျွန်ုပ်အား နှုတ်ဆက်၍ ပြန်လှည့်သွားလေ၏။

ကျွန်ုပ် ဗိုလ်တဲအတွင်းသို့ ရောက်သော် ရော်နယ်ကာဒင်မှာ အိပ်ခန်း၌ တစ်ကိုယ်တည်း အရက်သောက်နေသည်ကို တွေ့ရ၏။ ရော်နယ်ကာဒင်မှာ ကျွန်ုပ်ကို မြင်သည်နှင့် ပြုံးရွှင်သောမျက်နှာဖြင့် လှမ်းခေါ်လိုက်သည်၊ နောက် အောက်ပါ အဓိပ္ပာယ်ရသော စကားကို ပြောလိုက်သည်။

"ဟဲလို - ကိုစိန်ဒိုင်၊ ဒီကိုလာပြီး ကျွန်ုပ်နဲ့အတူ အရက်သောက်ဗျာ"

ကျွန်ုပ်လည်း တစ်ကိုယ်တည်း နေထိုင်ရသည်မှာ ငြီးငွေ့နေသည်မို့ လိုလိုချင်ချင်ပင် ရော်နယ်ကာဒင်နှင့်အတူ အရက်ထိုင်သောက်ဖြစ်လေ၏။

အရက်သောက်ကြပြီးသည်နှင့် ရော်နယ်ကာဒင်က သူ၏ အခန်းရှိရာ ဗိုလ်တဲအပေါ်ထပ်သို့ တက်သွားသလို၊ ကျွန်ုပ်ကလည်း အောက်ထပ်ရှိ ကျွန်ုပ်၏ အခန်းတွင်းသို့ ဝင်ခဲ့လေ၏။ ရော်နယ်ကာဒင်မှာ မည်သို့ရှိနေသည် မသိသော်လည်း ကျွန်ုပ်ကား အိပ်မပျော်သေးသဖြင့် စာအုပ်တစ်အုပ်ကို ဖတ်မိလျက် ရှိနေသည်၊ ခဏအကြာတွင် အပေါ်ထပ်မှ "ဒိုင်း - ဒိုင်း - ဒိုင်း" သေနတ်သံ သုံးချက်ကြားလိုက်ရပြီး ရော်နယ်ကာဒင်၏ "အား - အီး" အော်ဟစ်သံဆိုးဆိုးကြီးကြီးကို ကြားလိုက်ရသည်။

"ဒိုင်း - ဒိုင်း - ဒိုင်း"

ကျွန်ုပ်လည်း ဖတ်လက်စ စာအုပ်ကို ပစ်ချလိုက်ပြီး ရော်နယ်ကာဒင် အခန်းရှိရာ အပေါ်ထပ်သို့ ပြေးတက်ခဲ့၏။ အခန်းအနီးသို့ ရောက်သော် ရော်နယ်ကာဒင်၏ အခန်းပိတ်ထားသော အဝင်တံခါးအား အစောင့်စစ်ပုလိပ် တစ်ယောက်က ကိုယ်စောင်းဖြင့် တွန်းတိုက်ဖွင့်နေသည်ကို တွေ့ရလေသည်။ မကြာမီ အခန်းတံခါး ပွင့်သွားပြီး ကျွန်ုပ်နှင့် အစောင့်ပုလိပ်တို့မှာ ပြိုင်တူလိုပင် ရော်နယ်ကာဒင် အိပ်ခန်းအတွင်း ဝင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရော့နယ်ကာဒင်မှာ သူ၏ အိပ်ရာပေါ်၌ ပက်လက်အနေအထားဖြင့် လဲလျက်ရှိနေပြီး သူ၏ မျက်လုံးနှစ်လုံးမှာ ကြောက်မက်ဖွယ် ရေသို့ပြူးထွက်နေသည်။ ရင်ဘတ်ကို အသေအချာ စမ်းကြည့်မိတော့ အသက်မရှိတော့ပေ။

=💀=

သက်ဆိုင်ရာမှ လာရောက်စစ်ဆေးပြီးသောအခါ လူသတ်မှုဖြစ်ကြောင်း ဆုံးဖြတ်ချက်ချလိုက်ကြသည်။ သူတို့ ပြောဆိုပုံအရ ရော့နယ်ကာဒင်၏ လည်ပင်းအား ပဝါဟု ထင်ရသောအရာဖြင့် ညစ်သတ်သွားကြောင်း သိရသည်။ သဲလွန်စကား ဘာတစ်ခုမှ ရှာမတွေ့ခဲ့၊ ပုလိပ်များ ဦးနောက်ခြောက်တာ ရော့နယ်ကာဒင်၏ အလောင်းအား သယ်ယူ၍ ပြန်သွားကြ၏။

ကျွန်ုပ်လည်း စိတ်မကောင်းခြင်းကြီးစွာဖြစ်ရင်း မြို့တွင်းရှိ ခုံတစ်ခုံတွင် ထိုင်နေခဲ့သည်၊ ထိုစဉ် ကျွန်ုပ်အနီးသို့ မြစောင့်အဘိုးကြီးတစ်ဦး ရောက်လာသည်။

"အင်း – မိရှင်မရဲ့လက်စားချေမှုကတော့ သုံးယောက်မြောက် ဖြစ်သွားပြီ"ဟု တစ်ကိုယ်တည်း ညည်းညူသလိုပြောလိုက်သည်။ ကျွန်ုပ်လည်း ထိုသူ၏ စကားကို စိတ်ဝင်စားသဖြင့် –

"နေစမ်းပါဦး – ဦးကြီးရဲ့ ဦးကြီးစကားက ဘာအဓိပ္ပာယ်လဲ"

ဟု မေးလိုက်မိသည်။ မြစောင့်အဘိုးကြီးမှာ ချက်ချင်းမဖြေဘဲ အဝေးသို့ မျှော်ကြည့်နေ၏၊ သူ၏ မျက်ဝန်း၌ အလွမ်းရိပ်တို့က စိုးမိုးနေ၏။ ခဏကြာမှ –

"ဒီအဖြစ်မျိုးနဲ့ သေတာ ရော့နယ်ကာဒင်နဲ့ဆို သုံးယောက်ရှိပြီဆရာ"

"ဟင် – ဟုတ်လား၊ ပြောစမ်းပါဦးဗျာ။ ဘာလို့ ဒီလိုအသတ်ခံရတာလဲ လူသတ်သမားကို ဦးကြီးသိလား"

"သိတာပေါ့ – ဆရာ၊ လူသတ်သမားက မိရှင်မပါ"

"ဘာ – မိရှင်မ ဟုတ်လား။ ဒါဆို ခုနက ပုလိပ်တွေကို ပြောပြလိုက်ပါလား။ ဘာလို့ ခင်ဗျားက မပြောလိုက်ရတာလဲ"



"ပြောလည်း သူတို့ယုံမှာလား။ ပြီးတော့ – မိရှင်မကို သူတို့ ဖမ်းနိုင်မှာမှ မဟုတ်တာ။ မိရှင်မက လူမှမဟုတ်တာ ဆရာ"

"ဘာရယ် – လူမဟုတ်ဘူး ဟုတ်လား"

"ဟုတ်တယ် – ဆရာ၊ သူက သေသွားတဲ့မိန်းကလေးလေ၊ တစ္ဆေပေါ့၊ အစိမ်းသရဲပေါ့ ဆရာရယ်"

ကျွန်ုပ်ကား အဘိုးကြီး၏ စကားကြောင့် ဇဝေဇဝါဖြစ်သွား၏၊ အဘိုးကြီးက ကျွန်ုပ်အဖြစ်ကို မိုပ်စားမိပုံရ၏။

"ဆရာ နားလည်အောင်ပြောရရင် အဖြစ်က ဒီလို – ဆရာ၊ လွန်ခဲ့တဲ့ (၆) လလောက်ကပေါ့"

=💀=

မိုင်းလုပ်သားများ၏ ခေါင်းဆောင် ကြီးဖေသား၏ နေထိုင်ရာ တဲတန်းလျားကြီး၏ အရှေ့ကွင်းအတွင်း၌ မိုင်းလုပ်သားများ ရောက်ရှိကာ ဗိုလ်ကြီးရစ်ချတ်အား ကြီးဖေသားနှင့်အတူ စောင့်ကြိုနေကြသည်၊

မကြာမီ အမိုးဖွင့်စစ်ဂျစ်ကားလေးဖြင့် ဗိုလ်ကြီးရစ်ချတ် အင်္ဂလိပ်စစ်သားလေးယောက်နှင့်အတူ ရောက်လာကြသည်၊

ကားထိုးရပ်သည်နှင့် ဗိုလ်ကြီးရစ်ချတ်အား ကြီးဖေသားနှင့် မိုင်းလုပ်သားများက အရိုအသေပြုကာ ဧည့်ဦးကြို ပြုကြ၏။

ကြီးဖေသားက မိုင်းလုပ်သားများနှင့် ဗိုလ်ကြီးရစ်ချတ်အား မိတ်ဆက်ပေးသည်၊

"ဒါ မင်းတို့ကို ပြောပြောနေတဲ့ သခင်ကြီးဆိုတာ သူပဲ၊ မင်းတို့ကို လစာ ပေးပြီး ထမင်းကျွေး၊ နေစရာပေးတဲ့ ကျေးဇူးရှင်လို့လည်း ပြောလို့ရတယ်၊ ... ဖေးတာရှိရင် ရှိရှိသေသေ ဖြန့်ဖြေကြ၊ သခင်ကြီး စိတ်မဆိုးစေနဲ့နော်၊ ...တ်ခို့ ဗိုလ်တဲမှာ အမြဲနေမှာ"

မိတ်ဆက်ပေးပြီးနောက် မိုင်းလုပ်သားများကို မေးသင့်သည်များမေး ... မိုင်းစခန်းသို့ လုပ်သားများနှင့်အတူ လိုက်လံစစ်ဆေးလေ၏၊



www.burmeseclassic.com

www.burmeseclassic.com

မိုင်းစခန်းသို့ စစ်ဆေးပြီးသောအခါ ကြီးဖေသားက ဗိုလ်ကြီးရစ်ချတ်အား -

"သခင်ကြီးကို ကျွန်တော်မျိုး ညွှန်ပြရချင်လို့ ကျွန်တော်မျိုးရဲ့အိမ်ကို ကြွပါခင်ဗျား"

"ကောင်းတယ် - ကောင်းတယ်၊ မောင်မင်း သိတတ်တယ်"

ဗိုလ်ကြီးရစ်ချတ်က ထိုသို့ပြောပြီး ကြီးဖေသား၏ အိမ်သို့ လိုက်ပါသွားခဲ့သည်။

ထမင်းများ စားသောက်ပြီးသောအခါ ကြီးဖေသား၏သမီး မိရှင်မက ဗိုလ်ကြီးရစ်ချတ်တို့အား ဆတ်သားခြောက်ဆီစမ်း၊ ရေနွေးကြမ်းများ လာချပေးလေ၏။

မိရှင်မ၏အလှကို အနီးကပ်မြင်တွေ့ရသော ဗိုလ်ကြီးရစ်ချတ်မှာ မိရှင်မအား သဘောကျနှစ်သက်မိသွားလေသည်။

"ဒါ - ဘယ်သူလဲ၊ မောင်ကြီးဖေသား"

"ကျွန်တော်မျိုးရဲ့ သမီးပါ သခင်ကြီး"

"အို - အချောအလှပဲကိုး၊ ဒါနဲ့ သူ့နာမည်က"

"မိရှင်မပါ - သခင်ကြီး"

"မိရှင်မ ဟုတ်လား"

"ဟုတ်ပါတယ်"

"မောင်ကြီးဖေသား ညကျ ကျွန်ုပ် ဗိုလ်တဲကို သမီး မိရှင်မကိုခေါ်ပြီး လာခဲ့ပါ၊ ကျွန်ုပ် ခင်ဗျားတို့ သားအဖကို ကျေးဇူးတင်လို့ ဆုချီးမြှင့်ချင်ပါတယ်"

ဗိုလ်ကြီးရစ်ချတ်က ပြောရင်း သူ၏ ရဲဘော်များကို ပြန်ကြရန်အတွက် အချက်ပြလိုက်သည်။

=☠=



ကြီးဖေသားတို့သားအဖနှစ်ယောက် နှစ်ထပ်ဗိုလ်တဲအိမ်ကြီးသို့ရောက်သော် အသင့်စောင့်နေသော စစ်သားတစ်ဦးက ကြီးဖေသားအား အောက်ထပ်တွင် ထိုင်စေ၍မိရှင်မအား ဗိုလ်ကြီးရစ်ချတ်မှ လက်ဆောင်ပေး လိုသည် ဟုပြောကာ အပေါ်သို့ ခေါ်ဆောင်သွားလေ၏။

ကြီးဖေသားမှာ အောက်ထပ်တွင် ထိုင်ရင်း ဗိုလ်ကြီးရစ်ချတ်မှ သမီးဖြစ်သူအား ဘာလက်ဆောင်ပစ္စည်းများ ပေးနေသလဲဟု တွေးနေမိ၏။ ထိုစဉ် ဗိုလ်ကြီးရစ်ချတ်အခန်းတွင်း၌ မိရှင်မမှာ ဗိုလ်ကြီးရစ်ချတ်၏စော်ကားခြင်းကို ရှန်းမထွက်နိုင်ရှာဘဲ ဘဝပျက်သွားလေသည်။

မကြာမီ ကာမဘီလူး ဗိုလ်ကြီးရစ်ချတ်မှာ သူ၏ ဆန္ဒများပြည့်မြောက်သွားပြီမို့ မိရှင်မအား ရွှေဒင်္ဂါးတစ်ပြားထုတ်၍ပေးရာ မိရှင်မက ရွှေဒင်္ဂါးကို မယူဘဲ ဗိုလ်ကြီးရစ်ချတ်၏ ပါးကိုသာ လှမ်းရိုက်လိုက်သည်။ ဗိုလ်ကြီးရစ်ချတ်မှာ မမျှော်လင့်ဘဲ ပါးရိုက်ခံလိုက်ရသဖြင့် လွန်စွာဒေါသဖြစ်ရင်း ခါးကြားမှ သေနတ်ကိုထုတ်ကာ မိရှင်မအား ပစ်ချလိုက်သည်။

"ဒိုင်း"

သေနတ်သံကြောင့် ကြီးဖေသားမှ ထိတ်လန့်တုန်လှုပ်သွားပြီး မိရှင်မ ရှိရာ ဗိုလ်တဲအပေါ်ထပ်သို့ ပြေးတက်ခဲ့ရာ အပေါ်အရောက် ဒဏ်ရာနှင့်လဲနေသော မိရှင်မကို မြင်တွေ့လိုက်ရသည်။

"ခင်ဗျားကြီး ကျုပ်သမီးကို သတ်တယ်၊ ဒီတော့ ခင်ဗျားကိုလည်း ကျုပ်သတ်မယ်"

သမီးဖေဖြင့် ဒေါသများပေါက်ကွဲသွားသော ကြီးဖေသားက ဗိုလ်ကြီးရစ်ချတ်အား ပြေးဝင်လုံးသတ်ပုတ်ရန် ပြုလိုက်သည်။ သို့သော် ဗိုလ်ကြီးရစ်ချတ်က သေနတ်ဖြင့် ဦးခေါင်းလှမ်းပစ်လိုက်သဖြင့် ကြီးဖေသားမှာ ရှေ့သို့ မတိုးနိုင်ဘဲ လဲကျသေဆုံးသွားလေသည်။

"ဒိုင်း - ဒိုင်း"

ထိုအဖြစ်တို့ကို မသေသေးဘဲ သွေးအလူးလူးနှင့် မိရှင်မက မြင်တွေ့သွားကိုကြိတ်ရင်း -



www.burmeseclassic.com

www.burmeseclassic.com

"ဒါသေပြီးနောက် ငါ့ဝိဉာဉ်သည် မကျွတ်မလွတ်ဘဲ သင်းတို့ကို လက်စားချေခွင့်ရပါစေသား" ဟု ကျိန်စာဆိုကာ အသက်ထွက်သွားလေတော့၏။

=💀=

"အဖြစ်ကတော့ အဲဒါပါပဲ – ဆရာ"

"ခင်များ ပြောပုံအရဆို မိရှင်မက ဝိဉာဉ်အဖြစ်နဲ့ ဗိုလ်တဲရောက်လာတဲ့ အရာရှိတွေကို သတ်ပြီး လက်စားချေတဲ့ သဘောပေ့ါ"

"ဒါအမှန်ပဲဆရာ"

"မဖြစ်နိုင်ပါဘူး၊ ဝိဉာဉ်က သတ်တယ်ပဲထားပါ။ မိရှင်မ ဟုတ်၊ မဟုတ် ဘယ်လိုပြောလို့ရမလဲ"

"ပြောလို့ရပြီသား – ဆရာရယ်၊ သေနတ်သံကြားလို့ ဗိုလ်တဲပေါ်ကို ကြည့်လိုက်တော့ မိရှင်မရဲ့ ပဝါဖြူက အခန်းပြတင်းပေါက်က ထွက်လာပြီး မိရှင်မ အုတ်ဂူဆီ လွင့်မျောသွားတာတွေ့လိုက်တာကိုး"

အဘိုးအို၏ စကားကြောင့် ကျွန်ုပ်မှာ လွန်စွာအံ့ဩသွား၏။ မဖြစ်နိုင်ဟုလည်း ယတိပြတ်ပြော၍မရ၊ ပရလောကသားဆိုသည်က အဆန်းကြယ်သား။ ထို့ကြောင့် ကျွန်ုပ်လည်း စူးစမ်းလိုသော စိတ်ဖြစ်ကာ ထိုအဘိုးအိုအား မိရှင်မ အုတ်ဂူဆီသို့ ပို့နိုင်းလိုက်မိသည်။

မိရှင်မ၏ အုတ်ဂူမှာ ခြံဝင်းဝင်ပေါက်ထိပ် သစ်ပင်အောက်တွင် ရှိနေ၏။ သူမ၏ အုတ်ဂူအနီးတွင် ဖခင်ကြီးဖေသား၏ အုတ်ဂူက ကပ်လျက်၊ ကျွန်ုပ် မေးကြည့်သောအခါ မိုင်းလုပ်သားများက မြှုပ်ထားကြောင်း အဘိုးအိုက ပြောပြ၏။ ကျွန်ုပ်မှာ အုတ်ဂူနှစ်လုံးကိုကြည့်ရင်း မမြင်ဘူးသော မိရှင်မနှင့် ကြီးဖေသားတို့အတွက် များစွာစိတ်မကောင်းဖြစ်နေမိ၏။ ထိုစဉ် မိရှင်မ၏ အုတ်ဂူဘေးတွင် ပဝါဖြူလေးတစ်ခုကို တွေ့ရာ –

"ဟိုမှာ – ပဝါဖြူလေး မဟုတ်လား"



"ဟုတ်ပါတယ် – ဆရာ၊ အဲဒါ မိရှင်မသေတုန်းက ထည့်ပေးတဲ့ပဝါလေးပဲ၊ ဘယ်နယ့်အဖြင့်ရောက်နေပါလိမ့်"

အဘိုးအိုမှာ ပဝါဖြူလေးကို ကိုင်ကြည့်ပြီး လွန်စွာကြောက်ရွံ့နေသည်ကို တွေ့ရသည်။

"ခင်များပြောသလို မိရှင်မတာ မကျွတ်ဘဲ အင်္ဂလိပ်စစ်ဗိုလ်တွေကို လက်စားချေတာ ဖြစ်နိုင်တာပေ့ါ"

"ဖြစ်နိုင်တာ မဟုတ်ဘူးဆရာ၊ ဖြစ်ကိုဖြစ်နေတာပါ"

"ဒါဆို ကျွန်တော်တို့ သူ့ကို ကျွတ်လွတ်သွားအောင် အလှူလုပ်ပြီး အမျှအတန်းဝေလိုက်ရရင် မကောင်းဘူးလား"

"ဆရာ ကောင်းမယ်ထင်သလို လုပ်ပါ၊ လိုအပ်သမျှ ကျွန်တော် ကူညီပါ့မယ်"

သို့နှင့် ကျွန်ုပ်လည်း နောက်နှစ်ရက်အကြာ အဘိုးအိုနှင့်တိုင်ပင်ကာ ဘုန်းကြီးပင့်ဆွမ်းကျွေးပြီး မိရှင်မနှင့် ကြီးဖေသားတို့အား အမျှအတန်းပေးဝေလိုက်ကြသည်။

နောက်နှစ်လခန့်အကြာ ကျွန်ုပ်မှာ အထက်မှပြောင်းရွှေ့ရန် အမိန့်ကျလာသည့်အတွက် မန္တလေးသို့ ပြောင်းရွှေ့ခဲ့ရ၏၊ ကျွန်ုပ်မှာ မန္တလေးတွင် တာဝန်ထမ်းဆောင်နေသော်လည်း ထားဝယ်ရှိကျောက်မဲတောင်သတ္တုတွင်းမှ သတင်းကိုကား အမြဲနားစွင့်လျက်ရှိနေ၏။ အင်္ဂလိပ်စစ်ဗိုလ်များ ထပ်မံသေဆုံးကြောင်း သတင်းတော့ မကြားရတော့ပေ၊

မိရှင်မတစ်ယောက် ကောင်းရာဘုံသို့ ရောက်သွားခဲ့လေပြီလား...။

=💀=

ကျွန်တော်၏ နောက်ထပ်တစ်ပုဒ် ဆက်လက်ဖော်ပြလိုပါသေးသည်၊ ပရလောကနှင့်သက်ဆိုင်သော ဖြစ်ရပ်ဆန်းကြယ်များသာ ဖြစ်ပါသည်၊ ဇာတ်လမ်းမှာ ဤသို့ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဒီအထုပ် ဘယ်သူ့အထုပ်လဲ"

သူနာပြုဆရာမလေးအသံက ထပ်ထွက်လာပြန်သည်။ မကြာခဏဆိုသလို အထုပ်လေးပြောက်ပြရင်း မေးနေရှာသည်။ သူနာပြုဆရာမလေး၏ မျှော်လင့်ခြင်းအကြည့်တို့က ဆေးရုံခန်းမတစ်ခွင်လုံး အနှံ့ဖြန့်ကျက်ကာစားလို့နေသည်။ လူနာကလည်း တဖြည်းဖြည်းနှင့် ကုန်လုနီးပါ၊ သူနာပြုဆရာမလေး စိတ်လှုပ်ရှားသွားဟန်တူသည်။ အထုပ်ပြုလေးကို သူ့ရှေ့က စားပွဲပေါ်ပြန်ချထားလိုက်ရင်း လူနာစာရင်းသွင်းရန်ထားသည့် မှတ်တမ်းစာအုပ်ကို ကောက်ကိုင်လိုက်သည်။

သူနာပြုဆရာမလေး၏ လှုပ်ရှားမှုကို မြင်တွေ့နေမိရသည့် ကျွန်တော်မနေသာတော့သဖြင့် "ဟော့ - နော်ဆေးလယ်၊ ခေါ်မနေနဲ့၊ အသာချထားလိုက်တော့၊ လူတွေရှင်းသွားမှ ဆရာမကြီးရှေ့မှာ သွားပြီး ဖောက်ကြည့်ကြတာပေါ့၊ အထဲမှာ လိပ်စာတို့ မှတ်ပုံတင်တို့ တစ်ခုခုတော့ ပါမှာပါ၊ အထောက်အထားရမှပဲ ပိုင်ရှင်ဆီ သွားပို့ပေးလိုက်မယ်" ဟု လှမ်းပြောလိုက်မိသည်။

ကျွန်တော်က နော်ဆေးလယ်အရင် ရှေးပြည်သာဆေးရုံကို ရောက်နေတဲ့သူ၊ မြို့သစ်တွေ စတည်ကတည်းက မြို့သစ်မှာ အိမ်ကွက်လည်းရ၊ အလုပ်ကလည်း ရွှေပြည်သာ ဆေးရုံပြောင်းရဆိုတော့ ရေတော်ဝှန်း ရေတွင်းထဲကျဆိုသလိုပါပဲ၊ ဆေးရုံသစ်ဖွင့်စကတည်းက ရောက်နေသူဆိုတော့ ကျွန်တော်နှင့် ရင်းရင်းနှီးနှီးရှိကြသူများက များသား။

ဒီနေ့က သောကြာနေ့၊ သောကြာနေ့ဆိုတော့ အချစ်စုဘူးလေးတွေလာအပ်ကြတဲ့နေ့၊ လူက အတော်များကြသည်။ နံနက် (၈)နာရီကတည်းက စုပြုနေသည့် ကိုယ်ဝန်ဆောင်တွေ ခုမှ ရှဲစပြုမည်ရှိသေး ပိုင်ရှင်မဲ့ ကြွပ်ကြွပ်အိတ်အထုပ် ကြိုးချည်ထားသည့်အလုပ်က အလုပ်တစ်လုပ် ရှုပ်လာပြန်သည်။

ကျွန်တော်လည်း လူရှင်းစပြုနေပြီမို့ အထုပ်ကြီးကို ဆရာမကြီးရုံးခန်းထဲသို့ ယူသွားလိုက်သည်။ ဆရာမကြီးအပါအဝင် ကျွန်းမာရေးဝန်ထမ်းသုံးဦးရှေ့တွင် အထုပ်ကို ဖွင့်ကြည့်လိုက်ရာ ကြွပ်ကြွပ်အိတ်အတွင်းမှ စာအိတ်



ဖယ်တစ်အိတ် ထွက်ကျလာသည်။ အထုပ်ကြီးအတွင်း သေသေသပ်သပ်ထုတ်ထားသော ကြွပ်ကြွပ်အိတ်လေးအတွင်းမှ ထွက်ကျလာသည့် စာအိတ်ပေါ်တွင် ဖုံ့သကူ့သဝဏ်လွှာဟု ရေးထိုးထားသည်ကို တွေ့ရသည်။ ရေးထိုးထားသည့် လက်ရေးမှာ ခပ်ဆန်းဆန်း၊ ပေ၊ ပုရပိုက်များတွင် ရေးထိုးနေကျလက်ရေးမျိုး။

အားလုံး အံ့အားတသင့်ဖြစ်သွားမိကြစဉ် -

"ဖောက်လိုက်မယ်နော် - ဆရာမကြီး"

ကျွန်တော် ဆရာမကြီးကို အားကိုးတကြီး လှမ်းကြည့်ရင်းက ပြောလိုက်မိသည်။ ဖောက်ပါဆိုသည့်သဘော၊ လက်ပြသည်နှင့် ပန်းနုရောင်စာအိတ်ကို ဖောက်လိုက်သည်။ စာရွက်အစိမ်းပေါ်တွင် မင်အနက်ဖြင့် ရေးသားထားသည့် စာလုံးများက တကယ်ကို စိတ်ဝင်စားစရာ။

"ထိုပုံ့သကူ့ အထုတ်အပုံ့အား ဆယ့်နှစ်နာရီတိတိတွင် လူ့လောကအတွင်း ဝင်ရောက်လာသူကို ပေးရန်ဖြစ်သည်။ စောင့်ဆိုင်း၍ အကူအညီပေးကြရန် မေတ္တာရပ်ခံလိုက်သည်"

စာကို ဆုံးအောင်ဖတ်လိုက်ပြီးသည်နှင့် ကြွပ်ကြွပ်အိတ်အစိမ်းရောင်ထုပ်ကို ဆက်လက်ဖွင့်မကြည့်တော့ဘဲ ဆရာမကြီး ဗီရိုအတွင်း သိမ်းထားလိုက်ကာ ထူးထူးခြားခြား ကံထူးလာမည့် မွေးလူနာရှင်ကို စောင့်မျှော်ကာ ဆေးအပ်လိုက်ဖို့ ဆုံးဖြတ်ထားလိုက်ကြတော့သည်။

အစိမ်းရောင်ထုပ်လေးအတွင်း ဘာတွေများ ပါလေမလဲ၊ ကံထူးရှင်က ယောကျ်ားလေးလား၊ မိန်းကလေးလားဆိုသည့် အတွေးများ ခေါင်းထဲဝင်လာနေမိသည်။ နာရီကို လှမ်းကြည့်မိတော့ ဆယ်နာရီသာ သာရှိသေးသည်။ အစိုတစ်ရာကို စောင့်ဆိုင်းရသောအခါ အချိန်တို့သည် လွန်စွာမှ ရှည်လျားလွန်းသည်ဟု ထင်ရပါသည်။ ဆယ့်နှစ်နာရီထိုးတော့မည်၊ ဆယ် မိနစ်သာလိုတော့သည်။

ဆရာမကြီးက ကျွန်တော့်ကို လှမ်းကြည့်ရင်း -



www.burmeseclassic.com

www.burmeseclassic.com

"ကိုခင်မောင်အေးရေ – လှနာလာစရာက ဒီနေ့ ဂျူးဒိတ် ပေးထားတဲ့သူ မရှိဘူး။ ခုပဲ ဆယ့်နှစ်နာရီထိုးတော့မယ်။ အချိန်ကျော်သွားလို့မှ မလာရင် အထုပ်ကြီးကို ဘယ်သွားလှူရမလဲ မသိဘူး"

ဟု ဆိုလာသဖြင့် ကျွန်တော်က –

"ဆရာမကြီးရယ် – ဆယ်မိနစ်တောင် လိုပါသေးတယ်။ ထူးထူးခြားခြား ဖြစ်ရပ်တွေက တိတိကျကျဖြစ်ဖြစ် လာတတ်တယ်။ ကျွန်တော် စိတ်ဝင်စားနေမိတာက စာအောက်ဆုံးက ပရဆိုတဲ့ အတိုကောက်ကိုပဲ"

ဟု ပြောနေမိစဉ်မှာပင် ဆိုက်ကားတစ်စီး ဆေးရုံတံခါးဝကို ထိုးဆိုက်လာသည်။

ဆိုက်ကား၏ ရှေ့ထိုင်ခုံတွင် မျက်နှာရှုံ့မဲ့နေသည့် ကိုယ်ဝန်သည်တစ်ဦး။ နောက်ထိုင်ခုံမှ အမျိုးသားကြီးတစ်ဦးက နောက်မှဖက်တွယ်ကာ ထိန်းပေးလျက်သား။ အမျိုးသား၏ အင်္ကျီတို့က ဈေးအလိမ်းလိမ်း၊ အမျိုးသမီး၏ တစ်ကိုယ်လုံးမှာလည်း မြေမှုန့်အလိမ်းလိမ်းဖြင့် ညစ်ညစ်ထေးထေး ဖနီးမောင်နံ့ပင်။ ကျွန်တော်တို့လည်း ကျန်းမာရေးဝန်ထမ်းကောင်းပီပီ ကိုယ်ဝန်ဆောင်လူနာအမျိုးသမီးကို လက်တွန်းလှည်းအပေါ်ပိုင်းဝန်းပွေ့တင်ကာ မွေးခန်းထဲ အရောက်တွန်းပို့ပေးလိုက်သည်။

ကျွန်တော်လည်း အမျိုးသားကြီးအား ရပ်ကွက်နေရပ်ကို မေးမြန်းဖြစ်လိုက်သည်တွင် ညစ်ထေးထေးဖြင့် နွမ်းပါးဟန်ရှိသော အမျိုးသားကြီးက –

"ကျွန်တော်တို့ ဘယ်ရပ်ကွက်ကမှ မဟုတ်ပါဘူး။ အမှတ်လေး လမ်းမကြီးဘေးက ယာယီအလုပ်သမားတန်းလျားလေးမှာ နေပါတယ်။ မြေတူးမြေဖို့အလုပ်တွေကို လုပ်စားနေတဲ့သူတွေပါ။ ဟိုတစ်လောက တောင်ဥက္ကလာဘက်မှာ လမ်းအလုပ် လုပ်နေရာက အခု ရွှေပြည်သာမြို့သစ်တည်တော့ လမ်းအလုပ်နေရာတွေရလို့ ပြောင်းလာခဲ့တာ နှစ်လလောက်ပဲ ရှိပါသေးတယ်" ဟု ဆိုလာသည်။

အမျိုးသားကြီးက ငွေများများစားစား ပါမလာကြောင်းနှင့် ထိုငွေများကို နောက်မှ လာပေးခွင့်ရအောင် ဆရာမကြီးကို ပြောပေးဖို့ ကျွန်တော့်ကို ပြောလာသည်။



ဆရာ– ကျွန်တော့်ကို အချိန်နည်းနည်းပေးပါလားဗျာ။

ကျွန်တော့်ရဲ့ ဖြစ်ကြောင်းတွေ ဆရာ့ကို ပြောပြချင်လို့ပါ။

သမီးလေးမွေးမယ်ဆိုတာလည်း ကျွန်တော် သိပြီးသား။

မွေးတဲ့နေ့မှာ အစိမ်းရောင်အထုပ်တစ်ထုပ် ရလိုက်မယ်ဆိုတာလည်း

ကြိုသိခွင့်ရနေခဲ့တယ် ဆရာ။

ယုံပါ့မလား မသိဘူး။



ထိုစဉ်မှာပင် မွေးခန်းထဲမှ ထွက်လာသည့် သူနာပြုဆရာမလေးက –

"မွေးပြီရှင့်၊ မိန်းကလေး – မိန်းကလေး" ဟု သွက်သွက်လက်လက် ပြောတော့သည်။

ကျွန်တော့်လက်မှ လက်ပတ်နာရီကို ကြည့်လိုက်မိတော့ တစ်မိနစ်သာသာရှိနေပြီဖြစ်သည်။ ကျွန်တော်လည်း အမျိုးသားကြီးကို ဆရာမကြီးရုံးခန်းတည်ရှိရာသို့ ခေါ်လာခဲ့မိသည်။ အမျိုးသားကြီးမှာ မဝံ့မရဲ လိုက်လာခဲ့သည်။ မွေးခန်းမှ ထွက်လာပြီး အနားယူနေသည့် ဆရာမကြီးက အပြုံးများဖြင့် ဆီးကြိုသည်။

www.burmeseclassic.com

"ကိုခင်မောင်အေးရေ – ဗီရိုထဲက အထုပ်တွေထဲမှာ ထည့်ထားတဲ့ ခုနကြွပ်ကြွပ်အိတ် အစိမ်းရောင်အထုပ်ကို ယူလိုက်ပါနော်။ ပြီးရင် ကိုခင်မောင်အေးကပဲ အကြောင်းစုံ ရှင်းပြပေးလိုက်ပါ"

ဆရာမကြီး စကားဆုံးသွားသည်နှင့် ဆရာမကြီး ကမ်းပေးလာသည့် ဗီရိုသော့ကို ကျွန်တော် လှမ်းယူလိုက်ကာ ဗီရိုကို ဖွင့်လိုက်သည်။ ထည့်သိမ်းထားသည့် ကြွပ်ကြွပ်အိတ်အစိမ်းထုပ်ကို ထုတ်ယူလိုက်ပြီး ဆရာမကြီးရှေ့တွင်ပင် ကြွပ်ကြွပ်အိတ်အစိမ်းထုပ်ကြီးအား အမျိုးသားကြီး လက်ဝယ် လှမ်းပေးလိုက်မိသည်။

ပြီးသည်နှင့် နံနက်ပိုင်းက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တို့ကို ရှင်းပြလိုက်ရာ အမျိုးသားကြီးက အံ့ဩတုန်လှုပ်နေသည့် အသွင်အပြင်ပေါ်နေရာက စကားတစ်ခွန်း ထွက်လာသည်။

"ဆရာ – ကျွန်တော့်ကို အချိန်နည်းနည်းပေးပါလားဗျာ။ ကျွန်တော့်ရဲ့ ဖြစ်ကြောင်းတွေ ဆရာ့ကို ပြောပြချင်လို့ပါ။ သမီးလေးမွေးမယ်ဆိုတာလည်း ကျွန်တော် သိပြီးသား။ မွေးတဲ့နေ့မှာ အစိမ်းရောင်အထုပ်တစ်ထုပ် ရလိုက်မယ်ဆိုတာလည်း ကြိုသိခွင့်ရနေခဲ့တယ် ဆရာ။ ယုံမှါမလား မသိဘူး"

ဟု ပြောပြီးသည်နှင့် အထုပ်ကို ဖြေကြည့်လိုက်ရာ ငွေကျပ်နှစ်သောင်း၊ အနီးပိတ်အဖြူစ ဆယ်ကိုက်၊ ရွှေလက်စွပ် အသေးလေးတစ်ကွင်း၊ အမျိုးသမီးကြီးဝတ် ထဘီလေးထည်နှင့် အင်္ကျီလေးထည်ပါလာသည်ကို တအံ့တဩတွေ့လိုက်ရပါသည်။

ဆရာမကြီးကပင် အံ့အားတသင့် ကြည့်နေမိရာက –

"ကိုခင်မောင်အေးရေ – ဒီသမီးလေးနဲ့ ပတ်သက်လို့ ဆေးရုံအတွက် အလှူငွေတွေ ဘာတွေ ကောက်ခံမနေနဲ့တော့။ သူ့အတွက် တုန်ကျမယ့် ဆေးဖိုးအတွက်လည်း ကျွန်မက ဒါနလုပ်မယ်" ဟု ပြောလာသဖြင့် ကျွန်တော်လည်း အမျိုးသားကြီး၏မျက်နှာကို ကြည့်လိုက်မိသည်။

အမျိုးသားကြီး၏ မျက်နှာပြင်ပေါ်ဝယ် အံ့ဩတုန်လှုပ်ခြင်းနှင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းတို့ ရောယှက်ထင်ဟပ်လျက် ရှိနေသည်ကို တွေ့လိုက်ရတော့သည်။



ထိုညမှာပင် ကျွန်တော် Night Duty ကျသည်နှင့် ဆေးရုံတွင် ဇနီးသည် ဆေးရုံတက်နေသဖြင့် စောင့်နေရှာသူ အမျိုးသားကြီး ဦးကျော်မြင့်နှင့် ရင်းရင်းနှီးနှီး စကားပြောခွင့်ရခဲ့ရာ ဦးကျော်မြင့်ပြောပြသော ထူးဆန်းတွေလာ ဖြစ်ရပ်များကြောင်းကို နားထောင်ခွင့်ရခဲ့ပါသည်။

ဦးကျော်မြင့်နှင့် ဒေါ်အေးသန်းတို့က မြေတူး၊ မြေဖို့ အလုပ်ရှိရာ လမ်းဖောက်လုပ်ရေးခွင်ရှိသည့်နေရာတွေမှာ ကျင်လည်နေကြရသူတွေ။ အခုလည်း တောင်ငူမြို့အလွန် လေးမိုင်သာသာလောက်နေရာက လမ်းဘေးကွင်းစပ်နေရာလေးတွေမှာ မြေစိုက်တဲလေးတွေနဲ့ နေကြရတဲ့ လမ်းလုပ်သားအုပ်စုထဲ ရောက်လာကြသည်။

ဦးကျော်မြင့်တို့ နေထိုင်ရာ တဲလေးအနီးမှာ ကုက္ကိုပင်ကြီး တစ်ပင်ရှိသည်။ အပင်ကြီးမှာ နှစ်ချို့အပင်ကြီး ဖြစ်ဟန်တူသည်။ ပင်စည်မှာ လူနှစ်ဖက်စာထက် အနည်းငယ်သာသည်။ ခပ်လှမ်းလှမ်းမှ လှမ်းကြည့်လိုက်လျှင် ကုက္ကိုပင်ကြီး၏ အသွင်သဏ္ဌာန်မှာ ကွင်းထီးတည်းတွင် သက်ကြီးအိုတစ်ယောက် ငုတ်တုတ်ထိုင်နေသည့်ဟန် ပေါ်နေသည်။ မြေတူး၊ မြေဖို့ လမ်းအလုပ်ကို လာရောက်လုပ်ကိုင်ကြသူတို့မှာ ကိုယ်နေမည့်တဲ ကိုယ့်စိတ်ကြိုက်နေရာရှာကာ လေကွယ်ရသည်ဆိုသည့် အယူအဆဖြင့် ကုက္ကိုပင်ကြီးအနီးအနားတွင်ပင် မြေစိုက်တဲလေးကို ထိုးခဲ့ပြီးသည်နှင့် တဲအတွင်း ကောက်ရိုးများ ခင်းထားခဲ့သည်။

ထိုတဲလေးသို့ ရောက်ပြီး သုံးရက်မြောက်သောညတွင် ဒေါ်အေးသန်း အိပ်မက်မက်တော့သည်။ ဦးကျော်မြင့်နှင့် ဒေါ်အေးသန်းတို့ အိမ်ထောင်သက် ငါးနှစ်ကျော်၊ ခြောက်နှစ်အတွင်း ရောက်နေပြီဖြစ်သော်လည်း သားသမီး မထွန်းကားခဲ့။ ပထမတော့ သားသမီးလိုချင်ကြသည့် အာသီသတွင်တွင်ကြီး ပေါ်ပေါက်ခဲ့ကြသေးသည်။

သို့သော် – ဒေါ်အေးသန်း အိပ်မက်က ဦးကျော်မြင့်နှင့် ဒေါ်အေးသန်းတို့ကို တွေဝေသွားစေတော့သည်။ ဒေါ်အေးသန်း အိပ်မက်က ပြက်ပြက်ထင်ထင်ရှိလွန်းလှပါသည်။ ဒေါ်အေးသန်းတို့တဲဘက်သို့ ကုက္ကိုပင်ဘက်ဆီမှ



www.burmeseclassic.com

www.burmeseclassic.com

လမ်းလျှောက်လာနေသည့် လူရိပ်လိုလို သဏ္ဍာန်ကို မြင်လိုက်ရသည်။ ဒေါ်အေးသန်း ကြက်သီးမွေးညင်းများ ထသွားမိရာက အိပ်ရာထဲမှ လူးလဲထလိုက်သည်။ တဲဆီသို့ ဦးတည်လျှောက်လာနေသည့် ပုံရိပ်ကို အကဲခတ်ဝေခွဲသမှုပြုနေမိသည်။ ပုံရိပ်သည် တဲနှင့် နီးသထက်နီးလို့ လာပါသည်။ တစ်ယောက်တည်းတော့ မဟုတ်။ နှစ်ယောက်ဖြစ်သည်။ ပိုနီးလာသဖြင့် ဒေါ်အေးသန်း ကြောက်စိတ်များ ဝင်လာမိသလို မျက်လုံးများကိုလည်း အားထည့်ကာ စူးစမ်းလိုက်မိသည်။

နန်းဝတ်နန်းစားအသွင် ဝတ်ဆင်ထားသည့် မိန်းမချောတစ်ဦးနှင့် အဖော်ဖြစ်သူ အမျိုးသမီးကြီးတစ်ဦးတို့ တဲလေးရှိရာသို့ တစ်လှမ်းချင်း လှမ်းလာနေကြသည်။ မိန်းမချောလေး၏ ရှည်လျားနက်မှောင်လွန်းလှသည့် ဆံကေသာအစုအဝေးတို့က ခြေသလုံး ဖုံးလုလုအထိ ဖားလျားကျလို့နေသည်။ ဒေါ်အေးသန်းအနားသို့ ရောက်လာသည်နှင့် ဒေါ်အေးသန်းကို စူးစူးစိုက်စိုက်ကြည့်နေရှာသည့် မိန်းမချောလေးက သူနှင့် အဖော်ပါလာသည့် အဖော်အမျိုးသမီးကြီးကို -

"မယ်မယ်ဖုရား - သမီးတော် ဒီအထိန်းတော်ကြီးတို့ ဘဝထဲ ခဏသွားပါရစေ"

ဟု ပြောသည်တွင် အဖော်အမျိုးသမီးကြီးက -

"အေးလေ - သမီးတော် စိတ်ပြေလက်ပျောက် သွားလိုရာသွားလို့ရအောင် မယ်မယ်ဖုရား စီစဉ်ပေးရတာပေါ့" ဟု ပြောရင်း ဒေါ်အေးသန်းကို စားမတတ်၊ ဝါးမတတ်အကြည့်များဖြင့် စူးစူးစိုက်စိုက် ကြည့်နေတော့သည်။

ထိုအကြည့်များ စူးစိုက်မှုဒဏ်က ခန္ဓာကိုယ် ဖောက်ထွက်သွားလေမလားမသိ၊ ပြင်းထန်စူးရှလွန်းလှသည်။ ထိုအကြည့်ဒဏ်ကို ကြောက်လန့်တကြား ဖြစ်နေမိစဉ်မှာပင် အိပ်ရာမှ လန့်နိုးသွားခဲ့ရသည်။

အိပ်မက်အကြောင်းကို ဦးကျော်မြင့်အား ဒေါ်အေးသန်းက စီကာပတ်ကုံး တစ်လုံးမကျန်၊ တစ်ကွက်မကျန် ပြန်ပြောခဲ့သည်။



ဤနေရာမှ နေရာရွှေ့ကာ တဲအသစ်တစ်လုံးထိုးပြီး နေကြရလျှင် ကောင်းလေမလားဆိုသည့် အတွေးက ဝင်လာသည်။

ဦးကျော်မြင့်က -

"အေးပါကွ - မင်း သွေးလေချောက်ချားလို့ မက်တာဖြစ်မှာပါ။ သိပ်လည်း တွေးပြီးကြောက်မနေနဲ့။ ငါ လမ်းတာဝန်ခံကိုပြောပြီး ဒီကုက္ကိုပင်နဲ့ လွတ်တဲ့နေရာပြောင်းပြီး တဲအသစ်ထိုးပေးရမလား" ဟု ပြောမိသည်။

ဒေါ်အေးသန်းက -

"နေပါစေ - ရပါတယ်။ အပင်နဲ့နီးတော့ အရိပ်ပိုရတာပေါ့။ ပြောင်းမနေပါနဲ့" ဟု ဆိုသည်။

ထိုညမှာပင် ဦးကျော်မြင့် အံ့ဖွယ်ကောင်းသော အိပ်မက်တစ်ခုကို မက်ရတော့သည်။ အိပ်မက်သည် အပြင်တွင် အမှန်တကယ်ရှိနေသည့်အလားထင်ရှားပြတ်သားလွန်းလှသည်။ ဦးကျော်မြင့် အလုပ်သိမ်းပြီး ပြန်အလာ တဲထဲသို့ လှမ်းဝင်မည်ဟန် ပြုလိုက်စဉ် လှမ်းမြင်လိုက်ရသည့်မြင်ကွင်းကြောင့် ဦးကျော်မြင့်၏ ခြေလှမ်းတွေ တုံ့သွားရသည်။ မြေဖို့ကာ တည်ဆောက်ထားသော တဲဖြစ်သဖြင့် အိပ်လျှင် နွေးထွေးမှုရှိစေရန် ရိုးပြတ်ခြောက်များ၊ ကောက်ရိုးများ ထုတက်နေအောင် ခင်းထားသည်။

ကောက်ရိုးအခင်းပေါ်တွင် ပက်လက်အိပ်နေရှာသည့် ဒေါ်အေးသန်းဝမ်းဗိုက်ပေါ်ကို လှမ်းတက်လာသည့် မြွေတစ်ကောင်ကို မြင်တွေ့လိုက်ရသည်။ မြွေသည် ဒေါ်အေးသန်း၏ ဝမ်းဗိုက်ပေါ်ရောက်သည်နှင့် ခွေနေတော့သည်။

ဦးကျော်မြင့်က မြွေကို မောင်းချလိုက်မည်ဟု ကြံစည်မိလိုက်စဉ် -

"မလုပ်ပါနဲ့ - သားတော်ကြီးရယ်။ သမီးတော်လေးက သားတော်ကြီးတို့နဲ့ နေချင်ရှာလို့ပါ" ဆိုသည့် စကားသံပီပီသသတို့က ဦးကျော်မြင့် နောက်ဘက်ဆီမှ ပြတ်သားစွာ ထွက်လာသည်။

နောက်ကို လှည့်ကြည့်မိလိုက်သည်။ အသံက မိန်းမအသံဖြစ်သော်သည်း နောက်ဘက်တွင် မည်သည့်အရိပ်အယောင်ကိုမျှ မတွေ့ရ။ မလှမ်းကမ်းသို့ လှမ်းကြည့်မိတော့လည်း တစ်ဦးတစ်ယောက်ကိုမျှ မတွေ့။


www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် မြွေကို မောင်းထုတ်ပစ်မည်ဟု ကြံရွယ်ကာ ပြန်လှည့်လိုက်သည်။

မြွေကိုမတွေ့ရတော့။ ဒေါ်အေးသန်းကိုကပျာကယာနှိုးကာ မြက်ခြောက်များ၊ ရိုးပြတ်ခြောက်များအောက်သို့ ဝါးလုံးရှည်ဖြင့် ဆွဆွထိုးကာ ခြောက်လှန့်မိသည်။ မြွေကို မတွေ့ရတော့။

=💀=

ထိုအိပ်မက် မက်ပြီး တစ်လခန့်အကြာတွင် ဒေါ်အေးသန်း ကိုယ်ဝန်ရလာခဲ့တော့သည်။ ကိုယ်ဝန်ရလာသည့် အချိန်မှစ၍ မကြာခဏဆိုသလိုပင် ဦးကျော်မြင့်၏ အိပ်မက်ကမ္ဘာထဲသို့ သမီးလေး သွယ်ယွန်းသူ မကြာမကြာ ရောက်လို့လာတော့သည်။ ဦးကျော်မြင့်သည် သမီးလေး သွယ်ယွန်းသူ၏ တန်ပန်အလှအပများကို ပြက်ပြက်ထင်ထင် မြင်တွေ့ခွင့်ရစဉ်မှာပင် သမီးလေး၏အလှသည် စံပယ်တင်မဲ့ကလေးကြောင့်ပင်ဟူသော အစွဲအလမ်းစွဲနေခဲ့ရတော့သည်။

ကျွန်တော့်မှာ တာဝန်အရ မအိပ်ဘဲနေခဲ့သည်မှာ မှန်သော်လည်း သူတို့၏ ဘဝဖြစ်စဉ်များ ပြောပြလိုက်၊ ကြွပ်ကြွပ်အိတ်အတွင်းပါလာသည့် စာကို ထုတ်ဖတ်လိုက်နှင့် တစ်ညတာကို မဝိုက်မိဘဲ အချိန်ကုန်ခဲ့ကြရပါသည်။

မိုးစင်စင်လင်းသည်နှင့် ဦးကျော်မြင့်က သူ့သမီးလေးကို အိပ်မက်တွင် ရင်းနှီးခဲ့သည့် သွယ်ယွန်းသူအမည်ကို မွေးစာရင်းတွင် ရေးသွင်းပေးရန် ပြောလာသည်။ သမီးငယ်လေးကို သွားကြည့်မိတော့ စံပယ်တင်မဲ့ကလေးက အထင်းသားမို့ ထူးခြားသည်ကတော့ အမှန်ပင်။

အဝတ်အစား ဝတ်စရာပင် မရှိသလောက် ဆင်းရဲချို့တဲ့ရှာသည့် မြေတူး မြေဖို့သမား ခေတ်သစ်ရေသည်ပြဇာတ်မှ ဇာတ်ကောင်များဘဝထဲသို့ တိုးဝင်လာသူလေး။ ဘာပဲဖြစ်ဖြစ် ထူးခြားနေသည်က ဘဝရပ်တည်ရေးအတွက် မမြင်နိုင်သော အထောက်အပံ့များ နောက်ကွယ်က ပါလာနေခဲ့ခြင်းပင် ဖြစ်ပါသည်။



ဦးကျော်မြင့်နှင့် ဒေါ်အေးသန်းတို့ မွေးဖွားခဲ့သည့် သွယ်ယွန်းသူလေးက ဖြူဖြူ၊ ပုပု၊ နနနယ်နယ်လေးမို့ ငွေကြေးချမ်းသာကြသည့် လူကုံထံအသိုင်းအဝိုင်းမှ မွေးစားလိုပါသည်ဟု ကမ်းလှမ်းလာကြသူများသည်။ သို့သော် သွယ်ယွန်းသူလေး အတိတ်ကံက ဦးကျော်မြင့်၊ ဒေါ်အေးသန်းတို့နှင့် နေရမည်ဟု ဆိုလာသည်ထင့်။

ကျွန်တော် ထပ်မတွေးလိုတော့။ ဦးကျော်မြင့်နှင့် တစ်ညတာ ဆုံခဲ့ရကတည်းက သူတို့၏ဖြစ်ရပ်ကို သိထားခွင့်ရခဲ့ပြီလေ။ ထူးခြားနေသည်ကတော့ အမှန်ပင်။ မမြင်ရသော အထောက်အပံ့တို့၏ စွမ်းအားသည် ကြီးမားလွန်းလှပါသည်။

ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်က သွယ်ယွန်းသူလေး သုံးနှစ်သမီးတွင် ဦးကျော်မြင့်နှင့် ဒေါ်အေးသန်းတို့ အောင်ဘာလေထီ သိန်းငါးရာဆုပေါက်သည်။ ထိုသို့ ထီပေါက်ပြီးသည်၏ နောက်ပိုင်းတွင် သူတို့မိသားစု မည်သည့်နေရာတွင် အခြေချနေထိုင်သည်ကိုမူ ကျွန်တော် သိခွင့်မရတော့ပါ။ ကျွန်တော် ဆေးရုံတွင် ကြွပ်ကြွပ်အိတ်ထဲကစာကို ဖတ်စဉ်က ရင်းနှီးကျွမ်းဝင်ခဲ့သော ပရဟိတသည့် စာနှစ်လုံး။ စာပိုဒ်အဖြစ် ရေးထားသည့်ရှေးလက်ရေး။ အိပ်မက်ထဲက နန်းဝတ်နန်းစားနှင့် မိန်းမပျိုလေး၊ ပြီးတော့ - စံပယ်တင်မဲ့၊ ထူးဆန်းအံ့သြဖွယ်တို့ကိုမူ ကျွန်တော် ထာဝရမေ့လို့ရတော့မည်မဟုတ်ပါ။

အထက်ပါဖြစ်ရပ်မှန်နှစ်ခုကား ကျွန်တော် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ပရလောကနှင့် ဖြစ်ရပ်မှန်များ ဖြစ်ပေသည်။ တကယ့်ဖြစ်ရပ်မှန်တစ်ခုကို အခြေခံကာ အမည်နာမများကိုပြောင်းကာ ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

●● သားစိန်နိုင် ●●

www.burmeseclassic.com

www.burmeseclassic.com




မင်းဘုန်းသိခ်သူ

# မိုးရာသီ ငဝေါအိပ်မက်

ဒီလိုအသည်းကြိုးဖြတ်ပြီး အိပ်ခြွမ်းသောရှုသည့် အရိုင်းလောက် ပင်ပန်းနွမ်းလျစွာ ဖျော့သည့်အခါကျမှ ပြေမ်းမပါခဲ့ရပေ၊ နောက်ကိုယ့် နွမ်းလျ ဖော့ချွန်းသည့်တောင် နှလုံးသားကဘိုး မပြင်းနှမ်းနေသည်ဟုခံစားမိတော့ဖြင့် အိမ်ကော်မိသည်၊ တောင်တစ်လုံးကို စမြမြဖြစ်အောင် ပြုလုပ်မှောင့်ရှက် ရသည့်အလုပ်ထက် ပင်ပန်းမည် ထင်သည်၊ အိပ်အပြန်လမ်းတစ်လျှောက် စိမ်းလန်းသော ရွက်စည်တောအုပ်ဖြူငှက်တွေ၊ တနွဲ့နွဲ့ယိမ်းထိုးနေသော မြက်ရိုင်းပွင့်တွေ၊ တောပန်းကလေးတွေ အမျိုးအမည်ခွဲခြားမရသော ရနံ့ ကြွယ်သည့်ပန်းတရှိုး၏အဆင်းသဏ္ဌာန်တွေ... ထိုအရာအားလုံးဆီသို့ စိတ် အရောက်နိုင်ခဲ့ဘဲ ခံစားမှုတို့တစ်ခုလုံး ထင်မိနေရာကိုသို့ ဖြစ်နေခဲ့လေသည်၊

အခုအကြောင်းများ ဖိုးနုရာတို့ ကျွန်တော် ရောက်သွားခဲ့ရပါလိမ့်၊ ကျွန် တော်ရောက်သွားခဲ့ရသည့်နေရာသည် မြသားအပ်သည့် နေရာတစ်ခုထဲမှာ ဖိတ်ခေါ်သည့်လားမှာ အိပ်ရမ်းတွေ ကျယ်ပြောသော မြို့ကလေးဆီ [illegible]

www.burmeseclassic.com

ဝေးဝေးဆီမှ တိုးသဲ့သော လေတိုက်သံနှင့်အတူ မိုးစက်ဖွဲဖွဲနုနုကလေးများသည် ကျွန်တော့်ဦးခေါင်း ထက် ကောင်းကင်ဘုံမှ တစ်ဟုန်ထိုးခုန်ဆင်းလာကြပြီး သာသာဖွဲဖွဲ ရွာချနေလေသည်။ ဒါပေမဲ့ - ခန္ဓာကိုယ်ကို စိုရွှဲလောက်သည်အထိ မိုးစက်တွေက မစွမ်းဆောင်နိုင်သေးပါ။ သစ်ရွက်ခြောက်ကလေးတွေပေါ်သို့ တဖြည်းဖြည်းခုန်ချပြီး ငြင်သာစွာ လျှောက်လှမ်းလာသော မိုးစက်တွေ၏ ခြေသံတွေကတော့ ကျွန်တော်နှင့်အတူ လိုက်ပါလာခဲ့သည်။

ရုတ်တရက် ကောင်းကင်ပေါ်မှ ကျဆင်းလာသော မိုးစက်ကလေးတွေ ရပ်တန့်သွားသည်။ ထိုစဉ် - ကျွန်တော့် အာရုံထဲသို့ မထင်မှတ်သော အသံတစ်ခု ဖျတ်ခနဲဝင်လာသည်။ မိုးစက်ကျသံများနှင့် ရောနှောကာ သစ်ရွက်ခြောက်များပေါ်သို့ တိုးဖွဖွနင်းလျှောက်လာသော ခြေသံလိုလို၊ လေတိုးသံလိုလိုအသံတစ်ခု ကြောင့် ကျွန်တော်ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ မည်သည့်အရာမှ ရှိမနေပါ။ သစ်ရွက်ကြွေသံလား၊ လေတိုးသံလေလား၊ ဒါမှမဟုတ် ခြေသံ လား...။

သစ်ရွက်ခြောက်များပေါ်သို့တစ်စုတစ်ဝေး ခုန်ဆင်းနေကြသောမိုးစက်များ၏ အော်ဟစ်သံတွေ ထွက်ပေါ်လာပြန်သည်။ သည်တစ်ခါတော့ သေချာပါပြီ။ မိုးစက်တွေကြားမှ မသဲမကွဲခြေသံတစ်စုံ၊ ရင်ထဲမှ အသိစိတ်သည် ဖြန်းခနဲ လွင့်စဉ်ပြိုကွဲသွားသည်။ ကျွန်တော် ခြေလှမ်းကို သွက်သွက်လှမ်းလိုက်သည်။

=☠=

မိုးရာသီအိပ်မက်အစ ပထမည...။

မြို့ရှေ့စည်းရိုးမှာ စိုက်ပျိုးထားသော ဇီဇဝါပန်းချုံများမှ ရနံ့များသည် ရင်ထဲသို့ တဖွဲဖွဲကြွေကျနေလေသည်။ ပန်းရနံ့မျိုးစုံ တထောင်းထောင်းထအောင် ခုတ်မောင်းသွားသော ကျွန်တော်၏ အသိအာရုံထဲသို့ တရှိက်မက်ဝင်လာသောအရာသည် ကျွန်တော် တစ်သက်တာ စွဲမက်ခဲ့ရသည့် ဇီဇဝါပန်းရနံ့ပဲပေါ့။ ပောာဒီ တစ်မိုးတွင်းလုံး ရနံ့တွေရဲ့ အသံကိုရှာပြီး နေ့ရော



သည်အထိ မော့သောက်ရတော့မည့် ရနံ့တွေဟာ အဲဒီ ကျွန်တော့် အမြတ်နိုးဆုံး ဇီဇဝါပန်းတွေပဲ ဖြစ်တယ်ဆိုတာ သေချာပါတယ်။

ကျွန်တော် ပန်းချုံအမြင့်ဆုံးနေရာကို လှမ်းကြည့်လိုက်တော့ တစ်ခက်ထဲတွင် ပြွတ်သိပ်စွာ ပွင့်နေသော ပန်းဖြူဖြူတွေကို မြင်လိုက်ရတော့ ကြည်နူးသွားမိသည်။ ထိုပန်းကလေးတွေကို ခူးဆွတ်ပြီး သကာလ အနားမှာ ချထားလိုက်လျှင်တော့ နာရီပေါင်းများစွာ မွှေးအီချိုမြနေမည်မှာ သေချာပါသည်။ ထို့ကြောင့် ပန်းချုံရှိရာသို့ လျှောက်သွားမိသည်။ ပန်းခက်ကလေးတွေရှိသည့်နေရာက ကျွန်တော့်အရပ်ထက် လက်တစ်ပြန်စန့် မြင့်နေသည်။ လှမ်းခူး၍ မမီဝင်ပါ။ အပွင့်ဖြူဖြူ ညှာတံစိမ်းစိမ်းပန်းကလေးတွေကို ကျွန်တော် ခူးမှဖြစ်မည်။ ခူးဆွတ်စရာတံချူတစ်ခုခုကို ဝေ့ဝဲကြည့်ကာရှာဖွေနေဆဲခဏမှာပင် ထူးခြားသော ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာသည်။

လက်ခုပ်တစ်ဖောင်စန့် မြင့်နေသော ပန်းခက်များသည် ရုတ်တရက် ညွတ်ယိမ်းအိကျလာကာ ကျွန်တော့် ရင်ဘတ်သို့ လာထိနေခြင်းဖြစ်သည်။ အံ့ဩတကြီး ကြောင်ငေးနေစဉ်မှာပင် ချိုအီထုံမွှေးသော ရနံ့တွေကြားသို့ ကျွန်တော် နစ်မြုပ်သွားရပါတော့သည်။ လူတစ်ယောက် ဆွဲချလိုက်သကဲ့သို့ အိညွတ်ကျလာသော ပန်းခက်သည် မည်သည့်ပယောဂမှမပါဘဲ ကျွန်တော့် ရင်ခွင်ထဲသို့ဝင်ရောက်လာစရာ အကြောင်းမရှိပေ။ ကျွန်တော့်အနားမှာ ဘယ်သူမှ ရှိမနေပါ။ အစိမ်းရောင် သစ်ရွက်တွေကြားမှ ပန်းခက်သည် ယိမ်းနွဲ့စွာ၊ ဒါဟာ - တိုက်ဆိုင်မှုလား။ လောကမှာ တိုက်ဆိုင်မှုတွေ များပြားလှပါသည်။

ကျွန်တော့်ရင် ဖြန်းခနဲ ပူနွေးသွားမိသည်။ ပန်းချုံဝန်းကျင်ကို ဝေ့ဝဲ၍ ရှာဖွေကြည့်မိသေးသည်။ မည်သူမှ ရှိမနေပါ။ လေမတိုက်ဘဲ မိုးစက်မှုန်ကလေးတွေသာ မှုန်မှုန်ဝဲဝဲ ကျဆင်းနေခဲ့ပေသည်။ အသိစိတ်က ဖျတ်ခနဲ လွတ်သွားသကဲ့သို့ဖြစ်ရပြီး တိုးသဲ့သော စကားသံတစ်သံကို ပြက်ပြက်ထင်ထင် ကြားလိုက်ရပါသည်။ အသံက ကျွန်တော်၏ အကြားအာရုံထဲသို့ နီးနီးကပ်ကပ် တိုးတိုက်သွားခြင်းဖြစ်သည်။ ဒါပေမဲ့ - ဝေဝေဝါးဝါး၊ လေတိုးသံလို့ပဲ ထင်နေသည်။ ကျွန်တော့်မှာ အတွေးတစ်ခုဖြင့် အာရုံတွေ နောက်ကျိထွေပြားသွားခဲ့ရပါပြီ။ တစ္ဆေအခြောက်ခံရပြီလား...။



www.burmeseclassic.com

ရှည်လျားသော ဆံနွယ်တွေ ဝဲဝဲယိုင်ယိုင်၊ အရပ်မြင့်မြင့် ဝါညက်သော
အသားအရေဖြင့် ကောင်မလေးတစ်ယောက် အိမ်ထဲဝင်လာသည့်အထိ ကျွန်တော်
လှမ်းကြည့်နေမိလေသည်။ ခွင့်မတောင်းဘဲ ဝင်လာသည့် ကောင်မလေးကာ
ဝိုင်းစိုးဝိုင်နှင်းနိုင်လှပါလား။ [illegible]
လှပ်လာသော ကောင်မလေးသည် ကျွန်တော့်အနားသို့ ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်လာခဲ့သည်။ သူမ ကျွန်တော့်ကို
ကြောက်ရွံ့စွာ မှုန်းကြည့်နိုင်ပါ။



သူတစ်ယောက်လှုပ်ရှားနေသော လေပြေတစ်ချက်နှင့်အတူ သစ်ရွက်ခြောက်တွေ ပြုတွင်းတစ်ခုနေရာမှ ရှိုင်းရှိုင်းဖြိုးဖြိုး လွင့်လာပြန်သည်။ [illegible] ရှာသောခြေသံတစ်ခုရဲ့ ရုတ်တရက်ကြီး အလိုလှုပ်ရှားကို [illegible] ကြည့်မိရင်တော့ အသုံတာ ရပ်သွားသည်။ အသက်ရှင်ကို [illegible] ကြိုးစားနေတော့မိသည်။

ကျွန်တော့်အနားမှာ မည်သူမှ ရှိမနေပါ။ အချိန်တော်တော်ကြာသည် အထိ စောင့်ကြည့်ပြီး [illegible] လှပ်ရှားလိုက်ပြီမှာပင် [illegible] ထွက်သွားလေသည်။ [illegible] မဖြစ်နိုင်ပါလား။ သည်အချိန်မှာ ကျွန်တော့်ကို [illegible]



ဓာတ်ပုံထဲက ဥဒ္ဒါရမ်ကောင်းကိုတွေ့လိုက်တွေ့ပြီး ရှာဖွေကြည့်မိပါသေးသည်။ အလင်းရောင်မရှိသောအခန်းထဲတွင် တိတ်ဆိတ်မှုဖြင့် စီးမျောနေဆဲ။ မြင်ကွင်းအောက်တွင် မည်သူမှ ရှိမနေပါ။

ထိုအသံကလေးကို ထပ်မံတွေ့လိုတွေ့ငြား မိုးချုပ်သည့်တိုင်အောင် ကျွန်တော် ရှာဖွေနေမိသေးသည်။ ကျွန်တော့်အနားမှာ မည်သူမှမရှိဘဲ တိုးသဲ့စွာ လွင့်ပျံ့လာသော "ကိုကို" ဟူသည့် အသံကလေးကို ကျွန်တော် လွမ်းပါသည်။ ထိုညက ပထမဆုံးအကြိမ်အဖြစ် ကောင်မလေးနှင့် ကျွန်တော် အိပ်မက်ထဲမှာ တွေ့ကြသည်။ သံယောဇဉ်ဖြင့် မက်ခဲ့သော အိပ်မက်။ ပြတင်းပေါက်မှ လှမ်းမြင်နေရသော လ၏ မှုန်ဝါဝါ အရိပ်သည် သစ်ပင်အောက်တွင် ပြောက်တိပြောက်ကျား။ မောသည့်ညဟာ အနည်းငယ်တော့ အေးစိမ့်စိမ့် နိုင်လှသည်။ အပြင်ဘက်တွင် သစ်ရွက်ကို လေတိုးသံက အခါမလပ်၊ လေတိုးသံက တဖြည်းဖြည်း ကျယ်လောင်လာသည်။ ထို့နောက် ထူးဆန်းသော အရာတစ်ခုဖြစ်သွားခဲ့သည်။ အခန်းထဲတွင် ကျွန်တော့်အပြင် နောက်ထပ် တစ်ယောက်ရှိနေသည်ဟု ခံစားရခြင်းပင် ဖြစ်လေသည်။ ထို့ပြင် - မျက်လုံး တစ်စုံသည် ကျွန်တော်၏ လှုပ်ရှားမှုမှန်သမျှကို တစ်ရံမလပ်စောင့်ကြည့် နေသည်ဟု စိတ်ထဲမှာ အလိုလိုခံစားနေရသည်ဟု သိမှတ်လိုက်သည်နှင့် အထိတ်တလန့် ခံစားလိုက်ရပါသည်။ ကျွန်တော့်အပြင် အခြားတစ်ယောက် က ဘယ်သူလဲ။

ငြိမ်သက်ခြင်းဖြင့် အတွေးတွေကို စုစည်းနေဆဲမှာပင် ညနေက ကျွန်တော် အကြားအာရုံတစ်ခုဖြင့် ခံစားလိုက်ရသော တိုးသဲ့သဲ့အသံကလေး သည် ယခုတစ်ဖန် ကြားနေရသည်ဟု ခံစားလာရပြန်သည်။

"သနားစရာ ညီမလေး" ဟု ကျွန်တော် ပြောခဲ့သည်။ ထိုနေရာသည် လူစည်ကားအပ်သော နေရာမဟုတ်၊ သုသာန်တစပြင်သာ ဖြစ်ခဲ့ပေသည်။

ရှည်လျားသော ဆံနွယ်တွေ ဝဲဝဲယိုင်ယိုင်၊ အရပ်မြင့်မြင့် ဝါညက်သော အသားအရေဖြင့် ကောင်မလေးတစ်ယောက် အိမ်ထဲဝင်လာသည့်အထိ ကျွန်တော် လှမ်းကြည့်နေမိလေသည်။ ခွင့်မတောင်းဘဲဝင်လာသည့် ကောင်



www.burmeseclassic.com

www.burmeseclassic.com

မလေးဟာ ပိုင်စိုးပိုင်နင်း နိုင်လှပါလား။ ရဲတင်းဖျတ်လတ်ဟန်ဖြင့် တိမ်တိုက်ကလေးလို လွင့်လာသော ကောင်မလေးသည် ကျွန်တော့်အနားသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ သူမ ကျွန်တော့်ကို ကြာရှည်စွာ မပုန်းကွယ်နိုင်ပါ။

"ကိုကို"

"ဟင့်"

"ကိုကို" တဲ့။ ကျွန်တော် ကောင်မလေး၏ မထူမပါး နှုတ်ခမ်းလေးကို ကြည့်ရင်း ပြန်ထူးလိုက်မိသည်။ "ကိုကို" ဟု ခေါ်သော ကောင်မလေးကို ကျွန်တော် မသိရေး၊ ဒါပေမဲ့ - မှောင်ရီပိုးတပါးထဲမှာ မြင်နေရသော ကောင်မလေး၏ အသွင်သဏ္ဌာန်က တော်တော်လှပါသည်။ သည်လိုလှပတဲ့ ကောင်မလေးမျိုးက ကျွန်တော့်ညီမအရင်းဆို ဘယ်လောက်ကောင်းလိုက်မလဲ၊ ကျွန်တော်နှင့် အကျွမ်းတဝင် မရှိခဲ့ဘူးသော ကောင်မလေးတစ်ယောက်ကို ညီမလေးအရင်း တစ်ယောက်ကဲ့သို့ ကတိတွေ ပေးခဲ့သည်ထင်သည်။ ဒါတလည်း ရူးသွပ်မှုတစ်ခု ပေပဲလား။ ဒါကြောင့် - ဒီကောင်မလေး အိမ်အထိ လိုက်လာတာလား...။

"ကိုကို ပြောထားတာတွေ မှတ်မိလား။ ညီမလေးတစ်ယောက်လို ချစ်မိတယ်၊ သနားတယ်ဆို၊ ပြီးတော့ - ဘာမဆို၊ လိုချင်တာ ဝယ်ပေးမယ်ဆို"

အလို - ဘုရားရေ၊ ဒီကောင်မလေးက ကျွန်တော့် အတွေးအာရုံထဲတွင် စိတ်ကူးခဲ့သမျှတွေကို အလိုလိုသိနေပါပကောလား။ ကျွန်တော့် အသိအာရုံတွေ တဖြည်းဖြည်း မှုန်နောက်နောက် ဖြစ်ချင်လာသည်။

"ပြောလေ - ကြိုက်တာ ဝယ်ပေးမယ်"

ခစ်ခနဲ ရယ်မောလိုက်သော ကောင်မလေး၏ အသံထဲတွင် ပင်ကြည်နူးပျော်ရွှင်စရာ ရနံ့တစ်ခုကို ခံစားလိုက်ပုံရသည်။ အသံတွင် မျှော်လင့်ချက်တစ်ခုခုစီးပျော်နေလေသည်။

"ရေမွှေးအကောင်းစား၊ ပြင်သစ်က CoCo နဲ့ Opium"

"တဲ - နောက်ကော"

"ဟီဟိ - ပြင်သစ်ကပဲနော်၊ Lancome အသားလှဆီရယ်၊ နှုတ်ခမ်းနီမျိုးစုံ..."



"တော်ပြီလား"

"ဟင့်အင်း၊ သုံးလက်မစွာမြင့်တစ်ရံ ဝယ်လာဦး၊ အဖြူရောင်နော်"

"ထပ်ပြောဦး"

"အင်း - ဘီယာနစ်ဘူး"

ကျွန်တော် မျက်မှောင်ကြုတ်ပစ်လိုက်သည်။ မိန်းကလေးနဲ့ အရက်ဆိုင်လို့လား။

"ဘီယာက ဘာလုပ်ဖို့လဲကွ၊ မိန်းကလေး အရက်သောက်စရာ မလိုဘူးလေ"

အဖြူရောင် ကောင်မလေးသည် ရှည်လျားသော ဆံနွယ်တွေ လွင့်ခါသွားသည်ထိ မျက်နှာမော့လှန်ကာ တခစ်ခစ် ရယ်မောပါလေတော့သည်။

"ကိုကိုနဲ့ အတူတူသောက်မယ်လေ"

"မသောက်ဘူးဟေ့ - မသောက်ဘူး"

"ဟင့်အင်း - မရဘူးနော် - မရဘူး။ ကိုကိုပဲ ကြိုက်တာ ဝယ်ပေးမယ်ပြောပြီး"

တော်တော်စိတ်ညစ်စရာကောင်းပြီး ဆိုးသွမ်းမည့် ကောင်မလေးပါလား။ ထို့နောက် - တဖြန်းဖြန်း မြည်အောင် ကျွန်တော့်ကျောကုန်းကို ရိုက်ပြန်လေသည်။ ကောင်မလေးက ကျွန်တော်နှင့် အနီးဆုံး စုံလွတ်တစ်ခုသို့ ဝင်ထိုင်လိုက်တာ လေညင်းကလေး တိုက်လိုက်သလိုပါပဲ၊

"ဒါနဲ့ - ကိုကို"

"ပြော"

ကောင်မလေး၏ ပြာလဲ့စူးဝင်သော မျက်ဝန်းကလေးများက ကျွန်တော့် မျက်ဝန်းများကို စိုက်ကြည့်ရင်း...

"ကိုကို မနေ့က တစ်နေကုန် လက်ဖက်ရည်ဆိုင်ကျဆိုင်မှာ ထိုင်ပြီး နှစ်ခွက်သောက်တယ်။ ထမင်းစားချိန်ကျတော့ ပုစွန်ဆီပြန်နဲ့ နံပန်းတန်စားတယ်။ ပြီးတော့ - မြို့ထဲကနေ အပြင်ကို (၁၀)မိနစ်တိတိ ထွက်သွားတယ်၊ နောက်တော့ ပြန်ဝင်လာတယ်"

www.burmeseclassic.com

ဘုရား - ရေ - ကောင်မလေး ကျွန်တော့် လှုပ်ရှားမှုတွေကို [illegible] လိုလုပ်
သိနေရှာပါလိမ့်မယ် [illegible]"

"နောက်ပြီး - ပြောရဦးမယ် ကိုကို၊ မနက်တ ကိုကို့ [illegible] ရှုံးမယ်
ကြုံတုန်းကလေ"

[illegible]

ကျွန်တော် အံ့ဩစိတ်ဖြင့် ကောင်မလေးကို ကြည့်လိုက်ပါသည်။ [illegible] မလေး၏ ရှည်ဝိုင်းနက်မှောင်သော မျက်ဝန်းစိမ်းစိမ်းကြီးမှ မျက်ဝန်းတစ်စုံ
သည် ကျွန်တော့်ကို ညို့ယူဖမ်းစားလိုက်လေသည်။ ကျွန်တော့် စိတ်အတြွေးတွေကို ကောင်မလေး သိနေတယ်။ [illegible] ကောင်
မလေး သိနေတယ်။ နှလုံးသွေးတွေ ပြောင်းပြန်စီးဆင်းသွားမိကြတဲ့ ကျွန်
တော် ရုတ်တရက် လန့်ဖျပ်သွားမိသည်။ ကောင်မလေးမှာ မမြင်နိုင်သော
စွမ်းအင်တွေ ရှိနေတာ သေချာပြီ။

"ကောရီကို မျက်လုံးကြီးပြူးပြီးကြည့်မနေပါနဲ့ ကိုကိုရယ်၊ ဖီဖါပန်းစက်
တိုကြည့်ပြီး ကိုကို ခူးမယ်ကြံတော့ ခူးလို့မဖြစ်နေတုန်း ကိုင်းများကို ကိုကို့
ရင်ဘတ်ထိအောင် ညွတ်ပေးလိုက်တာ ဘယ်သူလဲ သိလား"

"လေတိုက်လို့ ညွတ်ကျလာတာပေါ့၊ အဲဒါ - ဆန်းတာမှတ်လို့"

ကောင်မလေးက တခစ်ခစ် ရယ်ပါလေတော့သည်။

"အဲဒါ - ကျွန်မ လုပ်တာပေါ့ရှင့်၊ ကိုကို ခူးလို့ရအောင် ညွတ်ပေးလိုက်
တာ"

"ထားပါတော့ - ငါ ပန်းခူးဖို့ လက်လှမ်းလိုက်တော့ သစ်ကိုင်းက ဘာဖြစ်
လို့ လက်က ပြန်ပြီး လွတ်သွားရတာလဲ၊ ရှင်းပြပါဦး ..."

ကောင်မလေးမျက်နှာ ချက်ချင်းတည်သွားသည်။ ကျွန်တော့်ကို ကျော်
လွန်၍ အဝေးတစ်နေရာသို့ အတွေးရောက်ဟန်ရှိသည်။

"ပန်းမခူးပါနဲ့ ကိုကို၊ ပန်းဆိုတာ အပင်မှာပဲ လှပါတယ်၊ အပင်မှာပဲ နေပါ
စေ၊ တကယ်လို့ ပန်းခူးလိုက်မယ်ဆိုရင် ပန်းကြွေသလိုမျိုး ကျွန်မ ဘဝဟာ
လဲ"



နေ [illegible] ကောင်မလေးအသွင်သဏ္ဌာန်က အရိုးရိုးရည်ရည် ပန်းကလေးတစ်ပွင့်
[illegible] ညှိုးရီနေသလိုမျိုး ကျွန်တော့် ရင်ထဲမှာ အနာတရတစ်ခုဖြင့်
[illegible] ဒေါသကြောင့်မှန်းမသိ၊ သို့မဟုတ် [illegible] တစ်မျိုးဖြင့်
ကောင်မလေးအပေါ် တဖြည်းဖြည်း ကြေကွဲမှုရှိလာလေသည်။ ကောင်မလေး
[illegible] စိုးရိမ်စိတ်ကလေး ဖြာဝိနေသေးလေသည်။ ပန်းဆိုတဲ့
[illegible] မဟုတ်လား၊ ဒါဟာ - သို့မှာ
[illegible] - ကောင်မလေးရဲ့ ပန်းအတွေးကြောင့်လိုမျိုး၊ ကျွန်တော့် ရင်ထဲမှာ
မှိုင်းပြာသွားမိသည်၊ လစ်ဟာသွားရသည်။

"အင်းပါ - ညီမလေး၊ ကိုကို နောက်တစ်ခါ ပန်းမခူးတော့ပါဘူး"

ကောင်မလေးမျက်နှာ ဖျတ်ခနဲ ရွှင်ပျသွားသည်။ ထို့နောက် ကောင်
မလေး အနောက်သို့ တဖြည်းဖြည်း ဆုတ်သွားလေသည်။ သည်တစ်ကြိမ်
မှာတော့ ကျွန်တော်သည် တစ်ကြိမ်မှ မခံစားဘူးသော ကြေကွဲဝမ်းသာမှုဖြင့်
မျက်စိကို မှိတ်ထားလိုက်မိသည်။

ကျွန်တော့်ရှေ့မှာ ကောင်မလေးမှ ရှိပါသေးရဲ့လား၊ မိုးစက်ကလေးတွေ
ကကော တဖွဲဖွဲ ရွာနေတုန်းပဲလား၊ အပြင်ထွက်သွားသော ကောင်မလေးကို
မိုးစက်ကလေးတွေရယ် စိုရွှဲအောင် မရွာလိုက်ပါနဲ့ကွယ်၊ လည်ပတ်နေသော
နာရီလက်တံတွေကို ဆွဲထားပါရစေ၊ ကျွန်တော် မျက်စိဖွင့်ကြည့်လိုက်မိ
သည်၊ ကျွန်တော် မငြိမ်းသတ်ဘဲ ချထားခဲ့သော စီးကရက်သည် သူ့ကိုယ်သူ
တငွေ့ငွေ့လောင်မြိုက်ဆဲ ...။

ကျွန်တော် အိပ်ရာက လန့်နိုးတော့ အိပ်မက်သည် ကျွန်တော့်လက်ထဲ
မှ လွတ်ကျသွားခဲ့သည်၊ ရင်တွေ တမြည့်မြည့် ခုန်နေခဲ့ပါသည်။

နောက်တစ်နေ့ ညနေခင်းတွင် ကျွန်တော်သည် မြို့ပြင်တစ်နေရာသို့
ဒုတိယအကြိမ် ရောက်ရှိသွားပြန်သည်။ ကောင်းကင်သည် တိမ်ညိုကင်းစင်
ကာ တိမ်ဖြူဖြူကလေးတွေသာ တအိအိ ရွတ်မောင်းနေလေသည်။ အပြာနုနု
ကောင်းကင်နောက်ခံဖြင့် ငှက်ကလေးတွေ စိတ်လိုလက်ရ ပျံသန်းနေသည်
ကိုလှမ်းကြည့်ရင်း တိတ်ဆိတ်ငြိမ်သက်ပြီး လူသူကင်းမဲ့နေသော ပရဝုဏ်
တစ်ခုတည်းသို့ လှမ်းဝင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခု ကျွန်တော် ရောက်ရှိနေသော နေရာသည် မြေပုံမှိုင်းတို့ပြန့်ကြဲနေသော သုသာန်မြင်သာတည်း။ အုတ်ဂူများ၊ မှတ်တိုင်များကို ကျော်ဖြတ်ပြီး စက္ကူပန်းချုံကြီးအောက်ရှိ အုတ်ဂူအဝါရောင်ကလေးဆီသို့ ခပ်အေးအေး လျှောက်လာမိလေသည်။

မနက်က ရှာထားသော မိုးကြောင့် အုတ်ဂူကလေးပေါ်သို့ သစ်ရွက်နှင့် ပန်းပွင့်အကြွေတွေ ဖွေးဖွေးလှုပ်မျှ တင်ကျန်နေသည်ကို အသာအယာပင် ယုငင်ပစ်လိုက်မိသည်၊ ထို့နောက် - အုတ်ဂူလှလှကလေးကို ကြည့်ကာ ရင်ထဲမှာ ဝေဒနာတစ်ရပ် ဖြစ်ထွန်းလာရသည်၊

"ကောင်မလေးရယ် ..."

အုတ်ဂူမျက်နှာစာတွင် ရေးထိုးထားသော ကမ္ပည်းစာကို ကျွန်တော် ဖတ်လိုက်သည်၊

မိုးမြင့်ကေရီ

အသက်(၂၀)နှစ်

ကောင်းမှု ...

ကျွန်တော့် မျက်စိကို စုံမှိတ်ထားလိုက်မိသည်၊ ကောင်မလေးကို ကျွန်တော် မသိပါ၊ သူစိမ်းတရံသာဖြစ်သော ကောင်မလေးကို ကျွန်တော် ဘာဖြစ်လို့ သံယောဇဉ်တွယ်မိပါလိမ့်၊ စိုစွတ်စွတ် မိုးငွေ့ကြားမှ ဝေဒနာတစ်ခုက ကျွန်တော့်အသိစိတ်ကို တုန်ခါသွားအောင် ဆွဲငင်ယူလိုက်ခြင်းဖြစ်ပါသည်၊ မျက်စိကို စုံမှိတ်ရင်း အလုံးစုံပြန်တွေးမိသည်၊ အတွေးအာရုံထဲက ကောင်မလေးသည် ကျွန်တော် ထင်မှတ်သည်ထက် ပို၍လှပနေခဲ့လေသည်၊

ကိုယ့်မှာ ညီမလေးမရှိဘူးကောင်မလေး၊ အော် - လောကရယ် - မိုးမြင့်ကေရီ ဘာဖြစ်လို့များ ဇာကြမ္မာဆိုးက ကောင်မလေးကိုမှ ပစ်မှတ်ထားခဲ့ရတာလဲကွယ်၊ ဒါပေမဲ့ - ဒီလိုကြမ္မာဆိုးနဲ့ ကြုံရတဲ့အဖြစ်ကို မလိုလားပါဘူးကွယ်၊ မင်းသာ ကိုယ့်ညီမလေးအရင်းဆို အလိုက်မှာပဲကွယ့်၊ လိုချင်တာတွေ ဝယ်ပေးမယ်၊ ဖြစ်ချင်တာတွေ ဖြစ်အောင် လုပ်ပေးမယ်ကွာ၊ ဘာ မဆိုပေါ့ - မိုးမြင့်ကေရီ ...၊



ညီမလေး အရင်းအချာတစ်ယောက်ပမာ ကျွန်တော် ပြောဆိုခဲ့သော စကားတွေကို ပြောခဲ့တာကတော့ သေချာမှုတစ်ရပ်ပါ၊ လွန်ခဲ့သော နှစ်လ ခန့်က ပေဟာသည်မြို့ကလေးမှာ ကြေကွဲဖွယ်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်၊ အဖော်များနှင့် လှေအတူစီးနေသော ကောင်မလေးတစ်ယောက် လှေနစ်မြုပ်ပြီး ရေနစ်သေဆုံးသွားခြင်း ဖြစ်သည်၊ သူငယ်ချင်းသုံးယောက် ရေနစ်ကြရာ နှစ်ယောက်က လှေနံကို ဖက်တွယ်ထားသော်လည်း မိုးမြင့်ကေရီဆိုသော ကောင်မလေးက ကြောက်လန့်တကြား အကိုင်အတွယ်မဲ့ကာ ရေနစ်သွားခဲ့ခြင်း ဖြစ်လေသည်၊

ထိုအချိန်မှစ၍မြို့ကလေးတွင် ကျွန်တော်နှင့် ပတ်သက်သော သတင်းအချို့သည် လူပြော သူပြောများသော သတင်းတစ်ပုဒ် ဖြစ်လာလေသည်၊ ကျွန်တော်သည် လှပချောမောသော ကောင်မလေးတစ်ယောက်နှင့်အတူ အတွဲ နေထိုင်ပေါင်းသင်းနေသည်ဆိုသော သတင်းပင်၊ အဖြူရောင်ဝတ်စုံနှင့် ကောင်မလေးတစ်ယောက်ကို ကျွန်တော် နေထိုင်ရာ ခြံထဲတွင် မကြာခဏ တွေ့နေရတတ်သည်ဆိုသည်၊ အနီကောင်မလေးသည် လပြည့် လကွယ် ညများတွင် မြို့ပတ်လည်တွင် လှည့်လည်သွားလာ နေတတ်သည်ဟု ပြောကြသည်၊

=💀=

ဒုတိယအကြိမ် အိပ်မက်ဇီဇဝါပွင့်သောည ...၊

ပါးလှပ်သော အရိပ်ကလေးတစ်ခုကို ကျွန်တော့်အခန်းတွင်းသို့ ဝင်လာသော ကောင်မလေးကိုကြည့်ကာ ကျွန်တော်၏ရင်ခုန်သံသည် ဒယီးဒယိုင်ဖြစ်ကာ ရင်ဘတ်အမြင့်သို့ ထွက်ကျလာသည်၊ ရုတ်တရက် လန့်ဖျပ်သွားသော ကျွန်တော့် ဖြစ်အင်ကိုကြည့်ကာ ကောင်မလေး တခစ်ခစ်ရယ်ပါလေသည်၊ ထိတ်ခနဲ တုန်လှုပ်သွားမှုသည် ရှက်ရွံ့မှုလား၊ ကြောက်ရွံ့မှုလား၊ ကျွန်တော် ဘာမှမသိပါ၊ ဒါပေမဲ့ - ကျွန်တော် ကောင်မလေးကို ညီမလေး တစ်ယောက်ပမာ တွယ်တာ နေပါပြီ၊ ခင်မင်နေပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com

[illegible] ကိုတရိုက်ပြီး [illegible]

[illegible] အကြိမ်ကြိမ် ကောင်မလေး နာမည်ကို [illegible]

[illegible] "ရှင်" [illegible] ကောင်မလေး [illegible]

နတ်ရုပ်တွေ [illegible] တစ်ခုခြင်း [illegible] ခံတော်

စိန်စိမ်ပြာ [illegible] ချစ်ပေးနိုင်ခဲ့လေသည်။ [illegible]

[illegible] ကိုပိုက် [illegible]

[illegible] ကိုယ်ပိုင် [illegible] နေရာမှာ [illegible] ကောင်းအဲဒီ ကိုယ့်အခန်း

ထဲကို ဘာဖြစ်လို့ ဝင်လာသလဲ ကေရီ"

ကောင်မလေး [illegible] တစ်ချက် [illegible] လိုက်သည်။

အဲလင်းပါးပါး အောက်တွင် ကျွန်တော့် နံဘေးမှာ ကောင်မလေးရှိနေသည်ဟု ခံစားလိုက်ရသည်။ ရုတ်တရက် မိုးချုန်းသံ ကြားလိုက်ရသည်။ ကျွန်တော့် လက်မောင်းတစ်ဖက်ကို အားကိုးတကြီး ဖက်တွယ်လိုက်သလို ခံစားရဆဲ၊ စိမ့်ခနဲ အေးသွားမိသည်၊ မတော်တဆကြောက်ရွံ့မှုကြောင့်လား၊ ချမ်းအေးမှုကြောင့်လား၊ တစ်ခုခုပဲပေါ့။

"ကေရီ"

ကောင်မလေး ရပ်နေမည်ထင်ရသော နေရာသို့ကျွန်တော် တအားကျုံး၍ အော်ဟစ်ပစ်လိုက်သည်၊ ကောင်မလေး ဘယ်ရောက်သွားပြီလဲ၊

ရုတ်တရက် နောက်ကျောဘက်ဆီမှ ခိုးခိုးခစ်ခစ် ရယ်သံကြားရ၍ လှည့်ကြည့်လိုက်ရာ ကုလားထိုင်တွင် ခန့်ခန့်ညားညားထိုင်နေသော ကောင်မလေးကို တွေ့လိုက်ရပါသည်၊ ကောင်မလေး ဘယ်တုံးက ရောက်နေပြန်တာလဲ၊

"ဟုတ်တယ်လေ – ကိုကို၊ ကိုကို့အခန်းက ရှုပ်ပွနေတာပဲ၊ ဒါကြောင့် ဝင်ပြီး ရှင်းလင်းပေးတာပေါ့၊ ကေရီ လိုချင်တာတွေ ဝယ်ပေးတော့ ကိုကို့ကို ဒီလောက်တော့ ပြန်ပြီးလုပ်ကိုင်ပေးရမယ်လေ"

မျက်စောင်းတစ်ချက်ထိုး၍ ပြောလိုက်သော ကောင်မလေး၏ မျက်ဝန်းတွေက ကြယ်စင်နစ်စင်းလို တောက်ပလွန်းလှပါသည်၊



[illegible] ရှင်းလင်း [illegible] ပေါ့ကွာ။ ဒါပေမဲ့ပစ္စည်းတွေ နေရာအထားမှားကုန်တော့ ရှာရခက်တာပေါ့၊ အဲဒီတစ်ခုခုတော့ [illegible]

[illegible]

ကျွန်တော့်စကား [illegible] ရုတ်တရက် [illegible] ပြောက်သွားပြီး [illegible] လုံး ရှုည်သံတွေ ကြားလိုက်ရတော့သည်၊ စာအုပ်တွေကို တဝုန်းဝုန်းပစ်ချ ဖိနပ်ချွတ်မှ ဖိနပ်တွေကို နံရံနှင့်ပစ်ပေါက်၊ စိတ်ကောက်သွားပုံရသည်၊ ခြေထောက်ကို ခပ်ကြမ်းကြမ်းရှုနင်း ….။

"မကြိုက်ရင် နောက်ဘာမှ မရှင်းပေးတော့ဘူး၊ ဖြစ်ချင်ရာဖြစ် ဒီအတိုင်း ပစ်ထားလိုက်တော့မယ်"

စိတ်မဆိုးပါနဲ့ကွာ၊ ကဲ – ကြိုက်သလိုသာ လုပ်တော့

ကောင်မလေး၏ ခိုးခိုးခစ်ခစ် ရယ်သံကြားရပြန်သည်။

"အော် – ဒီတိုက်ခြံထဲမှာ ဝိဉာဉ်တွေ အစွမ်းထက်နေကြပြီလေ၊ ဒါပေမဲ့ အဲဒီပန်းတွေကို မခူးလိုက်ပါနဲ့ကိုကို၊ ပန်းခူးလိုက်ရင် ဖေကရီ ဘဝ…"

ကြည့်စားပုံပေါ် တပ်ထားသော နတ်ခမ်းနီးဆိုးဆေးတောင့်များ [illegible] ရှိသည်၊ ကောင်မလေးဘယ်တုံး [illegible] တရားဝင်ပျောက်သွားပါလိမ့်၊ [illegible] အဖုံးပြန်မပိတ်ထား၊ တော်တော် [illegible] ဆိုးပါလား၊ ကျွန်တော်၏ အိပ်ရာခင်းပေါ်ဝယ် Opium ရေမွှေးရနံ့ တွေ့ရသလိုင်

[illegible]

[illegible] မှန်ကြည့် [illegible] ရှက်ကြောက်နေခဲ့ [illegible]

[illegible] ဖိနပ်၏ ခြေသံတို့ကို တစ်ရုံရုံမှ [illegible]

[illegible] ကျွန်တော် တစ်ယောက်တည်း [illegible] အိပ်ရာမှ [illegible]

သောအခါ ကျွန်တော်နှင့်အတူ တစ်စုံတစ်ယောက် ရှိနေသည်ဟု ခံစားနေရ

[illegible] ကျွန်တော့်ကို ရှုတ်စိုက်ကြည့်နေသည်ဟု စိတ်ထဲမှာ အလိုလိုသိနေလေသည်၊ ဒါပေမဲ့ – ကျွန်တော့်အနားမှာ မည်သူမှ

[illegible]

[illegible]

www.burmeseclassic.com

ကလေးနှင့်အတူ စွာမြင့်ဖိနပ်သံ တခေါက်ခေါက်နှင့် အိမ်ပေါ်မှ ဆင်းသွားသော ခြေသံတစ်စုံ။

ထိုတတိယအကြိမ် အိပ်မက်သည် ရင်ထဲမှာပင် စီးမျော်တျသွားခဲ့သည်။ မနက်မိုးလင်းတော့ ရင်ထဲမှာ အိပ်မက်တွေဖြင့် ရှန်းရင်းဆန်ခတ် ဖြစ်နေခဲ့လေသည်။

=💀=

စတုတ္ထမြောက် အဝါရောင်အိပ်လျက်...

ကျွန်တော်နှင့် မိုးမြင့်ကေရီတို့၏ ရင်းနှီးကျွမ်းဝင်မှုသည် ဒီနေ့ပါနှင့်ဆို ရက်ပေါင်း (၁၈၀) ရှိသွားပေပြီ။ ရက်တွေကြာလာသည်နှင့်အမျှ ကျွန်တော့်ကို စွပ်စွဲပြောဆိုနေကြသော အတင်းအဖျင်းများ၊ အခြေမဲ့သော စကားသံများသည် တစ်စတစ်စ လွင့်ပါးပျောက်ကွယ်စ ပြုလာပြီ ဖြစ်လေသည်။

ထိုနေ့မနက်က ဇီဖဝါပန်းရနံ့တွေ ထူးထူးခြားခြား တစ်ခြံလုံးယစ်ထုံ ကြိုင်သင်းလှသည့်ဖြစ်ရပ်သည် ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် မေ့မရသော ရက်စွဲတစ်ခုအဖြစ် ကျန်ရစ်ခဲ့ရပေသည်။ တစ်မနက်ခင်းလုံး ပန်းရနံ့တို့၏ ခြေသံကို ကြားနေရလေသည်။ ခြေရှင်းရှပ်မှု ပြေလွှားနေသော ရနံ့တွေကြားမှ နေခြည်ရင့်ရင့်က ဒယဉ်တိုက် ရွှေလျားလို့နေသည်။

"ကိုကို"

တိုးလျသော ခေါ်သံ၊ လေတိုးသံနှင့် ရောထွေးနေသော အသံနုနုကလေးသည် ပန်းအကြွေလို နွမ်းလျနေပါပကောလား။ အမြဲတမ်း ဖျတ်လတ် တက်ကြွနေတဲ့ ကောင်မလေးဟာ ဘာဖြစ်လို့ တိုးလျနွမ်းရိတဲ့ အသံထလေးနဲ့ ကျွန်တော့်အနားမှာ လာပြောနေရတာလဲ။ အသံလာရာကို ရှာဖွေကြည့်မိ လိုက်တော့ တစ်စုံတစ်ယောက်ရှိမနေပါ။

"ညီမလေး အသံတစ်မျိုး ဖြစ်နေတယ်။ ညီမလေး ဘာဖြစ်သလဲပြော၊ ကိုကို ဘာလုပ်ပေးရမလဲဟင်"

ပွင့်ဖတ်ကလေးတစ်ဖတ် ကြွေကျသံမျှမကြားရလောက်အောင် တိုးငြိမ် လျက် ရှိသည်။ ကောင်မလေးမျက်ဝန်းတွေ ဘယ်ကို ငေးကြည့်နေမှာလဲ။



ကျွန်တော် သိချင်လှပါသည်။ ကောင်မလေး၏ လှုပ်ရှားမှုကို တစ်စုံတစ်ခုက ထိန်းချုပ်ထားဟန်ရှိသည်။

"ကိုကို - ကေရီ ဒီမှာ ကြာကြာမနေရတော့ဘူး၊ မကြာခင်သွားရတော့ မယ်"

ဘုရားရေ - ကျွန်တော့်ရင်ထဲမှာ အသိစိတ်ကင်းလွတ်သွားကာ လစ်ဟာ သွားပြီ။ မင်း - ဘယ်မှ မသွားရဘူး ကောင်မလေး...။

"ဘာဖြစ်လို့လဲ - ညီမလေးရယ်"

ပန်းပွင့်ကြွေသံလောက်ပင် တိုးသက်လှသော အသံနုနုကလေးဖြင့် —

"ကေရီ ကျောင်းသူဘဝကနေ ယနေ့ထက်ထိ သီလကုသိုလ်၊ ဒါန ကုသိုလ်၊ ဘာဝနာကုသိုလ်တွေ တတ်နိုင်သ၍ ပြုလုပ်ကျင့်ကြံခဲ့တယ်ကိုကို။ နောက်ပြီး ဖေဖေနဲ့ မေမေကလည်း ညီမလေးအတွက် လစဉ်၊ အပတ်စဉ် ကုသိုလ်ကောင်းမှုတွေ မပြတ်ဘူး ကိုကို"

ရုတ်တရက် ဝေ့ဝဲ၍ ခပ်ကြမ်းကြမ်းတိုက်ခတ်လိုက်သော လေအဟုန် ကြောင့် ကောင်မလေး၏ အသံရပ်တန့်သွားခဲ့သည်။ ကျွန်တော် ဖြန်းခနဲ တုန် လှုပ်သွားမိသည်။ ကောင်မလေး ရှိမည်ထင်သည့် နေရာကို မှန်းဆပြီး ကျွန်တော့်မှာ ငြိမ်သက်လောင်ကျွမ်းနေမိသည်။ ငြိမ်သက်သော တိတ်ဆိတ် မှုသည် ချောက်ချားစရာဖြစ်လာသည်၊ သံသရာခရီးကား ရှုပ်ထွေးနက်နဲလှ ပါသည်။ ကျွန်တော်တို့ အားလုံး သံသရာခရီးသည်တွေချည်းပဲ မဟုတ် လား"

"ညီမလေး - ညီမလေး ဘယ်မှာလဲဟင်"

ကျွန်တော် အလန့်တကြားအော်လိုက်မိသည်၊ ကောင်မလေး ဘယ်ကို ထွက်သွားတော့မှာလဲ။ ကျွန်တော် မသိချင်တော့ပါ။ ရှည်လျားသော သံသရာ ခရီးကို ဆက် သွားမှာ သေချာပါသည်။

ကျွန်တော် အသံလာရာသို့ စူးစိုက်ကြည့်ရင်း ကောင်မလေးဆီမှ စကား သံထွက်လာလို ထွက်လာငြား စောင့်ကြည့်နေပါသေးသည်၊ ဒါပေမဲ့ - မည်သည့်အသံမှ ထွက်ပေါ်မလာတော့ပေ။ ပတ်ဝန်းကျင်သည် အသံမဲ့လျှက် ရနံ့တွေဖြင့် ကျိုးကျေလျက်...။



www.burmeseclassic.com

www.burmeseclassic.com

နံ့တချို့ကျဉ်မှုလာခြင်း “ဖော်ရိ”ဟုအသံထွက်ညီကိုတအံ့တသြ [illegible] ပင်ကျယ်လောင်စွာ အော်ခေါ်နေမှန်း မသိတော့။ [illegible] သဲဝေသောခြေတစ်ချက်ကို [illegible] မေမေ [illegible] ၏ အသံကို နောက်ထပ်တစ်ကြိမ်မျှပင် မကြားရတော့ပေ။ သူ ထွက်သွား ပြီ...။ သူ ကျွန်တော့် ဘဝထဲက အပြီးအပိုင် ထွက်ခွာသွားပြီပေါ့...။

တွေ့နေတွေ ကြာမြင့်လာသည်နှင့်အမျှ ကောင်မလေးနှင့် ကျွန်တော့် ကြားရှိ ပါးပါးလွှာလွှာကလေးဟုသာ ထင်မှတ်နေရသော ချည်တစ်ချက်မှာ ထုထဲမြင့်မားသော နံရံကြီးတစ်ချပ်ဖြစ်နေသည်ဟူသော အသိက ရင်ကို ရုတ်ချင်းလောင်မြိုက်သွားခဲ့ရပါသည်။

ဤသည်မှာတော့ စဉ်ဆက်မပြတ် အိပ်မက်သည် ရင်ထဲမှာ ရှိမှင်သွား ခဲ့သည်။

ညသည် ပကတိ အမှောင်အတိ [illegible] တစ်ချောက်ချောက် [illegible] သည် တောသွင်းတွင်...။ [illegible] ဘက်သို့ [illegible] ဆင်ဝင်မီးရောင်အောက်တွင် အထင်အရှား...။ လတ်လတ်ဆတ်ဆတ် ဖြစ် နေရသေးသည်။ ကောင်မလေး [illegible] မင်ကြ”

ကောင်မလေး [illegible] လည်း [illegible] ပေးထားသော အလှကုန်ပစ္စည်းတွေ [illegible] သည်။ [illegible] ဖက် လက်ကုလားထိုင်မှာထိုင်ရင်း [illegible] ကျွန် တော် အိပ်ပျော်သွားမိသည်။ ကျွန်တော် [illegible] ကိုပင် မြင်နေရပြီး ငှက်ကလေးတွေ အော်မြည်နေကြပါပြီ။

ဒါပေမဲ့ – ရုတ်ခြည်းမှာပင် ကျွန်တော်နှင့် ယဉ်ပါးပြီးဖြစ်သော ရနံ့တစ်ခု၏ အာရုံကို ခံစားလိုက်ရပါသည်။ ကောင်မလေး ပြန်ရောက်ပြီလား။ ကျွန်တော် ဖက်လက်ကုလားထိုင်မှ ချက်ခြင်း ထရပ်လိုက်မိသည်။ ဇီဇဝါပန်းရနံ့ကို ရလိုက်တာ သေချာပါသည်။ ကျွန်တော့် မျက်ဝန်းများက စားပွဲပေါ် သို့ ရောက်သွားခဲ့သည်။

ကျွန်တော် ဖက်လက်စ စာအုပ်ပေါ်တွင် လတ်လတ်ဆတ်ဆတ် ခူး၍ တင်ထားသော ဇီဇဝါပန်းဖြူဖြူတစ်ခက်ရှိနေသည်။ ဒါပေမဲ့ – မည်သည့်အရိပ်၊ အသံမှ မကြားရတော့လောက်အောင် အခန်းတလေးသည် တိတ်ဆိတ်မှုထဲ သို့နစ်ဝင်နေခဲ့သည်။ အော် – ညီမလေးရယ် “ပန်းမခူးပါနဲ့ – ကိုကို၊ ပန်းဆိုတာ အပင်မှာပဲ လှပါတယ်။ တကယ်လို့ ပန်းခူးလိုက်မယ်ဆိုရင် ပန်းကြွေသလို မျိုးပဲ ကျွန်မ ဘဝ...”

နှုတ်ဆက်စကားပင် မဆိုနိုင်ဘဲ ရှည်လျားသော သံသရာခရီးဆီသို့ ဆက်လက်ထွက်သွားသူ တစ်ယောက်။ ကျွန်တော့်အဖို့ သည်ဘဝမှာ ဘယ် တော့မှ ပြန်လည်တွေ့ဆုံခွင့် မရတော့သော ညီမလေးတစ်ယောက်။ မြင့်မြတ် သော ဘဝတစ်ခုဆီသို့ ကူးပြောင်းနိုင်ပါစေ။

ကျွန်တော့် ရင်ထဲမှာ အမျိုးအမည်ခွဲခြားမရသော ကြေကွဲနာကျင်မှု ဝေဒနာကို ခံစားလိုက်ရသည်နှင့် ကျွန်တော်နှင့် ကောင်မလေးတို့၏ သံယော ဇဉ်ဖြင့် ကြည်နူးခဲ့ရသော ရက်များသည် အစုတော့ ခွဲခွာခြင်းဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ။ ရာသက်ပန်အဆုံးသတ်ရပါပြီ။ ကျွန်တော့်အခန်းကလေးထဲမှ ဇီဇဝါပန်းရနံ့သည် အမှောင်ကို ကျောပေးကာ တဖြည်းဖြည်း ဒန်းစိုင်းထွက် ခွာသွားပြီ။ အခန်းသည် အခွံရှည်းသက်သက် ကျန်ရစ်တော့ သစ်စေ့ခွံလို ငြိမ်သက်တိတ်ဆိတ်လျက်။

ကျွန်တော်၏ ဇီဇဝါရနံ့တွေဖြင့် လွှမ်းကျနေသော ပဋ္ဌမမြောက်မိုးရာသီ အိပ်မက်သည် တစ်စတစ်စ...။

●● မင်းဘုန်းသိမ်သူ ●●



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲကျော်

## [illegible] တာဝန်

ယာကုန်းဆိုသော ကျေးရွာကြီးကား အိမ်ခြေတစ်ရာခန့် ရွာကြီးဖြစ်ပါသည်။ ရေဝတီမြစ်ကမ်းနဖူးဆိုသော်လည်း မြစ်ကမ်းပါးနှင့် တစ်မိုင်ကျော်ကျော် ဝေးကြောင်းသိရ၏။ တစ်ရွာလုံးမှာ မြေပဲခင်းတွေ ပေါ်များကြသလို နှမ်း၊ မုန့်ညင်းခင်းတွေလည်း အတော်များ၏။ မြေပဲခင်းတွေက စိမ်းမြမြ၊ နှမ်းခင်းတွေက ဖူးပွင့်စပြုဖွေးဖွေးနှင့်အတူ မုန့်ညင်းခင်းတွေ၏ ရွှေဝါရောင်မှာကား အခင်းလိုက်ဝယ် အကန့်လိုက်၊ ဆောင်းအလှ နွေမကူးတကူး ဆီးနှင်းတွေ မြူဆဲကာလဝယ် ကျွန်တော်တို့ ရောက်သွားရသည်။

"ကျော်မင်း - မင်း - တစ်စိတ်နား။ ကျော်ဇော်တွေက အခင်းတွေဘက် ကင်းလှည့်၊ မိုးလင်းမှပြန်ဝင်၊ တောဝက်အခြေအနေ စုံစမ်းခဲ့"

"ဟုတ်ကဲ့ - ဆရာကြီး"

"ကဲ - ဆက်လုပ်"



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဆွေဦးစီးသည့် စိတ်တစ်စိတ် ခရီးထွက်ပါပြီ။ အခင်းတွေ မြေပဲနှတ်၊ မုန်ညင်းရိတ်မည့်ဆဲဆဲ တောဝက်အုပ် အနှောင့်အယှက်တာ ရွာသားတွေ ယာပျက်၊ အခင်းပျက်အောင် အုပ်ဖွဲ့ဆင်းတတ်၍ အမြဲလိုလို နှစ်စဉ်ကူညီရစမြဲပင်။ ယခု ကျွန်တော့် စိတ်နှစ်စိတ်အား ဆရာကြီး တပ်ကြပ်ကြီး ရီအိ (ကယားတိုင်းရင်းသားကြီး)မှ ပထမနေ့အတွက် ခေါ်လွှတ်ခြင်းဖြစ်ပါသည်။

ပြောရပါမည်။ တပ်ကြပ်ကျော်ဆွေမှာ မုဆိုးပညာ လုံးဝမတတ်။ သူတတ်သည့်ပညာမှာကား ငါးများပါသနာပါ၏။ လူက ခပ်ချောချော၊ သူ့ရှိန်းကလည်း ရှမ်းဗမာမ၊ ကျောင်းဆရာမ၊ ဒီအကောင် ငါးများရမည်ဆိုပါက ထမင်းမေ့၊ ဟင်းမေ့ မပြောပါနှင့်။ သူ့ရှိန်းတောင် မေ့တတ်၏။

တစ်ခါက သူ့ရှိန်းနှင့်အတူ စင့်ကင်ရွာသို့ သွားလည်စဉ် သူ့မိတ်ဆွေ စင့်ကင်ရွာသား ကိုအောင်ဘနှင့် ငါးသွားများကြ၏။ ပြန်ဖို့ အချိန်သတိချပြီးနောက် မိန်းမ ထားခဲ့ကာ တစ်သို့ပြန်ခဲ့၏။ တပ်ရောက်မှ သူ့ရှိန်း ပြန်သတိရလို့ စက်ဘီးနှင့် အပြေးအလွှား ငါးမိုင်ခရီးလောက် သွားခေါ်ရလေ၏။

ကျွန်တော်တို့ဆရာကြီး ကယားတိုင်းရင်းသားကြီး ရီအိ (တပ်ကြပ်ကြီး) သည် လူပျိုကြီးလည်း ဖြစ်၊ စိတ်လည်း ဆတ်၏။ စကားက လုံးဝမပီ။ မသိလို့ ထပ်မေးရင်လည်း စိတ်တို၏။ တစ်နေ့ သူ့ဝှာပည့် သိန်းထွန်းတစ်ယောက် တိုက်ပွဲကျဆုံးသွားတော့ သူ စိတ်မကောင်း။ မောင်သိန်းထွန်းသည်လည်း စကားမပီ။ ရှပ်ကိုချုပ်ဟု ပြောသလို ကလေးစိတ် သိပ်မကုန်သေး၊ သို့သော် ဆရာကြီး ရီအိအပေါ် မိဘလို သဘောထားလျက် လိုလေးသေးမရှိ လုပ်ကိုင်ပေးသော သားတပည့် တိုက်ပွဲကျဆုံးမှုကြောင့် အလွန်စိတ်ထိခိုက်ပြီး ကျွန်တော်နှင့် ကျော်ဆွေအား ပြောလာ၏။

"ရော်မင်းနဲ့ ရော်ရွှေ နာ အပေါ်ပဲ့သွားပြီ"

"ဗျာ - ဆရာကြီး ဘာပြောတာလဲ"

"ရော်ရွှေ နင် တော်တော်အာ၊ နာအပေါ်ပဲ့တယ်ဟ"

ကျွန်တော်လည်း ဘာမှန်းမသိ မသိလို့မေးမိတဲ့ ကျော်ဆွေ အပေါက်စံရ၏။ ကျွန်တော်နှင့် ကျော်ဆွေ အပေါ်ပဲ့တယ်ဆို၍ အပေါ်လည်းကြည့်မိ၊ နောက် ဆရာကြီး၏ နှုတ်ခမ်း၊ အပေါ်နှုတ်ခမ်းများ ပဲ့သလားလို့ နဝေတိမ်တောင်ဖြစ်နေခိုက် ဆရာကြီးသဘောပေါက်ကာ ဒေါသတကြီး ပြောလိုက်ပါသည်။

"ကောင်လေး - တိန်းထွန်း တိုက်ပွဲကျလို့ နာအပေါ်ပဲ့တာဟ"

ကျွန်တော်လုံးဝသဘောပေါက်လိုက်ပါပြီ၊ ဆရာကြီး စကားမပီမှုကြောင့် ဖြစ်ရပ်တစ်ခု ကျော်ဆွေ အူကြောင်ကြောင် ဖြစ်နေ၏။

"ဟေ့ကောင် - ဗိုးဆွေ၊ ဆရာကြီးပြောတာက ကျော်မင်းနဲ့ ကျော်ဆွေ ဝါ အဖော်ပဲ့သွားပြီ"

"ကျော်ဆွေ - နင် တော်တော်အာ၊ ဝါ့အဖော်ပဲ့တယ်ဟ"

"ကောင်လေး သိန်းထွန်း တိုက်ပွဲကျလို့ ငါ အပေါ်ပဲတာဟ"တဲ့။

ကျွန်တော် ရှင်းပြတော့ ဆရာကြီး ငြိမ်ပြီး နားထောင်သလို ကျော်ဆွေ သဘောပေါက်ပြီး တဟားဟားရယ်ရင်း ...

ဆရာကြီးသည် ကျော်ဆွေအား ခွေးကောင်သေတော့ဆိုကာ သူ့မှတ်ခွက်ထဲမှ ရေနွေးတွေဖြင့် ပက်လိုက်တော့မှ ကျော်ဆွေတစ်ကောင် လန့်ပြီး အော်လိုက်၏။

"အား - အား - ဆရာကြီး ပူတယ်ဗျ။ ကျွန်တော် အဖော်နဲ့ အပေါ် လွဲသွားလို့ပါ ဆရာကြီး"

ကျွန်တော် ဆရာကြီး ရီအိနှင့် ကျော်ဆွေအကြောင်းတွေးရင်း ငေးနေမိသည်။ မုဆိုးအဖြစ် ဘာကောင်မျှ မပစ်ဘူးသော ကျော်ဆွေကို ဘာကြောင့် ရွေးလွှတ်ပါလိမ့်ဟု တွေးနေစဉ် ...

www.burmeseclassic.com

"ကျော်မင်း - ထမင်းစားဖို့ ခေါ်နေတယ်"

ကျွန်တော့် အစ်ကိုကဲ့သို့ တစ်နေ့တည်း တပ်ထဲဝင်ခဲ့သော ကိုမျိုးသန့်၊ သူကတော့ မူး၏၊ ရန်ဖြစ်၏။ သို့အတွက် ဒုတပ်ကြပ်ပင်မဖြစ်၊ ရဲဘော်ကြီး။ လူအများ ဆရာလူကြီးတွေရှေ့မှာတော့ ကျွန်တော့်အား ဆရာကျော်မင်းတဲ့၊ ခုတော့လည်း ခေါ်နေကျ ကျော်မင်းပေါ့"

ကျွန်တော့်အား ထမင်းစားခေါ်သူမှာ မိန်းကလေးတစ်ယောက်၊ ကျွန်တော် သေသေချာချာကြည့်လိုက်တော့ ကျွန်တော် တအံ့တဩ ဖြစ်ရလေသော မိန်းကလေး...

"ဟာ - ဟာ - အဝေ - အဝေနော်"

"ကိုကြီးမျိုး၊ အစ်ကိုကျော် အံ့ဩနေတာပ"

"အေးလေ - ဒီအကောင် ကြောင်တောင်တောင် ဖြစ်သွားပြီ"

"ရော် - ဘာဖြစ်နေတာပအေး"

"အဝေ - အဝေက ဒီကို"

"အစ်ကိုကျော်၊ ဒါ အဝေတို့ရွာပ၊ ဟိုအိမ်ရှေ့အိမ်က အဝေတို့ အိမ်ပအေး"

"ဟာ - ဒါ - ဒါဆို သူကြီးက အဝေ အဖေပေါ့"

"ဟုတ်တာပ - အဖေ့ အဘ (အဖေ) ရော် ထမင်းစားတာပကိုး"

"ကိုကြီးမျိုး - ထမင်းစားကြစို့"

"ငါ့ခေါ်တာ မဟုတ်ဘူး၊ နင်တစ်ယောက်တည်း ခေါ်တာ"

"ဟာဗျာ"

"အစ်ကိုကျော်ပ၊ ကိုကြီးမျိုး ထမင်းစားပြီးတာပ"

ကျွန်တော် စောစောက ကျော်ဆွေအကြောင်းတွေးရင်း အိပ်ပျော်သွားသည်။ ကျွန်တော်တို့မှာ အမတော်ကြေးအဖွဲ့အား လုံခြုံရေးလိုက်ပါရသည့် အမြင် ဌာနဆိုင်ရာ လူကြီးတွေနှင့် ငွေကြေးတွေအားလုံး လုံခြုံရေးပေးရင်း နယ်မြေအတွက် နစ်ညအိပ် သုံးရက် ခရီးကင်းလှည့်သည့်သဘော ဖြစ်ပါသည်။

"အဝေ"

"ဟုတ်"

"အဝေ ပျောက်သွားတာ မောင် ဘယ်လောက်ခံစားရသလဲ သိလား"

"ရော် - မောင့်ထံ စာရေးခဲ့တာပ၊ ဒေါ်လေး - ပေးမှာပအေး"

"မောင် - ဒေါ်လေးတို့အိမ်ရောက်သွားတော့ ဒေါ်လေးက ဘာမပြော ညာမပြော ပြန်သွားတယ်လို့ပဲ ပြောတာပ"

"ကဲ - ပါလေ၊ ထားလိုက်ပါတော့။ ခု - ပြန်တွေ့ပြီနော်"

"အဝေ - မောင့်ထံပြန်ခဲ့မှာပါ။ မေမေ နေမကောင်းတာ အမှန်ပ။ ခုတော့ တော်တော်လေး ကောင်းပါပြီ"

"မောင် - အိမ်ပေါ်ရောက်တော့မှာပ၊ ညီမလို့ ခေါ်တာပနော်"

"မှတ်ကဲ့ - မောင့်အချစ်ရယ်"

"ဝေလည်း ချစ်တာပ၊ ညတိုင်းလိုလို ဓိုရတာပနော့"

ကျွန်တော်နှင့်ဝေတို့ သူတို့အိမ်ပေါ်သို့တက်ခဲ့ပါပြီ။ သူ၏ အဘ (အဖေ) နှင့် အမေအပြင် ရွာလူကြီးတွေမှာ ဌာနဆိုင်ရာများနှင့် စကားပြောနေ၍ ကျွန်တော့်အား အိမ်အပေါ်ထပ် မီးဖိုဆောင်သို့ အဝေ ခေါ်လိုက်ပါသည်။ ထမင်းစားတော့ အဝေ့ဒေါ်လေးအနားမှာ ရှိနေ၏။

=☠=





www.burmeseclassic.com

www.burmeseclassic.com

"ကျော်မင်း၊ မင်း - ဒီရွာက လူငယ်တွေ ပြောတယ်၊ ဆတ်နဲ့ တောဝက် ထွက်တယ်တဲ့၊ မင်း - သွားပစ်ခဲ့"

"ဟုတ်ကဲ့ - ဆရာကြီး"

ကျွန်တော်၏ ဝါသနာက မုဆိုးတစ်ပိုင်း၊ စစ်သားတစ်ပိုင်းမို့ အားလုံး အဆင်ပြေသွားပါသည်။ မနေ့ညက ကျော်တွေ လှည့်ကင်းသွားတော့ တောကောင်တွေ အသံကြားကြောင်း၊ ချေသံလည်း ကောင်းကောင်းကြားရကြောင်း၊ ရွာသားတွေ ပြောသည်မှာ တောဝက်တွေ အုပ်လိုက်ထွက်သည်ဟု သူ သိခဲ့ကြောင်းတော့ လာပြော၏။

"ရော် - မောင်တို့ ခရီးထွက်မှာပ"

"ဝေ - ကင်းလှည့်ရင်း သားကောင်ဖမ်းခဲ့မယ်လေ၊ ဝေ့အတွက် လက်ဆောင်ပေါ့"

"ရော် - ဝေပြောချင်တာပ၊ ပြောတာမဟုတ်၊ မှာချင်တာပနော့"

"ပြောပါဗျာ"

"ရော့ - ခက်တာပ၊ ဒီမှာတော ပါးတာပနော့၊ ပေါ့ဟို လိပ်ထုံးဘက် ဆင်းသွားရင် သားကောင်ပေါမှပေါ့၊ ဝက်တွေ၊ ဆတ်တွေ အဲဒီက လာတာပ၊ ဒါပေမဲ့ - ခြောက်တာလှန့်တာ ဆိုးတာပ"

"ဘာတွေ ခြောက်တာလဲ ဝေ"

"ဝေလည်း မပြောတတ်၊ ဝေမသိ ဝေကြားတာပနော့၊ ဟို - သချိုင်းကုန်း အောက်မှာ အရမ်းခြောက်လို့ ပြောတာပ၊ အဲဒီဘက် မသွားတာ ကောင်းတာပနော့"

"ဟုတ်ကဲ့ပါ"

"ရော် - မောင် နောက်တာပအေး၊ ဝေက စိုးရိမ်တာပ"

"ဘာဖြစ်လို့ စိုးရိမ်တာလဲ ဝေ"



"ရော် - ရိုးရိုးပနော့၊ မောင့်ကို ချစ်လို့ပေါ့နော့"

"ဝမ်းသာလိုက်တာ ဝေရယ်၊ ကဲ - မောင်သွားမယ်နော်"

"ဟုတ် - ဟုတ်"

ကျွန်တော် ဝေ့အား နှုတ်ဆက်ပြီး ထွက်ခဲ့သည်၊ ပထမတော့ ထွေးမွေ့မည်ဟု ကြံစည်မိသော်လည်း ဝေ့မောင်လေး မောင်ညွှန့်ခင် ရောက်လာ၍ မတတ်သာ ခပ်ရှာရှာ ရှာခဲ့ရသည်ကို ဝေ သဘောပေါက်ပြီးနောက်နေ၏။ ကျွန်တော့် စိတ်ထဲမှကြိတ်ပြီး "နေနှင့်ဦးပေါ့ကွာ" ဟု အားမတန် မာန်လျှော့ပြီး မောင်ညွှန့်ခင်နောက်မှ လှေခါးအောက်သို့ ဆက်ဆင်းလိုက်၏။

"ရော် - မေ့တာပ၊ ဒီမှာ ဟိုကျည်ဆန်ဘူးပအေး"

"ပေးလေ - ဝေ"

"ရော် - မကိုင်ရဲ လာယူတာပဆိုး"

ကျွန်တော် ပေါ့ပေါ့ပါးပါး အပြေးကလေးတက်ပြီး ဝေရှိနေသေးသည့် မီးဖိုဆောင်ထဲအရောက် ဝေက ပြုံးနေ၏။

"ရော် - တော်တာပအေး၊ သနားလို့ ခေါ်တာပ"

"ကျေးဇူးကမ္ဘာပဲ - ဝေရယ်၊ မောင့်အချစ်ရယ်"

"ရော် - ရော်ဆို၊ ဆင်းတော့ မောင်လေး စောင့်နေတာပ"

"ဟုတ်သားပဲ - ကဲ"

"ရော် - ကဲတာပအေး"

"မကဲဘူး - ပြန်လာမှ ဝေနဲ့အတူ လာအိပ်မယ်"

"ရော် - ခက်တာပ၊ တော်တော်နောက် မောင်လူဆိုးပ"

ကျွန်တော်အပြေးအလွှားဆင်းရင်း မျက်နှာ မပြုံးမရှိုအသိတွေပိုနေလေသော မောင်ညွှန့်ခင် ကျွန်တော့်အားကြည့်နေသည့်အတွက် ကျွန်တော်မှ -

"ညီလေး - ဒီမှာ ကျည်ကပ်၊ အဲဒါ မင်းမမက ကျည်ဆန်ဘူးတဲ့၊ ဟား - ဟား - ဟား - ဟား"



www.burmeseclassic.com

www.burmeseclassic.com

"ရော့-ဒီကျည်ဆန်ဘူး။ အယ်ဒီကျည်ဆန်ကပ်၊ စောစောက အစ်ကို ဒီအိမ်ထဲမှာ မြင်တာပ"

"တင်"

ကျွန်တော် ဘာပြောရမှန်းမသိတော့၊ ကျွန်တော်ပြောပြီး ပြုံးပြုံးကလေး ထွက်သွားလေသော မောင်ညွန့်ခင်နောက် လိုက်ခဲ့ရင်းမှ တီးတိုးလေးတော့ ပြောလိုက်မိ၏။

"ဟုတ်တယ် - ညီလေးရေ၊ အနမ်းမိုးလေး ရွာခဲ့တယ်ကွ" ဟု၊

"ဆရာပ"

"ပြောပါ - ကိုတင်မောင်"

"ဒီအခင်းတွေက အလယ်လောက်ဆိုတော့ သားကောင် မရောက်ပ နော့၊ ဟိုဘက်အစပ် သွားတာပ"

"ဟိုဘက် ဆိုတာက"

"အခင်းဆုံးတာနဲ့ လျှိုပနော့၊ အစုလို ဆောင်းရာသီမှာ ရေမရှိတော့ သား ကောင် ပေါ်တာပ။ ဒီဘက်ကို အုပ်စုလိုက် အစာရှာထွက်လာတာပ၊ တော ဝက်၊ ခရယ်အုပ်၊ ဆတ်၊ ချေကတော့ အမြဲရှိတာပ"

"ရော် - ကိုလေးတင်မောင်ပ၊ မမေ့မှာတာပ၊ ဒေး - သချိုင်းဘက်မှာ တောမပစ်ပါနဲ့ဆိုတာမှာတာပ"

"မိစေ စိုးရိမ်တတ်ပဒေး၊ အဲဒီဘက်မှာ တောတန်းရှိတာပ။ သားကောင် နဲ့ပြီး အစာရှာတာပနော့။ ကြောက်စရာမရှိ ကြောက်ကြတာပ"

"ရော်= ကိုလေးပဲ ကြောက်လို့ ပြေးခဲ့တာပဒေး"



"ခက်တာပ - ဖါတစ်ယောက်တည်း။ ကြောက်တာပ"

"ဘာတွေလို့လဲ - ကိုတင်မောင်"

"ရော် - ဘာကောင်တွေမသိ၊ အတင်းလိုက်တာပ"

"ရော် - ကိုလေးပြောတော့ လူတွေဆို"

"လူတော့လူ၊ ဒါပေမဲ့ - လူမဟုတ်"

"ခု ကြောက်သေးလား - ကိုတင်မောင်"

"ရော် - ဘယ်ကြောက်တော့မှာပ၊ ဆရာတို့ ပါတာပဒေး"

"တော်တော် သတ္တိကောင်းတာပ။ လူမိုက်အားကိုးပနော့"

"ရော် - အညွန့် - နင်ပြောတာ ဆရာ့ကို လူမိုက်လို့ ပြောတာပ"

"မဟုတ် - မဟုတ် - ဟဲ - ဟဲ"

"ညီလေးရေ - လူမိုက် မဟုတ်ဘူးကွ။ မင်းအစ်မကြိုက်တဲ့ သူကွ"

ဟုပြောလိုက်ရင်ပါဘိ။ ကျွန်တော်တို့ ဆက်လျှောက်ခဲ့ပြီးနောက် အခင်း တွေဆုံးတော့ သူတို့အခင်းတွေ ကာရံထားသည်မှာ စည်းရိုးသည် တံုးတင် စည်းရိုးတွေဖြစ်ပါလျက် တောဝက်နှင့် ဆတ် မည်သို့ဝင်ကြသနည်း မသိ တော့၊

"ဆရာပနော့ - တောဝက်တွေ အုပ်လိုက်ဆိုရင် ဒီတုံးတင်စည်းရိုးတွေ ချက်ဆီးတာပ၊ အုပ်လိုက်တိုးတာပနော့၊ သဲ့မြေနုံးမြေဆိုတော့ သူတို့ တိုးလို့ လွယ်တာပ"

"ကိုတင်မောင် - သူတို့ မတိုင်းနိုင်အောင် ဟိုတိုင်တွေ အတွင်းအပြင် တူးခံတာပေါ့၊ နောက်အပြင်မှာ မြောင်းအနက် လေးပေငါးပေတူးပြီး မြောင်းလုပ်ပေါ့"

"ဟုတ်တာပ - ရော့ - မြောင်းတူးရင် ကောင်းတာပ"

"အဲဒီမြောင်းထဲ ကျတဲ့ တောဝက်တောင် တင်းစားရဦးမယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

ဆရာ တော်တာပဒေအး ကျွန်တော်တို့အားလုံး

တပွေ့ထောင်တာပနော့။

ပထမတော့ လူမှလူအစစ်၊

နောက်တော့ ခေါင်းမပါတဲ့လူ . . .



"ဟုတ်တာပ"

ပြောပြောဆိုဆို ဆက်လျှောက်သည်နှင့် အခင်းတန်းအဆုံး တောနိမ့် ညိုညို့ မှောင်မည်းမည်း၊ တချို့ ကျွန်းပင်ကြီးတွေက ထိုးထိုးထောင်ထောင်၊ ညောင်ပင်နှင့် ကုက္ကိုပင်ကြီးတွေက အုပ်အုပ်ဆိုင်းဆိုင်း၊ မှိုင်းမှိုင်းညို့ညို့ဖြစ်နေ၍ ကျွန်တော် ထင်လိုက်ပါသည်၊ ဤသည်မှာ သချိုင်းဖြစ်မည်ဟု သုံးသပ်လိုက်စဉ်မှာပင် . . .

"ရော် – သချိုင်းကုန်း ရောက်တာပ"

"အညွန့် – ကြောက်တာပ"



"ရော် – ကိုလေးကို မကြောက်ပ၊ ဟဲ – ဟဲ – သချိုင်းထဲတော့ မဝင်နဲ့နော့ . . ."

"ဘာဖြစ်လို့လဲ – ညီလေး"

"ရော် – မတင်မေကြီး ကလေးမီးမဖွားနိုင်လို့ ဆုံးတာ ဘာကြာသေးပ၊ ခုမှ ငါးရက်ပဲ ရှိသေးတာ"

"အဲဒီတော့"

"ရော် – မတင်မေကြီးက ကျွန်တော့် သိပ်ချစ်တာပဒေအး ကိုလေးသိတာပ။ ငါ ယောကျ်ားရလို့ မရသေးရင် နင့်ကို ယူတာပဲတဲ့၊ ကြောက်လိုက်တာ ဆရာရဲ့"

"ရော် – တင်မေပ၊ တင်မေ ဒီမှာ နင်ချစ်တဲ့ ညွန့်ခင် ရောက်နေတာပ"

"ရော် – ရော်ဆို၊ ဆိုးတာပ ကြောက်တာပ"

"ကိုတင်မောင်ရယ် – မနောက်ပါနဲ့ဗျာ၊ ညီလေး သိပ်ကြောက်နေပြီ၊ ညီလေး ဘာမှမကြောက်နဲ့၊ ဒီမှာ သေနတ်ရှိတယ် – ညီလေးရဲ့"

ကျွန်တော်မှ ကြောက်လန့်နေသော ညီလေး မောင်ညွန့်ခင် ကြည့်ရင်း ပြော၏။ လက်ထဲမှ သေနတ်ကိုလည်းပြရင်း ကျွန်တော့် ရဲဘော်များအား စည်းရိုးဘေးတွင် တစ်ဖက်၊ ငါးယောက်စီ ဖြန့်ကာနေရာယူစေပြီးသည်နှင့် –

"ညီလေးတို့ သုံးယောက်က အလယ်မှာပါ၊ ဘာမှ မကြောက်နဲ့တော့၊ တို့ဆီလာတဲ့ သားကောင်ဟာ ဟင်းစားအဖြစ် ပစ်မယ်"

"ဟုတ် – ဟုတ် – ဟာ"

"ရှဲ – ဝီ – ဝီ – ဝီ – ဝီ"

"ဖြောက် – ဖြောက် – ချွတ် – ချွတ် – ဖေါ – ဝုန်း – ဘုန်း"

"အား"

www.burmeseclassic.com

"ညီလေး-ညီလေး မကြောက်နဲ့၊ ကိုတင်မောင် ထမပြေးနဲ့၊ မပြေးနဲ့"

"ရော် - ဘာဖြစ်တာပ"

"ဆရာကျော်"

"လှဝင်း - ဘာလဲ"

"မျောက်တစ်ကောင် ကိုင်းကူးရင်း ကိုင်းခြောက်ကြီး ကျိုးကျတာ တွေ့လိုက်တယ်"

"ရော် - တောမျောက်ပနော့"

"ဒါပေါ့ဗျာ"

"ဟူး"

=💀=

တိတ်ဆိတ်မှုတွေ လွှမ်းမိုးသွားပြန်ပြီ။ အချိန်မှာ သန်းခေါင်ကျော်ကျော် အထိ ဘာကောင်မှ ထွက်မလာ။ တစ်ချက် တစ်ချက် သချိုင်းဘက်မှ အပုပ်နံ့တာ ဝေ့ဝေ့လာ၏။ မိုးလင်းပိုင်းအတွက် ဆက်စောင့်ရပေမည်။

"ရော် - ရော် - ဟို - ဟိုမှာ တစ္ဆေကောင်တွေပ"

"ရော် - ဟုတ်တာပ"

"ဆရာကျော် - လူတွေဗျ"

"သေသေချာချာ ကြည့်ထားကြ၊ မပစ်နဲ့ - ငါ့အမိန့်ကို လုံးဝစောင့်"

လူခြောက်ယောက်တိတိ ကျွန်တော်တို့ စောင့်နေရာဘက်သို့ ဦးတည် ပြေးလာနေလေပြီ။ လသာသာ လျှို့အစပ်ဘက်မှ အခင်းတွေဘက်သို့ ပြေး လာသည့် ခြောက်ယောက်မှာ ကျွန်တော်တို့ထံသို့ တည့်မတ်စွာပြေးလာနေ သည်မို့ ခက်တော့ခက်ရပေပြီ။ ကိုက်နှစ်ရာခန့်၊ တစ်ရာ့ငါးဆယ်ခန့်မှ တစ်ရာ အတွင်း ပစ်ကွင်းကောင်းကောင်းထဲ။ သို့သော် - လူခြောက်ယောက်မှာ ဘာ လက်နက်မှ ပါမလာကြ။ ကျွန်တော့်အဖွဲ့သားတွေကိုတော့ ပစ်ခွင့်မပေးပါ။



ပစ်စရာရှိ ကျွန်တော်သာ ပစ်မည်ဟု ဆုံးဖြတ်ချက်ချရင်းမှ . . .

"ပစ်ခွင့် မပေးဘူး၊ ပစ်ရာရှိ ငါပစ်မယ်၊ စောင့်ကြည့်ထားကြ"

"ဆရာကျော် - ကိုက်သုံးလေးဆယ်ဗျ"

"ရော် - ဆရာ ဆရာဆိုး၊ နှစ်ယောက်၊ သုံးယောက် ခေါင်းမပါပအေး"

ကျွန်တော် သတိရလိုက်ပါပြီ။ ကျွန်တော်တို့ တောမှောက်ပြီမို့ မုဆိုး ဒူးထောက်ထိုင်ကာ ရင်ဆိုင်ရတော့မည်ဟု ဆုံးဖြတ်ရင်းမှ လက်ဖြောင့် တစ်သားမောင်ဇော်ဘောက်နှင့်အတူ ပစ်ခတ်ရန်အတွက် . . .

"ဇော်ဘောက် အလယ်က အကောင်ကို ငါပစ်မယ်၊ ငါပစ်ပြီးတာနဲ့ မင်း ဆက်ပစ်၊ တစ်တောင့်ပဲနော်၊ မုဆိုးဒူးထောက်ပြင်ထား"

"အေး"

"ဒိုင်း"

"ဝေါ - ဝေါ - ဝေါ - ဝေါ"

"ဝုန်း - ဝုန်း - ဝုန်း - ဝုန်း"

"ဒိုင်း"

"ဝူး - ဝါး - ဝုန်း - ဖြောက် - ဖြောက် - ဖြောက် - ဖြောက်"

ပြစ်ခတ်မှုလည်း ပြီးပါပြီ၊ မိုးလည်း လင်းပြီမို့ ကျွန်တော်တို့ သားကောင် ထမ်းပြီး ပြန်ခဲ့ကြပါ၏။ ယခုမှ ကိုတင်မောင်နှင့် ညီလေး မောင်ညွန့်ခင်တို့ ပြုံးရွှင်ပျော်မြူးလျက် . . .

"ဆရာ တော်တာပအေး၊ ကျွန်တော်တို့အားလုံး တစ္ဆေထင်တာပနော့၊ ထမတော့ လူမှလူအစစ်၊ နောက်တော့ ခေါင်းမပါတဲ့ လူ"

"ဟုတ်တာပ - ဆရာ၊ အစ်ကို ဘယ်လိုသိတာပ"

"တောက မြောရင် နည်းနည်းကြမ်းတယ်၊ ရမယ်ထင်လို့ခြောက်တယ်၊ ခုတော့ ပြေးကြတာဖေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ရော် - မြေးတော့လည်း သားကောင်တွေပနော့"

"ဒါပေါ့ - ဖြစ်တတ်ပါတယ်"

ကျွန်တော်တို့ ရွာရောက်တော့ ရွာသူကြီးမှအစ ချစ်ရသူ ညွှန်ညွှန့်ဝေမှာ ပြုံးပြုံးတလေး ကြည့်နေ၏။ သို့သော် - သူ့အကြည့်က ခပ်နွမ်းနွမ်း၊ ခပ်ယဲ့ယဲ့ တလေး။

"ကဲ - တောထဲမှာ ထူးတဲ့အကြောင်းအား ညွှန့်ခင် ပြောတာပ၊ အင်း - ဒီတောစပ်မှာ ကျတ်တီးကုန်းရှိတာပ၊ ဒီတစ်ခါ ကျတ်တီးတုန်း အရှုံးပေးရပြီပေါ့။ ပြောရရင် ရွာသားတွေပါ၊ အခြောက်ခံနေရတာ အဲဒီကျတ်တီးကုန်းပဒေအး ကျတ်တီးကုန်းပ"

"သူကြီး သိနေတာပေါ့"

"သိတာပဒေအး - သိတာပ၊ ကျတ်တီးကုန်းကြောင့် တစ်ရွာတစ်ကျေးက သူရိုးသူ့ဂုဏ် မလာရဲတာပနော့၊ သက်ကြီး တော်တော်များများ သိကြတာပ"

သူကြီးကား ချစ်ရသူ၏ ဖခင်ကြီးဖြစ်သလို ဒီကိစ္စတွေကို ဝေလည်း ကောင်းစွာ သိပြီးသားဟု ယခုမှ ဆက်စပ်တွေးမိရင်း ဤကဲ့သို့ ထိတ်လန့်မှုတွေ မရှိစေလိုသော ကျွန်တော် တစ်နေ့နေ့မှာတော့ တစ်ခေါက်တစ်ခါ ပြန်လာပြီး ကျတ်တီးကုန်းအား ရှင်းဖြစ်အောင် ရှင်းမည်ဟုတွေးရင်း ရွာသားတို့တင်အောင် အိမ်ပေါ်တက်လာပြီး ...

"ဆရာကြီးပ - ဆတ်ပေါင်တစ်ပေါင်၊ ပေါင်လိုက်ရိုတ်ထားတာပနော့။ ဆရာကြီးတို့ ဒီနေ့ပြန်ရင် ယူသွားတာပ၊ အသားတွေ ကျပ်တိုက်ထားတာပ"

"ကျော်မင်း - ရွာသားတွေ ဝေကျွေးနိုင်းလိုက်"

"ဟုတ်ကဲ့"

ကျွန်တော်တို့ စကားဝိုင်းရပ်သွားသလို၊ ကျွန်တော့် အတွေးတွေလည်း ရပ်လိုက်ရပြီ။ ကိုတင်မောင်နှင့်အတူ အိမ်အောက်ဆင်းတော့ ဝေ နောက်တကာပ်ပါလာပြီး ...

"မောင် - ဝေ့ကို ခွင့်လွှတ်နော်၊ မောင့် သတ္တိ ဝေ သိတာပအေး၊ အဘ (အဖေ) က မပြောနဲ့ဆိုလို့ နှုတ်ပိတ်ရတာပ"

"ကျေးဇူးတင်ပါတယ် - ဝေ၊ မောင် နောက်တစ်ခေါက် လာမယ်နော်၊ ခြောက်လှန့်တာတွေလည်း မကြိုက်ဘူး၊ သားကောင်တွေ မဖျက်ဆီးနိုင်အောင်လည်း မောင် ကူညီချင်လို့ပါ"

"ကောင်းတာပ၊ ဝေလည်း ဗန်းမော်ကို လာခဲ့မှာပ၊ မေမေ နေကောင်းပြီ မောင်"

"ဝေ့ကို ခွင့်လွှတ်ပါတယ်၊ ခွင့်မလွှတ်နိုင်တာတွေတော့ မောင်ဆိုတဲ့ မုဆိုးက နှင်ထုတ်ပစ်ရမယ် ဝေ"

"ဝမ်းသာပါတယ် မောင်ရယ်"

ကျွန်တော်၏ ဆုံးဖြတ်ချက်အား သက်ဆိုင်ရာ ရွှေကူစခန်းမှူးနှင့် မိမိ ဘယ်ခွဲမှူးတို့အား တင်ပြသည်။ ရွာသားတွေအတွက် ရှင်းသင့်သမျှ အန္တရာယ် ဖယ်ပေးရန်ကား ကျွန်တော့်တာဝန်မို့ နှင်ထုတ်ပစ်ရမည့်နေ့ကို ကြိုတင်တွေး ဆရင်း။

●● မင်းရဲကျော် ●●



www.burmeseclassic.com

www.burmeseclassic.com



အဖေ ဆရာကြီး ရှာစဉ်လှည့်ဆေးကုသရာနောက်ကို နောက်တော်
တပည့်တစ်ဦးအနေနဲ့ လိုက်ပါလေ့လာကူညီရင်းကနေ –
ကျွန်တော် ထူးဆန်းနက်နဲလှတဲ့ . . .။
ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ်အကြောင်းတွေ သိခဲ့ရတယ်။
စုန်း . . .။
ပြီးတော့–ကဝေ၊ တစ်နည်း ပညာသည် . . .။
မရှိတော့ဘူးလို့ မှတ်ယူခဲ့တာ . . .။
စုန်းမဆိုတာ ဆံပင်ဖားလျားချ၊ ထဘီကို ခေါက်တိုးဝတ်၊
မျက်လုံးက ပြူးပြူးစူးစူး။ မျက်ဖြူကျယ်ကျယ် . . .။

www.burmeseclassic.com

www.burmeseclassic.com

မောင်ညိုမှိုင်း (သန်လျင်)

# စုန်းမရော

အဲဒီလို ထင်ခဲ့တာပေါ့။

ဘယ်ဟုတ်မှာလဲဗျာ ...။

စုန်းမဆိုတာ လူထဲက လူအတိုင်းပါပဲ။

ကျွန်တော် အဖေဆရာကြီးနဲ့ ရွာစဉ်လိုက်ရင်း စုန်းမရောရော၊ စုန်းမခန့်ခန့်၊ ဝဝဖိုင့်ဖိုင့်တွေ တွေ့ခဲ့ရတယ်။

ပညာသည် အရွယ်ကောင်း ချောချောလှလှလည်း ကြုံခဲ့ မြင်ခဲ့ရတယ်။ ပညာသည်မှန်းမသိတော့ ကျွန်တော်တောင် သူမရဲ့အရယ်အပြုံး အပြောအလှတွေကို တိမ်းမူးပြီး စိတ်ဝင်စားနေတာကို အဖေဆရာကြီးကသိတော့ သတိပေးတယ်။

"ဟော့ကောင် - ငမှိုင်း၊ သဘောမကျနဲ့"

"ဘာဖြစ်လို့တုံး - အဖေကြီးရ"

"အဲဒါ - ပညာသည်"

"ဗျာ - ဟုတ်ရဲ့လား - အဖေကြီးရာ"

"ဟုတ်တယ် - ငါ အသိဆုံးပဲ၊ သူ ကျွေးတဲ့ အစားအစာ အရမ်းကာရော စွတ်မစားနဲ့"

"ဘာဖြလို့တုံး - အဖေကြီး"

"အပင်းသွင်းလိုက်ရင် မင်း ဆေးကုရခက်ပြီး နောက်ဆုံး သေရော"

"ဟုတ်ကဲ့"

သူတို့ ပညာသည်မှန်းကို အဖေဆရာကြီးကိုယ်တိုင် လက်တွေ့ပြခဲ့လို့ သိရတယ်။

အချို့သော ဝေဒနာရှင်တွေကို အဖေဆရာကြီးက ကိုယ်တိုင်မကုဘဲ အဲဒီ ပညာသည် မိန်းမကြီး၊ မိန်းမရွယ်တွေကို ပြန်ကုခိုင်းတာကိုး ခင်ဗျာ။

"အဖေကြီးပဲ ကုပါရှင်၊ ကျွန်မတို့က ပညာနုပါသေးတယ်ရှင်"

"ဟဲ့ - ပညာနုလို့ ရောဂါအနကို ကုခိုင်းတာပေါ့၊ ငါကုတာထက် ငါ့သမီးတော်တွေ ကုရင် ချက်ချင်းပျောက်မှာ ငါသိတာပေါ့၊ ကဲ - ကုပေးလိုက်ကြစမ်း"

"အဖေကြီးပဲ ကုပါတော်"

"ငါကုပေးရင် လူနာကို ရောဂါသွင်းပြစားတဲ့ စုန်းမ၊ ကဝေမ၊ ပညာသည် အရှက်ကွဲသွားမယ်နော်"

"ဟုတ်ပါပြီ - ကြည့်ချင်လို့ပါရှင်၊ အဖေကြီး ကုပါရှင့်"

ကြည့်စမ်း ...

ဒီအပြောစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို နောင်မှ ကျွန်တော် အဓိပ္ပာယ်ဖော်နိုင်တာကလား။ ပညာအကဲစက်နေကြတာကိုး ခင်ဗျ။

ရွာတစ်ရွာက အိမ်တစ်အိမ်မှာ ရောဂါသည်စုပြီး ဆေးကုမယ်ဟော့ ဆိုရင် ...။

လူနာရော၊ လူနာရှင်တွေရော ...

ရွာခံဆေးဆရာကြီးငယ်တွေရော ...

www.burmeseclassic.com

သူ့အသက် လူ့အသက်ကို ကာယကံမြောက် မသတ်ခဲ့ပါ။

သူတစ်ပါးသားမယား ကိုယ်ထိလက်ရောက် မစော်ကား မပြစ်မှား မကျူးလွန်ပါ။

သေရည်သေရက် လုံးဝမသောက်စားပါ။ ဤပညာတော်မြတ်ကြီးကိုလည်း မပြစ်မှားပါ။

ဤသစ္စာမှန်ကန်ပါက အထက်ဆရာတော်ဘုရားကြီးများ ကိုယ်တော်တိုင် ရေစင်ရေမန်းများ

ချီးမြှင့်၍ အင်းတိုက်၊ နတ်တိုက်၊ စုန်းတိုက်၊ ကဝေတိုက်၊ ဆရာတိုက် ရောဂါမှန်သမျှကို

ကုစားနိုင်သော ရေစင်ဖြစ်ပါစေသတည်း။ ပြစ်မှားတိုက်ခိုက်သူအားလည်း

တန်ပြန်အတိ ဖြစ်ပါစေသတည်း . . .



ပညာသည် ဆိုသူတွေပါ စုပြုံရောက်လာ အကဲခတ် ပညာစမ်းကြတာကိုး။

အဖေဆရာကြီးကလည်း နယ်စဉ်လေးရပ်လှည့်ပြီး အောက်လမ်းဆရာတွေ၊ စုန်း ကဝေ ပညာသည်တွေကို ပညာစမ်း၊ ပညာပြိုင်၊ ပညာဖလှယ်လာတဲ့သူဆိုတော့ . . .။

တစ်ချက် စိုက်ကြည့်လိုက်တာနဲ့ . . .။

ဘယ်သူ ဘာလဲ တန်းသိနေတာလေ။

ကျွန်တော်ကတော့ ပညာနုသေးတော့ မသိဘူးပေါ့။

အဖေကြီး ဆေးကုတာ ရှင်းတယ်ဗျ။ ဘာဆေးမှ မတိုက်ဘူး၊ မခွဲဘူး။ အထက်ဆရာတော် ဘုရားကြီးများထံမှာ ရေတော်စင်ချီးမြှင့်ဖို့ မေတ္တာရပ်တယ်၊ ရေစင်တော် တောင်းတယ်၊



ရတနာသုံးပါးကို တိုင်တည်တယ်၊

ကိုယ်နှိုက်ကလည်း ရတနာသုံးပါး၊ အနန္တော အနန္တငါးပါးနဲ့ စတုလောကပါလ နတ်မင်းကြီးတွေကို သက်သေပြုပြီး သစ္စာပြုတယ်၊

"သူ့အသက် လူ့အသက်ကို ကာယကံမြောက် မသတ်ခဲ့ပါ၊ သူတစ်ပါးသားမယား ကိုယ်ထိလက်ရောက် မစော်ကား၊ မပြစ်မှား၊ မကျူးလွန်ပါ။ သေရည်သေရက် လုံးဝမသောက်စားပါ။ ဤပညာတော်မြတ်ကြီးကိုလည်း မပြစ်မှားပါ။ ဤသစ္စာမှန်ကန်ပါက အထက်ဆရာတော်ဘုရားကြီးများ ကိုယ်တော်တိုင် ရေစင်ရေမန်းများချီးမြှင့်၍ အင်းတိုက်၊ နတ်တိုက်၊ စုန်းတိုက်၊ ကဝေတိုက်၊ ဆရာတိုက် ရောဂါမှန်သမျှကို ကုစားနိုင်သော ရေစင်ဖြစ်ပါစေသတည်း။ ပြစ်မှားတိုက်ခိုက်သူအားလည်း တန်ပြန်အတိ ဖြစ်ပါစေသတည်း။ တပည့်တော် သစ္စာ မမှန်မကန် ကျူးပေါက်ခဲ့ပါက၊ စည်းပေါက်ခဲ့ပါက ထိုင်ရာမထ သွေးပွက်ပွက်အန်ပြီး သေလွန်ပြီးနောက် မဟာအဝီစိငရဲ၌ ဖောက်ထိုးကျပါစေသတည်း။ နောင်ပွင့်တော်မူမည့် ဘုရားကို မဖူးမြော်ရသူ ဖြစ်ပါစေသတည်း။ ကုန်းသွား ကုန်းသေ၊ ရေသွား ရေသေ သေးဆိုးတို့ သင့်ပါစေသတည်း။

ကျွန်ုပ်ပြုသော သစ္စာမှန်ကန်ခဲ့ပါက အထက်ဆရာတော်ဘုရားကြီးများ ချီးမြှင့်တော်မူသော ဤသစ္စာရေစင်သည် ဆေးစွမ်းထက်၍ ရန်ဟူသမျှ အတိုက်ဟူသမျှကို ဖယ်ရှားအောင်မြင်သော ရေစင်ဖြစ်ပါစေသတည်း။

သစ္စာဆိုတာဗျာ . . .။

တစ်နည်း ကျိန်ဆိုလိုက်တာ . . .။

တိုင်တည်လိုက်တာ . . .။

သစ္စာပြုတယ်ဆိုတာ လိမ်ညာပြုလို့ မရဘူးခင်ဗျာ။

ကျိန်ရှယ်တာလည်း ညာကျိန် လိမ်ကျိန်လို့ မရဘူး။

သစ္စာစု၊ ကျမ်းစုးတာ ကျွန်တော် မြင်ဖူးတယ်၊ နောင်အခါကျမှ သီးသီးသန့်သန့် ရေးပြပါဦးမယ်၊

www.burmeseclassic.com

ကြည့်စမ်း . . .။

ပြောရင်၊ ရေးရင်၊ ယုံကြပါ့မလား မသိဘူး။

သစ္စာပြုပြီး ရေဖန်ခွက်ထဲကို လက်ညှိုးနှစ်ချောင်းနဲ့ မှုတ်လိုက်တယ်။ ပါးစပ်ကလည်း ဆရာတော်ဘုရားကြီးများ ရိုးမြင့်သည့် ဆေးဩသဓရေစင် ဖြစ်ပါစေလို့ ပြောပြီးနောက် . . .။

လူနာ (ပြုစားခံရတယ်လို့ ယုံကြည်တဲ့လူနာ) ရဲ့ မျက်လုံးထဲကို ရေစင် တစ်စက်စီ ခတ်လိုက်ရော . . .။

ငရုတ်သီးစပ်သလို တွန့်တွန့်လူးပြီး အော်ပါရောဗျာ။

သည့်နောက် - ဆေးကုသမားစဉ်အတိုင်း ပြောဆိုကုသ ထုတ်ပယ်နိုင်း ချိန်မှာပဲ . . .။

စုန်းဆို ထရပ်ပြီး တောက်လည်း ခေါက်ရဲ့။

ထဘီလည်း တိုတိုပြင်ဝတ်ပြီး လူအုပ်ကြားကနေ မိန်းမရွယ်နှစ်ယောက် ဒယီးဒယိုင်နဲ့ ဆင်းသွားတာကို မြင်လိုက်ရတယ်။

နောင်တော့ . . .။

သူတို့ အဖေဆရာကြီးကို လာကန်တော့ပြီး တောင်းပန်ကြလေရဲ့။ ဩော် - စုမှ သိရတယ်။

လက်စသတ်တော့ . . .။

သင်းတို့က ပယောဂအတိုက်နဲ့ ရွာသူရွာသားအချို့ကို ပြုစားတဲ့ စုန်း ကဝေမတွေ ဖြစ်နေတာကိုး။

နောင်အခါ အဖေဆရာကြီး သင်ကြားပြောပြလို့ စုန်းကဝေ ပညာသည် တို့ရဲ့ အမျိုးအစားနဲ့ ကြန်အင်လက္ခဏာတွေရယ်၊ သူတို့ရဲ့ အတတ်ပညာတွေ ရယ်ကို သဘောပေါက် နားလည်ခဲ့ရတယ်။

ကဝေမြောက်စုန်း . . .

အိမ့် တလိမ့်စုန်း . . .

အဲဒီမှာ . . .။



- ပညာကြိုင်ရင်း တပည့်ခံသွားတဲ့ ပညာသည်တွေထံက သိမ်းထားတဲ့
- တုတ်ကြိုး စားကြိုး သေနတ်ကြိုး အင်းလက်စွဲ တွေ၊ ခါးပတ်၊ စလွယ်တွေ၊
- ကိုးသချိုင်းမြေ သိမ်ဝင်သပိတ်တွဲ။
- တိုက်နွား ခံနွား တိုက်ပိတုန်း တိုက်မြွေ မြွေး၊ ဂဝံရုပ်၊ ဘီလူးရုပ်
- စသည် ဂမ္ဘီရ ပစ္စည်းတွေကလည်း တယ်များပဲကိုး . . .



မောက်လုံးစုန်း၊ မောက်ပြားစုန်း၊ ခေါင်းစုန်း၊ ခြေစုန်း စသည့် စုန်း၊ ကဝေ အမျိုးအစား မြောက်မြားစွာရှိမှုန်းကို ဗဟုသုတအဖြစ် သိခဲ့ရတယ်။ အမိက စုန်းမျိုး (၇) ပါးမှ နတ်ကဝေမြောက်စုန်းဆိုတာက လူရဲ့အသွေးအသားတောင် စားသတဲ့။ သွေးစုပ်သွေးခန်း ပြုစားတာမျိုးပေါ့။

ပြီး - ဇော်ဂနီမြောက်တဲ့ အိမ့်တလိမ့်စုန်းကလည်း အောက်နတ်တွေကို နိုင်းနိုင်သတဲ့။

ဆိုးတာက ကဝေဇော်ဂနီ နတ်ပဲတဲ့။

အိမ်တွင်း မင်းမဟာဂီရိနတ်ကိုတောင် သူက အမိန့်ပေးပြီး ကဝေစာ တွေ လွှတ်လို့ရဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com

နောက် - စာမျက်နှာမှာ ရှေးမြန်မာမင်းများ လက်ထက်တော်တုန်းက ဇော်ဂနီ ရေရှဒက်ခေတ်ပုံအကြောင်း ဇာတ်သုတအဖြစ် ရေးပြပါ့မယ်။

ကြိုတင်ပြီး မေတ္တာရပ်ခံပါရစေခင်ဗျာ ...။

ကျွန်တော်က ဖြစ်ရပ်ဆန်းကြယ်တွေအကြောင်း ရေးချင်တဲ့ စာရေးဆရာ ဖြစ်ချင်သူပါ။

ပယောဂကုဆရာ ...။

အောက်လမ်းဆရာ ...။

အထက်လမ်းဆရာ၊ ဗိုဟ်းဆရာဖြစ်ချင်သူ မဟုတ်ပါဘူး။ ဖြစ်ရပ်ဆန်းကြယ်၊ အံ့ဖွယ်အကြောင်းတွေ ရေးချင်တော့ သိချင်တာမှန်သမျှ ဆန်းကြယ်တာမှန်သမျှ အစုံလိုက်လေ့လာပါတယ်။

ဒီလိုနဲ့ ...

အောက်လမ်းဆရာ၊ အထက်လမ်းဆရာ၊ ဗိုဟ်းဆရာ၊ ဗိန္ဓောဆေးဆရာတွေနဲ့ ရင်းနှီးအောင် ပေါင်းသင်းပြီး လေ့လာမေးမြန်းတော့ ကိုယ်မသိတာတွေ အစုံသိရပါရောဗျာ။

အင်းတွေ၊ ဂါထာတွေ၊ မန္တန်တွေ၊ လက်ဖွဲ့တွေ၊ ဆေးတောင့်တွေ၊ ဂမ္ဘီရ အစီအရင်တွေ၊ ဂမ္ဘီရရုပ်တုတွေ၊ မှော်သွင်းနည်းတွေကလည်း မနည်းဘူးပဲကိုး။

အာဠာဝက မှော်သွင်းနည်း ...။

ပေါရိသာဒ မှော်သွင်းနည်း ...။

ဥပကာတစ္ဆေ မှော်သွင်းနည်း ...။

ဒက္ခ ယက္ခ မှော်သွင်းနည်း ...။

ဆီမီးမှော်သွင်းနည်း ...။

ဘီလူးလည်ပြတ် မှော်သွင်းနည်း ...။

အင်္ဂုလိမာလ မှော်သွင်းနည်း ...။

ဝိဇ္ဇာမယ မှော်သွင်းနည်း ...။



စမလေးလုံး ဘုရားမှော်သွင်းနည်း ...။ ရေးရင် ကုန်မှာမဟုတ်ဘူး၊ မှော်ပညာတွေက အများချည်းပဲ။

ပညာပြိုင်ရင်း တပည့်ခံသွားတဲ့ ပညာသည်တွေထံက သိမ်းထားတဲ့ တုတ်ပြီး ဓားပြီး သေနတ်ပြီး အင်းလက်ဖွဲ့တွေ၊ ခါးပတ်၊ စလွယ်တွေ၊ ကိုး သချိုင်းမြေ၊ သိမ်ဝင်သပိတ်ကွဲ။

တိုက်နွား၊ ခံနွား၊ တိုက်ပိတုန်း၊ တိုက်မြွေ၊ မြွေး၊ ဂဝံရုပ်၊ ဘီလူးရုပ် စသည် ဂမ္ဘီရ ပစ္စည်းတွေကလည်း တယ်များပဲကိုး။

=💀=

အချို့မယုံကြဘူး။ ဒီဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်တွေ၊ အစီအရင်တွေကြောင့် အကောင်းအဆိုး ဖြစ်သွားရတာတွေ ရှိတယ်။

မကြုံမမြင်ဘူးရင် လက်ခံမှာမဟုတ်ဘူး။

ကျွန်တော်ကတော့ အတော်အတန် ကိုယ်တွေ့အဖြစ်အပျက်တွေ ကြုံဖူး မြင်ဖူး ကြားဖူးတော့ လက်ခံလို့ရတာ လက်ခံတယ်။

အချို့ကိစ္စတွေ ကျွန်တော် အားမပေးချင်ဘူး။

အချို့ကိစ္စတွေ သင့်လျော်တာ ရှိတယ်။

အဓိကက လုပ်ကောင်းတာနဲ့ မလုပ်ကောင်းတာကို အသိတရားနှင့်ယှဉ်၊ ဆင်ခြင်စဉ်းစားပြီးမှ လုပ်သင့်တယ်လို့ မြင်တာပါပဲ။

ကျွန်တော်တို့ မျက်စိရှေ့မှောက်မှာပဲ အကျော်အစော ကြားရပြီးပြီ၊

မြို့မြေကိစ္စကြီးတစ်ခုအတွက် ဓာတ်ပုံရှင်ကို အင်းတွေ၊ အစီအရင်တွေနဲ့ စီရင်တိုက်ခိုက်တဲ့သတင်း။

အဲ့လိုလုပ်ရင် ရရောတဲ့လား။

ဟုတ်ကဲ့ - ရတာလည်း ရှိတယ်။ မရတာလည်း ရှိပါတယ်။

ရှင်းပြပါ့မယ် ...။



www.burmeseclassic.com

www.burmeseclassic.com

ရတနာသုံးပါး မြဲမြံတဲ့သူ၊ သရဏဂုံတည်နေတဲ့သူ၊ သမထ ဝိပဿနာ ကျင့်စဉ်တဲ့နေတဲ့သူ၊ စိတ်ကောင်းစိတ်မြတ်ရှိသူရဲ့ အကျိုးစီးပွားကို ပျက်စီး ဆုံးရှုံးအောင် ပယောဂ အစီအရင်အတိုက်၊ တစ်နည်း အောက်လမ်းပညာ သည် အစီအရင်အတိုက်နဲ့ တိုက်လို့ မလွယ်ပါဘူး။

တိုက်လို့ရတာက ...

ငါးပါးသီလလည်း မမြဲဘူး။ ရတနာသုံးပါးလည်း မယုံကြည်၊ မထေမဲ့မြင် လုပ်သူ၊ အကုသိုလ်လည်း များတဲ့သူ၊ မဟုတ်တာမှန်သမျှ အကုန်နီးပါး လုပ် သူ၊ ဝိသမလောဘသားတွေကိုတော့ အဲဒီလို ပယောဂအစီအရင် အောက် လမ်းနည်းနဲ့ ...။

အကျိုးစီးပွားပျက်အောင် ...

အသက်အန္တရာယ်ရှိအောင် ...

ရူးသွပ်ချောက်ချားအောင် လုပ်လို့ရနိုင်ပါတယ်။

ဒါတောင် - မြန်းစားချည်း လုပ်လို့မရသေးဘူး။

ကံနိမ့်ပိုင်းရောက်ချိန်ဖြစ်မှ စောစောက မလိုသူတို့စီရင်တဲ့ အတိုက်တွေ က ဝင်ရောက်ဒုက္ခပေးလို့ရတာရယ်။

ကံနိမ့်၊ ကံမြင့်ဆိုတာ ကိုယ့်ရဲ့ အကျင့်သီလ အပြုအမူပါပဲ၊ အကုသိုလ် အလုပ်တွေကို ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ အချိန်ရှိသမျှ လုပ်ကိုင်ကြံစည် နေရင် ကံနိမ့်မှာပါပဲ။

ကံနိမ့်ပြီဆိုရင်တော့ ...

မျက်စိရှေ့မှောက် ဖြစ်သွားတဲ့ ဇာတ်လမ်းလေး ပြောပြပါမယ်။

ပြီးရင် - ဇော်ဂနီ ရေရျတဲ့အကြောင်း ရေးပါ့မယ်။

ကံမနိုင်တဲ့ အချိန်မှာ ပယောဂဆိုတာ ဝင်နှောက်လို့ ရတာပါပဲ။ ဒီ အချက်ကို သိရှိနားလည်တဲ့ အောက်လမ်းဆရာနဲ့ တွေ့ရော၊ ဖြစ်ပျက်ခဲ့ရတဲ့ ဘဝပျက် ဘဝနာဇာတ်ကို ပြောရရင် ...

မခင်ကကြီးပေါ့။ နာမည်လွှဲရေးတာနော်။



မခင်ကကြီးက ရှင်းရှင်းပြောရရင် မိန်းမပိုင်းလုံး၊ ပိုက်ဆံရှိတဲ့ ယောကျ်ား ဆိုရင် အရမ်းချိုင်လှေ့ရှိတယ်။

ရုပ်ရည်ကတော့ မလှပါဘူးဗျာ။ သို့သော် - ကိုယ်လုံးကိုယ်ပေါက်က လုံး ကြီးပေါက်လှ။ စွဲမက်စရာကောင်းတဲ့ ခါးသေးရင်ချီ၊ တင်ပါးဆုံကားကား ပေါင်တံရှည်ရှည် တုတ်တုတ်ခဲခဲကြီး။

မုဆိုးမို တစ်ခုလပ်၊ နှစ်မယားကွာတွေဆို သိပ်ခိုက်ပဲ။

လင်တစ်ယောက်ကို ကြာရှည်မပေါင်းဘူး။ လွန်လှလေးငါးခြောက်လ ပဲ။ ငွေသုံးနိုင်တဲ့ ယောကျ်ားဆို လင်တော်ဖို့ ဝန်မလေးဘူး။

တစ်နေ့ - ပိုက်ဆံရှိပြီး ရုပ်လည်းချောင်တဲ့ လူကြီးတစ်ဦးကို မခင်ကကြီး သဘောကျနေတယ်။

ရင်းနှီးအောင် အမျိုးမျိုးပေါင်းလိုက်တော့ မခင်ကကြီးနဲ့ မငြိတငြိလေး ပေါ့ဗျာ။

မခင်ကကြီးက အပျော်မယား မလုပ်ဘူးဗျ။

တရားဝင် တရားရုံးမှာ လက်မှတ်ထိုးပြီး တရားဝင် လူသိရှင်ကြားပေါင်း တာ၊ ငွေကုန်တော့မှ အမျိုးမျိုး ရမည်ရှာပြီး တရားဝင်ကွာရှင်းတာ။ လင်လုပ် သူ မကောင်းလို့ ကွာရတာပါပေါ့။

ခက်တာက ယခု သူမ သဘောကျတဲ့ လူချမ်းသာက တရားဝင် မယား ကြီးနဲ့။

ကိုယ့်လူကလည်း မာယာရှင်ရဲ့ညို့ချက်မှာ ငြိနေပြီ၊ သို့သော် - မခင်က ကြီးက ကိုယ့်လူကို လက်ရှိမယားကြီးနဲ့ တရားဝင်ကွာလိုက်ပါ၊ နောက်နေ့ ကိုယ့်လူ သူမကို တရားဝင်လက်ထပ်။

ပြီး - ကိုယ့်လူ သဘောရှိတဲ့ ...။

ခက်တာက ကိုယ့်လူ ဘော့စ်တွေကလည်း မခင်ကကြီးရဲ့ နောက် ကြောင်းကို သိပ်မသိကြဘူး။

စွဲမက်ဖွယ်ရာ ခန္ဓာကိုယ် အသားဆိုင်ပေါ်မှာပဲ ရာဂစိတ်က နှစ်ဝင်စွဲမြဲနေ တော့ ခံရတာများတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်လူမျောလည်း ငယ်ပေါင်းမယားကြီးကို မစွန့်ပစ်ရက်ဘူး၊ သားနဲ့ သမီးလည်း ရှိနေသေးကိုး၊

ဒီသံသယရှေ့ကို မခင်ကကြီးက သိထားတယ်၊

လင်မယားကွဲအောင် လုပ်တဲ့နည်း သူမမှာရှိတယ်လေ၊ သူမမှာ လက်က သုံးတောင်ဝှေး အားကိုးရတဲ့ ဆရာကြီးရှိတယ်၊

ပယောဂကုတဲ့ ဆရာကြီးတဲ့၊

အမှန်က အောက်လမ်းဆရာကြီး၊

ထုံးစံအတိုင်း အောက်လမ်းဆရာကြီးကို ထိုက်ထိုက်တန်တန် ကန်တော့ပြီး လင်မယားကွဲအောင် လုပ်ပေးပါ၊ ပဟာဒီဓာတ်ပုံရှင် အမျိုးသားနဲ့ ကျွန်မနဲ့ တရားဝင် စွဲစွဲလမ်းလမ်း ညားအောင် လုပ်ပေးပါ၊ ပူဆာရတာပေါ့၊

အောက်လမ်းဆရာကြီးကလည်း တပည့်ရင်းဖြစ်နေတော့၊ ပြီး - အကြောင်းရင်းလည်း သိနေတော့ စီရင်ပေးလိုက်တယ်၊

(အောက်လမ်းဆရာကြီး စီရင်ပေးတဲ့ နည်းပိုင်းဆိုင်ရာတော့ ရှုရှာစက်ဆုပ်ဖွယ်ကောင်းလို့ ရေးမပြတော့ပါဘူး ခင်ဗျာ)

"ရော့ - ပဟာဒီ မြေမှုန့်ကို သူတို့လင်မယားအိပ်တဲ့ ဖျာအောက်မှာ ဖြူးနိုင်းလိုက်"

မခင်ကကြီးက ကိုယ့်လူကို အတိုက်အခိုက်ရှိတယ်၊ မလိုသူရှိတယ်လို့ ဗေဒင်ဆရာနဲ့ အကြားအမြင်ဆရာက ပြောတယ်၊ စသည် "ရွှေ" လိုက်တယ်၊

ပြီး - သူမရဲ့ဆရာထံလည်း ခေါ်သွားပြီး စစ်ဆေးစေတယ်၊

နောက်ဆုံး အသက်အန္တရာယ်ပါရှိတယ်လို့ "ခွင်" ထည့်ပြောလိုက်တော့၊ ကိုယ့်လူ ကြောင်သွားတာပေါ့၊ လန့်သွားတာပေါ့၊

သည့်နောက် ဆရာကြီးနှင့် ချစ်သူမယားငယ် ပြောတဲ့အတိုင်း အောက်လမ်းဆရာကြီးပေးတဲ့ မြေမှုန့်ကို သူတို့လင်မယားအိပ်တဲ့ မွေ့ရာအောက်မှာ ဖြူးပြီးအိပ်ကြရော...၊



ရက်ပိုင်းအတွင်း ငယ်လင်ငယ်မယား ကြည့်မရအောင် စကားများ အမုန်းကြီး မုန်းကြ၊ ရန်ဖြစ်ကြပြီး တရားဝင်ကွာရှင်းရတဲ့ အဖြစ်ကို ရောက်သွားခဲ့တယ်၊

လင်မယားကွဲတော့မှ မခင်ကကြီးနဲ့ သူဌေးတလေးတို့ ပျော်ရွှင်စွာ ညားကြ ပေါင်းကြတော့တယ်ဗျာ၊ စွမ်းလိုက်တဲ့ အစီအရင်ဗျာ၊

=☠=

တစ်နှစ်မတိုင်ခင်မှာပဲ...၊

သူဌေးတလေးပိုင် ရွှေ ငွေ၊ စိန်ရော၊ ခေါ်လာရော ပြောင်သွားပါရောဗျာ၊ မခင်ကကြီးက ကြေးကြီးကစားတဲ့ဖဲသမားလေဗျာ၊ ပြီး - အသုံးအဖြုန်းလည်း ကြီးတယ်လေ၊

ရှိန်းပိုင်းတောင်းရင် မနွလေး၊ မမြို့တောင် တက်ကစားတဲ့ ဖဲသမား ဉစ္စာ၊ ကြဲ့ပျော်မှ တကယ့်ကြဲ့ပျော်၊

နောက်ဆုံး - ပစ္စည်းဥစ္စာကုန်တော့ မခင်ကကြီးက ပြဿနာအမျိုးမျိုးရှာပြီး ကွာရှင်းပေးပါလို့ အရေးဆိုလာပါရော၊

စည်းစိမ်ပြောင် သူဌေးလေးလည်း သဘောပေါက် နောင်တရပါပြီဗျာ၊ ကွာရှင်းပေးလိုက်တယ်...၊

ကွာရှင်းပြီး မယားကြီးကို ခြေသလုံးဖက် တောင်းပန်ရှာတယ်၊ ငယ်ပေါင်းမယားကြီးပဲလေ၊ သားသမီးတွေလည်း ရှိသေးဥစ္စာ၊

သနားတရုဏာဖြစ်ပြီး ခွင့်လွှတ်လို့ ပြန်ပေါင်းရှာတယ်၊

ကိုယ့်လူလည်း နောင်တတွေရပြီး ကြိုးစားလုပ်ကိုင်လိုက်တာ နဂိုတလိုပဲ စီးပွားရေးပြန်တောင်းလာပြီး မိသားစုစိတ်ချမ်းသာတဲ့ဘဝကိုပြန်လည်ရရှိလာခဲ့တယ်၊

မခင်ကကြီးလား...၊



www.burmeseclassic.com

www.burmeseclassic.com

သူမကတော့ဇဗိုင်းမှာ ရဲဖမ်းမိသွားပြီး တစ်ဖွဲ့လုံး ထောင်ကျသွားတယ်။ ကံဆိုးချင်တော့ သူမရဲ့ပိုက်ဆံအိတ်ထဲကနေ မူးယစ်ဆေးပြား (စိတ်ကြွဆေး) ငါးပြားပါ တွေ့သွားလို့ ထောင်သက် ပိုရှည်သွားခဲ့တယ်။

နောက်တော့ ထောင်ထဲမှာပဲ စိတ်မကျန်းမာရေးပါဖြစ်လာပြီး ကွယ်လွန်သွားခဲ့ရတယ်။

ပြောချင်တာက ...။

အောက်လမ်းပညာရဲ့ အစွမ်းထက်ပုံပါ။

တစ်နည်း – စီရင်တဲ့ သူကိုယ်တိုင် စုန်းကဝေဖြစ်နေတယ်လေ။ ဖွင့်မပြောဘူး၊ ဆရာအနေမျိုးပဲ နေပြတယ်။

မကောင်းတဲ့အလုပ် မှန်ပေမယ့် ထိရောက်တဲ့ လျှို့ဝှက်ပညာစွမ်းကို သိစေချင်လို့ပါ။

သို့သော် ...

သေရင် အပါယ်လားရမှာ၊ စာချုပ်ပြီးသားပဲ။

=☠=

အချို့သော အရပ်ဒေသတွေမှာ စုန်းကဝေ ပညာသည်ရှိတဲ့နေရာ ရှိပါတယ်။ ပေါ်ပေါ်တင်တင်တော့ မလုပ်ရဲကြဘူး။ လူသိသွားရင် သေဖို့များလို့ပဲ။

ဟိုးရှေးမြန်မာမင်းများလက်ထက်တုန်းက စုန်းမရေရချတဲ့ အဖြစ်ပေးမှုမျိုးတို စီရင်ခဲ့ဖူးတဲ့အကြောင်း ...။

မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း စတုတ္ထတွဲမှ စာမျက်နှာ (၂၇၈)မှာ ရေးသားမှတ်တမ်းထားတာကို ပဟုသုတအဖြစ် ရေးပြပါရစေခင်ဗျာ။

မြန်မာမင်းများ လက်ထက်တော်တုန်းက ရွာတစ်ရွာမှာဖြစ်စေ၊ ရပ်ကြီး တစ်ရပ်မှာ ဖြစ်စေ ...။



စုန်းမ၊ ကဝေမ၊ ဖော်ဂနီဆိုတာမျိုး သိခဲ့ရင် ...။

ဒီစုန်းကဝေကြောင့်လည်း သူတစ်ပါး ဒုက္ခရောက်ကြောင်း သိသွားခဲ့ရင် အဲဒီစုန်းကဝေ၊ ဖော်ဂနီတေကို ရွာသူကြီး၊ မြို့သူကြီး၊ မင်းမိန့် စသည်တို့နဲ့ ရေချပြီး စီရင်ရတယ်။

ဒီနေရာမှာ ဖော်ဂနီ စုန်းအကြောင်း ပြောပြချင်ပါတယ်။

ဖော်ဂနီဆိုတာ ကဝေနတ်ကို ခေါ်ပါတယ်။

အိမ်မှာလိမ့်စုန်းမျိုးဟာ ဖော်ဂနီအဆင့်ကို ပြီးမြောက်စေနိုင်လို့ (ဖော်ဂနီမြောက်)လို့ ခေါ်ကြသတဲ့။ သူတို့က ဖမ်းစားရင် "ဘူး" သွင်းတယ်။

"ဘူး" သွင်းတဲ့ လက္ခဏာက ဘူးသွင်းခံရသူသည် သမ်းသမ်းဝေဝေ ရှိပြီး သွေးဆုတ်တတ်တယ်။ ခန္ဓာကိုယ်ထဲ "ဘူး" သွင်းခံရရင် အသွင်းခံရသူဟာ ဂနာမငြိမ်ဖြစ်ပြီး ရယ်လိုက် ငိုလိုက်ဖြစ်လာရော။

အစားလည်း မစားချင်တော့ဘူး။

လက်ဝဲဘက် နံစောင်းမှာ အပင်းသွင်းခံရသလို အောင့်ပြီး အော်ရတယ်။ ပြီး – ချမ်းတုန်အော့အန်မယ်။ အဆင်းလှသူဆို မကြာချက်ချင်း ရုပ်ပြောင်း ရုပ်ဆိုး ဖြစ်သွားရော။

ဖော်ဂနီစုန်းက အဲလို "ဘူး" သွင်းတတ်တဲ့အပြင်၊

ဆေးကုနေတဲ့ ဆေးသမားရှိရာကို လူမမာသတင်း မေးမလို ရောက်လာပြီး ဆေးအကြောင်းပညာစမ်းသလို ဆေးဆရာကိုမေးပြီး စကားပက်လို့ ဆေးသိဒ္ဓိကို ပျက်ပြယ်စေသတဲ့ခင်ဗျ။

ဆေးဆရာ ဆေးကုလို့ မရအောင်လည်း ပြုစားနိုင်တာကိုး။

အိမ်တွင်း မင်းမဟာဂီရိနတ်ကိုတောင် အမိန့်ပေးဖစနိုင်းလို့ရတယ်လို့ (ဗေဒာသာရအာ့ မဏ္ဍူကျမ်း)မှာ ဖော်ပြပါတယ်။

တိုတိုရေးရရင် ...။

ရှေးမြန်မာမင်းများ ရွှေလက်တော်မှာ စုန်းကဝေ(ဖော်ဂနီ) မှန်းသိရင် အာဏာစက်နဲ့ဖမ်းပြီး (၇)လံနက်တဲ့ ရေမှာချပြီး ဖြစ်ဒဏ်စီရင် ရသတဲ့၊



www.burmeseclassic.com

www.burmeseclassic.com

ဆန်းတာတော့ အလွန်ထူးဆန်းတယ် ခင်ဗျ။

ဇော်ဂနီ ရေရှုရင် မြစ်ထဲမှာ ရှုရတယ်တဲ့။

ဘယ်လို ရေရှုသလဲဆိုတာကို မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းမှာ ပါဠိလို မြန်မာလိုရေးထားလို့ စာဖတ်သူများ အလွယ်နားလည်ရအောင် မြန်မာ စကားပြောနဲ့ ကြိုးစားဖော်ပြပါ့မယ်၊

ဇော်ဂနီ၊ စုန်းကဝေ၊ နတ်ကဝေကို ရေရှုဖို့အတွက်၊

ဦးစွာ တံရှူးဝါးကို ဝါးခြမ်း (၇) ချောင်းရအောင် ခွဲစိပ်ရတယ်၊ တံရှူးဝါး ဆိုတာ သုသာန်၊ သချိုင်းမှာ မီးသဂြိုဟ်ရင် လူသေကောင်ကို ထိုးလှန်ဖိတဲ့ ဝါးစုးကို ခေါ်တာပါ။

အဲဒီ တံရှူးဝါး (တံစုးဝါး) ဝါးခြမ်း (၇) ချောင်း အကွက်ယက် အောက် မှာ ဇီးသား(ဆီးသား) နှစ်ချောင်း လက်ကိုင်လို့ရအောင် အရှည်စံပြီး ကြိုးနဲ့ ချည်ရပါမယ်၊

ပြီး - ရေလုံအိုးကြီးကိုယူ ...။

အိုးထဲမှာ အိမ် (၇) အိမ်မှာ နေထိုင်ကြတဲ့ အိမ်သားတွေရဲ့ ကျင်ငယ်ရေ နဲ့ ရက်တက်ပုန်းရည်တို့ကို ရေလုံအိုးကြီးထဲမှာ ထည့်ထား။

ပြီး - တံစုးဝါးနဲ့ လေးကြီးတစ်စင်းကို လုပ်ရမယ်၊ အခြားဝါးနဲ့ မလုပ်ရ ဘူး။ ပြီးရင် - မြား (၇) စင်းလုပ်ရမယ်၊ မြားတလည်း တံစုးဝါးနဲ့ပဲ လုပ်ရ တယ်၊

တံစုးမြားတံ မြားရွက်ကို လင်းတငှက်ရဲ့ အတောင် (၇) တောင်နဲ့ မြား ရွက် လုပ်ရတယ်၊

ပန်းက (၇) မျိုး၊ ဆေးက (၇) မျိုး၊ သီးသန့်စုပုံထား၊ စုံရင် - ဆေး၊ ပန်း၊ လေး မြား၊ လင်းတအတောင်တို့ကို ရောထားပြီး (၇) မျိုး (၇) ပုံ အစုပြုရတယ်၊

အဲဒါတွေရရင် ...

ဇော်ဂနီစုန်းမကို ထဘီအဖြူဝတ်ပေးပြီး ...။

ဦးခေါင်းက ဆံပင်ကို ဆံထုံး (၇) ထုံးလုပ်ပေး၊



အဲဒီ ဆံထုံး (၇) ထုံးထဲကို တံစုးမြားတစ်ချောင်းစီ ထိုးသွင်း၊ ပြီးရင် - စုန်းမရဲ့ လက်မနှစ်ချောင်း၊ ခြေမနှစ်ချောင်း သမန်းကြိုးနဲ့ ပူးချည်၊ စုန်းမရဲ့ ခါးမှာလည်း သမန်းကြိုးနဲ့ ချည်၊

ဆွဲကြိုးကျတော့ ...။

ခုနစ်လံရှည်ကြိုးကို အထုံး (၇) ထုံး ထုံးပြီး လည်ပင်းမှာချည်လို့ မြစ်ဆိပ် ရေဆိပ်ကို ဆွဲခေါ်သွားရတယ်၊

မြစ်ဆိပ်ရောက်ရင် အပိုင်အဆိုင်အားလုံးကို ရေးထုံးစံနှင့် ပူဇော်ပြီး စီရင် ရတဲ့အကြောင်းကို တိုင်တည်ရတယ်၊

မြစ်ရေထဲမှာ လှေနှစ်စင်းကို တွဲချည်ထား။

လှေရဲ့အထက်မှာ တံစုးဝါး ကပ်ကိုတင်။

အဲဒီ တံစုးဝါးကပ်ပေါ်မှာမှ ဇော်ဂနီ အမည်ရှိ စုန်းမကို ထိုင်နေစေရ တယ်၊

သည့်နောက် လက်နှစ်ဖက်၊ ခြေနှစ်ဖက်ကို တစ်ဖေါင်းတည်း ကြိုးနဲ့ တုပ်ချည်ထားရတယ်၊ ချည်ရင်လည်း ခိုင်အောင်ချည်ရတယ်၊

ချည်ပြီးရင် ...

မြားပစ်မည့် လေးသမားတွေက မြားတွေကိုကိုင်ပြီး ဇော်ဂနီစုန်းမကိုပါ ဆဲရေးတိုင်းထွာပြောဆို ကြိမ်းဝါးရတယ်၊ ပြီးတာနဲ့ -

မြားတစ်စင်းကို မိုးကောင်းကင်ရှိရာ ပစ်လွှတ်ရတယ်၊

နောက်မြားတစ်စင်းကို မြေကြီးထဲ ပစ်တယ်၊

နောက်မြားတစ်စင်းကို ရေဆိပ်ရှိရာ ပစ်လွှတ်၊

ကျန်တဲ့မြားလေးစင်းကို အရှေ့အနောက်၊ တောင်မြောက်၊ အရပ်လေး မျက်နှာကို ချိန်ရွယ်ပြီး ပစ်လွှတ်ရတယ်၊

မြားရွေးပစ်ပြီးရင် ...

ဇော်ဂနီစုန်းမကို အိုးထဲက မစင်ရေနဲ့ ခေါင်းကနေ လောင်းပြီးရင် စုန်းမ ဆင်လှေတို့ ဖောက်တွဲအက်စေပြီး ရေနက်ထဲကို စုန်းမနဲ့အတူ ပစ်ချလိုက်ရ တယ်။



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ရေထဲမှာ လေ့ရော၊ စုန်းမရော စုန်းစုန်းမြုပ်သွားရင် ကိစ္စပြီး သွားပြီ။ သို့ကလို မဟုတ်ပါဘဲ လှေ့ကွဲလှေ့ပေါက်လည်း မမြုပ်၊ လှေရော၊ စုန်းမရော ရေပေါ်မှာ ပေါ်နေရင် ...

သို့မဟုတ် ...

ကြိုးနှောင်တည်းထားတဲ့ ဇော်ဂနီစုန်းမ ရေပေါ်မှာ ပေါ်နေရင် သူ့ကို ရွာထဲ ရပ်ထဲမှာ မနေစေရဘူး။

ရွာထဲကနေ နှင်လွှတ်ရတယ် ...

ခေတ်စကားနဲ့ပြောရင် နယ်နှင်ဒဏ်ပေးတာပေါ့။

ဒါက ဇော်ဂနီစုန်းမကို ရေချစီရင်တဲ့ ရှေးထုံးစံ နည်းတစ်နည်းပါ။

နောက်ထပ် စုန်းရေချတဲ့ နည်းတစ်နည်းကတော့ ...။

စောစောကလို မြားပစ်၊ မစင်ရေလောင်းပြီးရင် လှေကို ပေါက်အက် ကွဲစေ ပြီး စုန်းမကို ရေချရတယ်။

ရေချရင် စုန်းမရဲ့ ခါးကို သမန်းကြိုးခုနစ်ထုံး ချည်ကြိုးနှင့် ချည်ပြီး (၇) တောင် အနက်ရှိတဲ့ ရေမှာချရတယ်။

ကဝေစုန်းစစ်မှန်လျှင် ရေမှာ လုံးဝမနစ်ဘူးတဲ့။

အိမ့်တလိမ့်စုန်းနဲ့ နစ်ပါးဇက် ဇော်ဂနီကျတော့ ခါးကြိုးနှစ်ထုံးနစ်သတဲ့။ ကြိုးထုံးငါးထုံးကျန်သတဲ့ ...။

အဲဒီမှာ မှော်ကဝေစုန်းမှန်းသိပြီဆိုတော့ ...

မှော်ကဝေစုန်းက မြစ်ခြားရာ အရပ်မှာ ဖမ်းစားပြုစားနိုင်တာကြောင့် မင်းမိန့်နဲ့ ရပ်ဝေးကို နှင်ပစ်ရတယ်။

ကျန်တဲ့ စုန်းတွေကတော့ သိပ်အစွမ်းအစမရှိဘူး၊ ရပ်ရွာထဲမှာ အ နေထိုင်သည့်တိုင် အနီးရှိ (၇)အိမ်ကိုပဲ ဖမ်းစားပြုစားနိုင်တယ်။

ဒီလို စုန်းမျိုးကိုတော့ မြစ်ကူးချောင်းများ အဝေးအရပ်ကို နယ်နှင် တယ်တဲ့။



စုန်းကဝေ ပညာသည်တွေ ဟိုးရှေးရှေးက ရှိခဲ့ဖူးတယ်။ အဲဒီလို ကဝေ ပညာတွေ၊ အောက်လမ်းဝိဇ္ဇာရ လျှို့ဝှက်ဆန်းကြယ် ပညာရှင်တွေ အချို့နေရာ မှာ ရှိနေတုန်းပါပဲ။

ကောင်းသော ကံကိုပြုရင် ...

ကောင်းကံ အကျိုးကို ခံစားရမှာပါ ...

မကောင်းကံကို ပြုခဲ့ရင်တော့ ...

မကောင်းကံရဲ့ ဆိုးကျိုးကို ခံစားရမှာသာမက သေသည်ရဲ့အခြားမဲ့၌ အပါယ်ဘုံကိုသော်လည်းကောင်း၊ ငရဲဘုံသို့လည်းကောင်း သွားကြခံကြရ ဦးမှာပါပဲ။

ကျွန်တော်တို့ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးကို အားကိုးပြု ၍ သရဏဂုံတည်ပြီး ကောင်းသောကံကို ပြုနေသမျှ ကာလပတ်လုံး ...။


အတိတ်ကံ ဝဋ်ကြွေးကို ဆပ်ရသည်မှလွဲ၍ ကျန်ရှိသည့် အချိန်များမှာ ကံကောင်းခြင်း၏ အကျိုးကို ခံစားရပြီး သမ္မာဒိဋ္ဌိ လမ်းပေါ်မှ လူများဖြစ်အောင် ကြိုးစားသွားရဦးမည် ဖြစ်ပါကြောင်း ...။

●● မောင်ညီမှိုင်း (သန်လျင်) ●●

ကျမ်းကိုး

- မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း စတုတ္ထပိုင်း၊
- မဟာသရေဘူ မဥ္စူကိုးတောင်တွဲ။

www.burmeseclassic.com




မင်းရွှေသိန်း (ဖင်းကျိုက်)

# တစ္ဆေနေ၏ တစ်ညတာဘဝ

ဤလူ့ဘုံလောက၌ တစ္ဆေသရဲ အမှန်တကယ်ရှိသည်၊ မရှိသည်ကို ကျွန်တော် တပ်အပ်သေချာစွာ ပြောနိုင်မည်မဟုတ်ပါ။ ကိုယ်တိုင် တွေ့ကြုံဖူး၊ ကြုံဖူးခြင်း မရှိသလို ခြောက်လှန့်ခြင်းမျိုးကိုလည်း တစ်ကြိမ်တစ်ခါမျှ ခံခဲ့ရဖူးသေးခြင်းမရှိပေ။ သို့သော် - ပါဠိဝေါဟာရကျမ်း၌ တစ္ဆေနမှ ဆွေ့လျော၍တစ္ဆေဟု ခေါ်တွင်ခဲ့ကြရာမှ အဓိပ္ပာယ်သည် ခြောက်လှန့်တတ်ခြင်းဟု ဆိုထားပြန်သဖြင့် ကျွန်တော့်အနေနှင့် အတွေးပွားစရာလို ဖြစ်နေသည်မှာ ကြာလှပေပြီ။

ဤအတိုင်းဆိုလျှင် တစ္ဆေ၏ အလုပ်သည် ခြောက်လှန့်တတ်သည်မှ လွဲ၍ အခြားမည်သို့သော ပြဿနာမျိုးမှ ရှိလိမ့်မည်မထင်ပေ၊ ကြောက်လန့်တတ်သူများအတွက် ပြဿနာဟု ဆိုနိုင်သော်လည်း ကြောက်ရွံ့စိတ်ကင်းသူများအတွက် အရေးမပါသောကိစ္စသာ ဖြစ်မည်မှာ သေချာလျက်ရှိပါသည်။ ကျွန်တော် ငယ်စဉ်က အဖေပြောဖူးခဲ့သော တစ္ဆေနှင့်ပတ်သက်သည့် အဓိပ္ပာယ်တစ်မျိုး ရှိပါသေးသည်။

www.burmeseclassic.com

"တစ္ဆေ သရဲ နာနာဘာဝတွေဆိုတာ ရုပ်မရှိတဲ့နာမ်တွေပါကွာ၊ နာမ်ဆိုတာ အကောင်အထည်ရှိတာမှ မဟုတ်တာ၊ တို့လူတွေကို ကိုယ်ထိလက်ရောက် ဘာမှမလုပ်နိုင်ဘူး၊ ဘာ ကြောက်စရာလိုမှာလဲကွာ၊ အေး - တကယ်ကြောက်ရမှာက ရုပ်ရော၊ နာမ်ပါရှိတဲ့ လူတွေပဲပေါ့၊ အချိန်မရွေး ကိုယ်ထိလက်ရောက် အန္တရာယ်ပေးနိုင်တာ လူပဲကွ"

မည်သို့ပင်ဆိုစေ - ကျွန်တော်၏စိတ်ထဲတွင် မည်သည့်အခါကမှ ဥပါဒါန်မထားခဲ့ဘူးသော တစ္ဆေသရဲနှင့် ဆက်နွယ်လျက်ရှိသည်ဟု ဆိုရမည်ဖြစ်သော ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကိုမူ အမြဲတစေ အံ့ဩစွာ အမှတ်ရနေသည်မှာ ဆန်းလှသည်ဟုတော့ မဆိုနိုင်ပေ၊ အဘယ်ကြောင့်ဆိုသော် ၎င်းဖြစ်ရပ်သည် တစ္ဆေသရဲက မိမိအား ခြောက်လှန့်ခြင်းမျိုးမဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင်ကပင် အရှင်လတ်လတ် တစ္ဆေတစ်ကောင် ဖြစ်ခဲ့ခြင်းကြောင့်ဟုသာ ဆိုရပေတော့မည်၊

=☻=

ကျွန်တော်သည် ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသော်လည်း ကိုယ့်မွေးရပ်မြေဖြစ်သော ဂဠုဂိရိရွာသို့မူ တန်ခူးလဘုရားပွဲတော်ချိန်နီးတိုင်း မဖြစ်မနေနှစ်စဉ် သွားရောက်လည်ပတ်လေ့ရှိပါသည်၊ ရွာသို့ရောက်လျှင် ရေဖော်ရေဖက်ဖြစ်သော စာရေးဆရာ ငှက်တောင်ပျံ (ဖင်းကျိုက်) အိမ်၌သာ တည်းခိုပြီး မိတ်ဆွေပန်းချီမင်းကျော်နှင့်ပါ တွဲဖက်လျက် သုံးယောက်သား လှူသူရှင်းရာ "ကိုတာတေ" ၏ အရက်ပုန်းဆိုင်တွင် ညနေတိုင်း အပန်းဖြေသောက်စားလေ့ ရှိကြပါသည်၊

ဂဠုဂိရိကဲ့သို့ ကျေးလက်တောရွာတွင် စာရေးဆရာ၊ ပန်းချီဆရာဆိုသူများကို အထင်ကြီးလေးစားကြခြင်းဖြစ်၍ အရက်သေစာသောက်စားရင်း တပေအနုပညာအကြောင်းများ ပြောကြမည်ဆိုလျှင် ရွာထဲ၌ရှိသော လူမြင်သူမြင် အရက်ဆိုင်၊ ဘီယာဆိုင်များတွင်ထိုင်၍ မည်သို့မျှ မသင့်တော်



သဖြင့် ရွာနှင့် တစ်မိုင်ခွဲခန့်ဝေးသော လှည်းလမ်းဆုံရှိရာ ကိုတာတေ၏ အရက်ပုန်းဆိုင်ကလေးကိုသာ ရွေးချယ်ခဲ့ကြခြင်းလည်း ဖြစ်ပါသည်၊ ကိုတာတေ၏ အရက်ပုန်းဆိုင်တွင် ဈေးနှုန်းကြီးသော ပြည်တွင်းဖြစ် နိုင်ငံခြား အရက်လုံးဝမရောင်းဘဲ စပါးတိုက်၊ ထန်းတိုက်သော လှည်းသမားများ ဈေးပေါပေါနှင့် သောက်သုံးနိုင်မည့် ထန်းလျက်နှင့် ကောက်ညှင်းချက်သော အရက်ဖြူတစ်မျိုးတည်းသာ ရောင်းခြင်းဖြစ်၍ ဓာတုဗေဒဆေးဝါး ရှောင်ကြဉ်ကြသည့် ကျွန်တော်တို့နှင့် အဆင်ပြေလျက်ရှိပါသည်၊ အရက်နှင့် မြည်းရန်မှာလည်း မရန်းသီးဆားစိမ်၊ မြေပဲလှော်တို့ကိုပါ ပေါပေါလောလော ရပါသေးသည်၊

ယခုနှစ်တွင်လည်း ဂဠုဂိရိဆံတော်ရှင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်အပီ တန်ခူးလဆန်း (၇)ရက်နေ့တွင် ကျွန်တော် ရွာသို့ရောက်သွားရသည်၊ ထုံးစံအတိုင်းပင် ရောက်သည့်ညနေမှာပင် ရေမိုးချိုး အဝတ်အစားလဲပြီးသည်နှင့် ဆရာငှက်တောင်ပျံ (ဖင်းကျိုက်) ၏ စက်ဘီးဖြင့် နှစ်ယောက်သား ထွက်လာကာ ပန်းချီမင်းကျော်ကိုပါ ဝင်ခေါ်ကြရာ အဆင်သင့်စောင့်နေသော ပန်းချီမင်းကျော်လည်း ရုက်ချင်းစက်ဘီးစီး၍ ကျွန်တော်တို့နှင့် ထက်ကြပ်မကွာ လိုက်လာခဲ့ပါသည်၊ သူတို့က ခြည့်သည်ကဲ့သို့ ဖြစ်နေသော ကျွန်တော့်အား မြူဆွယ်ချင်သည်ဆိုကာ ဘုရားပွဲတော်ဝင်းထဲ၌ ယနေ့မှစဖွင့်သော အောင်ထိန်ဆန်းခေါက်ဆွဲနိုင်ထိုင်ရန် ဖိတ်ခေါ်ကြသော်လည်း ကျွန်တော် ဖွတ်ငြင်းပယ်လိုက်သဖြင့် ကိုတာတေ၏ အရက်ပုန်းဆိုင်သို့သာ ဦးတည်ဖြစ်သွားကြပါသည်၊

ဘုရားပွဲဝင်း မျက်နှာစာဖြစ်သော မြေသဲ့နစ်ကောင်မှစ်ဝရေ့ဖြတ်ချိန်တွင် ဆိုင်ခန်းအများစုက ခင်းကျင်းနေကြသလို ဆိုင်ခန်းအချို့က ဆောက်လုပ်ဆဲ၊ ကျွန်တော်တို့သုံးယောက်သည် သချိုင်းဘေးမြေလမ်းအတိုင်း စက်ဘီးစီးလာ၍ မကာသဲစမ်းကူးတံတားလွန်သည်နှင့် ကိုတာတေဆိုင်သို့ ရောက်ကြသည်၊ ညနေ (၅)နာရီကျော် နေဝင်စအချိန်ဖြစ်သောကြောင့် စပါးတိုက်၊ ထန်းတိုက်လှည်းများ မရှိတော့ဘဲ ကိုတာတေ၏ ဖက်မိုးတဲ၌ပုံသူ



www.burmeseclassic.com

www.burmeseclassic.com

ရှုံးလျက်ရှိသည်ကို သတိထားမိသည်၊ လူသူရှင်းချိန်ကို တမင်ရွေး၍လာခဲ့သော ကျွန်တော်တို့စိတ်ကြိုက်အနေအထားဖြစ်ရာ ဘူးစင်အောက်မှ ဖါးကွပ်ပျစ်ပေါ်နေရာယူကြပြီးသည်ဆိုလျှင်ပင် အလိုက်သိသော ကိုတာတေ မိန်းမတလည်း အရက်ပုလင်း၊ ရေအိုးတစ်အိုးအပြင် ဖန်ခွက်များ၊ အမြည်းပန်းကန်များ လာချပေးသည်မှာ မြန်မှမြန်၊ ထူးထူးခြားခြား သင်္ဘောကြွက်ချေးအစ်ကိုပါ အနားတွင် ချထားပေးပါသေးသည်၊ တောနေသူများ၏ ညှို့ဝတ်ပြုမှုတွင် ကွမ်းအစ်သည် အဓိကလို ပါဝင်နေသေးသည် မဟုတ်ပါလား၊

တန်ခူးလ၏ အပူရှိန် မည်မျှပင် ပြင်းထန်သည်ဟုဆိုပါစေ၊ ဂန္ဓကိရိတောင်ရိပ်နှင့် ဥယျာဉ်ကြီးများသာ မိန်းပိတ်မှောင်လျက်ရှိသော ကိုတာတေ၏ အိမ်ဆိုင်ကလေးသည် အနောက်လေတဟူးဟူးနှင့် အေးစိမ့်နေခြင်းဖြစ်၍ နေသာထိုင်သာ ရှိလှပါသည်၊ ကျေးလက်နေ စာရေးဆရာနှင့် ပန်းချီဆရာနှစ်ယောက်တို့၏ အထူးသိချင်ကြသော ယနေ့ ရန်ကုန်မြို့၏ စာပေအနုပညာအခြေအနေ၊ ဈေးကွက်အကြောင်းအရာများ ကျွန်တော် သိသမျှ ပြောပြရင်း သူတို့ကလည်း ဖတ်ရှုထားသော စာအုပ်များထဲမှ ဘဝင်ကျခြင်း၊ မကျခြင်းတို့စွများကို ဆွေးနွေးကြရာက အရက်နှစ်ပုလင်းကုန်ချိန်တွင် အသံများ ပို၍ဆူညံလာကြသည်မှာ အမူးစံချိန်သို့ ရောက်ရှိသည့် လက္ခဏာပင်ဖြစ်ပါသည်၊ ညဦးအမှောင်ကလည်း နက်ရှိုင်းလာပြီးဖြစ်ရာ ရွာခံဆရာနှစ်ယောက်၏ အမူးဒီဂရီ မည်မျှရှိကြပြီးဆိုသည်ကို မခန့်မှန်းနိုင်သော်လည်း ကျွန်တော်တမူ အသက်အရွယ်ကလည်း ကြီးပြီဖြစ်သည့်အပြင် မှန်လုံကားပေါ် တစ်နေကုန် မွန်းကြပ်စွာ စီးလာရသူဖြစ်သဖြင့် ဘူးစင်တိုင်မှီလျက်သား ငိုက်ချင်သလိုနှင့် မျက်လုံးများ စင်းလာပါတော့သည်၊

"ဟာ – ဆရာပေ၊ ဒီတစ်ခေါက် တယ်ပျော့ပါလားဗျ၊ နောက်ထပ်တစ်လုံးကုန်ရင် ဘုရားပွဲဝင်းထဲ သွားစားသောက်ပြီးမှ အိမ်ပြန်အိပ်ကြတာပေါ့၊ ဗျို့– ကိုတာတေ တစ်လုံးထပ်ပေးဦးဗျာ"

အရက်သောက်ရာတွင် လောဘကြီးလှေ့ရှိသော ဆရာငှက်တောင်၏ လှမ်းမှာလိုက်သည်နှင့် ကိုတာတေသည် အရက်ပုလင်းနှင့်အတူ သူတို့



လင်မယား စားသောက်ပြီး၍ ကျန်နေသော ငါးကလေးအိုးကပ်ဟင်းကိုပါ ဒယ်အိုးမည်းမည်းအတိုင်း ဗိုင်းအလယ်သို့ ချပေးရင်းမှ နီဂုံးချုပ်စကားပါ ပြောလာပါသေးသည်၊

"ညဉ့်နက်လို့ ဆယ်နာရီတောင် ကျော်ပြီဟ၊ ငါ့မိန်းမလည်း အိပ်နေပြီကွာ၊ ငါလည်းမနက်စောစောထပြီး မြို့ဘက်မှာ အရက်သွားယူရဦးမှာဆိုတော့ အိပ်မှဖြစ်တော့မယ် ကြားလား၊ မင်းတို့ သောက်ပြီးပြန်ရင် ဒီအတိုင်းထားရစ်ခဲ့ကြကွာ၊ မိုးလင်းမှ ငါ့မိန်းမ ရှင်းလိမ့်မယ်"

ဆရာနှစ်ယောက်၏မရမက တိုက်တွန်းနေသည့်ကြားတွင် နောက်ထပ်ရောက်လာသော အရက်တစ်ခွက်ကောက်မော့လိုက်ပြီးသည်နှင့် ငိုက်မြည်းပင်ပန်းသောဒဏ်ကို မခံနိုင်တော့ဟန်တူသည်၊ ကျွန်တော်၏ ခေါင်းသည် တဖြည်းဖြည်း စိုက်ကျလာရာက ဘေးစောင်းအနေအထားအတိုင်း သင်္ဘောကွမ်းအစ်ပေါ်သို့ ဝုန်းခနဲ၊ ဆေးတံခဲလျက်နှင့် တဟဲဟဲ ရယ်မောနေသော ပန်းချီမင်းကျော်၏ မျက်နှာ၊ ဒယ်အိုးမည်းမည်းထဲမှ အိုးကပ်ဟင်းကို ချိုးပါမကျန် လက်ညှိုးဖြင့် ကုတ်ကပ်ကလော်နေသော ဆရာငှက်တောင်ပျံ၏ တော်ကြီးကျဟန်၊ တစ်ခုနှင့်တစ်ခု ဆက်စပ်ရန်ပင် မလွယ်တော့သည့် မှုန်ဝါးဝါး မြင်ကွင်း၊၊

ခံနိုင်ရည်ထက် ပိုစွာသောက်ထားသော အရက်ရှိန်က ကျွန် တော့်အား ကောင်းကောင်းကြီး ရှော့သိပ်လိုက်ပြီး ဖြစ်ပေမည်၊ လောကကြီးတစ်ခုလုံး ကျွန်တော်နှင့်မသက်ဆိုင်တော့သလို မှောင်မိုက်တိတ်ဆိတ် သွားပါတော့သည်၊

=☠=

အချိန်မည်မျှကြာသည်အထိ ကျွန်တော် အိပ်ပျော်သွားသည်မသိ၊ ခဏတရက် စိတ်နှင့်ကိုယ် တစ်ထပ်တည်းကျကာ နိုးလာချိန်တွင် ဦးစွာခံစား ရလျက်ရှိသည်မှာ အာခေါင်များခြောက်၍ ရေငတ်ခြင်းပင်၊ အနားနှင့်ရှိသော



www.burmeseclassic.com

www.burmeseclassic.com

ရေအိုးထဲမှ အငမ်းမရ ခပ်သောက်လိုက်သည်မှာလည်း သုံးလေးခွက်။ ဗိုက်ထဲအနည်ထိုင်လျက်ရှိသော အရက်နှင့်ရေတို့ ရောသမမွှေလိုက်သည် ဆိုလျှင်ပင် အမူးဒီဂရီက မူလနီးပါး တက်လာပြန်သည်။ ယခုမှ အဖော်ဆရာနှစ်ယောက်ကို သတိရလာသဖြင့် အနီးအနားရှာကြည့်ရာ အရိပ်အယောင်ပင် မတွေ့ရချေ။ တဲရှေ့သို့ ကြည့်လိုက်ပြန်တော့လည်း စက်ဘီးနှစ်စီးလုံး မရှိတော့။

လရောင် ပြောက်တိပြောက်ကျား လင်းလျက်ရှိသော ကွပ်ပျစ်တစ်လျှောက် ရိပ်ဝေနေသော မြင်ကွင်းအောက်တွင် မှောက်နံ့ပက်လက် ဖရိုဖရဲနှင့် ကွမ်းအစ်အစိတ်အပိုင်းတချို့ ဟင်းအနံ့သာ ကျန်တော့သည့် ဒယ်အိုးခြမ်းမည်းက ထောင့်တစ်ထောင့်၌ မှောက်လျက်သား။ ထို့ပြင် လဲနေသောပုလင်းနှင့် ပန်းကန်ပြားဘေးတွင် ထောင်လျက်သား ပုလင်းတစ်လုံး တွေ့သည်နှင့် လှမ်းယူကြည့်လိုက်ရာ အရက်က ပုလင်းတစ်ဝက် ရှိပါသေးသည်။

"ဦးပေတုံးကြီး – နီးပြီလား။ ဟိုနှစ်ယောက်က သူ အိပ်ပါစေ မနိုးနဲ့လို့ ကျုပ်ကို မှာသွားတယ်ဗျ။ ဘုရားပွဲဝင်းမှာ စားစရာဝယ်ဖို့ စက်ဘီးနဲ့ ထွက်သွားကြတာ အတော်ကြာပြီဟာ၊ ခုချိန်ထိ ပြန်မရောက်သေးဘူး။ အိပ်ရေးဝအောင်သာ ပြန်အိပ်လိုက်ပါ ဦးပေတုံးကြီးရေ"

ကျွန်တော်၏ လှုပ်လှုပ်ရှားရှား အသံကြောင့် ကိုတာတေ နိုးလာဟန်တူသည်။ ဝါးထရံတံခါး ပိတ်ထားသည့်အထဲမှ အိပ်ချင်မူးတူးအသံဖြင့် လှမ်းပြောသည်ကို ကြားရပါသည်။ လူခြေတိတ်ဆိတ်ရှိန်ဖြစ်သောကြောင့် ဘုရားပွဲဝင်း ဗွီဒီယိုရုံဆီမှ အသံများကိုပင် ပြတ်တောင်းပြတ်တောင်း လွင့်လာသည်ကို အမှတ်ထားမိသည်။ သို့ဆိုလျှင် ညဉ့်သန်းခေါင်ချိန် ဝန်းကျင်သို့ပင် ရောက်ရှိနေပြီးဟုသာ ခန့်မှန်းရတော့မည် မဟုတ်ပါလား။

အရက်အရှိန်ကလည်း မကျသေး၊ အိပ်ရေးကလည်း ဝလျက်ရှိရာ ဆာလောင်ခြင်းသည် တဗွီဗွီနှင့် ဗိုက်ထဲဆန္ဒပြသလို အသံပေးလာသဖြင့် ပုလင်းထဲ တစ်ဝက်ခန့်ရှိမည့်အရက်ကို အသက်မရှူဘဲ တစ်ရှိန်ထိုးမော့ချ



ပစ်လိုက်မှ နေသာထိုင်သာ ရှိသွားပါသည်။ ယခုအချိန်ရောက်မှ ဟိုဆရာနှစ်ယောက် စောင့်နေလျှင်လည်း ဘာထူးတော့မည်နည်း။ လရောင်လေးအားကိုးနှင့် ထသွားပါက လမ်း၌ဖြစ်စေ၊ ဘုရားပွဲဝင်း၌ဖြစ်စေ သူတို့နှင့် တောက်မလွဲဆုံကြဖို့ သေချာမည်ဖြစ်ကြောင်း တွေးမိလိုက်သည်နှင့် ကွပ်ပျစ်အောက်အသီးဒယိုင်ရပ်ရင်းမှ ကျွန်တော် ပုဆိုးပြင်ဝတ်လိုက်ပါသည်။ ခြေ့သည်ဆိုသော်လည်း ဤဒေသတွင် မမူ။ ဤဒေသတွင် ကြီးပြင်းလာသော ကျွန်တော့်အနေနှင့် လမ်းမှားစရာမရှိပါ။ လှည်းလမ်းကြောင်းအတိုင်း လေးကွက်သိုင်းသမားပမာ လျှောက်လာရာမှ ဝါးရုံပင်ကြီးများ၏ အရိပ်မှောင်မှောင်အောက်လွန်ပြီးဟုဆိုလျှင်ပင် ဆူညံစွာအသံပြုကာ ဖရှူးခနဲ ထပျံသွားသော တစ်တီတူးငှက်တစ်အုပ်ကြောင့် ထိတ်လန့်သလို ခြေလှမ်းများ တုန့်ခနဲ ရပ်သွားပါသေးသည်။

လသာရက်မှန်သော်လည်း တိမ်မည်းညိုတစ်ဆုပ်ပြီးတစ်ဆုပ် လကိုနှုံးအုပ်ဖြတ်လွင့်လျက်ရှိသဖြင့် အလင်းရောင်က ပေါ်လိုက် ပျောက်လိုက်။ ဒဆိုးစလွယ်သိုင်းနှင့် ဘောင်းဘီတိုဖြင့် လွတ်လပ်စွာ လျှောက်နေစဉ်မှာပင် ခိုလ်ထဲ ဆာလောင်သံများက ပို၍သောင်းကျန်းလာဟန်ဖြင့် လှုပ်ရှားလျက်ရှိနေဆဲပင်၊ ထိုအချိန်တွင် ရုတ်တရက် အနောက်လေရူးတသုန်သုန်ဖြူးလာခြင်းနှင့်အတူ သဲလမ်းပေါ်ရှိ သစ်ရွက်ခြောက်တို့ တရှဲရှဲမြည်လျက် လျှပ်တိုက်လွင့်မျောသွားသည်ကို မြင်ရရာ တစ်ချိန်တစ်ခါက နှစ်မြိုက်စွာ ကြည့်ရှုခဲ့ဖူးသော ဒရက်ကူလာ (ခေါ်) သွေးစုပ်ဖုတ်ကောင် ရုပ်ရှင်ကားအား ချက်ချင်းအမှတ်ရမိပြန်သည်။ ၎င်းရုပ်ရှင်ထဲ၌ ယခုကဲ့သို့ ညအချိန် လေတိုက်၍ သစ်ရွက်များ လျှပ်တိုက်လွင့်ပါးပြီးဆိုလျှင် သွေးစုပ်ဖုတ်ကောင်လာတော့မည်ကို ကြည့်ဖူးခဲ့သော ကျွန်တော်သည် လောလောဆယ်တွင် ဆံပင်များထောင်ကာ တော့ ထိတ်မိသလို ခံစားလာရသည်မှာ အမှန်။

"အမှောင်နှင့်အမြင့်သည် လူတိုင်းအား အကြောက်တရားဖြစ်စေသည်" ဆိုသော စကားအမှားမရှိဟုပင် ဆိုနိုင်ပါသည်။ ပစ္စုပ္ပန်ကာလသည်ပင်လျှင် ညနက်သန်းခေါင်ချိန် လူသူရှင်းလျက်ရှိသော သဲလမ်းပေါ်တွင် ကိုယ်သား



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ အကျွတ်အလွတ်တွေးတာ အချိန်ကောင်းသဲနော်။

ဒီလို သန်းခေါင်ယံအချိန်မျိုးမှ ပြဿာတွေမြူးတယ်ဆိုပြီး

လူကြီးသူမတွေ ပြောထူးတယ်မဟုတ်လား။

ဟဲ–ဟဲ–လက်ဖက်သုပ်၊ ရေနွေးကြမ်းစားရင်း ခဏစောင့်ကြည့်ပြီးမှ

ပြန်ကြတာပေါ့ . . .



ဆို၍ ကျွန်တော် တစ်ယောက်တည်း၊ လမ်းဘေးဥယျာဉ်မြေကြီးများထဲမှ

ပင်၊ သစ်ပင်တို့၏ အရိပ်မည်းမည်းများကလည်း မကောင်းဆိုးဝါးများ ယိ

က,နေဟန် လမ်းပေါ်လှုပ်ခတ်လျက်၊ တော်သေးသည်ဟု ဆိုရမည်

သောက်ထားသော အရက်ရှိန်က ကောင်းတုန်းဖြစ်သဖြင့် ဇရာတ်ရှားသ

အထိတော့ ကြောက်စိတ်မဖြစ်ခဲ့သေးပေ။ သို့သော် – ရှေ့မှလှမ်းမကော

အနန်းပင်တောဖြတ်ပြီးသည်နှင့် ရွာသင်္ချိုင်းပေါင်းရှေ့မလွဲမသွေ ရော

ရှောက်မည်ကိုသိထားသော ကျွန်တော်သည် ရုတ်တရက် ပေါ်လာသောဒို



စိတ်ကြောင့် ခြေလှမ်းများ ရုတ်ခြည်းနှေးကွေးကာ အတွေးများ ဝေဝါးလာပါတော့သည်။

အဖော်ဆရာနှစ်ယောက်နောက်သို့ ယခုကဲ့သို့ တစ်ကိုယ်တည်း ထလိုက်လာသည်မှာ မှားနေပြီလား။ နောက်ကြောင်းပြန်၍ ကိုတာ့တေဆိုင်၌ပင် ပြန်စောင့်လျှင်ကောဟု စဉ်းစားကြည့်ပြန်တော့သည်။ ဘုရားပွဲဝင်းက သိပ်ဝေးလှသည် မဟုတ်သည့်အပြင် အရက်မူးနေသည့်ကြားတွင် ဆာလောင်ခြင်းဒဏ်ကိုပါ အလူးအလဲခံစားနေရသော ကျွန်တော့်အနေနှင့် သွေးကြောင်လျက် နောက်ကြောင်းပြန်ပြေးမည့်အလုပ်ကို လုံးဝ စိတ်မဝင်စားသည်မှာ အမှန်။ ထို့ပြင် – ရုတ်တရက် ပတ်ဝန်းကျင်အခြေအနေကြောင့် ကြောက်ရလျှင် ကောင်းမည်လားဆိုသော စိတ်ဖြစ်ပေါ်လာသည်ကလွဲ၍ တစ္ဆေသရဲအပေါ်တွင်လည်း ယုံကြည်မှုရှိသူ မဟုတ်သဖြင့် ရှေ့ဆက်သွားရန်သာ ဆုံးဖြတ်ချက်ချလိုက်ပြီး ဖြစ်ပါသည်။

"ဖြုန်း–ဖြန်း–ဖြန်း–ဖြုန်း–ဖြုန်း"

အနီးကလေးရှိတော့သည့် သင်္ချိုင်းပေါင်းဆီမှ ကျယ်လောင်စွာ လွင့်ပျံ့လာသောအသံကို ဖလစပ်မရပ်မနား ကြားလိုက်ရသည်။ အကြောင်း မသိသူဆိုလျှင် သွေးပျက်လုစမန်း တုန်လှုပ်သွားနိုင်သော်လည်း ဤဒေသသားဖြစ်သော ကျွန်တော့်အနေနှင့်မူ လေတိုက်လိုက်တိုင်း သံချက်ချွေး၍ ဖြုတ်နေသော သွပ်ပြားများ ရိုက်ခတ်သံဖြစ်ကြောင်း အလိုလိုသိပြီးသားဖြစ်သဖြင့် ခြေလှမ်းမပျက်ခဲ့။ အနန်းပင်တောရိပ်ထဲ ဖြတ်လာလျက်ရှိစဉ် မွှေးကြိုင်သော အသားတင်းတစ်မျိုးမျိုးအနံ့ကို ရှူမိပြန်ရာ နဂိုကပင် ဆာလောင်လျက်ရှိသော အစာအိမ်သည် ဖြောင်းဆန်အောင် သောင်းကျန်းလာပြန်သည်။ အတွေးထဲ၌လည်း ဤဟင်းရနံ့သည် ပွဲတော်ဝင်းထမင်းဆိုင်များမှ လွင့်လာသည်လား၊ သို့မဟုတ် အလုပ်မရှိ အလုပ်ရှာသောသဘောဖြင့် မကောင်းဆိုးဝါးများက ကျီစယ်ခြောက်လှန့်သည်လား၊ သင်္ချိုင်းရှေ့နား အရောက်တွင် ကျွန်တော့်အတွေးများ ဆက်မသွားနိုင်လောက်သော မြင်ကွင်းတစ်ခုက ကျွန်တော့်ခြေလှမ်းများအား တန့်ခနဲရပ်သွားစေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မှန်ပါသည်။ တောဆီးပင်ရုံကြားမှနေ၍ သချိုင်းဇရပ်ဘက် မသိမသာ စောင်းကြည့်လိုက်ရာ ဖယောင်းတိုင်မီးရောင်များ လင်းထိန်လျက်၊ လူသူရိပ် မတွေ့ရသော်လည်း မီးရောင်အောက် ဝါးကွပ်ပျစ်ပေါ် ဖရိုဖရဲ ခင်းကျင်းထားသောအရာများက မထင်မရှား။ မည်သို့မျှ ကျွန်တော် အတွေးပွားစရာ မလိုတော့ဟု ဆိုရပေမည်။ ကျွန်တော်တို့ရွာတွင် လတ်တလော အစိမ်းသေ၍ ဖြစ်စေ၊ မီးဖွားပြီးစကလေးငယ် သေဆုံးလျှင်ဖြစ်စေ ညတွင်းချင်း မြှုပ်နှံသင်္ဂြိုဟ်ရသော ဓလေ့ရှိပါသည်။ သို့ဆိုလျှင် လက်ရှိမြင်တွေ့နေရသော ဖယောင်းတိုင်မီးများသည် ရွာမှ အသုဘကျင်းတူးသူများကလွဲ၍ အခြားဘာမျှ မဖြစ်နိုင်၊ ရွာရှိ လူတန်းစားပေါင်းစုံကလည်း ကျွန်တော်နှင့် ခင်မင်ရင်းနှီးသူများဖြစ်သောကြောင့် ယခုဝင်တွေ့လျှင်ပင် အကျိုးယုတ်ဖွယ်ရာရှိမည် မထင်ပေ၊ ဆာလောင်နေသော ကျွန်တော့်အတွက် ကံကောင်းလျှင် အရက်နှင့် စားသောက်ဖွယ်ရာများပါ ရရှိလိမ့်မည်မှာ သေချာနေပြီးဖြစ်ရာ ခြေလှမ်းများက သိုင်းကွက်နင်းလျက်မှပင် မီးရောင်ဆီဝင်သွားသည်မှာ တန်းမတ်လျက် ...။

"ကျွန်တော်တို့ အကျွတ်အလွတ်ကျွေးတာ အချိန်ကောင်းပဲနော်။ ဒီလို သန်းခေါင်ယံအချိန်မျိုးမှ ပြိတ္တာတွေမြူးတယ်ဆိုပြီး လူကြီးသူမတွေ ပြောဖူးတယ်မဟုတ်လား။ ကဲ - ကဲ - လက်ဖက်သုပ်၊ ရေနွေးကြမ်းစားရင်း ခဏ စောင့်ကြည့်ပြီးမှ ပြန်ကြတာပေါ့"

ဖင်ပြွန်းပင်ကြီးအောက်သို့ ကျွန်တော် ရောက်ရှိသွားချိန်တွင် မှောင်မည်းလျက်ရှိသော သချိုင်းဇရပ်ထဲမှ အသံကို စတင်ကြားလိုက်ရခြင်း ဖြစ်သည်။ ဝါးကွပ်ပျစ်ပေါ်တွင်လည်း ငှက်ပျောဖက်ခင်းကာ ထမင်းနှင့် အမဲသားဟင်းတို့က လေးငါးပုံး ခေါနားချထားသည့် ကွမ်းယာများကိုပင် မီးရောင်ထဲ ထင်ရှားစွာ တွေ့နေရပါသည်။

"တော်သေးတာပေါ့ - ပွဲတော်ခင်းထဲမှာ ထမင်းဟင်းတွေ အချိန်မီထယ်လို့ ရတာချက်ဖို့ ပြုတ်ဖို့မလိုတော့ဘဲ သက်သာသွားတာပေါ့များ။ ဒီလို အမှောင်ထဲမှာ ကျွန်တော်တို့ ထိုင်စောင့်တာ ကောင်းပါတယ်။ ကျွန်တော်တို့ မီးအလင်းရောင်ထဲနေရင် ပြိတ္တာတွေ လာချင်မှ လာမှာဗျ"



ကျွန်တော့် မှတ်ဉာဏ်ထဲ၌ အသံရှင်များ၏ ပုံရိပ်များထင်းခနဲပေါ်လာပါသည်။ ကျွန်ုပ်ပုဂ္ဂိုလ်သုံးဦးလုံးသည် ကျွန်တော်နှင့်အတူ ရွာစာကြည့်တိုက်၊ နာရေးကူညီမှုအသင်း၊ အရန်မီးသတ်ကော်မတီ စသည့် လူမှုရေးလုပ်ငန်းများရှိသမျှ တွဲ၍လုပ်ကိုင်ခဲ့ကြသည်မှာ နှစ်ပေါင်းနည်းလိမ့်မည် မဟုတ်ပေ၊ ၎င်းတို့သုံးဦး၏ ပရလောကအပေါ် ယုံကြည်မှုဖြင့် ယခုကဲ့သို့ အကျွတ်အလွတ်ကျွေးမွေးသော တစ်ပိုင်တစ်နိုင် လုပ်ငန်းများကို သချိုင်းရှိရာနေရာများ၌ အခါအခွင့်သင့်သလို လုပ်ကြသည်ကိုလည်း ကျွန်တော် သိထားပြီးသားဖြစ်ပါသည်။ သို့ဆိုလျှင် - လုပ်ဖော်ကိုင်ဖက်ဟောင်းများနှင့် မမျှော်လင့်ဘဲ ဆုံကြိုက်နေပြီးဖြစ်ရာ သူတို့နှင့် ဝင်တွေ့လျက်စားသောက်ရင်းမှ စကားပြောကြရန် ကျွန်တော် စိတ်ကူးရလိုက်ပါသည်။

"ဟေ့ - ဆရာတို့၊ ကျွန်တော် ဦးပေတုံးမလေဗျာ၊ ဟား - ဟား - ဝီရိယတော့ ကောင်းတုန်းကြပဲကိုး။ ဟား - ဟား - လာခဲ့မယ်နော်၊ စကားပြောကြတာပေါ့ - ဟား - ဟား"

ကျွန်တော့်နာမည်ပါ ထုတ်ဖော်ပြီး လှမ်းနှုတ်ဆက်လိုက်မှ သုံးယောက်လုံး ပြိုင်တူထရပ်လိုက်ကာ ဇရပ်အပြင်သို့ ပြေးထွက်လာသည်ကို မြင်ရသည်။ ကျွန်တော်ကလည်း သူတို့ မြင်ပါစေသောဖြင့် မီးရောင်ထဲ ရပ်ပြလျက်ကပင် ရယ်ပြမိပါသေးသည်။ သို့သော် - ကျွန်တော့်အား မှတ်မိကြဟန်မတူဘဲ "တစ္ဆေခြောက်တာဗျ - ပြေး - ပြေး" ဆိုကာ အသံကုန်အော်ဟစ်ရင်း ဇရပ်ဘေးချုံတောတိုး၍ ပြေးသွားကြသည်မှာ လေထက်ပင် မြန်ဆန်နေပါတော့သည်။ သည်ပုဂ္ဂိုလ်တွေကြောင်ပုံကြည့်လျက် ကျွန်တော် ကြိတ်၍ရယ်လိုက်ပါသေးသည်။ လူမှုရေးကိစ္စများ၌ ဤမျှတွဲလုပ်လာပါလျက်နှင့် ကျွန်တော့်အား သူတို့ မမှတ်မိရာအကြောင်း ရှိမည်မထင်ပေ၊ မည်သို့ပင်ဆိုစေ ပင်ကိုစေတနာအရ အကျွတ်အလွတ်ကျွေးခြင်း ဖြစ်သော်လည်း သချိုင်းဇရိယာထဲ ညဉ့်နက်ချိန်ဖြစ်သောကြောင့် တစ္ဆေသရဲခြောက်သော စိတ်များ သူတို့ထံတွင် ဥပါဒါန်စွဲနေခြင်းကြောင့်ဟုသာ ဆိုရပေတော့မည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

အကျွတ်အလွတ်တွေ့ထားသော ထမင်းဟင်းများ စားသောက်လာပြီး ဖြစ်သဖြင့် ဝမ်းမီးအတွက် စိတ်ချရပြီးဖြစ်ရာ ကျွန်တော်၏ ခြေလှမ်းများသွက်လက်လျက်ရှိသည်။ ဘုရားပွဲတော်ဝင်းရှေ့ရောက်ရှိချိန်တွင် ဆိုင်အတော်များများပိတ်လျက် မီးမှိန်မှိန်ထွန်းထားသည်ကိုသာ တွေ့ရသည်။ ပွဲဝင်သည့်ရက် မရောက်သေးဘဲ ဗွီဒီယိုလောက်သာရှိသေးရာ ပွဲတော်ဝင်းထဲ ခေါက်ဆွဲနှင့် အရက်တွဲရောင်းသော ဆိုင်အချို့သည်ပင်လျှင် ဘက်ထရီမီးဖြင့် ငိုက်မြည်းစွာ ဖွင့်ထားသည်မှာ လူကျိုးတိုးကျဲတဲ...။

အရက်ရှိန်အတော်အတန် ပြေပြီးဖြစ်သော ကျွန်တော်သည် အဖော်ဆရာနှစ်ယောက် ဆိုင်တစ်ဆိုင်၌ အရက်သောက်နေကြမည်လားထင်ကာ ခေါက်ဆွဲဆိုင်များဘက်သို့ ခြေဦးလှည့်လိုက်မိသည်။ ကိုယ်တိုင်ကလည်း အရက်ထပ်သောက်ရန် ဆန္ဒဖြစ်ပေါ်လာကြောင်းပြောလျှင်လည်း မှားမည်မထင်ပေ။ လမ်းထိပ်နေရာ၌ဦးစွာတွေ့သည့်ဆိုင်တွင် ဆိုင်ရှင်က ပက်လက်ကုလားထိုင်ပေါ် ငိုက်နေဟန် ငြိမ်သက်လျက်ရှိသော်လည်း အသောက်သမား နှစ်ယောက်ကမူ စားပွဲတစ်လုံးတွင် မျက်နှာချင်းဆိုင် စကားပြောလျက်။ ဆိုင်တံစက်မြိတ်အောက် ဘက်ထရီမီးရောင်းအနား ကျွန်တော်ရောက်သည်နှင့် အသောက်သမားနှစ်ယောက်လုံး ကျွန်တော့်ထံ ပြိုင်တူလှည့်ကြည့်သည်နှင့် ကြုံလိုက်ရပါသည်။

"ဟာ - သ - သရဲ - သ - သ - တစ္ဆေဝင်လာတယ်ဗျ"

အသောက်သမားနှစ်ဦးသည် ကျွန်တော့်အား တွေ့သည်ဆိုလျှင်ပင် ပြူးတူးပြဲတဲ တုန်တုန်ရီရီနှင့် သွေးရူးသွေးတန်း ထပြေးကြသံကြားသည်နှင့် ဆိုင်ရှင်ဖြစ်သူပါ နိုးလာကာ ကျွန်တော့်အား မော့ကြည့်ရာမှ ရုတ်ခြည်း မျက်လုံးစုံမှိတ်ပစ်ပြီး လက်အုပ်ချီဘုရားစာများ ရွတ်ဖတ်လျက်ရှိသည်မှာ ကမောက်ကမနှင့် တောင်ရောက်မြောက်ရောက်။ ဤနေရာတွင် ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် သံသယဝင်သလို ဖြစ်နေပေပြီ။ နစ်ကြိမ်တိုင်တိုင် ကျွန်တော့်ကိုမြင်တိုင်း သရဲတစ္ဆေဆိုကာ ကြောက်ရွံ့ထွက်ပြေးကြသည်မှာ စဉ်းစားစရာ။ အမှန်တကယ် ကျွန်တော် သရဲတစ္ဆေဖြစ်နေပြီလား။



တွေးလေ ခေါင်းစားလေဖြစ်လာပြန်ရာ ပွဲတော်ဝင်းထဲမှ ပြန်ထွက်လျက် လမ်းပေါ်ဆက်လျှောက်နေမိသည်။ လမ်းနစ်ဖက် ဘေးပိတ်ထားသော ဆိုင်တန်းများအလွန်တွင် ရပ်ထားသော ဆိုက်ကားတစ်စီးတွေ့လိုက်ရာ မထူးဘူးဆိုကာ အိမ်ပြန်အိပ်ရန်သာ ဆုံးဖြတ်လျက် ဆိုက်ကားပေါ်ထိုင်လျက် နောက်မီအိပ်ပျော်နေသော ဆိုက်ကားဆရာ ပခုံးပုတ်၍ လှုပ်နှိုးလိုက်သည်။ ယခုမှပင် ပိုဆိုးသွားပြီဟု ပြောရမည်လားမသိပေ။ ရုတ်တရက် လန့်နိုးလာသော ဆိုက်ကားဆရာသည် မီးရောင်မှိန်မှိန်ထဲ ကျွန်တော့်အား မြင်သည်နှင့် အသံထွက်သည်အထိ မအော်နိုင်တော့ဘဲ ဝရုန်းသုန်းကား ထွက်ပြေးသွားသည်မှာ မြန်ဆန်လွန်းလှပါသည်။

သံသယစိတ်သည် ကျွန်တော့်ရင်ထဲ နိုင်လုံစွာ ကြီးထွားလာပြီး ဖြစ်သဖြင့် ဝမ်းနည်းစိတ်ပါ လှိုက်၍ လှိုက်၍ တက်လာပါတော့သည်။ သေရှာနေလေပြီပဲ၊ ဖြစ်နိုင်သည်ကိုတွေးလျှင် ကိုတာတေ၏ အရက်တဲ၌ ကွပ်ပျစ်ပေါ် အိပ်ပျော်နေရင်းက အအေးပတ်ပြီး လေဖြတ်သေခဲ့သည်လား။ အမူးလွန်၍ အိပ်ပျော်စဉ် အန်ဖတ်ဆို့ပြီး အသက်ရှုကြပ်သေသည်လား။ သေလျက်နှင့် ယခုကဲ့သို့ သွားလာနိုင်သည်မှာလည်း ကျွန်တော် ကြည့်ဖူးသော Ghost ဇာတ်ကားထဲမှ သေပြီးသော ဇာတ်လိုက်အလောင်းမှ ဝိညာဉ်ထရပ်လာပုံကို အမှတ်ရမိလိုက်ခြင်း ဖြစ်ပါသည်။ ရန်ကုန်မှ သားသမီးမြေးမြစ်များ သိကြလျှင်...။

စိတ်မျက်အားငယ်လာရာမှ လမ်းလျှောက်ရန် အင်အားပင်မရှိတော့ဘဲ ကုက္ကိုပင်ကြီးတစ်ပင်၏ မြစ်ဆုံပေါ် ကျွန်တော် လေးကန်စွာ ထိုင်ချလိုက်ပါသည်။ ကျွန်တော့်အလောင်းရှိရာသို့ ပြန်၍မည်ကဲ့သို့ သေဆုံးကြောင်းကို စုံစမ်းကြည့်လျှင် ကောင်းမည်လား။ ပြီးလျှင် - ရန်ကုန်မြို့၌ နေထိုင်ကြကုန်သော သားသမီးများ သိရှိရန် အသိပေးရမည့် နည်းလမ်းများရှာရမည်လား။ ကျွန်တော်၏ရင်ထဲ မခံမရပ်နိုင်အောင် ပူလောင်နေခြင်းသည် အရက်ကြောင့် မဟုတ်ဘဲ ဝမ်းနည်းပူဆွေးစိတ်ကြောင့်ဟုဆိုပါက ပို၍မှန်ကန်လိမ့်မည် ထင်ပါသည်။ ထိုသို့တောင်တွေးမြောက်တွေးနှင့် ထိုင်ဆွေးနေစဉ် ရွာဘက်မှ နေ၍



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပွဲဝင်းဆီ ဦးတည်နင်းလာသော ဆိုက်ကားနှစ်စီးကို ရှေ့ဆင့်နောက်ဆင့်တွေ့လိုက်ရပါသည်။ ဆိုက်ကားမီးများကလည်း ရှေ့သို့ စူးရှစွာထိုးထားသည်ကိုတွေ့ရရာ အလွန်သေချာသော စမ်းသပ်မှုတစ်ခုအတွက် လမ်းပေါ်ပြေးတက်ပြီး ဆိုက်ကားရှေ့မှ အော်ဟစ်လက်တားလိုက်သည် ဆိုလျှင်ပင် ကမ္ဘာပျက်သည့်အလား အော်ဟစ်သံများ ဆူညံသွားပါတော့သည်။

"အောင်မယ်လေး - တ - တစ္ဆေခြောက်တယ်။ ဟာ - ဟာ - ကယ်ကြပါဦးရှင့် - ကယ်ကြပါဦး"

ဆိုက်ကားပေါ်ပါသော မိန်းမကြီးတို့၏ သွေးပျက်လုမတတ် အော်ဟစ်သံနှင့်အတူ မိုင်ကုန်နင်းပြေးသွားသော ဆိုက်ကားနှစ်စီးကလည်း ဒုံးစွင်းပုံးနှင့်နင်လာ ငါလား မြန်ဆန်လှပါသည်။ ကျွန်တော့် စမ်းသပ်ချက်က ပို၍ ခိုင်လုံလျက်ရှိနေပေပြီ။ ဤအတိုင်းဆိုလျှင် တည်းခိုသည့်အိမ်သို့ပြန်ရန် မည်သို့မျှ ဖြစ်နိုင်တော့မည် မဟုတ်ပေ။ တွေဝေလျက်နှင့်ပင် ကျွန်တော် လေးကန်စွာ ထရပ်လိုက်မိသည်။ တစ္ဆေတစ်ကောင်၏ လားရာနေရာ ရှာဖွေရတော့မည်မဟုတ်ပါလား။

"ဟော့ - ဆရာငှက်၊ ဟို - ဟိုမှာရပ်နေတာ ဆရာပေမဟုတ်လား"

ပွဲဈေးတန်းမှောင်ရိပ်လမ်းကြားမှ ထွက်လာသော ရှေ့ဆုံးစက်ဘီးပိုင်ရှင်အသံ၊ ပန်းချီမင်းကျော် ဧကန်ပင်ဖြစ်ပါသည်။ သူ့နောက်တွင်လည်း ဆရာငှက်တောင်ပျံက စက်ဘီးတွန်းလျက် ပေါ်လာကြသည်။

"ဗျို့ဆရာပေ - တစ်ယောက်တည်း ဘာဖြစ်လို့ ထွက်လာရတာလဲဗျ။ ကျွန်တော်တို့နှစ်ယောက် အောင်ထိန်ဆန်းဆိုင်မှာ သောက်ရင်းအချိန်လွန်သွားတယ်ဗျာ။ ခေါက်ဆွဲကြော်နဲ့ အရက်ဝယ်လာတာ စက်ဘီးခြင်းထဲမှာ တွေ့လား။ ကိုတာတေဆိုင်ပြန်ပြီး ဆရာပေကို နှိုးဖို့ ထလာကြတာလေ။ တဲ - ကဲ - အိမ်ရောက်မှ ဆက်သောက်ကြတာပေါ့။ စက်ဘီးပေါ်တက်လေ - ဆရာပေ"

ဆရာနှစ်ယောက်ကိုတွေ့မှ ဝမ်းနည်းစိတ်က အထွတ်အထိပ်ရောက်သွားသကဲ့သို့ နင့်ခနဲ ခံစားလိုက်ရရာ ကျယ်လောင်သော ရှိုက်သံနှင့်အတူ ဟီးချ၍ ကျွန်တော် ငိုပစ်လိုက်မိပါသည်။



"ဘာ - ဘာဖြစ်လို့ငိုတာလည်း ဆရာပေရ၊ အရင်က အရက်မူးလွန်တာတောင် ဆရာပေငိုတာ တစ်ခါမှ မတွေ့ဖူးပါဘူးဗျာ"

"ဟုတ် - ဟုတ်ပါတယ် - ဆ - ဆရာငှက်ရေ၊ ဟီး - ဟီး - ကျုပ် - ကျုပ်ငိုတာက ကျုပ်ကိုယ်တိုင် သေသွားတာ သိလို့ဗျ။ ဟီး - ဟီး - ကိုတာတေဆိုင်မှာရှိတဲ့ ကျုပ်အလောင်းကို ကျုပ် သားသမီးတွေလာအောင်စောင့်ပြီးမှ သင်္ဂြိုဟ်ပါနော် - ဟီး - ဟီး - ဟီး"

"ဟာ - ဒီလူကြီး ရူးကြောင်မူးကြောင်နဲ့ နောက်နေပြန်ပါပြီ။ ကိုင်း - မိုးလည်း လင်းတော့မယ်ဗျ - တက်လေဗျာ"

"ဟုတ်တယ်ဗျ - ကျွန်တော့်ကိုမြင်တဲ့လူတိုင်း တစ္ဆေခြောက်တယ်ဆိုပြီး ပြေးကြတာ ဆရာတို့မှ မသိကြသေးတာကိုး။ သွားပြီဗျာ - အရက်ဆိုင်မှာမှ သေရတယ်လို့ ကျုပ် သားသမီးတွေ ဘယ်လောက်ရှက်ကြမလဲ မသိပါဘူး။ ဟီး - ဟီး - ဟီး"

ယခုတစ်ကြိမ် ဟီးချ၍ ကျွန်တော် ငိုလိုက်ချိန်တွင် ဆရာနှစ်ယောက်သည် ကျွန်တော်နှင့်အတူလိုက်၍ ငိုကြမည်လားဟု ထင်ထားရာ သူတို့နှစ်ယောက်၏ပြိုင်တူရယ်မောလိုက်ကြသော အသံသည်သာ ညဥ့်ယံထဲ ဆူညံသွားပါတော့သည်။ ဝမ်းပန်းတနည်းနှင့် ပူဆွေးလျက်ရှိသော ကျွန်တော်၏ စိတ်သည် ဒေါသအသွင်ပြောင်းသွားကာ ရှေ့သို့ တိုးရပ်လိုက်မိပါသည်။

"ရယ်စရာလားဗျ။ ကိုယ့်မိတ်ဆွေတစ်ယောက်လုံးသေတာ ခင်ဗျားတို့မှ ရယ်နိုင်ကြတယ် - ထွီ"

"ဟား - ဟား - ဟား - ရယ်စရာပေါ့ ဆရာပေရ၊ ဟား - ဟား - ဆရာပေ ဘယ်ကလာ သေရမှာလဲ။ အရှင်လတ်လတ်ကနေ သရဲတစ္ဆေဖြစ်အောင် ဟောဒီ ပန်းချီမင်းကျော် လက်စွမ်းပြခဲ့တာလေဗျာ။ တကယ်ပီတယ်ဗျို့ - ဆရာပေရေ့ ဟား - ဟား"

ဆရာငှက်တောင်ပျံ ရယ်၍ မဆုံးခင်မှာပင် ပန်းချီမင်းကျော်ကလည်း သူ့လက်ဖဝါးကို ကျွန်တော့်မျက်နှာပေါ်အုပ်ကာ ပွတ်ချလိုက်ရာ သူ့လက်ဖဝါးပေါ်တွင် အမည်းအဖြူ အနီအရောင်တို့ ရောထွေးပေကျံလာသည်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com

ရသဖြင့် အစိမ့်ဗွာယ်တစ်ခုအား ကျွန်တော် သဘောပေါက်လိုက်သလိုလို ဖြစ်လာပါသည်။

"ဆရာပေ မူးပြီးအိပ်မောကျနေတုန်းမှာ ဒယ်အိုးဖင်က အိုးမည်း၊ ကွမ်းအစ်က ထုံးနဲ့ ကွမ်းတံတွေးအနီရောင်တွေသုံးပြီး သရဲတစ္ဆေမျက်နှာမျိုးပုံပေါ်အောင် ပန်းချီမင်းကျော် လက်စွမ်းပြထားသော ညဘက်ဆိုတော့ ပိုပြီးပီပြင်သွားတာဖြစ်မယ်၊ ဟဲ - ဟဲ - စာရေးဆရာဆိုတော့ တစ္ဆေတစ်ကောင်ရဲ့ဝိဇ္ဇာအတွေ့အကြုံ အစစ်ကို လက်တွေ့ခံစားခဲ့ရတာ ဆရာပေအတွက် အကောင်းဆုံး ကုန်ကြမ်းပေါ့ဗျာ၊ ကဲ - ပြန်ကြမယ်ဗျို့"

မိုးလင်းတော့ပေမည်၊ ဂစ္ဆကိုရိုတေအာင်ထိပ်၌ပင် ရွှေမြေဖြူရောင်နီများသမ်းနေသည်ကို တွေ့ရသည်။ စက်ဘီးနောက်မှ စီးလာရင်းကပင် လူအရှင်လတ်လတ်မှနေ၍ တစ္ဆေတစ်ကောင် ဖြစ်ခဲ့ဖူးသော ကျွန်တော်သည် တစ္ဆေ (ဝိ) တစ္ဆေတို့၏ မြောက်လှန့်တတ်သောအလုပ်ကို ပို၍ ပို၍ နားလည်သဘောပေါက်လျက်ရှိပါတော့သည်။

●● မင်းရွှေသိန်း (ဖင်းကျိုက်) ●●



www.burmeseclassic.com

## မောင်မြဦး (မြောင်းမြ)

# တိုက်မြွေ

"ကျွန်တော့်ကို - မြွေကိုက်သွားပြီ"

ကိုကြွင်ဟန်က ပြောသည်။ သူ့အသံက တုန်လှုပ်ချောက်ချားနေသည်။ မျက်လုံးပြူးနေသည်။ ချွေးစေးတွေ ချက်ချင်းပျံလာသည်။

"ဟာ - ကြံ့ကြံ့စည်ရာ ဘယ်မှာလဲမြွေ၊ နေ့ဘက်ကြီး ဘာမှလဲမတွေ့ပါလား" အိမ်ရှင် ဒေါ်အေးက အလန့်တကြား ဆိုသည်။ ဟိုဟိုသည်သည် ကြည့်၏။ ဘာမှ မတွေ့။ ကိုကြွင်ဟန်၏ ခန္ဓာကိုယ်သည် တဆတ်ဆတ်တုန်လာသည်။ ချွေးသီးချွေးပေါက် ကျလာသည်။

"ဟုတ်ပါတယ်ဗျာ - ဟောဒီ ဝါးလုံးခေါင်းထဲက ကိုက်လိုက်တာ"

ဖင်းထိုင်နေသည့်အနီးရှိ ဝါးထရံအခြင်တန်းတင်းဝါး အခေါင်းထဲကို ညွှန်ပြသည်။ အခြားဘာကောင်မှ မတွေ့ရပေ။

"ဒါဆိုလည်း အဲဒီအခြင်ဝါးကို ဖြုတ်ကွာ၊ ခွဲကြည့်ရအောင်၊ ဒေါ်အေး၏သား ကျောင်းဆရာကိုတင်လှနှင့် ကိုတင်မြင့်တို့က ပြောပြောဆိုဆို ချည်ထားသည့် နှီးချက်များကို ဓားဖြင့်ဖြတ်သည်။ အခြင်ဝါးကို ဆွဲထုတ်၊ ဓားဖြင့် ခွဲ၏။ နံရံအခြင်တန်းအဖြစ် သုံးထားသော တင်းဝါး ပထမအဆစ်ဝါးလုံး ခေါင်းထဲတွင် (၄)လက်မ အိမ်ရိုက်ဆောက်သံ တစ်ချောင်းသာ တွေ့ရသည်။ ဘာမြွေမှ မရှိ။ အိမ်ရိုက်သံသည် အရှားချွန်ထက်နေသည်။ ထိုအခါ ဖူးမိခြင်းပေလား။

"ဘာမြွေမှ မတွေ့ပါလားကွ၊ ဒီသံချောင်းပဲ ရှိတာ၊ ဒီသံချောင်းပဲ စူးတာနေမှာပါ"

ကိုတင်လှက ပြောသည်။ ကိုတင်မြင့်က ဟိုဟိုသည်သည် လိုက်ကြည့်သည်။

"တကယ် ကျုပ်ကို မြွေကိုက်လိုက်တာပါဗျာ"

ကိုကြွင်ဟန်က သူ့လက်ကောက်ဝတ်ကို ပြသည်။ မှန်သည် လက်ကောက်ဝတ်တွင် သွေးစို့နေသည်။

ဒေါ်အေးက ပျာပျာသလဲ -

"မြွေကိုက်တယ်လို့ မပြောနဲ့ဟ၊ တော်တော်ကြာ အပမှီနေဦးမယ်၊ ပိုးထိတယ်လို့ပြော၊ အပ မှီတတ်တယ်"

ကိုက်သည့်အချိန်မှာ နံနက် (၉) နာရီ ဆယ်နာရီခန့်၊ ကိုကြွင်ဟန် ဒယီးဒယိုင်ဖြင့် အိမ်ပြန်လာသည်။ ရွာမြောက်ပိုင်း မိမိအိမ်အပြန် တစ်အိမ်တက်ဆင်း မိမိကို ဒေါ်အေးတို့အိမ်မှ မြွေကိုက်လိုက်ကြောင်း လိုက်ပြောသည်။ အိမ်သို့ရောက်လျှင် ဇနီးမအေးကျင်အား မိမိမြွေကိုက်ခံရကြောင်း မိမိဆုံးပါးသွားပါက နောက်အိမ်ထောင်ပြုနိုင်ကြောင်းပြောရာ ဇနီးမအေးကျင်က မျက်စိမျက်နှာပျက်ကာ -

"ကိုကြွင်ဟန်ရယ် - နမိတ်မရှိနမာမရှိ ဘာတွေပြောနေတာလဲ၊ မြွေတောင် လည်း မတွေ့ရဘဲနဲ့"

"ငါ - တကယ်ပြောတာပါ။ ငါ့ကို မြွေကိုက်တာအမှန်ပဲ၊ သံစူးတာ မဟုတ်ဘူး၊ ငါ မနေရတော့ဘူး"

ဤသို့ဖြင့် ယင်းနေ့ညနေ (၃) နာရီတို့တွင် ကိုကြွင်ဟန်ဆုံးသည်။ မည်သည့်ဆေး မည်သည့်ဆရာနှင့်မျှ မကုလိုက်ရ၊ ရုတ်တရက်ဖြစ်၍ ရွာမြောက်ဘက်သုသာန်တွင် နေ့မကူးမီ မီးသင်္ဂြိုဟ်လိုက်ကြ၏။

ဝါးလုံးခေါင်းထဲမှ မြွေကိုက်၍ ကိုကြွင်ဟန် ဆုံးပါးခဲ့၏။ ထိုဝါးလုံး ခွဲကြည့်သောအခါ (၄)လက်မအိမ်ဆောက်သံတစ်ချောင်းကိုသာ တွေ့ရသည်။

www.burmeseclassic.com

မည်သည့်မြွေမှမရှိ၊ အခြားအဆိပ်ရှိ သတ္တဝါတစ်ကောင်တလေမျှပင် မတွေ့ရပေ။ ထူးဆန်းပေစွ။ ဩော် - တိုက်မြွေဆိုတာ ဒါများလား။

=💀=

ဂျပန်ခေတ်...။

လူအများက ဤသို့ ခေါ်ကြ၏။ ၁၉၄၂ - ၁၉၄၅ ခုနှစ်အတွင်း။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်း၍ ဂျပန်နှင့်ပူးပေါင်းကာ အင်္ဂလိပ်တို့အား တိုက်ထုတ်ခဲ့၏။ အင်္ဂလိပ်အစိုးရသည် အိန္ဒိယနိုင်ငံ ဆင်းမလားသို့ ဆုတ်ခွာပြီး မြန်မာပြည်အဝှမ်း မြေလှန်စနစ် ကျင့်သုံးခဲ့ရာ တံတားရိုး၊ လမ်းဖျက်၊ ငွေတိုက် မီးရှို့စသည်ဖြင့် ရစရာမရှိ။

ဂျပန်တို့က လွတ်လပ်ရေး ပေးသည်။ အတုအယောင် လွတ်လပ်ရေး၊ ရှေ့ရည်စိမ်လွတ်လပ်ရေး ခေါ်ကြ၏။ ဖက်ဆစ်ဂျပန်တို့ဒဏ်ကို ပြည်သူတွေ အလူးအလဲ ခံရ၏။ ဂျပန်ကင်ပေတိုင်တို့က အလိုတော်ရိများ သတင်းပေးမှု အရဖမ်း၏၊ အမျိုးမျိုးညှဉ်းပန်းနှိပ်စက်၏။ ထိုခေတ်ထိုအခါက ဂျပန်စကားပြန် ဂျပန်အလိုတော်ရိတို့အား အချင်းချင်း ပြန်ကြောက်ကြရ၏။ ဘုရားသုံးဆူ သံပြုဇရပ် သေမင်းတမန် ရထားလမ်းမကြီးအတွက် ချွေးတပ်ဆွဲခံကြရ၏။

"ထောင်မလဲ - သဲကော် "ဂျပန်ငွေစက္ကူကို ရိုက်ထုတ်သုံးစွဲခဲ့ရာ အတိုင်းအဆမရှိ ထင်သလိုထုတ်ခဲ့သဖြင့် ငွေကြေးဖောင်းပွကာ ဝန်နီအိတ်ဖြင့် ငွေစက္ကူထည့်ပြီး ငွေပေး၊ ငွေချေ လုပ်ကြရသည် ဆို၏။

တစ်တိုင်းတစ်ပြည်လုံး ဆီရှား၏၊ ဆပ်ပြာရှား၏။

ဆီရှားသဖြင့် ဝက်ဆီကိုသာ သုံးကြသည်။ ထိုဝက်ဆီကြောင့် လူတိုင်းလိုလို သန်းကြီးမတွယ်၊ ဝဲစွဲကြ၏။ ဆပ်ပြာကား နတ္ထိ၊ ဆပ်ပြာအစား နာနတ်ခွံချေပြီး အမြှုပ်ထအောင်လုပ်ကာ အဝတ်လျှော်ရ၏။ အဝတ်ချုပ်ရာမှာလည်း နာနတ်ချည်ဖြင့်ပင်။

အထူးသဖြင့် မရှိမဖြစ် ဆား...။



ဆားမရှိသဖြင့် ကာမ်းဝေးပေါက်သည့် ခနိပင် (ခနိဘောင်)ကို ပြာချ၊ အရည်ဖျော်၊ ဆားပြန်ချက်။

ကွမ်းစားတတ်သူများကလည်း တစ်ဒုက္ခ။ သွားရေးလာရေး လမ်းပန်းဆက်သွယ်မှုပြတ်တောက်၍ကွမ်းသီးကမရှိ၊ သဘော်သီးကိုကွမ်းသီးအစား သုံးကြရ၏။

ရှားမှရှား၊ အစစအရာရာရှား၊ တကယ်ရှားပါးသော ခေတ်ကြီးပေတည်း။

=💀=

## တန့်ကြီး[illegible]

မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်အတွင်းရှိ ရွာကလေး၊ အိမ်မြေသုံးရာခန့်၊ အိမ်မဲမြို့၏ မြောက်ဘက်၊ တူးမြောင်းသာခြား၏။

တူးမြောင်းမှာ ရွှေလောင်းမြစ်နှင့် အိမ်မဲမြစ်တို့အား ဆက်သွယ်ရန် အင်္ဂလိပ်ခေတ်က ဖောက်ခဲ့ခြင်းဖြစ်သည်၊ ရွှေလောင်းနှင့် အိမ်မဲကြား တစ်တီတူး - သုံးခွ ဂျပန်တော်လှန်ရေးတိုက်ပွဲမှာ ဂျပန်တပ်များနှင့် မျိုးချစ်တော်လှန်ရေးတပ်များအကြား ရက်ရှည်ပြင်းထန်သော တိုက်ပွဲတစ်ပွဲဖြစ်၏။ ဂျပန်တပ်များ အထိနာဆုတ်ခွာသွားကြ၏။

တူးမြောင်းဝနှင့်အိမ်မဲမြစ်တို့ဆုံရာ ရွာတောင်ဘက်ထိပ်တွင် ဘုရားဘုရား၊ ရွာလယ် ဦးစက္ကိန်ဘုန်းကြီးကျောင်း၊ ရွာမြောက်ဘက်ထိပ်တွင် ဦးမာလာဘုန်းကြီးကျောင်းနှင့် ရွာသုသာန်၊ အိမ်များမှာ အိမ်မဲမြစ်ကပ်ဘေးနှင့် ရွာလမ်းကြားပြီး ကုန်းဘက်ပိုင်း၌ မျက်နှာချင်းဆိုင် ဆောက်လုပ်ထားကြ၏။

မြောင်းမြ - လပွတ္တာရွှေမြစ်လမ်းအတိုင်းလာပါက ပုလုရွာနှင့် ညောင်ဝိုင်းရွာတို့တွင် အိမ်မဲမြစ်နှင့်ဆုံ၏။ ရှမ်းစု၊ ကျုံစိန်၊ လူခေါင်းကျွန်း၊ ခလောက်သိုက်၊ ရွာသစ်၊ ဂျူးဂျူးကျူး၊ ကြို့ကုန်း၊ ထန်းတစ်ပင်၊ သဖန်းပင်ဆိပ် ရွာစဉ်အတိုင်းလာပါက တန့်ကြီးတောင့်ပြီးလျှင် တူးမြောင်းဝကျော်က အိမ်မဲမြို့ ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍လယ်ယာစိုက်ပျိုးခြင်း၊ဥယျာဉ်ခြံစိုက်ပျိုးခြင်းတို့ကို အများစုလုပ်ကိုင် အသက်မွေးမှုပြု၏။ ကြက်၊ ဘဲ၊ နွား၊ ဝက်၊ အိမ်မွေးတိရစ္ဆာန်များကိုလည်း အပိုဝင်ငွေရရန် မွေးမြူထားကြသည်။

အစစအရာရာ ရှားပါးပြီး စစ်တွင်းကာလ ယခုလို အချိန်မျိုးတွင် အရောင်းအဝယ်မဖြစ်။ သွားရေးလာရေးခက်၊ ပစ္စည်းရှင်းတန်ဖိုးညှိလဲလှယ်သည့် ဘာဒါစနစ်ကိုသာ ကျင့်သုံးရ၏။ သည်ကြားထဲ ဂျပန်စစ်တပ်နှင့် ၎င်းတို့အလိုတော်ရိများက ပါးရိုက်၊ နားရိုက်၊ ကြက်ဆွဲ၊ နွားဆွဲ၊ တရားဥပဒေစိုးမိုးမှုမရှိ။ ၎င်းတို့ ပြောသမျှအမိန့် မလိုက်နာလို့ကတော့ သေပြီသာမှတ်။

=☠=

ကိုကြွင်ဟန်၏ဘဝအစကို ပြန်ဆက်ကြပါစို့ . . .။

"ကိုကြွင်ဟန်ရေ – အိမ်မှာ ထင်းမရှိတော့ဘူး။ ထင်းရှာထားဦး၊ ကျွန်မ ဈေးရောင်းထွက်တော့မယ်"

နံနက်စောစော ဈေးရောင်းမထွက်မီ ဇနီး မအေးကျင် မှာသွားခဲ့၏။

"အေး – အေး"

ကိုကြွင်ဟန်၊ မအေးကျင်တို့ လင်မယားက ရွာမြောက်ပိုင်းဘုန်းကြီးဦးမာလာကျောင်းပိုင်း မနီးမဝေး မြစ်ကမ်းဘက်ခြမ်း၌ နေကြ၏။ အိမ်ထောင်သက်(၁၀)နှစ်နီးပါးရှိပြီဖြစ်သော်လည်း ကလေးမရှိ။ လင်မယားနှစ်ဦးတည်း။ တကယ်တော့ ကိုကြွင်ဟန်က လူပေါ်ကြော့၊ မိဘများရှိစဉ်ကပင် ဘာအလုပ်မျှ မည်မည်ရရ လုပ်သည်မရှိ။ ရွာရိုးကိုးပေါက် လျှောက်သွား၊ လင်္ဘာလျှားလတ်လျားနှင့်၊ တစ်နေ့ – တစ်နေ့ ဒီလိုပင် အချိန်ကုန်၏။

ဒါပေမဲ့ – ကိုကြွင်ဟန် အိမ်ထောင်ကျကံကောင်းသည်။ ဇနီးမအေးကျင်က အလုပ်ကြိုးစား၏၊ မိဘများလက်ထက် အမျိုးဘဝတပင် ကောက်စိုက်၊ ပျိုးနုတ် နေ့စားလိုက်၏။ အိမ်ထောင်ကျတော့လည်း ဈေးတောင်းခေါင်းပေါ်တင်၊ နေ့စဉ် ကောက်ညှင်းပေါင်းနှင့်မုန့်ပြုတ် လှည့်ရောင်းသည်။ ကိုကြွင်ဟန် ဘာမျှ မလုပ်သည်ကို မငြူစူရှာ၊ ဘာမှလည်း မပြော။ ကိုကြွင်ဟန်တတော့



အိမ်မှာ ထင်းရှာ၊ ရေခပ်၊ အားလျှင် ရွာထဲ တစ်အိမ်ဝင်၊ တစ်အိမ်ထွက် လျှောက်သွား၏။

ယနေ့နံနက်တွင်လည်း ရွာမြောက်ဘက်တောသို့သွား၍ ထင်းရှာကာ၊ အိမ်တွင် ထားခဲ့ပြီး ရွာတောင်ဘက်သို့ ထွက်လာခဲ့၏။

"ဟာ – ဒေါ်အေးတို့က သူဌေးပဲဗျ"

ကိုကြွင်ဟန်က ဒေါ်အေးတို့ အိမ်နံရံတွင်ချိတ်ထားသော ဆီပုလင်းကို ကြည့်၍ ပြောလိုက်၏။

ဒေါ်အေးတို့အိမ်မှာ ရွာတောင်ဘက် ဦးစက္ကိန်ဘုန်းကြီးကျောင်းပိုင်း မလှမ်းမကမ်း၌ ရှိသည်။ ဒေါ်အေးက မုဆိုးမ၊ သားသုံးယောက်နှင့် အတူနေ၏။

အကြီးဆုံးသားက ကျောင်းဆရာ ကိုတင်လှ၊ ကျောင်းဆရာပီပီ နေရာတကာ ဆရာလုပ်တတ်၏။ စပ်စပ်၊ စပ်စပ်နှင့် နေရာတကာ ပါ၏။ ရွာထဲတွင် မည်သူနှင့်မျှ သိပ်မတည့်။ အိမ်ထောင်သည် ကဖလားသုံးယောက်ရှိပြီး မိခင်ကြီးနှင့်အတူ နေ၏။

သားအလတ်က ကိုတင်မြင့်၊ တစ်ရွာလုံးက ရွံ့ကြောက်ကြောက်ကြသည်၊ သူကား ဂျပန်အလိုတော်ရိ၊ သတင်းပေးတစ်ယောက်၊ အိမ်မဲမြို့ရှိ ဂျပန်ကင်ပေတိုင်ရုံးနှင့် အဆက်အသွယ်ရှိ၏။ သူနှင့် မတည့်လျှင် မတည့်သလို သတင်းပေးပြီး ဂျပန်တို့အကြိုက် လိုက်လံလုပ်ဆောင်ပေး၏။ သူနှင့် မတည့်သော ကန်ကြီးဒေါင့်ကုန်းပိုင်းက ဘကြီးဘိုးရွှေသား လှမောင်နှင့် လှဆောင်တို့ညီအစ်ကို ရွှေးတပ်ထဲပါသွား၏။ မြောက်ပိုင်းက မုဆိုးမဒေါ်ငွေစိန်၏သား မြမောင်ကလည်း ထိုနည်းတူပင်၊ ဂျပန်တို့ ဆင့်ဆိုသမျှ ကြက်၊ ဝက်၊ ဆန်၊ စပါး၊ အနိုင်ကျင့် ကောက်ခံပြီးပို့ ပေး၏။

ဂျပန်တို့ကလည်း မောင်တင်မြင့်မှ မောင်တင်မြင့်၊ ပြောသမျှ အကုန်ယုံသည်၊ သူတောင်းဆိုသမျှအခွင့်အရေးပေးသည်၊ သူ့ကြောင့် ရွာတွင်မနေရဲ၍ တခြားပြောင်းသွားသူတွေလည်း ရှိသည်၊ တချို့လူငယ်လူရွယ်များ တောလှန်ရေးထဲ လိုက်သွားသည်၊ ကိုကြွင်ဟန်နှင့်ကား ကျောင်းနေဖက် ငယ်သူငယ်ချင်း၊ အငယ်ဆုံးသား မောင်လှဖေကတော့ ကိုကြွင်ဟန်လိုပင်၊



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး–အစိမ်းသေဆိုတော့ တစ်ရွာလုံးမနေနိုင်ဘူး။

မီးသင်္ဂြိုဟ်တော့လည်း အုံ့စရာပဲ ညှော်လိုက်တာလဲ မပြောနဲ့တော့

တစ်ရွာလုံးမနေနိုင်ဘူး။

ခြောက်တာလည်း တကယ်ခြောက်ဆိုပဲ၊ ညဘက် သူ့အိမ်နောက်ဘက်က

ရေအိုးတွေကို မွှေနှောက်သံတွေ ကြားရတယ်။

ခြေသံတွေ၊ ချွေးအုသံတွေ ကြောက်စရာကြီးတဲ့ . . .



လူ့ပေါ်ကြွေ လက်ကြွေမတင်း၊ အိပ်လိုက်၊ စားလိုက်၊ လည့်လိုက်မပတ်လိုက်နှင့်။

"ဘာ – သူ့ဈေးလဲဟာယ်၊ ဒီလောက် ခေတ်ဆိုး၊ ခေတ်ကျပ်ကြီးထဲမှာ"

ဒေါ်အေးက ပြန်ပြောသည်။ ကိုကြွင်ဟန်ကို မကျေမနပ် တွေ့၍ကြည့်နေသည်။

"ဆီပုလင်းလေဗျာ – သူများတွေ ဆီမရှိလို့ ဝက်ဆီပဲ သုံးကြရတာ၊ ဒေါ်အေးတို့က ပုလင်းလိုက်ကြီးများတောင်"

ဒေါ်အေးက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်သည်။ ကိုကြွင်ဟန်ကို စိုက်ကြည့်နေသည်။



"ခြော် – ဒါ မနေ့က မောင်တင်မြင့် အိမ်မဲက ယူလာတာလေ၊ နင် – မနာလိုဖြစ်နေတာလား၊ ပြောစမ်း – နင်လည်း စားချင်ရင် ဒီလိုပဲ ရှာပေါ့ဟဲ့"

"သူ့တို့ ဂျပန်မာစတာတွေ ပေးတာဖြစ်မှာပေါ့"

ကိုကြွင်ဟန် အိမ်ရှေ့ဇိနပ်ချွတ်တွင် ပြောပြောဆိုဆို ဝင်ထိုင်သည်။ ထို့နောက် မီမီဘေးရှိ ဝါးထရံဝါးလုံးတန်းသို့ လက်လှမ်းတင်လိုက်ရာ လက်ကောက်ဝတ်၌ စစ်ခနဲ ဖြစ်သွားသည်။ ငုံ့ကြည့်သည်၊ ဘာပါလိမ့် –

"ဟာ – ဘုရားရေ၊ ကျုပ်တော့ မြွေကိုက်ပြီဗျ"

=💀=

အမေပြောသော ဇာတ်လမ်းကား ဤတွင်အဆုံးသတ်၏။

"သနားစရာပဲ – အမေရာ"

ဒေါ်အေးတို့ မိသားစုသည် ခေတ်ပျက်ထဲတွင် ပျော်ပျော်ရွှင်ရွှင် စားနိုင်သောက်နိုင် မြန်နိုင်ကြပေရာ မကျေနပ်သူများသည်။ လူမုန်း သူမုန်းလည်း ပေါသည်။ နောက်ပြီး သူတို့မိသားစုက တွန့်တိုတတ်သည်။ မရှိနွမ်းပါးသူကို ပေးကမ်းစွန့်ကြဲလေ့မရှိ၊ ပြုစုတတ်သည်။ ထို့ကြောင့် လူမုန်းများရခြင်းပင်၊ ကြားက မားစာခံကြွင်ဟန် ဖြစ်နေပြီလား။

"အေး – ကံနိမ့်တဲ့သူ ခံရတာပေါ့။ လုပ်တဲ့သူကတော့ ဒေါ်အေးတို့မိသားစုကို လုပ်တာဖြစ်မှာပေါ့။ သူတို့က သိတဲ့အတိုင်းပဲလေ"

"ဒါနဲ့ – အမေ၊ သံချောင်းကနေ မြွေဖြစ်တယ်ဆိုတော့ ဟုတ်ပါ့မလား ဗျာ"

"တိုက်မြွေလို့ပြောကြတာပဲ။ တိုက်မြွေဆိုတာ တုတ်၊ ကြိုးနွယ်ပင်ကနေ မြွေဖြစ်အောင် လုပ်တာလေ"

"နောက်ပြီး အစိမ်းသေဆိုတော့ တစ်ရွာလုံးမနေနိုင်ဘူး၊ မီးသင်္ဂြိုဟ်တော့လည်း အုံ့စရာပဲ ညှော်လိုက်တာလဲ မပြောနဲ့တော့၊ တစ်ရွာလုံးမနေနိုင်ဘူး။ ခြောက်တာလည်း တကယ်ခြောက်ဆိုပဲ၊ ညဘက် သူ့အိမ်နောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com

ကရေအိုးတွေကိုမွှေနှောက်သံတွေကြားရတယ်၊ ခြေသံတွေ၊ ခွေးအူသံတွေ ကြောက်စရာကြီးတဲ့၊ နင့်အဒေါ်မတင်ရွှေတို့အိမ်နဲ့က တစ်အိမ်ကျော်လေ"

ကျွန်တော် ငယ်စဉ်ကျောင်းသားဘဝက ဤဖတ်လမ်းကို အမေပြော တော့ အိမ်အမိုး၊ နံရံတွေက ဝါလုံးခေါင်းတွေကိုမထိရဲ၊ မကိုင်ရဲခဲ့၊ သံချောင်း ကိုပင် မြွေအမှတ်နှင့် ကြောက်နေမိသည်။

ထူးတော့ ထူးဆန်း၏။ အဝိဇ္ဇာဂဏက သက်မဲ့သံချောင်းက မြွေဖြစ်သည် တဲ့၊ ငယ်စဉ် လမ်းဘေးမျက်လှည့်ဝိုင်းတွေမှာ ရှမ်းဘောင်းဘီအနက်နှင့် ယောပြန်၊ ဆောပြန်ဆရာတို့က သက်မဲ့ပစ္စည်းတွေကို သက်ရှိဖြစ်အောင် မျက်လှည့်ပညာဖြင့် လုပ်ပြသည်ကိုမြင်ခဲ့ဖူးပါ၏။ ဒါက မျက်လှည့်ပညာသာ၊ အပျော်တမ်း ပဥ္စလက်ပညာ၊

သို့သော် - စာရေးသူအရာရှိငယ်ဘဝ တောင်ကြီးတစ်တောင်၌ အမှု ထမ်းစဉ် ဘိုးတော်စစ်ဆေးရေးဖြင့် နာမည်ကြီးဘိုးတော်တချို့ တောင်တွင်း ရောက်လာကြ၏။ သူတို့ကလည်း သူတို့နည်း သူတို့ဟန်ဖြင့် အစွမ်းပြကြ သည်၊ မေးသမျှ အဖြေကို ဘုရားကျောင်းဆောင် ညောင်ရေအိုးမှ အသံ ဖြင့် အဖြေပေးသည်၊ အချို့က လေထဲသို့ လက်ဖဝါးမြှောက်လိုက်သည်နှင့် အဆောင်လက်ဖွဲ့တစ်မျိုးမျိုး ပါလာသည်၊ စိတ်နယ်လွန် ဖြစ်ရပ်ဆန်းတွေ ပင်၊

တစ်ဦးဆိုလျှင် အိတ်ထဲပါလာသော ငွေစက္ကူအကြွေစေ့၊ အမျိုးအစား မည်ရွေ့မည်မျှ၊ ငွေစက္ကူနံပါတ်မကျန် ပြောသည်၊ တိတိကျကျ ဖြစ်သည်၊ အံ့ဩစရာကောင်းလှသည်၊

မိမိမေးလိုသော မေးခွန်း (၅)ခုကို စာရွက်တစ်ရွက်ပေါ်တွင် ချရေး၊ ထိုစာရွက်ကို လက်ဖြင့် ရိုက်ချလိုက်သည်နှင့် တစ်၊နှစ်၊သုံး၊လေး၊ အဖြေငါးခု ဖြေပြီးသား၊ ရုတ္တစိုးမှော် အောင်ထားသည်တဲ့၊ လောကီပညာပေပဲလား၊ တန်ခိုးဣဒ္ဓိပါတ်ပေလား၊

=💀=

ဗုဒ္ဓမြတ်စွာဘုရား၏ ပဋိစ္စသမုပ္ပါဒ် ...၊

အဝိဇ္ဇာ ပစ္စယာ၊ သင်္ခါရာ - မသိနားမလည်မှုကြောင့် ကုသိုလ်၊ အကု သိုလ်ကံတို့ပြုလုပ်၏။

သင်္ခါရပစ္စယာ ဝိညာဏ - ပြုသောကုသိုလ်၊ အကုသိုလ် ကံတရားတို့ ကြောင့် ဝိညာဉ်စိတ်ဖြစ်၏။

ဝိညာဏ ပစ္စယာ နာမရူပံ ထိုဝိညာဉ်ကြောင့် နာမ်နှင့်ရုပ်တို့ဖြစ်ပေါ်၏။

ဩကာသလောကဘုံဌာနတို့တွင် -

| | | |
|---|---|---|
| (၁) | အပါယ်ဘုံ | ၄ |
| (၂) | လူ့ဘုံ | ၁ |
| (၃) | နတ်ဘုံ | ၆ |
| (၄) | ရုပ်၊ နာမ် (၂)မျိုးရှိ | |
| (၅) | ဗြဟ္မာဘုံ | ၅ |
| (၆) | ရုပ်သက်သက်သာရှိ (အသညသတ်) ဗြဟ္မာဘုံ | |
| (၆) | နာမ်သက်သက်သာရှိ (အရူပ) ဗြဟ္မာဘုံ၄ တို့ | |

စုစုပေါင်း (၃၁)ဘုံရှိကြောင်း မှတ်သားရပါမည်၊ ထို (၃၁)ဘုံတွင် ရုပ် သည် ဆင်းရဲကြောင်းဖြစ်၍ ရုပ် အလိုမရှိသည့် အကျင့်ကို ကျင့်သော သူတို့ မှာ အရူပဗြဟ္မာဘုံ၌ ဖြစ်ကြရပြီး နာမ်ကို အလိုမရှိ၍ ထို အကျင့်ကို ကျင့်ကြ သူတို့မှာ အသညသတ် ဗြဟ္မာဘုံ၌ ဖြစ်ကြ၏။

ကံ - ကံ၏ အကျိုးကို ယုံကြည်လက်ခံကြသူတိုင်း ဆိုင်ရာ ဆိုင်ရာ အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါလျှင် ...၊

(အမေပြောသော ဖတ်လမ်းများမှ)

●● မောင်မြဦး (မြောင်းမြ) ●●



www.burmeseclassic.com

www.burmeseclassic.com



**အောင်သာကျော်**

# ကျွမ်းရစ် လေ နှင်

မဟူရာညသည် တိတ်ဆိတ်ငြိမ်သက်ခြင်း ဇာပဝါကို လွှမ်းခြုံလို့ထားသည်၊ လူနေအိမ်ခြေများနှင့် အတော်လေး အလှမ်းကွာဝေးလျက်ရှိသည့် နေရာပင်ဖြစ်သည်၊ လူနေအိမ်ခြေများ စိပ်လှသည့် ရွာ၏တောင်ဘက်ဆုံးတွင် ပျဉ်ထောင်အိမ်ကြီးတစ်လုံး ထီးတည်းမားမား ရှိနေသည်၊ အိမ်ကြီးက ကြီးမားကျယ်ပြန့်ကာ ခမ်းနားထည်ဝါလွန်းလှသည်၊ အောက်ခံတိုက် ဖြစ်သဖြင့် အောက်ထပ်က နီရဲသောအရောင်ရှိပြီး အပေါ်ထပ်မှာ ရေနံချေးဝလွန်းလှသည့်သရုပ်အဖြစ် နက်မှောင်လို့နေသည်၊ ရွာထဲမှာ လူအတော်များများကမူ အိမ်မည်းကြီးဟု သုံးနှုန်းပြောဆိုလေ့ရှိကြသည်၊ အိမ်ကြီးကိုမြင်လိုက်ရသည်နှင့် ကျွန်တော်နှင့် ကျွန်တော့်တပည့်ကျော်ယဉ်ထွေးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိရင်း ယဉ်ထွေးက -

"ဆရာရေ - ကျွန်တော်တို့ တည်းရမည့် အိမ်ကြီးကတော့ အပျံစားပဲနော်"

ဟု စကားစလာသဖြင့် ကျွန်တော် ပြုံးလိုက်မိရင်း . . .

"ရွာက လူကြီးတွေကပြောတာတော့ ဒီတိုက်ကြီးက ဗြိတိသျှလက်ထက်ကတည်းက ရန်ကုန်က တာဝန်နဲ့လာကြတဲ့ ဌာနဆိုင်ရာ အရာရှိတွေတည်းဖို့ အတွက် ဆောက်ထားတာတဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဆရာတို့–အိပ်တော့မလား–ဆရာတို့။

ဒီမှာ လွတ်လွတ်လပ်လပ်သာ နေ၊ လိုအပ်တာရှိရင် လှမ်းသာအော်လိုက်၊

ကျွန်တော်က တစ်ရွာလုံးကသိနေတဲ့ အိမ်ကြီးအနီးနားမှာ နေတဲ့သူပါ။

အိမ်မည်းကြီးရဲ့ မူလနာမည်က နှင်းဆီမြိုင်စံအိမ်လို့ တွင်ခဲ့တာ၊

ဟောဟိုက လှမ်းမြင်နေရတဲ့ တဲကလေးနဲ့ ခြံဝိုင်း

ဟိုသပြေပင်တွေ ဝိုင်းနေတဲ့ အိမ်ပဲ . . .



ဟုပြောဖြစ်မိသည်၊ လျှပ်စစ်မီးကလည်း လင်းနေသည်၊ ထိုအိမ်ကြီးတွင် သုံးပတ်ကြာ တည်းခိုနေထိုင်ရမည်ဖြစ်သည်၊ ညနေစောင်းကမှ ရန်ကုန်က ရောက်လာခဲ့ကြသည်၊ ကျွန်တော်နှင့် ကျွန်တော့်တပည့်ကျော် ယဉ်ထွေး တို့ကို ရွာခံလူကြီးများက လိုက်ပို့ပေးသဖြင့် ရောက်လာကြခြင်း ဖြစ်သည်၊ ကျွန်တော်တို့ အိမ်ကြီး၏ တံခါးဝသို့ ရောက်သည်နှင့် ရွာလူကြီးတစ်ဦး ဖြစ်သည့် ဦးဘဟန်က . . .

"ကဲ–ကဲ–ဆရာတို့ အေးအေးဆေးဆေး အနားယူလိုက်ကြပါဦး၊ ရေမီး အစုံအလင်ရှိပါတယ်၊ တခြားလိုအပ်တာတွေ မရှိရင်တော့ ဟိုးမှာ လှမ်းမြင် နေရတဲ့ သပြေပင်အုပ်စုဘက်ကို လှမ်းအော်ခေါ်လိုက်ပါနော်"

ဟု ပြောရင်း သော့တွဲတစ်တွဲကို လှမ်းပေးသည်၊ ပြီးတော့–ဆက်မှာ သည်မှာ –



"ဆရာတို့ အိပ်ရင်အပေါ်ထပ်မှာအိပ်၊ အောက်ထပ်မှာလည်း အိပ်ခန်း တော့ရှိတယ်၊ ဒါပေမဲ့–ကားလမ်းမကြီးက တစ်ညလုံးလိုလို အဝေးပြေး ကုန် ကားကြီးတွေ ဥဒဟိုသွားလာနေကြတော့ နားခံနိုင်မှာ မဟုတ်ဘူး"

ဟုပင် လူကြီးများပြန်လှည့်ထွက်သွားသည်နှင့် တပည့်ကျော် ယဉ်ထွေး က လက်ထဲသို့ သော့တွဲကို ကမ်းပေးလိုက်သည်၊ သံဘာဂျာတံခါးကို ဆွဲ ဖွင့်၊ အတွင်းမှ နောက်တစ်ထပ်ခံထားသည့် ကျွန်းတံခါးကို တွန်းဖွင့်လိုက်မိ သည်တွင် ကျွန်တော်နှင့် ယဉ်ထွေးတို့ အံ့အားတသင့် ဖြစ်သွားသည်၊ ဖုန် မှုန့်များ၊ ပင့်ကူအိမ်များ ရှိမနေဘဲ သန့်ရှင်းသပ်ရပ်စွာ ရှိနေသည်ကို တွေ့ လိုက်ရသဖြင့်ပင် ဖြစ်သည်၊ အပေါ်ထပ်သို့ တက်သွားကြကာ ဗိုင်တွဲများ၊ စစ် တမ်းပုံစံများကို ခုတင်နှစ်လုံးအလယ်တွင် ထားရှိသည့်စားပွဲပေါ်သို့ တင်ထား လိုက်ပြီး ခုတင်ပေါ် ပက်လက်လှန်ကာ အနားယူနေလိုက်ကြသည်၊

ကျွန်တော်တို့ ရောက်နေသည့် ရွာမှာ ရန်ကုန်–ပြည် ကားလမ်းမကြီး ဘေးတွင် တည်ရှိနေခြင်းပင် ဖြစ်သဖြင့် ကျွန်တော်တို့ တည်းခိုရာအိမ်သည် လည်း ကားလမ်းနံဘေးတွင်ပင် ရှိနေသည်ဆိုတော့လည်း တစ်ချက်တစ် ချက် ဖြတ်သန်းသွားသည့် အဝေးပြေးကားကြီးများ၏ ပြေးလွှားသံများက တုန်ခါလျက်ရှိနေပေသည်၊ ကျွန်တော် အိမ်ဘေးပတ်ဝန်းကျင်ကို အကဲခတ် လိုသဖြင့် ပြတင်းပေါက်ရှိရာ လျှောက်သွားဖြစ်ကာ ပြတင်းပေါက်ကို ဖွင့် လိုက်သည်၊ ခြံဝန်းတစ်ခွင်သို့ အနံ့လက်နှိပ်ဓာတ်မီးဖြင့် ဟိုဘက်ထိုးလိုက်၊ သည်ဘက်ထိုးလိုက် လိုက်လံကြည့်နေမိသည်၊ မဟူရာညကတော့ မှောင် မည်းလျက်ပင် ရှိနေသည်၊ အမွှေးရနံ့သင်းသင်းလေးက လေညင်းနှင့်အတူ ရောရောပါလာသည်၊ ပတ်ဝန်းကျင်တစ်ခွင်လုံးကလည်း အိပ်မောကျနေ သည့်အလား၊ တိတ်ဆိတ်ငြိမ်သက်လို့နေသည်၊ အိမ်ခြံဝန်းထဲတွင်ကား ပန်းပင်အတော်များများ ရှိနေသည်ကို တွေ့လိုက်ရသည်၊ နှင်းဆီပွင့်ငယ် ကလေးများနီးပါး ပွင့်အာထွက်နေသည့် ဖြူလွလွပန်းပွင့်ငယ်များ စုစည်း တည်ရှိရာ အဖြူရောင်ခြုံလွှာကြီးထံမှ လွင့်ပျံ့တက်လာသည့် စံပယ်ပန်းရနံ့ တို့က တစ်ချက်တစ်ချက် ဖေ့ဝိုက်ကာ လွင့်ပျံ့ရောက်ရှိလာသည့် လေပြေ လေညင်းကို လိုင်းစီးကာ ရောက်ရောက်လာလို့နေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဝတ်ဝန်းကျင်ကို လေ့လာနေမိစဉ်မှာပင် ခြံဝင်းထဲသို့ လူတစ်ယောက်ဝင်လာသည်ကို တွေ့ရသဖြင့် သေသေချာချာ အကဲခတ်ကြည့်နေမိဖြစ်သည်။ အပေါ်ထပ်မှ ခြံဝင်းထဲသို့ ခါတ်မီးတိုးကာ လှမ်းကြည့်နေမိသည့် ကျွန်တော့်ကို မြင်သည်နှင့် ...

"ဆရာတို့ - အိပ်တော့မလား - ဆရာတို့၊ ဒီမှာ လွတ်လွတ်လပ်လပ်သာနေ၊ လိုအပ်တာရှိရင် လှမ်းသာအော်လိုက်၊ ကျွန်တော်က တစ်ရွာလုံးက သိနေတဲ့ အိမ်ကြီးအနီးနားမှာ နေတဲ့ သူပါ၊ အိမ်မည်းကြီးရဲ့ မူလနာမည်က နှင်းဆီ ခြံြင်စံအိမ်လို့ တွင်ခဲ့တာ၊ ဟောဟိုက လှမ်းမြင်နေရတဲ့ တဲကလေးနဲ့ မြို့ပိုင်း၊ ဟိုသမြေပြင်တွေ စိုင်းနေတဲ့ အိမ်ပဲ"

ဟုပြောသည့် ရွာခံသားတစ်ဦးဖြစ်သည့် မောင်အေးဆောင်က လက်ညှိုးညွှန်ပြရာသို့ ကျွန်တော် လှမ်းကြည့်လိုက်မိသည်။ ကျွန်တော်တို့ တည်းခိုနေသည့် အိမ်မည်းကြီး ခေါ် နှင်းဆီမြိုင်စံအိမ်နှင့် သိပ်မဝေးလှ၊ ခပ်ကျယ်ကျယ်လေး လှမ်းခေါ်မည်ဆိုပါက ကြားလောက်သည့် အနေအထားတွင် ရှိနေသည်။

ကျွန်တော် နှင်းဆီမြိုင်စံအိမ်ဆိုသည့် ဝေါဟာရကို စိတ်ဝင်စားဖြစ်သွားမိသဖြင့် မောင်အေးဆောင်ကိုခေါ်ပြီး မေးမြန်းကြည့်မည် ကြံစည်ကာရှိသေး၊ မောင်အေးဆောင်တစ်ယောက် ကျွန်တော့်အပါးမှ လှည့်ထွက်သွားပြီဖြစ်သည်။

တော်သေးသည်က မဟူရာညပင်ဖြစ်သော်လည်း နှင်းဆီမြိုင်စံအိမ်တွင် လျှပ်စစ်မီးရှိနေခြင်းပင် ဖြစ်သည်။

မဟူရာညသည် ပိန်းပိန်းနက်မှောင်လို့နေပြီ၊ တစ်ချက်တစ်ချက် ဖြတ်သွားဖြတ်လာရှိနေသည့် အဝေးပြေးကုန်ကားကြီးများ အသံကတုန်ခါလျက်ပေါ်လာနေသည်။

မောင်အေးဆောင် ပြောပြသဖြင့် သိရသည်မှာ နှင်းဆီမြိုင်စံအိမ်သည် လွန်ခဲ့သည့် ဗြိတိသျှ လက်ထက်ကတည်းက တည်ရှိခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ဖြင့် ရောက်လာလေ့ရှိသည့် ကျွန်တော်တို့ကဲ့သို့သော အရာထမ်းများကို တည်းခိုရန် သတ်မှတ်ထားသည့် အိမ်ဟုပင်၊ တာဝန်ဖြင့် ရောက်လာကြသည့် အရာထမ်းများ အများဆုံးတည်းဖြစ်ကြသည်မှာ ခစ်ညအိပ်၊ နှစ်ညအိပ်ပင်၊ ယခုမူ ကျွန်တော်တို့ နှင်းဆီမြိုင်တွင် သုံးပတ်ကြာမျှ နေထိုင်ရင်း အလုပ်တာဝန်များကို ထမ်းဆောင်ရဦးမည်ပင် ဖြစ်သည်။ နေ့လယ်က အနီးအပါးရွာများတွင် စစ်တမ်းဆင်းကောက်ရသည်ဖြစ်ရာ တပည့်ကျော်ယဉ်ထွေး အတော်လေး ပင်ပန်းလာသည်ထင့်၊ ခုတင်ပေါ်တွင် ပက်လက်လှန်ရင်း အိပ်ပျော်လို့နေပြီဖြစ်သည်။

ကျွန်တော် ပျင်းပျင်းရှိသည်နှင့် ခုတင်ခြေရင်းဘက်တွင် ရှိနေသည့် စားပွဲပုပုလေးပေါ်တွင် တင်ထားသည့် တီဗွီနှင့် စီစီဒီစက်ရှိရာသို့ လှမ်းလိုက်မိသည်။ စားပွဲပေါ်တွင် တင်ထားသည့် စီစီဒီပြားများကို လှန်လှောရှာဖွေမိရာ ကျွန်တော် လွန်စွာသဘောကြသည့် တိုက်တန်းနစ်ဇာတ်ကားစီဒီခွေကို တွေ့လိုက်ရသည်။ စီဒီခွေကို လက်ကိုင်ပဝါဖြင့် ပွတ်သပ်ပြီး စက်များအတွက် ဆက်သွယ်ထားသော မီးပလပ်ကို ထိုးထားသည့် ခလုတ်ကို ဖွင့်လိုက်မိသည်။ အပေါ်စက် အောက်စက် (ရီမုဒ်) အဝေးထိန်းကိရိယာတို့ဖြင့် ဖွင့်လိုက်ပြီးမှ အောက်စက်ထဲသို့ စီဒီခွေကို ထည့်လိုက်သည်။ စက္ကန့်သုံးဆယ်အကြာတွင် ဖန်သားပြင်ပေါ်၌ လှုပ်လှုပ်ရှားရှား ရုပ်အသွင်ပေါ်လာသည်။ ရုပ်အသွင်က လှပချောမောသည့် အငြိမ့်မင်းသမီးလေးတစ်ဦးပင် ဖြစ်သည်။ ကျွန်တော် အံ့အားသင့်သွားသည်။ အောက်စက်ရီမုဒ်ကို အသုံးပြုကာ အခွေကိုပြန်ထုတ်လိုက်သည်။ ထွက်လာသည့် အခွေပေါ်တွင် ရှိနေသည့်ပုံများနှင့် စာသားများကို ကြည့်မိသည်။ တိုက်တန်းနစ်ဇာတ်ကားဟု ဖော်ညွှန်းထားသည့်ပုံများနှင့် စာသားများက အထင်အရှားရှိနေသည်ကို တွေ့လိုက်ရသည်။

မကျေနပ်နိုင်သေးဘဲ စီဒီခွေထည့်သည့် ဘူးကိုလှမ်းယူကာ အထဲတွင်ကျန်နေသည့် ဘီဆိုဒ်အခွေကို ထုတ်ယူလိုက်မိသည်။ ဘီဆိုဒ်ပေါ်တွင်လည်း တိုက်တန်းနစ်ဇာတ်ကားမှ ဇာတ်ဝင်ခန်းပုံများနှင့် စာသားများကို တွေ့ရပြန်သည်။ တိုက်တန်းနစ်ဇာတ်ကား၏ အခွေဖြစ်သည်မှာ သေချာသွားပြီ။ အတွေးထဲဝင်လာမိသည်က အခွေသွင်းနေစဉ် ကွန်ပျူတာထဲ ထည့်ထားမိသည့် အငြိမ့်ခန်းများ လမ်းကြောင်းမှားကာ ဝင်လာလေသလားဟုပင်၊ ဖြစ်တတ်သည်မှာ အခွေကူးစဉ် ဂျက်ပင်မှားထိုးကာ ကူးမိလျှင်လည်း မူရင်းထားသော ဇာတ်ကားမဟုတ်ဘဲ ကွန်ပျူတာထဲ မှတ်သိမ်းထားပြီးသား





www.burmeseclassic.com

www.burmeseclassic.com

အခြားကား တစ်ကားကားကူးပြီးသား ဖြစ်သွားတတ်သည်။ ကူးခွေတော်တော်များများက ဖြစ်ကတတ်ဆန်း ကူးကြသည်ကများသည်။ မထူးတော့ပြီဖြစ်သဖြင့် စီဒီကို စက်ထဲ ပြန်ထည့်လိုက်ပြီး ကြည့်နေမိသည်။ အစဘယ်က စသည်ပြောရခက်လှသည်။ စဖွင့်လိုက်သည်နှင့် အငြိမ့်မင်းသမီးလေးတစ်ဦး က,နေသည့် အခန်းမှစလို့ ဖန်သားပြင်ပေါ်တွင် ပြက်ပြက်ထင်ထင် ပေါ်လာသည်။

မင်းသမီးလေးမှာ ချိတ်ထဘီအနီရောင်၊ ထိုင်မသိမ်းအကျီပန်းနုရောင် ဝတ်ဆင်ထားပြီး ပုဝါအစိမ်းကို စလွယ်သိုင်းကာ က,နေခြင်း ဖြစ်သည်။ ထူးခြားနေသည်က လူရှင်တော်ပုံတစ်ကွက်မှ မပါလာခြင်းပင်။ မင်းသမီးက ကြိုးဆုံးသွားသည်နှင့် စကားပြောရန် ပရိသတ်ဘက် လှမ်းကြည့်သည့် အကွက်ရောက်လာသည်။ မင်းသမီးလေး၏ နှစ်လိုဖွယ်ပါးချိုင့်လေးများနှင့် စပယ်တင်မှဲ့တို့က အနီးကပ် ရိုက်ချက်တွင် ထင်ထင်ရှားရှားပေါ်လာသည်။ မင်းသမီးလေး၏ အပြုံးကို စေ့စေ့ငေးနေမိစဉ်မှာပင် ...

"ဟာ - ဆရာကလည်းဗျာ - တိုက်တန်းနစ် ကြည့်တာတောင် ကျွန်တော့်ကို မခေါ်ဘူး၊ သဘော်တောင် ရေနစ်နေပြီ"

ကျွန်တော် ယဉ်ထွေးကို အံ့အားတသင့် ပြန်ကြည့်လိုက်မိသည်။ ပြီးတော့မှ တီဗွီဖန်သားပြင်ဘက်ကို ပြန်ကြည့်မိသည်။ ကျွန်တော် နားမလည်လောက်အောင် ဖြစ်သွားရသည်။ ယဉ်ထွေးပြောလိုက်သည့် အတိုင်းပင် တိုက်တန်းနစ် သဘော်ကြီး မြုပ်သည့် အခန်းရောက်လို့နေပြီ ဖြစ်သည်။

ကျွန်တော့် အတွေးတို့ ပျံ့လွင့်မိရပြီ။ အငြိမ့်မင်းသမီးလေး အပြုံးက အတွေးထဲမှာ နေရာယူထားပြီဖြစ်သည်။ ထိုအစဉ်မှာပင် ကျွန်ုပ်သာမက တပည့်ကျော် ယဉ်ထွေးပါ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်မိကြသည်။ ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပြန်သည်။ နှင်းဆီပန်းရနံ့များက ကျွန်တော်တို့ဝန်းကျင်သို့ ပျံ့လွင့်လှမ်းဖြူလို့ လာသောကြောင့်ပင်။ စီဒီနှစ်ချပ်လုံး ဆုံးအောင်ကြည့်မိကြပြီးသည်နှင့် ယဉ်ထွေးကို ကျွန်တော် ဆိုဒ်အေကို စကြည့်မိစဉ်က မြင်တွေ့ခဲ့ရသည်များကို ပြောပြနေမိသည်။ ယဉ်ထွေးက ပြန်ကြည့်လိုကြောင်း ပြောသည်။ ကျွန်တော့် စိတ်ထဲတွင်လည်း စကြည့်မိသည့်အပိုင်းကို ပြန်ကြည့်ချင်စိတ် ပေါ်လာသည်။



စီဒီချပ်ကို ပြန်ထုတ်ရင်း ဆိုဒ်အေဟု ရေးထားသည့် အချပ်ကို စက်ထဲ ပြန်ထည့်လိုက်သည်။

စက္ကန့်သုံးဆယ်အကြာတွင် ဖန်သားပြင်ပေါ် ထင်လာသည့် ရုပ်အသွင်များကိုမြင်တွေ့လိုက်ရရာ ကျွန်တော် အလွန်အမင်း အံ့အားသင့်သွားရတော့သည်။ တိုက်တန်းနစ်ကား၏ မူလအစအတိုင်း ဇာတ်လမ်း စထွက်လာသဖြင့် တပည့်ကျော် ယဉ်ထွေးက ...

"ဆရာ စိတ်ထင်လို့ ဖြစ်မှာပါ"

ဟု ဆိုပါသည်။ ကျွန်တော် မည်သို့မျှ ပြောပြမနေတော့ဘဲ အိပ်ဖို့သာ ပြင်ရင်း အိပ်ရာဝင်လိုက်မိသည်။

အိပ်မက်တို့သည် ဆန်းကြယ်လှသည်။ သွေးလေရောက်ချား၍ပဲ အိပ်မက်တို့သည် စိတ်ကို လှုပ်ခတ်စေသည်ကတော့ အမှန်ပင်ဖြစ်သည်။

မဟူရာညတွင် ကျွန်တော့် အိပ်မက်ကမ္ဘာထဲသို့ ညအိပ်ရာ မဝင်မီက ဖန်သားပြင်ပေါ်က ပုံဖော်ပြခဲ့သည့် မင်းသမီးချောလေး ရောက်လာသည်။ ကျွန်တော့်အနား ရောက်ရောက်ချင်းပင် ပါးချိုင့်လေးများကို ခွက်သွားအောင် ပြုံးလိုက်ရင်း -

"မောင်တော်ရယ် - ညီမတော်က သစ္စာဝေပါ၊ ညီမတော်အတွက် ရွာလယ်လမ်းအတိုင်းသွားရင် ဖူးတွေ့ရမည့် စေတီတော်မှာ ကုသိုလ်တောင်းမှုပြုပြီး အမျှဝေပေးပါ။ ညီမတော် သစ်ဝေကတော့ ရွာမှာပဲ လူ့ဘဝ ပြန်ရောက်နေပြီ။ ညီမတော်အတွက် ကုသိုလ်ပြုပေးပါနော်"

ဟု အကြိမ်ကြိမ်မှာကြားကာ ကျွန်တော့်အပါးမှ ထွက်သွားသည်။

"ဟေ့ - ဟေ့ - မိန်းကလေး - မိန်းကလေး"

ကျွန်တော် လှမ်းခေါ်ဖြစ်သည်။ ကျွန်တော့်ဘက်သို့ သမင်လည်ပြန်ကြည့်ရင်း ပြုံးပြရှာသည်။ ပါးလေးများ ချိုင့်ခွက်နေသည့် ပါးချိုင့်လေးနှစ်ဖက်၊ ပြီးတော့ - မှဲ့နက်ကလေး ပြီးတော့ အားကိုးတကြီး ကြည့်နေရှာတဲ့ ကရုဏာသက်စရာ အကြည့်လေး စသည်တို့က ကျွန်တော့်ရင်ကို လှိုက်ဖိုသွားရသည်။ ကျွန်တော် သူရှိရာသို့ လှမ်းမိသည်တွင် ရှာခနဲလှည့်ကာ ကတ္တရာလမ်းမကြီးအတိုင်း ရွာဘက်သို့ အပြေးလေး လျှောက်သွားတော့သည်။ ရှည်လျားနက်မှောင်လွန်းသည့် ဆံပင်တို့က ခြေသလုံးထိတိုင် ကျနေသဖြင့် ဝေ့တာယမ်းကာ လှုပ်ခတ်လျက်ရှိနေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်သည် အိပ်မက်သာဖြစ်သည်ဟု သဘောထားမိခဲ့သော်လည်း နံနက်လင်းသည်နှင့် အုံအားသင့်စရာ ကြုံရပြန်ပါသည်။ နံနက်လင်းသည်နှင့် ရွာစံသားဖြစ်သူ အေးဆောင် ရောက်လာကာ …

“ဆရာတို့ - ဆရာတို့ နိုးနေကြပြီလား၊ ဆရာတို့ကို ခင်မောင်စိုးက နံနက်စာ ထမင်းကြော်နဲ့ ဧည့်ခံချင်တယ်ဆိုလို့ ကျွန်တော် လာခေါ်တာပါ”

ဟု ပြောသဖြင့် …

“အေး - အေး - ခဏလေးနော်၊ ထမင်းကြော် စားပြီးတာနဲ့ အလုပ်တစ်ဆက်တည်း လုပ်ရအောင် ပုံစံတွေ ထပ်နေလို့”

ဟု ပြောလိုက်ရသည်။ ခဏအကြာတွင် ပုံစံအထပ်တစ်ထပ်ကို ဗိုင်းထဲတွင် ထည့်ပြီးသွားသဖြင့် တပည့်ကျော် ယဉ်ထွေးအားကိုင်စေကာ ရွာဘက်ဆီသို့ တစ္ဆရာလမ်းမပေါ် ရောက်သည်နှင့် အိပ်မက်တွင် ထင်ဟပ်ခဲ့သည့် ပုံရိပ်တို့က ရင်ထဲဝင်လာသည်။ ဆယ့်ငါးမိနစ်သာသာခန့် လျှောက်မိသည်တွင် ခင်မောင်စိုး၏ပိုင်းထဲဝင်သည့် မြေနီလမ်းကြောင်းလေးပေါ်ရောက်တော့သည်။

ခင်မောင်စိုး၏ အိမ်ပေါ်သို့အရောက်တွင် ခင်မောင်စိုးက အိမ်၏ ခေါင်းရင်းဘက်တွင် အသင့်ပြင်ထားသည့် ထမင်းစားပွဲဝိုင်းလေးဆီသို့ နေရာချထားပေးရင်း …

“သမီးရေ - ဧည့်သည်တွေ ရောက်နေပြီဟေ့၊ အားလုံး လင်ပန်းနဲ့ သယ်ထုတ်လာခဲ့တော့”

ဟု အိမ်အတွင်းဘက်သို့ လှမ်းပြောလိုက်သည်။

ကျွန်တော်လည်း ဟိုဟိုသည်သည် အကဲခတ်လိုက်သလို ကြည့်မိရာက …

“ကိုအေးဆောင် ရွာလယ်လမ်းအတိုင်းလေးသွားရင် စေတီတော်လေးတစ်ဆူရှိတယ်လို့ ကြားမိတယ်၊ ဒီကပြီးရင် ခဏလောက် လိုက်ပြပေးမလား”

ဟု ပြောဖြစ်သည်တွင် ခင်မောင်စိုးက …

“ဆရာက သစ္စာတိုင် စေတီသွားချင်တာထင်တယ်၊ ကိုအေးဆောင်ရေ လိုက်ပို့ပေးလိုက်ပါ၊ ဒါပေမဲ့ - ဆရာတစ်ခုတော့ သတိထား၊ အဲဒီ စေတီတော်က ကြားခဲ့တာမှ အတော့်ကိုကြာခဲ့ပြီ၊ ဒီရွာမတိုင်ခင်တတည်းက ဆိုပါတော့၊ ကျွန်တော်တို့ မီသလောက်သိသလောက် ပြောရမယ်ဆိုရင် နစ်ပေါင်း ရာကျော်နေပြီ၊ နှစ်နှစ်ရာနီးပါးလောက် ရှိလိမ့်မယ်၊ ကျွန်တော်တို့ ရွာတည်တာတောင် နှစ်ပေါင်းတစ်ရာ့လေးဆယ်ကျော်နေပြီ၊ ဒါတွေက အဓိကမဟုတ်ဘူး ဆရာ၊ သတိထားရမှာက ဒီစေတီမှာ သစ္စာဆိုမိ၊ သစ္စာတိုင်မိပြီဆိုရင် မဖောက်ဖျက်လေနဲ့၊ ဖောက်ဖျက်ရင် တစ်နည်းမဟုတ် တစ်နည်း ဒုက္ခတွေ့ရတတ်သလို ဆိုမိတဲ့ သစ္စာတည်ပြီဆိုရင်လည်း ကောင်းကျိုးအမှန်ပေးတယ် ဆိုတာကိုပါ”

ဟု ရှင်းပြသည်။ ကျွန်တော် တော်တော်လေး စိတ်ဝင်တစားဖြစ်သွားမိသည်။ အိပ်မက်ထဲက မိန်းမချောလေးက ဘာကြောင့် ဒီစေတီမှာမှ ကုသိုလ်တောင်းမှုပြုပြီး အမျှပေးဝေခိုင်းသည်ကိုပင်။ ထိုအတွေးဝင်မိစဉ်မှာပင် …

“လာ - လာ - သမီး ဒီဘက်နားက ကပ်ပြီးချပေး”

ဆိုသည့် အသံကြောင့် မော့ကြည့်မိလိုက်သည်။

ကျွန်တော် တုန်လှုပ်သွားမိရပြီပင်။

ထမင်းကြော်ပန်းကန်များ လာချပေးသည့် မိန်းမချောလေး ပါးလေးနှစ်ဖက် ခွက်အောင် ပြုံးလိုက်သည့်အပြုံး၊ ပြီးတော့ စံပယ်တင်မှဲ့တို့အပြင် နှာတံမျက်နှာတစ်ပြင်လုံးသည် အိပ်မက်ထဲတွင် ဆုံတွေ့လိုက်သည့်မိန်းကလေးနှင့် ခွဲရအောင် တူနေသည်။ အိပ်မက်ထဲတွင် မိန်းမချောလေး ပြောခဲ့သည့် စကား ပြန်လည်မြင်ယောင်နေမိသည်။ အိပ်မက်တွင် -

“ညီမတော် သမီးဝေကတော့ ရွာမှာပဲ လူ့ဘဝသို့ ပြန်ရောက်နေပြီ၊ ညီမတော်အတွက် ကုသိုလ်ပြုပေးပါနော်”

ဟု ပြောခဲ့စဉ်က ညှိုးကျသွားသည့် မျက်နှာလေးကိုမြင်ယောင်နေမိခြင်းပင် ဖြစ်သည်။ ကျွန်တော့် အိပ်မက်အကြောင်း မည်သူ့ကိုမျှ မပြောဖြစ်ပါ။ တပည့်ကျော် ယဉ်ထွေးကိုပင် ပြောမပြဘဲ ထားဖြစ်ပါသည်။

ယခုမူ တိုက်ဆိုင်မှုက ထူးခြားဆန်းကြယ်လို့နေပြီ။ မတတ်သာတော့ နံနက်စာ အဆာပြေအဖြစ် ထမင်းကြော်ကိုစားပြီးသည်နှင့် မောင်အေးဆောင် တို့ခေါ်ရာ သစ္စာတိုင်စေတီရှိရာ လျှောက်လာမိသည်။ စေတီတော်မြတ်မှာ ဘုရားကျော် နှစ်ဆယ့်ခုနစ်တောင်ခန့်ရှိပြီး ဖောင်းရစ်တွင် ဘီလူးခေါင်းများ





www.burmeseclassic.com

www.burmeseclassic.com

ရှိနေသည်ကို ဖူးတွေ့ရပါသည်၊ စေတီတော်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး တစ်ချက်၊ တစ်ချက် ဝေ့ဝိုက်တိုက်ခတ်လာသည့် လေပြည်လေညင်းကြောင့် လွင့်ပျံတက်လာသည့် ဆည်းလည်းသံလေးသာ ကြားလိုက်ပျောက်သွားလိုက် ဖြစ်နေသည်၊

စေတီတော်တွင် ကျွန်တော် ငယ်စဉ်ကတည်းက ယနေ့တိုင် ပြုထားခဲ့ပြီးသမျှ ကုသိုလ်တို့ကို တိုင်တည်သစ္စာဆိုရင်း အိပ်မက်နယ်သို့ ဝင်ရောက်လာကာ တောင်းဆိုသမျှ ပြုခဲ့သူလေးကို ရည်မှန်းကာ . . .

"သစ္စာဝေရေ - ပြုပြုသမျှကုသိုလ် အမျှ - အမျှ - အမျှရောက်ရာဘုံဌာနက သာဓုခေါ်ပါ"

ဟု အမျှပေးဝေလိုက်မိသည်၊ တစ်ခဏလေးအတွင်းမှာပင် စေတီတော်ဝန်းကျင်တစ်ခွင်လုံး နှင်းဆီရနံ့တို့ လွှမ်းခြုံနေလျက်သား ရှိနေတော့သည်၊

ညနေစောင်းသည်နှင့် စေတီတော်ဘက် လမ်းလျှောက်ရင်း အမျှဝေနေမိသည်မှာ ငါးရက်ကြာခဲ့ပြီ ဖြစ်သည်၊ စေတီတော်မှ အပြန်တွင် . . .

"ကိုအေးဆောင်ရေ - နှင်းဆီမြိုင်စံအိမ်ကြီးက တစ်ခုခုတော့ ထူးခြားနေသလိုပဲဗျာ၊ နှင်းဆီမြိုင် စံအိမ်ကြီးနှင့် ပတ်သက်လို့ ခင်ဗျား သိထားတာလေးတွေ ကျွန်တော့်ကို ပြောပြပါလား"

ဟု မေးဖြစ်သည်၊ ကိုအေးဆောင် တွေဝေသွားသည်၊ ကျွန်တော့်ကို စေ့စေ့စပ်စပ် ပြန်ကြည့်ရင်း . . .

"ဆရာ မေးလာမှတော့ ကျွန်တော် ပြောပြပါမယ်၊ အခု တစ်ရွာလုံးက ဆရာတို့ တည်းခိုနေတဲ့ နှင်းဆီမြိုင်စံအိမ်ကြီးကို အိမ်မည်းကြီး၊ မဟူရာစံအိမ်ကြီးလို့ သိထားကြတယ်၊ ဆရာ သတိထားမိမှာပေါ့၊ ညနေနေလေးဝင်ပြီ နည်းနည်းလေး အမှောင်လွှမ်းပြီဆိုတာနဲ့ ဖြတ်သွားဖြတ်လာ မရှိသလောက်ပါပဲလေ"

ဟု အစချီကာ နှင်းဆီမြိုင်စံအိမ်ကြီးအကြောင်း ပြောပြပါတော့သည်၊

နှင်းဆီမြိုင်စံအိမ်ကြီးသည် ဗြိတိသျှ လက်ထက်တွင် ထိုရွာပတ်ဝန်းကျင်ရှိ ရွာများနှင့် ပတ်သက်၍ ကိစ္စကြီးငယ် ဆောင်ရွက်ရန် လာကြသည့် အရာရှိ အရာခံများ တည်းခိုနားနေရန်အတွက် ဆောက်လုပ်ခဲ့ခြင်းပင်ဖြစ်သည်၊ ထိုအိမ်ကြီးသည် ထူးထူးခြားခြား ဖြစ်ပျက်ခဲ့သော အကြောင်းအရာ မရှိခဲ့သော်လည်း လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်ခန့်က နှင်းဆီမြိုင်

ကြီးရေ့တွင်ရှိသည့် ကတ္တရာလမ်းမကြီးပေါ်တွင် အငြိမ့်ကားတစ်စီးမှောက်ခဲ့သည်၊ ထိုကားတွင်ပါလာသည့် အငြိမ့်မင်းသမီး အမြှာညီအစ်မ နေရာတွင်ပွဲချင်းပြီး ဆုံးပါးသွားခဲ့သည်၊ နောက်ပိုင်းတွင် ရွာသားများက နှင်းဆီမြိုင်စံအိမ်ကြီးတွင် အငြိမ့်မင်းသမီး အမြှာညီအစ်မ၏ ဝိညာဉ်များ တွယ်ကပ်နေသယောင်ယောင် ပြောလာကြသည်၊ နောက်ပိုင်းတွင် ရွာလယ်ပိုင်းရှိ ခင်မောင်စိုး မွေးလာသည့်သမီးလေးမှာ အငြိမ့်မင်းသမီး အမြှာညီအစ်မ နှစ်ယောက်အနက်မှ တစ်ယောက်ဝင်စားတာဆိုသည့် အချက်ကို လက်ခံလာကြသည်၊

ကိုအေးဆောင် ပြောပြတော့မှ နှင်းဆီမြိုင်စံအိမ်၏ အတိတ်ဇာတ်ကြောင်းကို သိခွင့်ရတော့သည်၊ ကျွန်တော် နှင်းဆီမြိုင်စံအိမ်ကြီးတွင် သုံးပတ်ကျော် နေဖြစ်ခဲ့သော်လည်း ထိုကြုံတွေ့မှုမှတစ်ပါး အခြားခြောက်လှန့်မျိုး မတွေ့ခဲ့ရပါ၊ ဝိညာဉ်တို့သည် တွယ်ကပ်ရာ တွယ်ကပ်နေတတ်သလို လွင့်မျောရာသို့လည်း လွင့်မျောနေတတ်ပါသည်၊ ကျွန်တော် ညစဉ်မပျက် ပုံတော အမျှဝေနေမိ၍လား မသိပါ၊ အိပ်မက်ရှင်၏ ပြုံးတုံ့တုံ့မျက်နှာသည်သာ မှုရာည၏ လင်းလက်မှု ဖန်သားပြင်ပေါ် လာရောက်ထင်ဟပ်ခြင်းသာ ဖြစ်မည်ဟု ယုံကြည်နေမိခဲ့ရပါတော့သည်၊

ထိုကြောင်းကို တမည့်ကျော် ယဉ်ထွေးအား ပြောမိသည်တွင် ယဉ်ထွေးက . . .

"ဆန်းတော့ ဆန်းတယ်ဆရာ - စိတ်တို့၊ ဝိညာဉ်တို့ဆိုတာက နားလည်ခက်တယ်ဆရာ"

ဟု ဆိုပါသည်၊ မည်သို့ဆိုစေ ဖြစ်ရပ်ဆန်းကြယ်ခြင်းတို့သည် စိတ်ကူးဉာဉ်သည်ထက်ပင် ညာက်စဉ်လိုက်၍ မမီနိုင်သော အကြောင်းများသာ ဖြစ်ပါသည်၊

●● အောင်သာကျော် ●●

(၁၉၈၆ - ခုနှစ် ဝန်းကျင်က ဌာနဆိုင်ရာတာဝန်ဖြင့် မကွေးတိုင်းသို့ သွားခဲ့စဉ်က အဖြစ်အပျက်ကို ခံစားရေးဖွဲ့ထားခြင်း ဖြစ်ပါသည်၊)



www.burmeseclassic.com

www.burmeseclassic.com




နန္ဒာမိုးကြယ်

# ထူးထွေသည့် အုံရာသော်...

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစ ကာလ မကြာခင်မှာပင် ဖြစ်သည်။

နယ်ချဲ့၏ သွေးထိုးလှုံ့ဆော်ပေးမှုကြောင့်လား မဆိုသာ။

တိုင်းပြည်၏ အခြေအနေသည် ဝါးအစည်းပြေသည့်အလား ဖရိုဖရဲ ဖြစ်လာ၏။ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ ကွန်မြူနစ်၊ အလံနီ စသည်ဖြင့် ဝါဒရေးရာ အဖြာဖြာတို့ကို ရှေ့တန်းတင်လျက် သူတစ်လူ ငါတစ်မင်း ဖြစ်လာကြပြီး လက်နက်ကိုင် တောခိုသူ တောခိုကြကုန်၏။ လက်ရှိအစိုးရမှာလည်း ဖ.ဆ.ပ.လ နှစ်ခြမ်းကွဲကာ ဦးနု၏ သန့်ရှင်းအစိုးရနှင့် ဦးကျော်ငြိမ်း၏ တည်မြဲအစိုးရတို့ မဲပုံးထောင်ကြတော့သည်။

လက်နက်ကိုင် တောခိုသူတို့မှာ တကျိမ်းကျိမ်း။

မြည်သူအပေါင်းတို့မှာ ပြည်တွင်းငြိမ်းချမ်းရေး ပြိုကွဲလာခြင်း၊ ပြည်တွင်းစစ်များ ဖြစ်ပွားလာခြင်းတို့အတွက် ဘဝရပ်တည်မှု အခြေအနေမှာ လုံခြုံမှု သိပ်မရှိတော့။ သည်ကြားထဲ တောမီးအလောင်ကို လက်စမောင်းသခတ်

www.burmeseclassic.com

ရန် စောင့်နေကြသော တောကြောင်တွေဆိုသည်မှာ နေရာအနှံ့၊ အထူးသဖြင့် ကျေးလက်တောရွာများ ဝေးလံခေါင်ဖျားဒေသနေ ပြည်သူများအဖို့ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းသူတို့ကိုလည်း ကြောက်ရ၊ ခိုးသားဓားပြတို့ကိုလည်း စိုးရွံ့ထိတ်လန့်ရနှင့် ကျီးလန့်စာ စားနေထိုင်ကြရလေသည်။

"လက်ဆွဲရှောင်း" ဟူသော ကရင် - မြန်မာရွာကလေးကား မြစ်ဝကျွန်းပေါ်ဒေသ၌ တည်ရှိလေသည်။ သေချာစွာဆိုရလျှင် ရောဝတီတိုင်း မအူပင်မြို့နယ်၊ နေမြို့တစ်ဖက်ကမ်း၌ တည်ရှိပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကထား အသက်မွေးဝမ်းကျောင်းပြုရသော ရွာကလေးပဲ ဖြစ်သည်။

အဆိုပါ လက်ဆွဲရှောင်းရွာကလေး၌ ကိုဘရင်နှင့် မဆင်မေဆိုသော လင်မယားတို့ နေထိုင်ကြသည်။ ကိုဘရင်က ကရင်လူမျိုး လက်ဆွဲရှောင်းရွာသားဖြစ်ပြီး မဆင်မေမှာ မြန်မာလူမျိုး အဖျောက် - ပန်းတုံးပိတ်ရွာသူဖြစ်လေသည်။ ကိုဘရင်၏အလုပ်က စပါးပေါ်ချိန် စပါးအငှားရိတ်သည်၊ သရက်ပေါ်ချိန်၌ သရက်ခြံများကို ချုပ်ပြီး သရက်ကုန်ကူးသည်၊ ရုံဖန်ရံခါ ဒေသထွက်ကုန်တစ်ခုဖြစ်သော သင်ဖြူးဖျာများကို ဖောက်သည်ယူကာ ရန်ကုန်သို့ တက်ရောင်းသည်၊ ဇနီးဖြစ်သူ မဆင်မေက ရုံဖန်ရံခါ ဈေးပြင်းလိပ် လိပ်သည်၊ သင်ဖြူးဖျာရက်သည်၊ သည်လိုမျိုး မောင်တစ်ထမ်းမယ်တစ်ရွက် တက်ညီလက်ညီ လုပ်ကိုင်သည့်အတွက် လင်မယားနှစ်ယောက်၏ နှစ်ဝမ်းနှစ်ခါးမှာ ပူပင်စရာသိပ်မရှိပေ။

သို့သော်ငြား ကာလဆိုး၊ ကာလကြပ်ထဲ၌ စီးပွားရှာသည်ဆိုတော့ အဆင်ချောသည်လည်း ရှိသကဲ့သို့ အဆင်မချောသည်လည်း ရှိသည်ပင်။ သည့်ထက် ရောင်စုံသောင်းကျန်းသူများ၊ ခိုးသားဓားပြများ ဝင်လာမည်ကိုလည်း စိုးတထိတ်ထိတ်ဖြစ်နေရသည်။ အစိုးရ လက်နက်ကိုင်တပ်များဝင်လာလျှင်တော့ နေရထိုင်ရ အကောင်းသား။ သို့ရာတွင် အစိုးရတပ်များက အမြဲတမ်း စခန်းချသည်မဟုတ်၊ ဝင်လာပြီး သိပ်မကြာခင်မှာပင် အခြားတစ်နေရာသို့ ရွှေ့သွားကြရပြန်သည်။



တကယ်တမ်းသာ ခေတ်အခြေအနေ အေးချမ်းမည်ဆိုပါက လက်ဆွဲရှောင်းရွာကလေးသည် အတော်ကလေးကို နေ့ဖို့ထိုင်ဖို့ကောင်းသည့် ရွာကလေးပဲဖြစ်သည်။ ကိုဘရင် မဆင်မေတို့ခြံကလေးမှာ အပင်ကြီးအဝင်ငယ်တွေက အုပ်အုပ်ဆိုင်းဆိုင်း၊ ဝါးပိုးဝါးရုံ၊ ဝါးနက်ရုံတွေ ရှိသလို စိမ်းစားသရက်ပင်၊ ရစ်ကွဲသရက်ပင်တို့မှာလည်း ထီးတည်းမားမား၊ နွေဦးသစ်ပြီဆိုသည်နှင့် မန်ကျည်းရွက်များနှင့်အပြိုင် အရွက်နုကလေးများ ထွက်လေ့ရှိသည့် ရေသနပ်ပင်၊ ခွေးမကြီးနှိ ခွေးကလေးတွေ ပိုင်းစို့သည့်အလား အသီးရင့်အသီးကင်းတို့ ပြွတ်တွဲနေသည့် သခေါ်ပင်များက ဝေဝေဆာဆာ၊ ထို့ထက် ကိုဘရင် ဝါသနာအရစိုက်ပျိုးထားသော ရွက်လှပင်အမျိုးအစား အစုံစုံတို့က ခြံအလှကို တင့်တယ်စေသည်နှင့်အမျှ ခြံစည်းရိုး၌ စီတန်းလျက်ရှိကြသော ကွမ်းသီးပင်တို့မှာလည်း အပြိုင်းအရိုင်း၊ သည်တော့လည်း နေတတ်လျှင် ကျေနပ်စရာတွေက အများကြီးဟု ဆိုရလိမ့်မည်။

ရွာကလေးမှာက ပညာရေးနှင့် စပ်လျဉ်းပြောဆိုရလျှင် ကျေးရွာမူလတန်းကျောင်းကလေး တစ်ကျောင်းသာရှိသည်။ စာသင်သားတို့မှာ လေးတန်းအောင်ပြီဆိုသည်နှင့် ရှေ့ဆက်မတက်ကြတော့၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတို့ တက်ဖို့ဆိုသည်က လက်ဆွဲရှောင်းရွာနှင့် အတော်အတန်ဝေးသော ဆကာကြီးသို့ ရွာစဉ်တစ်လျှောက် ဖြတ်ကာသွားတက်ရသည်။ စက်ဘီးရှိလျှင်တော့ မဆိုး။ ရွာမှာက စက်ဘီးဝယ်နိုင်သူဆို၍ ကုန်စုံဆိုင်ပိုင်ရှင် ကိုကျင်မောင်၊ မအမြင့်တို့သာလျှင် ရှိသည်။ သည်တော့လည်း ရွာရှိကလေးများမှာ လေးတန်းအောင်ပြီးသည်နှင့်လည်းကောင်း၊ လေးတန်းမအောင်သည့်တိုင်အောင် သေစာရင်စာမက ဖတ်တတ်ပြီဆိုသည့်နှင့် ကျောင်းမှထွက်ကာ မိဘလက်ငုတ်လက်ရင်း အလုပ်များသို့ ဝင်ရောက်ကြသည်သာ များလေသည်။ ဤ၌ ကိုဘရင်၊ မဆင်မေတို့မှာ

www.burmeseclassic.com

လည်း ဘာထူးမှာတဲ့နည်း။ ပညာရေးနှင့်ပတ်သက်၍ သေစာရှင်စာမျှသာ တတ်မြောက်ခဲ့သည် မဟုတ်လော။

"မဆင်မေရေ - တို့များ သားသမီးတွေ ရလာရင်လေ တို့လို ပညာမတတ်၊ ဘာမတတ် မဖြစ်စေရဘူး။ အတန်းပညာတွေ အများကြီးသင်ပြီး ပညာတတ်တွေ လုပ်နိုင်းမယ်ဟေ့"

"ကောင်းတာပေါ့ - ကိုဘရင်ရယ်၊ ဒါမှလည်း ကျွန်မတို့ရဲ့အမျိုးအနွယ်က မြင့်လာမှာ မဟုတ်လား"

ကိုယ်တိုင် အတန်းပညာမရှိလင့်ကစား ရန်ကုန်သို့ မကြာခဏ ရောက်လေ့ရှိသော ကိုဘရင်အဖို့မတော့ ပညာတတ်ဖြစ်လျှင် လူနေမှုမြင့်မားသည်ကို သဘောပေါက်နေခဲ့ပြီဖြစ်သည်၊ သို့ဖြစ်၍လည်း သားသမီးများရလာလျှင် ပညာတွေတတ်လျက် လူတစ်လုံးသူတစ်လုံး ဖြစ်ရမည်ဟု ရည်ရွယ်ချင်း ရှိလာခဲ့သည် မဟုတ်ပါလား။

ကိုဘရင်နှင့် မဆင်မေတို့၏ အသက်က အတော်ကလေးကွာသည်၊ ပြောရလျှင် ကိုဘရင်၏အသက်က မဆင်မေထက် (၁၅) နှစ် ကြီးသည်။

တုတ်မဟုတ်တော့မသိ၊ သို့ရာတွင် လက်ဆွဲချောင်းတစ်ရွာလုံးကတော့ ဆင်မေကို လူဝင်စားဟု ယုံကြည်ထားကြသည်၊ မဆင်မေသည် ယခင်ဘဝတ လက်ဆွဲချောင်းသူ ဖြစ်ခဲ့သည်၊ ဆွေကြီးမျိုးကြီးထဲက ဖြစ်သည်၊ အိမ်ထောင်လျက်သားကျ၊ သားသမီးတွေ မွေးဖွားပြီးနောက် အရောက် - ပန်းတုံးပိတ်ရွာ၌ လူလာဖြစ်ခဲ့သည်၊ ဒါကို ယခင်ဘဝက မောင်တော်စပ်သူတွေ ပန်းတုံးပိတ်အလှူသွားရင်း တွေ့ကြုံခဲ့ခြင်းဖြစ်သည်၊ မဆင်မေသည် အတိတ်ဘဝက သူ့မောင်တွေ သူ့အိမ်သားတွေ၊ သူ နေထိုင်ခဲ့ပုံတွေ၊ သူ့အဝတ်အစားတွေ တစ်ခုမကျန် ခရေစေ့တွင်းကျ တိကျစွာပြောဆိုနိုင်၍ အံ့အားတသင့် ဖြစ်ခဲ့ပြီး လက်ဆွဲချောင်းကို ခေါ်ခဲ့ရာမှ ကိုဘရင်နှင့် ရေစက်ဆုံခဲ့ရခြင်း ဖြစ်သည်၊ ရေစက်မဆုံ၍လို့လည်း မဖြစ်၊ အတိတ်ဘဝက ခင်ပွန်းတော်စပ်ခဲ့သူသော သက်ကြားအိုကြီးက အမြဲလို ရွှေစွန်ညီလုပ်နေခဲ့သည် မဟုတ်ပါလား။ ကိုဘရင်နှင့် အိမ်ထောင်ကျပြီးသည့်နောက် အတိတ်ဘဝကို လုံးဝ သင်ပုန်းချေလိုက်သည်၊ လူဝင်စားအကြောင်း တစ်စက်ကလေးမျှပင် မဟာတော့။

အသက်အတော်ကလေးကွာပါတော့ ကိုဘရင်အဖို့ မဆင်မေအပေါ် ချစ်ခြင်းမေတ္တာအပြည့်အဝဖြင့် များစွာမှ အကြင်နာပိုခဲ့ရသည်၊ မဆင်မေကလည်း မယားဝတ္တရား လုံးဝမလစ်ဟင်းစေခဲ့၊ သည်လိုနှင့် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်ရင်းမှ မဆင်မေ ကိုယ်ဝန်ရလာခဲ့သည်၊ သည်အခါ ဝမ်းမြောက်ဝမ်းသာ မဆုံးဖြစ်ရသည်မှာ ကိုဘရင်ပဲဖြစ်သည်၊

"ဝမ်းသာလိုက်တာ မဆင်မေရယ်၊ သည်ကနေ့ကစပြီးပင်ပန်းတဲ့အလုပ်ဆိုလို့ ဘာတစ်ခုမှ မလုပ်နဲ့၊ သက်သောင့်သက်သာနဲ့ အေးအေးဆေးဆေး သာနေ၊ ကိုဘရင် အားလုံးလုပ်ပေးမယ်၊ ကျန်းမာရေးကိုပဲ ဂရုစိုက်၊ မိခင်ကျန်းမာမှ ရင်သွေးလည်း ကျန်းမာမှာကွယ့်"

"အို - ကိုဘရင်ရယ်၊ အလဟာသတွေ မနေချင်ပါဘူးတော်၊ ကျုပ် လုပ်နိုင်တာလေးတွေတော့ လုပ်ပါရစေ၊ ကိုယ်ဝန်က မွေးဖို့ဖွားဖို့ရာ အချိန်တွေ အများကြီးလိုပါသေးတယ်၊ လှုပ်လှုပ်ရှားရှားလေးရှိမှ ကျန်းမာတာရှင့်"

သည်တော့လည်း ကိုဘရင်အဖို့ မဆင်မေ အလိုကျခွင့်ပြုရသည်သာ ဝင်၊ ဘာပဲဖြစ်ဖြစ် ကိုဘရင်အဖို့တော့ သူတို့လင်မယား၏ ကမ္ဘာကလေးအတွင်းသို့ ရတနာနောင်ကြိုးကလေးတစ်မျှင် တိုးလာမည့်အရေးအတွက် တိုးတိုးပြီး ပျော်ရွှင်ကြည်နူးနေရသည်သာတည်း။

=💀=

ထူးတာတော့ ထူးသည်၊

အချို့သော ကိုယ်ဝန်ဆောင် မိန်းမသားများ ကိုယ်ဝန်ရင့်လာသည်ဆိုလျှင် ဝမ်းဗိုက်အနေအထားက စူပြီးမောက်လာတတ်စမြဲ၊

မဆင်မေကျတော့ သည်သို့မဟုတ်၊ ကိုယ်ဝန်စဆောင်ပြီးသည့်နောက် တစ်လပြီး တစ်လသာ ကြာသွားခဲ့သည်၊ ဝမ်းဗိုက်အနေအထားက နဂိုဖုံရင်းခံ့ရင်းအတိုင်း။





www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ - မောင်ဘရင်၊ နင့်မိန်းမ မဆင်မေရဲ့ကိုယ်ဝန်ဟာ တကယ့်ကိုယ်ဝန်ပါဟဲ့၊ ကိုယ်ဝန်စရှိပြီဆိုကတည်းက ဘယ်မှာ မွေးတာ ပေါ်တော့လို့လဲ -"

ဒါတော့လည်း ဟုတ်ပေသား၊ ကိုယ်ဝန်စရှိပြီဆိုကတည်းက ရာသီပန်း မပွင့်တော့၊

"အဲ - ဝမ်းဗိုက်ပူမလာတာတော့ ထူးခြားသလိုပဲ၊ ဝဲ့ဝမ်းဆွဲလုပ်သက် တစ်လျှောက်လုံးမှာလည်း ဒါမျိုးမကြုံဖူးပါဘူး၊ အင်း - ရန်ကုန်လိုမြို့ကြီးပြကြီး သွားပြီး စမ်းသပ်ရင်တော့ အဖြေတစ်ခုခုတော့ ထွက်လာမှာ အမှန်ပဲ"

သည်အခါကာလတုန်းက ရန်ကုန်ကိုသွားရသည်မှာမလွယ်၊ မနက်ခင်း ရွာမှ ဆလကာကြီး ကျားကျွန်းသို့သွားကာ ရေဝတီသင်္ဘောဖြစ်ဖြစ်၊ ကြား သင်္ဘောဖြစ်ဖြစ် ကြက်ခြင်းများ၊ ကုန်စည်များအကြား တိုးဝှေ့နေရာယူကာ တစ်ညလုံး အချိန်ဖြုန်းပြီးပါမှ ရန်ကုန်ရောက်တော့သည်၊ ရောက်တော့ရော အဘယ်မှာ တည်းခိုရပါမည်နည်း၊ တကယ့်ကို မျက်စိသူငယ် နားသူငယ် ဘဝမျိုး၊ သည်တော့လည်း ရန်ကုန်သွားဖို့အရေးကို သံယောဇဉ် ဖြတ် တောက်ပစ်လိုက်ရသည်၊

သည်ကာလမှာပင် မမျှော်လင့်သော ကြမ္မာဆိုးတွေက ဝင်လာခဲ့ သည်၊

ရွာတွင်းသို့ဝင်လာသော သူပုန်တပ်နှင့် အစိုးရတပ်တို့ ထိပ်တိုက်ရင်ဆိုင် တိုးကာ တိုက်ပွဲဖြစ်ကြတော့သည်၊

"ဒိန်း - ဒိန်း"

"ဒက် - ဒက် - ဒက် - ဒက်"

"ဒုတ် - ဒုတ် - ဒုတ် - ဒုတ်"

"ဝှီး - ဒုန်း"

ပစ်ခတ်သံများ၊ ပေါက်ကွဲသံများက နားကွဲလုမတတ်၊ ပြည်တွင်း ငြိမ်း ချမ်းရေးမရှိ၊ အပစ်အခတ်တွေက မရပ်စဲ၊ သည်တော့ ပြည်သူပြည်သား အပေါင်းတို့မှာ မြေစာပင်တွေ ဖြစ်ကြရချေသည်၊

"မဆင်မေ - အိမ်အောက်က ကျင်းထဲကို ဝင်ပုန်းလေ - ဝင်ပုန်း"



"ရှင်လည်း လိုက်ခဲ့လေ - ကိုဘရင်"

"လိုက်ခဲ့မယ် - မင်း အရင်ဝင်ပုန်းနှင့်၊ ဟော - ဟိုမှာ ဆရာမ မရင်မြတို့ ပြေးလာနေကြပြီ၊ သူတို့ကိုလည်း ခေါ်လိုက်ပါ"

သည်လိုမျိုးအခြေအနေတွေကို ရိပ်စားထားမိသည်မို့ ဝဲပုံလျက်ရှိသော ကျည်ဆန်များရန်မှ ကင်းလွတ်စေရေးအတွက် အိမ်အောက်၌ ပုန်းခိုဝပ်နား ဖို့ရာ ကျင်းတူးထားခဲ့ရသည်၊ မဆင်မေတို့ မြေကျင်းထဲအရောက်မှာတော့ ကိုဘရင်လည်း မြေတံရှည်အိမ်ကလေးဆီကမှ အလျင်စလို ခုန်ဆင်းလိုက် သည်၊

"ဟာ - အား - နာလိုက်တာ"

မြေပြင်၌ ပုံလျက်သားလဲကျသွားသည်၊ ရုတ်တရက် အားယူ၍ ထကြည့်လိုက်သည်၊ မရ၊ လှုပ်ရှားလိုက်တိုင်း ညာခြေတစ်ဖက်က မခံမရပ် နိုင်လောက်အောင် နာကျင်လွန်းလှသည်၊ တကယ်တော့ ကိုဘရင်တစ် ယောက် ခြေသလုံးရိုးပွတ်တိုင် လည်သွားခဲ့ခြင်းပင်၊

"ကိုဘရင် - ကိုဘရင်"

"အေး - ငါလာနေပါပြီ"

ပြောမည့်သာပြောရသည် ခြောက်ပေ၊ ခုနစ်ပေလောက်နေရာကို အရွတ် တိုက် ဆွဲလာခဲ့ရသည်၊ နာကျင်ခံစားရသည်မှာ ပြောစရာပင် မရှိတော့၊

ခြေသလုံးရိုးပွတ်တိုင်လည်သွားသည့် ဝေဒနာကို သုံးလေးလ,မက ခံစား နေရသည့်အတွက် ယောက်ျားသားတစ်ယောက် ဖြစ်လင့်ကစား မည်သည့် စီးပွားရေးမှ မလုပ်နိုင်၊ အိပ်ရာထက်မှာပင် လဲနေရသည်၊ မဆင်မေ သင် ဖြူးရက်ကလေးနှင့်ပင် မနက်မီးညမီးကို ဆက်နေရတော့သည်၊

ခေတ်မီဆေးဝါးတို့နှင့် အကူအညီမခံရလင့်ကစား ဗိန္ဒောဆရာ ဦးဘောင် ကြီး ဖော်စပ်သော မိသလင်၊ လင်းနေ၊ မြင်းရေး စသော ဒက်ကြေမ်းဆေးတို့



www.burmeseclassic.com

www.burmeseclassic.com

မြင့် တာလအတန်ငယ်ကြာမှ သက်သာသည့်အခြေရောက်ခဲ့ရသည်။ ဒါတောင် လမ်းလျှောက်လျှင် တောင်ဝှေးမပါဘဲ မရ၊ သည့်အခြေအနေမျိုးမှာ ဘယ်လိုလုပ် သရက်ကုန်၊ သင်ဖြူးဈာကုန် ကူး၍ရမှာတဲ့နည်း။ စပါးရိတ်မည်ဆိုပြန်တော့လည်း စပါးရိတ်ချိန်မှ မဟုတ်ဘဲ။

"ကိုဘရင်ရယ် - စိတ်ဓာတ်မကျပါနဲ့၊ ရှင်နဲ့ ကျွန်မနဲ့ တစ်ဝမ်းတစ်ခါးအတွက်ကတော့ ကျွန်မ သင်ဖြူးဈာရက်ခနဲ့ အဆင်ပြေနိုင်ပါတယ်တော်"

သည့်အတွက် အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္မုလ မဟုတ်လင့်ကစား မဆင်မေအပေါ် ကျေးဇူးတင်ရပါသည်။

သည်အနေအထား၊ ရှိုင့်လှသော အခြေအနေမှာပင် တစ်ညမှာတော့ ထူးထူးကဲကဲဆိုသလို မဆင်မေ မခံမရပ်နိုင်လောက်အောင် ဗိုက်နာလာသည်။

"အား - အမယ်လေး နာလိုက်တာ၊ ဘယ်လိုမှန်းမသိအောင် နာလိုက်တာ ကိုဘရင်ရယ်၊ ဒေါ်မြညွန့်ကို ခေါ်ပေးပါ"

"အေး - အေး - ဘာမှမပူနဲ့ မဆင်မေ၊ ငါ အခုပဲ သွားခေါ်ပါ့မယ်"

လက်စွဲတော် တောင်ဝှေးကလေးကိုဆွဲလျက် အိမ်ပေါ်မှဆင်းလာတော့ အိမ်နီးနားချင်းဖြစ်သူ ငတိုးရောက်လာသည်။

"အစ်ကိုဘရင် - ဘယ်လဲဗျ"

"ဟာ - ငတိုး၊ မင်းအစ်မ ဗိုက်နာလို့တဲ့ကွာ၊ အဲဒါ ဒေါ်မြညွန့်ကို သွားခေါ်မလို့"

"နေ - နေ - အစ်ကိုဘရင် ဗိုက်နာလို့တဲ့ကွာ၊ အဲဒါ ဒေါ်မြညွန့်ကို သွားခေါ်မလို့"

"နေ - နေ - အစ်ကိုဘရင် အစ်မဆင်မေအနားမှာပဲနေ၊ ကျွန်တော် ပြေးပြီး သွားခေါ်ပေးပါ့မယ်"

"ကျေးဇူးပါပဲ - ငတိုးရယ်"

ငတိုး ပြေးထွက်သွားတော့ သေကောင်ပေါင်းလည်း အော်ဟစ်ညည်းညူနေရှာသော မဆင်မေအပါး ကိုဘရင် ရောက်သွားခဲ့ရသည်။



သည်တော့လည်း ထူးဆန်းသော လောကကြီးအဂ္ဂါပါ သားတစ်ကလေး
မွေးဖွားခြင်းအတွက် အုတ်အော်သောင်းတင်း မဖြစ်ရလေအောင်
တရှင်းတစ်ချောင်းဆွဲလျက် လရောင်ကင်းလွတ်ရာ
တွမ်းသီးပင်တစ်ပင်အောက်၌ အဆိုပါသားတစ်ကလေးအား
မြှုပ်နှံလိုက်တော့သည် . . .



"ဘာမှမပူနဲ့မဆင်မေ၊ ငတိုး သွားခေါ်နေတယ်၊ ခုပဲ - ဒေါ်မြညွန့် ရောက်လာပါလိမ့်မယ်"

"အား - ကျွတ် - ကျွတ် - အမလေး - လေး"

မကြာခင်မှာတော့ ငတိုးနဲ့အတူ ဒေါ်မြညွန့် ရောက်လာသည်၊ ပြီးတော့ မဆင်မေကို စမ်းသပ်သည်။

"ကဲ - နင်တို့ အရေးခန်းထွက်နေကျ၊ ဒါ - မီးဖွားချင်တဲ့ လက္ခဏာပဲ"

"ဗျာ"

ကိုဘရင် အံ့ဩသွားရသည်၊ ဗိုက်ကြီးသည့် လက္ခဏာမရှိပါဘဲနှင့် မဆင်မေ မီးဖွားတော့မတဲ့၊ ဟုတ်မှ ဟုတ်ပါသေးရဲ့လား၊ မည်သို့ရှိစေ -



www.burmeseclassic.com

www.burmeseclassic.com

[illegible]ကိုသူသေသီး အိမ်ရှေ့ခန်းသို့ထွက်နေလိုက်၏။ ငတိုးကမူ ရေနွေး အိုး တည်နေသည်။

မကြာခင် အိမ်ခန်းတွင်းမှ ဒေါ်မြညွန့်၏ အသံကြားရသည်။

"မွေးပြီးကွယ် – မွေးပြီ။ ဟဲ့ – မဆင်မေ၊ ဟောဒီစမုန်နက်ထုပ်ကလေးကို ငယ်ထိပ်ပေါက်သွားလောက်အောင် ရှူစမ်း – ရှူစမ်း"

မွေးပြီသာဆိုသည်၊ ကလေးငိုသံကို မကြားရ။ သည်တော့ ကိုဘရင် ရော ရင်အစုံလိုက်မောသည်နှင့်အမျှ ထိတ်လန့်တုန်လှုပ်နေရသည်။

"ဗျို့ – ဒေါ်မြညွန့်၊ ဘာလေးမွေးလဲဟင်။ မဆင်မေကော နေကောင်းရဲ့ လား"

"ဟဲ့ – တိတ်တိတ်နေစမ်းပါ၊ ငါ ထွက်လာခဲ့မယ်။ နင့်မိန်းမ ဘာမှ မဖြစ် ပါဘူး။ ပင်ပန်းလို့ မှိန်းနေတာ"

သည်စကားကြောင့် ဝေဒနာတစ်ဝက် လျော့ပါးသွားရသည်။ ကျန် ဝေဒနာတစ်ဝက်ကတော့ ရင်သွေးအတွက် ဝေဒနာ။

"တဲ့ – သည်ကို လာကြည့်"

"ဟင် –"

ဆန်ကောချပ်ကလေးထဲမှာတော့ လက်မအရွယ်သာသာ သားတစ် ကလေး တစ်ရုံ။

သေသေချာချာကြည့်လိုက်တော့ ယောကျ်ားကလေးအင်္ဂါနှင့်။ အရွယ် က အဆမတန်ကို သေးငယ်လွန်းလှသည်။ ပြီးတော့ – အဆိုပါသားတစ် ကလေးက လှုပ်ရှားဟန်၌ လုံးဝမရှိ။

"အဲဒါ – မင်း အမြင်ပဲ၊ မင်းမိန်းမ နေ့စေ့လစေ့ ဖွားတာတော့မှန်တယ်။ ဒါပေမဲ့ – သူ့ဗိုက်က ကြီးမလာဘူး။ အတော်တော့ ထူးဆန်းတာပဲ။ ငါ့ဝမ်းဆွဲ အလုပ်တစ်သက်မှာ တစ်ခါမှ ဒါမျိုးမကြုံဖူးဘူး။ သည်အသားတစ်ကြည့်ရ တာ ဘာဆိုဘာမျှ လှုပ်ရှားမှုမရှိတော့၊ အသက်ပါမလာတာ သေချာတယ်။ မင်းလည်း ကြည့်ပါဦး"

ကိုဘရင်ကြည့်တော့လည်း ဒေါ်မြညွန့်ပြောသကဲ့သို့ပင် ဖြစ်နေသည်။



"ဒါ – ဒါဆို ဘယ်လိုလုပ်ရမလဲဗျာ၊ ပြောပါ – ဒေါ်မြညွန့်"

"ငါ့အထင်တော့ မြေမြှုပ်ပစ်လိုက်တာ အကောင်းဆုံးပဲ။ မြှုပ်ဆို ဘယ် သူမှ မသိခင် မြှုပ်တာ အကောင်းဆုံး။ တော်ကြာ လူတွေသိကုန်ရင် တစ် ယောက်တစ်ပေါက် ဖြစ်ကုန်မယ်။ သွား – သွား – လုပ်စရာရှိတာလုပ်"

အိမ်အောက်ကိုကြည့်တော့ ရေနွေးအိုးတည်နေသည့် ငတိုးမရှိ၊ သူ့ အိမ်သို့ ခွေ့ပြန်သွားဟန်ရှိသည်။ သည်တော့လည်း ထူးဆန်းသော ယောကျ်ားအင်္ဂါပါ သားတစ်ကလေး မွေးဖွားခြင်းအတွက် အုတ်အော်သောင်း တင်း မဖြစ်ရလေအောင် တူရှင်းတစ်ချောင်းဆွဲလျက် လရောင်ကင်းလွတ်ရာ ကွမ်းသီးပင်တစ်ပင်အောက်၌ အဆိုပါသားတစ်ကလေးအား မြှုပ်နှံလိုက် တော့သည်။

ကိစ္စပြီးပြီဆိုတော့ ငတိုးကိုကြည့်ကောင်းအောင်ပြောဆိုပြီး ဒေါ်မြညွန့် အား လိုက်ပို့နိုင်းလိုက်ရသည်။

ထိုည၌ ကိုဘရင် တော်တော်နှင့် အိပ်မပျော်ခဲ့။ မိုးလင်းခါနီးပါမှ မှေးခနဲ အိပ်ပျော်သွားတော့သည်။ ထိုသို့ အိပ်ပျော်စဉ် တစ်ခါမှ မမက်စဖူးသော အိပ်မက်တစ်ခု မက်တော့သည်။

=☠=

အိပ်မက်ထဲ၌ သူ မြှုပ်နှံခဲ့သော သားတစ်ကလေးသည် သူ့အား စကား တွေပြောနေခဲ့လေသည်။

"ရက်စက်လိုက်တာ အဖေရယ်၊ သားဟာ အဖေနဲ့ အမေတို့ရဲ့ ဆင်းရဲ ခြင်းကို ကယ်တင်ဖို့ရာ ရောက်လာတဲ့ လူခြောက်ကလေးပါဗျာ၊ အသက်ရှိ ပါသေးတယ်။ ဒါကို မစူးစမ်းမဆင်ခြင်ဘဲ မြေမြှုပ်ပစ်လိုက်တော့ အဖေ – တို့နဲ့ သားရဲ့ရေစက်ဟာ ပြတ်သွားပါပြီ"

သားကို လာပြီးတော့လည်း ဖော်မနေပါနဲ့၊ ဖော်လည် မထူးတော့ပါဘူး၊ သားရဲ့ခန္ဓာကိုယ်ကို ခွေးတွေယက်ဖော်ပြီး စားသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်မှ လန့်နိုးတော့ ကိုဘရင် တစ်ကိုယ်လုံးမှာ ချွေးတွေရွှဲနစ်နေလေပြီတော။

ဘာတဲ့…အဖေနဲ့အမေတို့ရဲ့ဆင်းရဲခြင်းကို ကယ်တင်ရအောင် ရောက်လာတဲ့ လူချောက်ကလေးတဲ့လား။

အဖေ မှားခဲ့ပြီ သားရေ၊ အဖေ မှားခဲ့ပြီ။

အသိနဲ့ ဗဟုသုတခေါင်းပါး၊ ပညာမတတ်တဲ့ အဖေ့ရဲ့လုပ်ရပ်တာ မှားခဲ့ပြီ၊ သည်အမှားကို အဖေ သိပြီဆိုပေမယ့် နောက်ကျခဲ့ပါပေါ့လား သားရယ်။ အဖေ့ကို ခွင့်လွှတ်ပါတော့။

ကိုဘရင်၏ နှလုံးသားထဲမှာတော့ ယူကြုံးမရဖြစ်ခြင်းတွေက ပွဲတင်ထပ်လျက် ရှိနေတော့သည်။

=💀=

သည်အကြောင်းအရာကလေးကို တကယ့်ဖြစ်ရပ်လားဟု အမေးရှိလာလျှင် ဤစာရေးသူ မိမိအနေဖြင့်…

"ဒါ တကယ့် ဖြစ်ရပ်ပါပဲဗျာ"

ဟု ဝန်ခံလိုက်မည် ဖြစ်ပါသည်။

အဘယ့်ကြောင့် ဝန်ခံရလေသနည်းဆိုလျှင်ဖြင့် အဆိုပါ လူချောက်ကလေးသည် ဤစာရေးသူ၏ အစ်ကိုအကြီးဆုံးဖြစ်ပြီး ဤစာရေးသူသည် အဖေဦးဘရင်၊ အမေ ဒေါ်ဆင်မေတို့၏ သားထွေးဖြစ်သောကြောင့်ပါပေ။

ထူးထွေတည့်အံ့ရာသော် မဟုတ်ပါလား။

●● နန္ဒာမိုးကြယ် ●●



www.burmeseclassic.com

**မောင်လင်းသစ်**

# စေ တစ် လုံး မင်း အောင် နှင့်
# အဖိုးကြီးသော အလောင်းအစား

လျှို့ဝှက်ဆန်းကြယ်သော အကြောင်းတရားများကို အခြေခံ၍ စာဖတ်သူများအား သည်းထိတ်ရင်ဖိုစေသော ရသကိုပေးချင်သော ကျွန်တော် မောင်လင်းသစ်၏ အိပ်မက်များသည် မနှင်းလှိုင်စိုးဟူသော အမျိုးကောင်းသမီးကလေးကြောင့် သက်ဝင်နိုးထလာရလေတော့သည်။ ကျွန်တော်သည် ထိုအမျိုးသမီးလေးနှင့် ရင်းနှီးပတ်သက်ခဲ့ရာမှ သူမ၏ အဘိုးဖြစ်သူ ဦးစိန်ဝင်းနှင့် သိကျွမ်းခင်မင်ခွင့်ရခဲ့ပါသည်။ ဤအကြောင်းအချင်းအရာသည် ကျွန်တော် မောင်လင်းသစ်အဖို့မှာတော့ အလွန်ကြီးမားသော ဆုလာဘ်ကြီးတစ်ခုပင် ဖြစ်လေသည်။ အဘိုး ဦးစိန်ဝင်း၏ ကျင်လည်ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများသည် စာရေးဆရာဖြစ်ချင်နေသော ကျွန်တော့်အတွက်မှာတော့ အဖိုးမဖြတ်နိုင်သော ရတနာကုန်ကြမ်းများပင် ဖြစ်လေတော့သည်။

အဘိုး ဦးစိန်ဝင်း ကျင်လည်ကျက်စားခဲ့ရသော ခေတ်ကာလသည် ယခုခေတ်ကာလကဲ့သို့ မဟုတ်ပါဘဲ နိုင်လိုမင်းထက်နှင့် ဖေါ်ပျက်သော သွမ်းသူတို့ ကြီးစိုးလျက်ရှိသော နယ်ချဲ့ လူမျိုးခြားတို့၏ လက်အောက်ခံ ကိုလိုနီကာလပင်ဖြစ်လေတော့သည်။ ထိုခေတ်ကာလတွင် မြန်မာပြည်တစ်ပြည်လုံးမှ ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်အမျိုးမျိုးတို့သည် အဖွဲ့ အစည်းအမျိုးမျိုးတို့ဖြင့် သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် စွမ်းဆောင်ကြလေတော့၏။ ထိုပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို နောက်ကွယ်မှ လူသိမခံဘဲ ထောက်ပံ့ပေးလျှနေသော မျိုးချစ်ပုဂ္ဂိုလ်ကြီးများလည်း ရှိကြလေသည်။ ထိုအထဲတွင် အဘိုး ဦးစိန်ဝင်း၏ ဆရာသမားသည်လည်း တစ်ဦးတစ်ယောက်အဖြစ် ပါဝင်လေ၏။ အဘိုး ဦးစိန်ဝင်း၏ ဆရာသမားသည် ထိုခေတ်ကာလ၌ အလွန်ချမ်းသာသော်လည်း လက်ရုပ်လက်ကိုင်ပြစရာ စီးပွားရေးလုပ်ငန်းဟူ၍ မည်မည်ရရ မလုပ်ကိုင်ပေ။ သို့သော် ထိုကာလ၏ လူတန်းစား အသီးသီး၏ ရင်ထဲတွင် မှတ်မိနိုင်လောက်အောင်ပင် အစွမ်းအစ ကြီးမားလေသည်။

အဘိုး ဦးစိန်ဝင်းပြောသော သူ၏ဆရာမှာ ထိုခေတ်ထိုကာလ၌ တစ်မိုးအောက်တွင် တစ်ယောက်တည်းသာရှိသော "စေတစ်လုံး မင်းအောင်" အမည်ရှိ လူထူးလူဆန်းလောကီပညာရှင်ကြီးပင် ဖြစ်လေတော့၏။ ဆရာကြီး စေတစ်လုံး မင်းအောင်သည် လူတစ်ဇက်သားအား အင်မတန်မှပင် ကြင်နာသနားတတ်၏။ ထို့နည်းတူစွာ ရက်စက်စရာရှိလျှင်လည်း အလွန်ပင်ရက်စက်တတ်သူဖြစ်သည်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်သလို အင်မတန်မှ အမိန့်ကို နာခံတတ်သော တပည့်ကောင်းတစ်ဦးလည်း ဖြစ်လေသည်။ အံ့ဩဆန်းပြားသော လောကီပညာစွမ်းများကို မှန်းဆ၍ မရနိုင်အောင်ပင် တတ်ကျွမ်းပြီး လိုရာကို "စေ" နိုင်သည့် စွမ်းအားတစ်ခုကိုပင် ပိုင်ဆိုင်နေသည်ဟု ထင်မှတ်ရလေသည်။ ထို့ကြောင့် လူအများက မင်း အောင်ဟူသော အမည်ရင်းရှေ့တွင် "စေတစ်လုံး" ဟူသော ဝိသေသထူး တစ်ခုကိုတွဲ၍ စေတစ်လုံးမင်းအောင်ဟု ခေါ်ကြခြင်းပင် ဖြစ်လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

အဘိုးဦးစိန်ဝင်းသည် သူ၏ ဆရာဖြစ်သော စေတစ်လုံးမင်းအောင်၏ အကြောင်းကို ပြောပြသောအခါတွင် အလွန်တရာမှပင် အသက်ဝင်လှပေသည်။ ထို့ကြောင့် ကျွန်တော် မောင်လင်းသစ်သည် အဘိုးဦးစိန်ဝင်း ပြောသည့်စကားအတိုင်းပင် ချရေးကာ ဝတ္ထုအဖြစ် ဖန်တီး၍ ရေးသားခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် မကြာခဏဆိုသလိုပင် အဘိုး၏အိမ်သို့ သွားမိလေသည်။ အဘိုးထံမှ ဗဟုသုတရဖွယ်အကြောင်းအရာများကို သိရှိလိုသည်က တစ်ကြောင်း၊ ကျွန်တော့်ရင်ထဲမှ မြတ်နိုးရသူလေးကို မြင်ရလိုသည်က တစ်ကြောင်း စသည့်အကြောင်းရင်းတို့ကြောင့် တစ်ပတ်တွင် တစ်ခါနီးပါးတော့ သူမ၏အိမ်ကို အရောက်သွားမိလေသည်။ တစ်ခုသော ညနေတွင် မနှင်းလှိုင်စိုး အိမ်သို့ အရောက်သွားမိရာ သူမက ...

"ဆရာရေ - အဘိုးနဲ့ စကားပြောရင်း အကြွမ်းရည်သောက်နှင့်ဦးနော်။ ကျွန်မ ပစ္စည်းလေးတစ်ခု ပျောက်နေလို့ ရှာလိုက်ဦးမယ်။ ဘယ်နားထားမိမှန်း မသိတော့ပါဘူး ဆရာရယ်"

ဟုဆိုလေသဖြင့် ရေနွေးကြမ်းသောက်နေသော အဘိုးဦးစိန်ဝင်းမှ ...

"ဘာများ ပျောက်နေလို့လဲ မြေးရ၊ အဘိုးတွေ့မိရင်လည်း ပြောမှာပေါ့"

ဟု မေးလေရာ မနှင်းလှိုင်စိုးသည် အရှုံစံရမှာကြောက်သော ကလေးငယ်တစ်ဦးကဲ့သို့သော အမူအယာဖြင့် ...

"အဘိုး - မရယ်ရဘူးနော်"

"အေးပါ - ပြော"

"လက်စွပ်အဘိုးရေ - မနက်က ကြွမ်းတိုက်ရင်း ချောင်နေလို့ ချွတ်ပြီး သိမ်းထားလိုက်တာ ဘယ်နားထားမိမှန်းကို မသိတော့ဘူး"

"တွေ့လား - မင်းညီမက ဖြစ်ရမယ်။ ကဲ - ကဲ - ဘူးတွေ ခွက်တွေထဲမှာ ရှိရမယ်။ ရေအိုးစင်အောက်က နေရာနားမှာရှာကြည့်။ ရှာနေရင်းနဲ့လည်း ရာနီးလို့ ရှုတ်နေ၊ သမီးမှာ ပစ္စည်းဆုံးရှုံးကိန်း မရှိဘူး။ ပြန်တွေ့လိမ့်မယ်၊ သေသေချာချာရှာ"



သိပ်မကြာခင်မှာပင် ပြုံးပျော်နေသော မျက်နှာဖြင့် ကျွန်တော်၏ မြတ်နိုးရသူလေးသည် အနားတွင် လာထိုင်လေတော့၏။ သူမ၏ သွယ်လျသော လက်ချောင်းလေးတွင်တော့ ပျောက်ဆုံးသွားသည်ဟူသော လက်စွပ်ကလေးပြန်ရောက်နေလေတော့၏။ ကျွန်တော့်မှာ အဘိုးဦးစိန်ဝင်း၏ ပညာစွမ်းကို လေးစားအားကျနေမိသလို သူမနှင့်ထပ်တူ အပျော်တွေကို ခံစားမိနေသလို ဖြစ်နေလေတော့၏။ ကျွန်တော်တို့မှ အဘိုးကိုပိုင်း၍ ချီးကျူးကြသောအခါ အဘိုးသည် ကွမ်းဝါးရင်းမှပင် ...

"အဘိုး တော်တယ်ဆိုတာ အဘိုးတို့ဆရာရဲ့ ခြေဖျားတောင် ဘယ်မီမလဲ။ ဆရာကြီး စေတစ်လုံးမင်းအောင်ဟာ ဗေဒင်ပညာကို အတိုင်းအဆ မသိနိုင်အောင် တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်ကြီးပဲ။ မျက်နှာဖြူအရာရှိကြီးတွေက တောင် ဆရာကြီးရဲ့ ပညာကို အထင်ကြီးလေးစားပြီး အားကိုးကြရတယ်။ ခရိုင်မင်းကြီး မစ္စတာသောမတ်စ်အိမ်မှာ ပညာစွမ်းပြခဲ့တာကို အခုထိ မှတ်မိနေသေးတယ်ကွာ"

ဟု ပြောလေတော့၏။ ကျွန်တော်နှင့် မနှင်းလှိုင်စိုးသည် ထိုအကြောင်း အရင်းအရာကို သိလိုကြောင်းနှင့် ပြန်ပြောပြရန် တောင်းဆိုလေသောအခါ အဘိုး၏ မျက်ဝန်းတို့သည် စွတ်စိုအုံ့မှိုင်းသွားပြီ၊ စိတ်အစဉ်တို့သည်လည်း အတိတ်အလျဉ်သို့ မျောပါသွားလေတော့၏။ ထိုနောက်တွင်မှ ယခု ကျွန်တော် ရေးသားလိုက်သော "စေတစ်လုံး မင်းအောင်နှင့် အဖိုးကြီးသော အလောင်း အစား" ဟူသော ဝတ္ထုစာသားများသည် အဘိုးဦးစိန်ဝင်း၏ နှုတ်ဖျားမှ စီကာ စဉ်ကာဖြင့် သေသပ်လှပစွာ ကျဆင်းလာလေတော့သတည်း။

=☻=

ကျွန်ုပ်၏ ဘဝအစိတ်အပိုင်း တော်တော်များများတွင် လူတစ်ဦးတစ်ယောက်သည် ကောင်းစွာ လွှမ်းမိုးထားလေတော့၏။ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုလူ၏ အရိပ်အောက်တွင် ကျိုးနွံစွာနေခဲ့ဖူးလေသည်၊ ထို့ကြောင့် နေရ



www.burmeseclassic.com

www.burmeseclassic.com

သည့်ကိုပင် ကျွန်ုပ်မှာ များစွာဂုဏ်ယူဝမ်းမြောက် မိလေတော့၏။ ကျွန်ုပ်သည် ထိုသူနှင့်သာဆိုပါက အထက်ဘဝင်မှသည် အောက်အဝီစိတိုင်အောင် သွားရဲသူဖြစ်ပြီး ထိုသူကသာ ကိုစိန်ဝင်း ခင်ဗျား သေလိုက်တော့ဗျာဟု ဆိုပါက သေပေးရန်ပင် ဝန်မလေးနိုင်အောင် အသက်ပေး၍ ယုံကြည်သူဖြစ်လေသည်၊ ထိုသို့ယုံကြည်နိုင်လောက်အောင်လည်း ထိုသူသည် ထိုခေတ်ကာလတွင် မိုးအောက်မြေပြင် ဗမ္မာတစ်ခွင်၌ ရှားမှရှားသော ယောကျာ်းကောင်း ဖြစ်လေသည်၊ ထိုသူသည် လွန်စွာမာနကြီး၍ အင်မတန်မှပင် ကိုယ့်ကိုယ်ကိုယ် နှိမ်ချတတ်သူလည်း ဖြစ်သည်၊ တရုတ်၊ ကုလား၊ အင်္ဂလိပ်၊ ပြင်သစ် စသော ဘာသာစကားများကို ၎င်းတို့ နိုင်ငံသားများနှင့် ထပ်တူကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်သူလည်း ဖြစ်သည်၊ ထိုသူသည်ကား ကျွန်ုပ်၏ ဆရာကြီးဖြစ်သော စေတစ်လုံးနှင့် ထပ်တူကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်သူလည်း ဖြစ်သည်၊ ထိုသူသည်ကား ကျွန်ုပ်၏ ဆရာကြီးဖြစ်သော စေတစ်လုံးအမည်ရှိ လူထူးဆန်းပညာရှင်ကြီးပင် ဖြစ်လေတော့သည်၊

တစ်ခုသော နေ့လယ်ခင်းတစ်ခုတွင် ကျွန်ုပ်သည် စတော့ကိတ်လမ်း (ယခုသိမ်ဖြူလမ်း)ရှိ စေတစ်လုံးမင်းအောင်၏ နေအိမ်ဧည့်ခန်း၌ ဆရာကြီး ပြောပြနေသော ကမ္ဘာတစ်ဝှမ်းရှိ ထူးဆန်းသော နေရာများအကြောင်းကို နားထောင်နေမိလေတော့၏၊ ဆရာကြီးသည် လွန်စွာမှပင် ဗဟုသုတနှင့် ပြည့်စုံ၍ အသံဩဇာမှာလည်း လူတစ်ဖက်သား၏ စိတ်အစဉ်ကို လွှမ်းမိုးထားနိုင်သဖြင့် ကြားနေရသော နေရာများကို မိမိကိုယ်တိုင်ပင် ရောက်သွားနေရသလို ခံစားရလေသည်၊ ထိုသို့ ပြောနေစဉ်မှာပင် ကျွန်ုပ်တို့ အိမ်ရှေ့၌ ကျီးများသည် ဝိုင်း၍အာကြလေတော့သည်၊ ကျီးအော်သံများကို ကြားလိုက်ရသောအခါတွင် ဆရာကြီး စေတစ်လုံးမင်းအောင်သည် အိမ်ရှေ့တံခါးဝသို့ ထွက်ကာ မတ်တတ်ရပ်၍ လက်အုပ်ချီပြီး ဂါထာတစ်ပုဒ်ကို ရွတ်လေတော့၏၊ ထိုဂါထာဆုံးသွားသောအခါ သစ်ပင်ထက်မှ ကျီးတစ်ကောင်သည် ...

"အား - အား - အာ - အာ"



ဟု၍ ထမြည်လေတော့၏၊ ထိုအခါ စေတစ်လုံး မင်းအောင်သည် ပြုံး၍ ကြည့်ကာ နှစ်လိုဖွယ်ကောင်း၍ အလိုလို နှာခံချင်စိတ်ဖြစ်ပေါ်စေသော သူ၏ ပင်ကိုအသံဖြင့် ...

"ကိုစိန်ဝင်းရေ - ကျုပ်တို့တော့ ငွေဝင်ဦးမယ်ဗျ၊ ကားအဆင်သင့်ဖြစ်အောင် ဆင်ဝင်အောက်မှာ ရပ်ထားဗျာ၊ အဝတ်အစားလည်း သပ်သပ်ရပ်ရပ် ဖြစ်အောင် ဝတ်ထား၊ ဘိုအိမ်တစ်အိမ်က လာခေါ်လိမ့်မယ်၊ ကျုပ်လည်း ရေမိုးချိုးလိုက်ဦးမယ်"

ဟု ဆိုလေတော့၏၊ ကျွန်ုပ်မှာလည်း သူ၏ စကားအတိုင်းပင် ကားကို ဝိုဒေါင်မှထုတ်၍ ဆင်ဝင်အောက်တွင်ရပ်ထားပြီး ကပျာသုတ်သီ ရေမိုးချိုး၍ အဝတ်အစားလဲကာ စောင့်နေရလေတော့၏၊ ထိုအချိန်တွင် ကျွန်ုပ်တို့ အိမ်ဝင်းအတွင်းသို့ အော်စတင်ကားလေးတစ်စီး ဝင်ရောက်လာပြီး ထိုအထဲမှ လူငယ်လေးတစ်ယောက် ဆင်းလာလေတော့၏၊ ဆရာကြီးစေတစ်လုံး မင်းအောင်နှင့် တွေ့ချင်ကြောင်းပြောသဖြင့် ဧည့်ခန်းတွင် စောင့်ခိုင်းထားရလေတော့၏၊ မကြာမီမှာပင် စေတစ်လုံးမင်းအောင်သည် မိုးပြာရောင် အနောက်တိုင်းဝတ်စုံဖြင့် လှေကားပေါ်မှ တစ်လှမ်းချင်း ဆင်းလာလေတော့၏၊ လူငယ်လေး၏ရှေ့သို့ရောက်သောအခါတွင် သံလိုက်ဓာတ်ရှိသော အသံဖြင့် ...

"မင်းတို့ သခင်ကြီး အင်မတန်မှ စိတ်ရှုပ်နေပုံရတယ်"

"ဗျာ - ဟုတ်ပါတယ် ခင်ဗျာ၊ အဲဒါ ဆရာကြီးက အိမ်ကိုကြွပြီး အကူအညီပေးပါဦး ဆရာကြီးရဲ့ မိတ်ဆွေ မြေပိုင်ရှင်သူဌေးကြီး ဦးစောလှိုင်လည်း ရောက်နေပါတယ်"

"အေး - အေး - လိပ်စာပေးခဲ့ကွာ၊ ငါတို့အနောက်က လိုက်လာခဲ့မယ် ဟုတ်ပြီလား၊ မင်း - သွားနှင့်၊ ပြီးတော့ မင်းတို့သခင်ကြီးကို ပြောလိုက်၊ မြန်မြန်ရမှာပါလို့ စိတ်ပူမနေပါနဲ့လို့"

ဟု မှာလိုက်လေတော့၏၊ ထိုသူငယ်လေး၏ ကားပြန်ထွက်သွားသော အခါ ကျွန်ုပ်နှင့် စေတစ်လုံးမင်းအောင်သည် လိပ်စာထဲကအတိုင်း ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ သုံးယောက်သား ပစ္စည်းများကို အတူတူကြည့်ကြတယ်။

ပြီးတော့–အခန်းတံခါးကို သူကိုယ်တိုင်ပိတ်ပြီး သုံးယောက်လုံး

အောက်ထပ်မှာ နေ့လယ်စာ သင်းကြတာပဲ။

နေ့ခင်းပြန်တက်လာတော့ ပစ္စည်းများဟာ တလယ်ထဲမှာမရှိတော့ဘူး . . .



ပြည်လမ်းမပေါ်မှ ဆယ်မိုင်တွင်ရှိသော ခရိုင်မင်းကြီး မစ္စတာသောမတ်စ် အိမ်သို့ ထွက်လာခဲ့လေတော့၏။ လမ်းတွင် ကျွန်ုပ်မှာ သိချင်တာများကို မေးမြန်းကြည့်မိလေရာ၊

"ဒီလိုဗျ – ကျုပ်တို့ စကားပြောနေတဲ့ အချိန်တုန်းက ကျုပ်ရဲ့ မွေးနံဟာ ဒီနေ့ရဲ့ လာဘ်နေရာမှာ ရောက်နေတယ်။ တိုက်တိုက်ဆိုင်ဆိုင် အိမ်ရှေ့က ကျီးသာတော့ တစ်ထောင်တန် ရွှေဂါထာကို ကျုပ် ထရွတ်သေးတယ်လေ။ အဲဒီနောက်ပိုင်းတော့ ကျီးတွေကိုကြည့်ပြီး နိမိတ်ကောက်လိုက်တာပဲ။ ဒါကြောင့် ရှေးလူကြီးတွေကပြောတာ၊ အိမ်ရှေ့က ကျီးသာရင် အဲဒါ ရွှေကျီး တဲ့။ လာဘ်ရမယ်၊ သတင်းကောင်းကြားရမယ်။ ပေးမယ့်၊ ကျွေးမယ့် ဧည့်သည် လာမယ်တဲ့။ နောက်ဖေးက အော်ရင်တော့ ကျီးကန်းပဲ၊ ငွေကုန်မယ်။ စိတ်ညစ်စရာတွေ ရောက်လာမယ်။ ဒုက္ခပေးမယ့် လူလာမယ်တဲ့၊ သိပ်ပညာရှိတဲ့ လူကြီးတွေပေါ့"

"ဟိုကောင်လေး လာမှာကို ကြိုသိနေသလိုပါပဲ ဆရာကြီးရယ်။ ဘာကိစ္စနဲ့ လာမယ်ဆိုတာကိုပါ သိနေတယ်ထင်တယ်၊ ဆရာကြီးမှာ အကြားအမြင်ရှိနေပြီထင်တယ်"

"ကျုပ် တစ်ယောက်တည်း မဟုတ်ပါဘူး၊ မျက်စိနှင့်နား ရှိသူတိုင်း အကြားအမြင် ရှိကြတာချည်းပါပဲ၊ ကျုပ်က အကြားနဲ့အမြင်ရဲ့နောက်မှာ ဉာဏ်လေးကပ်ထည့်လိုက်တာပါ။ အင်္ဂဝိဇ္ဇာပညာရဲ့ နက်ရှိုင်းမှုတွေပေါ့ဗျာ၊ ဒီပညာတွေ ခင်ဗျားလည်း သင်ထားဗျာ၊ နောင်အရေးရှိတော့ သုံးရတာပေါ့"

ဟု ပြောလေတော့၏၊

(မှတ်ချက် – ဆရာကြီး စေတစ်လုံးမင်းအောင်ရွတ်ဆိုသော တစ်ထောင်တန် ရွှေဂါထာဆိုသည်မှာ သဗ္ဗဖယမင်္ဂလာ ဂါထာပင် ဖြစ်သဖြင့် လူအများစုလည်း သိရှိကာ စာအုပ်တိုင်းလိုလိုတွင်လည်း ပါရှိသဖြင့် ထပ်မံ၍ မဖော်ပြတော့ခြင်းကို နားလည်ပေးပါရန် ပြန်ကြားအပ်ပါသည်၊ စာရေးသူ)

ထို့နောက်တွင်မူ စကားတပြောပြောနှင့် မောင်းလာခဲ့ရာ ဆယ်မိုင်ကုန်းရှိ မစ္စတာသောမတ်စ်၏ အိမ်သို့ ရောက်လာလေတော့၏။ ခြံအဝင်ဝတွင် မြေပိုင်ရှင် ဦးစောလှိုင်မှ စောင့်၍ကြိုနေလေတော့၏။ ထို့နောက် စေတစ်လုံးမင်းအောင်နှင့် အိမ်ရှင် မစ္စတာသောမတ်(စ်)နှင့် မိတ်ဆက်ပေးလေတော့၏။ တစ်ဆက်တည်းမှာပဲ ရောက်ရှိနေသော စီအိုင်ဒီစုံထောက်မင်းကြီး မစ္စတာ အာစီမော့စ်နှင့်လည်း မိတ်ဆက်ပေးလေတော့၏။ ထို့နောက်တွင် အိမ်ရှင် မစ္စတာသောမတ်စ်မှ အကြောင်းစုံ ပြောပြလေတော့၏၊





www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါ - စေတစ်လုံးမင်းအောင်၊ ကျုပ်မှာ အင်္ဂလန်က ဘုရင်မကြီးကို ဆက်သဖို့ သိပ်ကိုအရည်အသွေးကောင်းမွန်တဲ့ ပတ္တမြားကြီးတစ်လုံး ရှိပါတယ်၊ အရွယ်အစားကတော့ လက်မလက်သည်းခွံပမာဏလောက်ပဲ ရှိတယ်၊ ခင်ဗျားတို့ ဗမာစကားမှာလည်း ရှိပါတယ်၊ "ပတ္တမြား ဆန်ကျိုးအစိုးပြည်တန်" ဆိုလားပဲ အဲဒီလိုပေါ့ဗျာ၊ ကျုပ် ပတ္တမြားဟာလည်း အင်မတန်ကျွမ်းကျင်တဲ့ ရာဖြတ်ကြီးတွေရဲ့တန်ဖိုးဖြတ်မှုအရ ဆယ်သန်းတန်တယ်တဲ့၊ အဲဒါ မနက်ကမှ ဒီက လူကြီးမင်းတွေကို ဖော်ပြသေးတယ်၊ ပြီးလည်းပြီးရော ပျောက်သွားတာပါပဲ"

"ပျောက်ပုံပျောက်နည်းကို ပြန်ပြောပါဦး၊ မစ္စတာသောမတ်ရဲ့စကားက မရှင်းဘူး"

ထိုအခါ မြေပိုင်ရှင် ဦးစောလှိုင်က ဝင်ရောက်၍ ...

"ဒီလိုဗျ - မနက်ပိုင်းမှာ မစ္စတာသောမတ်စ်က ကျွန်တော့်အိမ်ကို တယ်လီဖုန်း ဆက်တယ်၊ နေ့လယ်စာ စားဖို့ကြွပါလို့ပေါ့ဗျာ၊ ကျွန်တော် ရောက်ပြီး မကြာခင် စုံထောက်မင်းကြီးလည်း ရောက်လာတာပါပဲ၊ ကျွန်တော်တို့ သုံးယောက်သား ပတ္တမြားကို အတူတူကြည့်ကြတယ်၊ ပြီးတော့ - အခန်းတံခါးကို သူကိုယ်တိုင်ပိတ်ပြီး သုံးယောက်လုံး အောက်ထပ်မှာ နေ့လယ်စာ ဆင်းစားကြတာပဲ၊ နေ့ခင်း ပြန်တက်လာတော့ ပတ္တမြားဟာ ကလပ်ထဲမှာ မရှိတော့ဘူး"

ဟု ဝင်ပြောလေတော့၏။ စီအိုင်ဒီ စုံထောက်မင်းကြီးသည်လည်း ...

"ကျုပ် ခြေရာလက်ရာ အကုန်ကြည့်ပြီးသွားပြီ၊ ဘာမှ အနေအထား ပျက်စီးတာ မရှိဘူး။ အပေါ်ထပ် ပြတင်းပေါက် ဖွင့်ထားတယ်ဆိုပေမယ့် သံတိုင်တွေ ခံထားလို့ လူမဝင်နိုင်ဘူး၊ အခန်းတံခါးကလည်း ဖွင့်ဝင်ထားတာ မရှိဘူး၊ အဲဒီကြားထဲက ထူးထူးဆန်းဆန်းပျောက်နေတော့ ကျုပ်တို့လည်း မကြံတတ်တော့ဘူး၊ တစ်ခုခံသာ နေသေးတာက ကျုပ်တို့နှစ်ယောက်လုံးဟာ မစ္စတာသောမတ်စ်နဲ့ တစ်ချိန်လုံးရှိနေလို့သာပေါ့၊ မဟုတ်ရင် သူ့ထင်ကိုယ့်ထင်နဲ့ အဆင်ပြေမှာ မဟုတ်ဘူး"



"အဲဒါနဲ့ ကျွန်တော်လည်း စေတစ်လုံးမင်းအောင်ကို သတိရမိလိုက်တာနဲ့ မစ္စတာသောမတ်စ်ကို အကျိုးကြောင်းပြောလိုက်တော့ ဆရာကိုပင့်ခိုင်းလိုက်တာပါပဲ၊ ဒီကိစ္စ အဆင်ပြေပြီး ပတ္တမြားကြီး ပြန်ရအောင် လုပ်ပေးပါဦး"

ဟု မြေပိုင်ရှင် ဦးစောလှိုင်က ဝင်ပြောလေတော့၏။ ထိုအခါ စေတစ်လုံးမင်းအောင်သည် ဂုဏ်သောက်လေ့သောက်ထရှိသော "ပိုလို" တံဆိပ် စီးကရက်ကို ဖွာရှိုက်၍ မီးခိုးများကို အပေါ်သို့ မှုတ်ထုတ်လိုက်ပြီး တည်ငြိမ်အေးချမ်း၍ အလိုလို နာခံချင်စိတ် ဖြစ်ပေါ်စေနိုင်သော သံလိုက်ဓာတ်ရှိသည့် အသံဖြင့် ...

"ခင်ဗျားတို့ပစ္စည်း ပြန်ရမှာပါ၊ ကျုပ်ပညာအရ ပြောရရင် မစ္စတာသောမတ်စ်မှာ ဆုံးရှုံးကိန်း မရှိဘူး"

ဟု အလွန်အထက်တန်းကျသော အင်္ဂလိပ်လေယူလေသိမ်းဖြင့် ပြောလေတော့၏၊ ထို့နောက်တွင် ခရီးဆောင်အိတ်ထဲမှ အပြာရောင်ကတ္တီပါအိတ်ကလေးကို ထုတ်လိုက်လေတော့၏၊ အိမ်ရှင်ဖြစ်သူ ခရိုင်မင်းကြီး မစ္စတာသောမတ်အား မျက်လုံးချင်းဆုံအောင် စိုက်ကြည့်၍ အိတ်ထဲရှိ ကျောက်ခဲများကို နှိုက်ယူစေတော့၏။ ထို့နောက် ကျောက်ခဲတစ်ခဲကို ရွေးခိုင်းလေတော့၏။ မစ္စတာသောမတ် လက်ထဲတွင်ပါလာသော ကျောက်ခဲလေးကိုကြည့်ပြီး ဆရာကြီး စေတစ်လုံးမင်းအောင်သည် လွန်စွာပိုင်နိုင်သော အပြုံးတစ်ခုကို ပြုံးလိုက်လေတော့၏။ ထိုကျောက်ခဲလေးတွင် အောက်ပါသင်္ကေတလေးကို ရေးထိုးထားလေ၏၊

=☠=

"မစ္စတာသောမတ်စ် - ခင်ဗျားရဲ့တန်ဖိုးကြီးတဲ့ ပတ္တမြားကြီးဟာ ဒီမြို့ဝန်းထဲက ဘယ်မှထွက်မသွားသေးဘူး၊ ဒီတော့ ခင်ဗျား ကျုပ်ကို ညက်ပူဇော် ဘယ်လောက်ပေးဖို့ ရည်စူးထားလဲ"



www.burmeseclassic.com

www.burmeseclassic.com

"စေတစ်လုံးမင်းအောင်ကို ငွေတစ်ရာပေးဖို့ ချည်စူးထားပါတယ်"

"ကျုပ်ပညာက တစ်ရာပဲ တန်လို့လား။ ဒီမှာ မစ္စတာ ခင်ဗျားရဲ့ပတ္တမြား ကို ဆယ့်ငါးမိနစ်အတွင်း ခင်ဗျားလက်ထဲ ပြန်ရောက်အောင် ထည့်ပေးနိုင်သူဟာ မြန်မာပြည်တစ်ပြည်လုံးမှာ စေတစ်လုံးမင်းအောင်ဆိုတဲ့ ကျုပ် တစ်ယောက်ပဲရှိတယ်။ ခင်ဗျားနဲ့ ကျုပ် အပေးအယူလုပ်မယ်။ ခင်ဗျားရဲ့ ဆယ်သန်းတန် ပတ္တမြားကို ဆယ့်ငါးမိနစ်အတွင်းမှာ ခင်ဗျားလက်ထဲ အရောက်ထည့်ပေးနိုင်ရင် ပတ္တမြားတန်ဖိုးရဲ့ "တစ်" ရာခိုင်နှုန်း (၁%) ပေးရမယ်၊ အကယ်၍ ဆယ့်ငါးမိနစ်ကျော်သွားရင်တော့ ခင်ဗျားကို ကျုပ်က "တစ်ဆယ်" ရာခိုင်နှုန်း (၁၀%) ပြန်ပေးမယ်။ ဆယ်လေးတစ်လေး လောင်းကြတာပေါ့ဗျာ၊ ခင်ဗျားက တစ်သိန်း၊ ကျုပ်က တစ်သန်း။ အဲဒါကို သဘောမတူဘူးဆိုရင်လည်း ကျုပ်တို့ ပြန်တော့မယ်။ ဘာဖြစ်လို့လည်းဆိုတော့ ခင်ဗျား စိတ်ထဲက ကျုပ်ပညာကို စော်ကားနေလို့ပဲ"

ဟုပြောလေတော့၏။ ထိုသို့ပြောနေစဉ်ကိုကြည့်ရသည်မှာ ဒေါနှင့်မောနှင့် ပြောနေခြင်းမဟုတ်ဘဲ ပုံမှန်အသံဖြင့်သာ ပြောနေခြင်းဖြစ်သည်။ ထိုခေတ်ကာလသည် ရွှေတစ်ကျပ်သားမှ ဆယ့်သုံးကျပ်သာပေးရသော အခြေအနေတွင် တစ်သိန်းနှင့် ဆယ်သိန်း အလောင်းအစားသည် အင်မတန်မှ အဖိုးကြီးသော အလောင်းအစားတစ်ခုဖြစ်လေသည်။ ထိုအခါ မစ္စတာ သောမတ်စ်တို့ သုံးယောက်သား ခေါင်းချင်းဆိုင်၍ ဆွေးနွေးကြပြီး စေတစ်လုံးမင်းအောင်နှင့် သဘောတူညီချက် ရသွားလေတော့၏။ ထိုအခါ ဦးစောလှိုင်နှင့် စုံထောက်မင်းကြီးတို့သည် နာရီကို စတင်မှတ်လိုက်သည်နှင့် စေတစ်လုံးမင်းအောင်သည် ခြံထောင့်ရှိ မန်ကျည်းပင်ကြီးအောက်သို့ တစ်ဟုန်ထိုး ပြေးသွားလေတော့၏။ ထို့နောက် - ပင်စည်ကို လက်နှစ်ဖက်နှင့်ကိုင်ကာ ဦးခေါင်းဖြင့် ခေတ္တမျှထိထားပြီးနောက် အပေါ်သို့မော့၍ "ပေး" ဟူသော အသံကြီးကို ကျယ်လောင်စွာ အော်ဟစ်လိုက်လေတော့၏။ ထိုခဏမှာပင် မန်ကျည်းပင်ထက်၌ ကျီးတို့သည် ...



"ဝှန်း - ဝှန်း"

ပြည်အောင်ထပျံ၍ အဝင်ထက်၌ ဝဲနေကြလေတော့၏။ စေတစ်လုံးမင်းအောင်သည် အပင်အောက်မှထွက်၍ ကျီးအုပ်ကို လက်ညှိုးထိုးကာ နှုတ်များမှ ဂါထာတစ်ပုဒ်ကို တီးတိုးရွတ်ဆိုနေလေတော့၏။ ထို့နောက် လက်ဝါးကို ဖြန့်ထားရာ ကျီးတစ်ကောင်သည် လက်ဝါးပေါ်သို့ လာနားလေသည်ကို တွေ့လိုက်ရလေတော့၏။ ထိုကျီး ထပျံသွားသောအခါ စေတစ်လုံးမင်းအောင်သည် လက်သီးဆုပ်လျက် မစ္စတာသောမတ်ရှေ့တွင်ရပ်ကာ နှစ်လိုဖွယ်ရာကောင်းသော အပြုံးကိုပြုံး၍ အောင်မြင်ခန့်ညားသော သံလိုက်ဓာတ်ရှိသည့် အသံဖြင့် ...

"ကဲ - လက်ဝါးဖြန့်ထား မစ္စတာသောမတ်စ်၊ ဒီမှာ ခင်ဗျားရဲ့ဆယ်သန်းတန် ပတ္တမြား။ ကျုပ် - ဆယ့်ငါးမိနစ် မကျော်သေးပါဘူးနော်"

ဟုပြောကာ ရှိုင်မင်းကြီး၏လက်ထဲသို့ပျောက်ဆုံးနေသော ပတ္တမြားကို ထည့်ပေးလိုက်လေတော့၏။ မစ္စတာသောမတ်စ်မှာ စေတစ်လုံးမင်းအောင်ကို အံ့ဩခြင်း၊ အထင်ကြီးခြင်း၊ ကြောက်ရွံ့ခြင်း စသည့် ခံစားချက်များ တစ်ပြိုင်နက် ခံစားလိုက်ရသလို မျက်လုံးမှာ အပြူးသားနှင့် ပါးစပ်မှာ အဟောင်းသားကြီးဖြစ်သွားရလေတော့၏။ ထို့နောက် စေတစ်လုံးမင်းအောင်ကို ဟိုအင်နရီဘဏ်မှ ငွေထုတ်ယူရန် တစ်သိန်းတန် ချက်လက်မှတ်ကို ရေးပေးလေတော့၏။ ထိုချက်လက်မှတ်ကို ဦးစောလှိုင်အား မေးကာ စေတစ်လုံးမင်းအောင်သည် အမိန့်ပေးသည်လည်းမဟုတ်၊ တောင်းပန်နေသည်လည်း မပြည်သော အသံဖြင့် ...

"ကိုစောလှိုင်က ဒီငွေကိုထုတ်ပြီး ကျုပ်အတွက် ကိစ္စနှစ်ခု လုပ်ပေးပါ။ ငွေကို တစ်ဝက်ခွဲပြီး ဗိုင်အမ်ဘီအေကို လှူပါ၊ ကျန်တစ်ဝက်ကို စစ်တိုင်းဘက်မှာ လူအိုရုံတွေဆောက်ပြီး ကူညီနေတဲ့ ဒေါ်ဦးဇွန်းဆိုတဲ့ အမျိုးသမီးတစ်ဦးရှိတယ်။ သူ့ကို လှူလိုက်ပါ။ အလှူရှင်အမည်ကို ခင်ဗျားနာမည်ပဲ သုံးသုံး၊ တခြားနာမည်ပဲသုံးသုံး ကျုပ်နာမည်တော့ မသုံးနဲ့နော် - ကူညီပါ"

www.burmeseclassic.com

ဟု ပြောလေတော့၏၊ ဦးတေလှိုင်ထံမှ ကတိစကားကိုယူပြီး ကျွန်ုပ်တို့နှစ်ဦးသားသည် အောက်စ်ဖက်ဖွန်ကားလေးနှင့် စတော့ကိတ်လမ်းသို့ ပြန်လာခဲ့လေတော့၏။ ကျွန်ုပ်၏ ဆရာကြီးစေတစ်လုံး မင်းအောင်၏ အံ့ဩဖွယ်ရာ ပညာစွမ်းများကို မျက်နှာဖြူလူမျိုးခြားများက လေးစားရသည့်အတွက် ဂုဏ်ယူမိခြင်း၊ စွန့်နိုင်ခဲသော ငွေကြေးကို တစ်ပြားတစ်ချပ်မှ မယူငင်ဘဲ အများအကျိုးအတွက် လှူဒါန်းနိုင်သော စိတ်ဓာတ်ကို လေးစားအားကျ အထင်ကြီး မြတ်နိုးမိခြင်း စသော ခံစားချက်များသည် ကျွန်ုပ်၏ ခန္ဓာကိုယ်ကလပ်စည်းတစ်လျှောက်တွင် စိမ့်ဝင်၍ စဉ်ဆက်မပြတ် စီးဆင်းနေလေတော့၏၊

ဆရာကြီးနှင့် လက်ပွန်းတတီး နေခဲ့ရသော်လည်း အလွန်ကောင်းမွန်သော ဟင်းအိုးကြီးကို မွှေစတ်နေ၍ ဟင်း၏အရသာကို လုံးဝမခံရသည့် ယောက်မတစ်ချောင်းပမာ ကျွန်ုပ်မှာ ဖြစ်ခဲ့ရလေ၏။ ကျွန်ုပ်စိတ်ထင်ပြောရရင် ဆရာကြီးသည် မဂဓဘာသာ၊ သက္ကတဘာသာ၊ ပါဠိဘာသာ စသော လျှို့ဝှက်ခက်ခဲသည့် ဘာသာရပ်များကို ကျွမ်းကျင်စွာ တတ်မြောက်ထားသည်ဟု ထင်ပါသည်၊ ရှိုင်မင်းကြီးအိမ်တွင် အသုံးပြုခဲ့သော ပညာ၏ အပေါ်ယံအလွှာလေးကိုတော့ ကျွန်ုပ်မှာ တီးမိခေါက်သိရှိလိုက်လေသည်၊ ဆရာကြီးသည် "ရှုးနေး" ဟူသော ဗေဒင်ပညာသုံး သင်္ကေတလေးများဖြင့် ဟောပြောခဲ့ခြင်း ဖြစ်သည်၊ မဇ္ဇတာသောမတ်စ် ယူလိုက်သော သင်္ကေတလေးမှာ Signals အချက်ပြဟူ၍ ဖြစ်ပြီး ၎င်းကို ရှေးဟောင်းဂျာမန်စကားအရ အန်မရ(ဝ)Ansuz ဟုခေါ်လေသည်၊ ရှုးနေးကို ကျောက်တုံးတွင်ထွဲ၍ သုံး၍ ရသလို ကတ်ပြားကလေးများဖြင့်လည်း သုံး၍ ရလေသည်၊ ဆရာကြီးစေတစ်လုံး မင်းအောင် ကြည့်ခဲ့သော အချက်ပြသင်္ကေတ၏ ကတ်ပြားလေးမှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်၊



ကျွန်ုပ်မှာ ထိုပုံကိုကြည့်၍ ငှက်ကလေးသစ်ကိုင်း ချီသွားသည်သာ မြင်မိ၍ ပတ္တမြားကို ကျီးချီသွားသည်ဟု ဆရာကြီးစေတစ်လုံးမင်းအောင် နိမိတ်ကောက်ခဲ့တာလားဟု တွေးမိသည်မှအပ အခြားအခြားသော ကိစ္စရပ်များကို ဆရာကြီးအနေဖြင့် မည်သည့်ပညာကို သုံးသွားသည်ဟု ယနေ့တိုင် မသိရှိပါကြောင်း ဝန်ခံအပ်ပါသည်၊

●● မောင်လင်းသစ် ●●



www.burmeseclassic.com

www.burmeseclassic.com




ဝင်း
သိန်းသူ

# အဝေးပြေးလမ်းပေါ်မှာ တစ်ညတာ

စာပေလွတ်လပ်ခွင့် ရလာပြီဆိုတော့ စာပေလွတ်လပ်ခွင့်မရမီက ကျော်စိုးကိုယ်တိုင် ကြုံခဲ့ရဖူးသော ဂမ္ဘီရဇာတ်လမ်းလေးတစ်ပုဒ်ကို အရင်းအတိုင်း ရေးလိုက်မိသည်။ ထိုစဉ်က ကျော်စိုးမှာ ရုံးမှ ရုံးအုပ်တစ်ဦး ဖြစ်သည်။ ကျော်စိုးတို့ လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီရုံးချုပ်မှ နှစ်စဉ် နွေရာသီ ပြေလသို့ ရောက်လေတိုင်း မြန်မာနိုင်ငံတစ်ဝန်းမှ တက္ကသိုလ်၊ ကောလိပ်သိပ္ပံကျောင်းသူ ကျောင်းသားသုံးရာလောက်ကို စုစည်း၍ လူငယ်လုပ်အားပေးစခန်း ဖွင့်လေ့ရှိသည်။ ထိုနှစ်က မန်းသံပုရာကန် လုပ်အားပေးစခန်းကို အထက်မင်းလှတွင် ဖွင့်လှစ်ထားသဖြင့် စခန်းမှလိုအပ်သည့် ရိက္ခာနှင့် အခြားလိုအပ်သော အသုံးအဆောင်ပစ္စည်းတို့ကို ရန်ကုန်ရုံးချုပ်မှ လုပ်အားပေးစခန်းရှိရာသို့ ကျော်စိုးတို့ ထိအီးအလဲဗင်းကားကြီးများဖြင့် ကူသယ်ခေါက်သယ်ပို့ရလေ့ရှိသည်။ နေ့ရယ်၊ ညရယ် အချိန်သတ်မှတ်ချက်မထားဘဲ လိုအပ်လျှင် လိုအပ်သလို ပို့ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ကျော်စိုးက ဦးဆောင်၍ စာရေးကြီးကိုတင်အောင် စာရေးလေး ကိုအောင်မြင့်တို့နှင့်အတူ ဒရိုင်ဘာ ကိုနီ မောင်းလာသော တီအီးအလဲဗင်း ကားကြီးပေါ်တွင် ဆန်၊ ဆီ၊ နို့ဆီ၊ သကြားတို့ကိုတင်ဆောင်ကာ ညနေ (၅း၃၀) တွင် ရန်ကုန်မှ ပြည်လမ်းအတိုင်း ထွက်ခွာလာခဲ့ကြသည်။ မကွေးသို့ နံနက် ပိုင်း၌ရောက်လျှင် ဖက်ဖြင့် မင်းလှသို့ကားကိုတင်ကာ ကူးကြရမည်ဖြစ်သည်။ ရန်ကုန် - ပြည်လမ်းအတိုင်း မှန်မှန်ပင်မောင်းလာခဲ့ကြရာမှ ပြည်သို့ ညသန်း ခေါင်လောက်တွင် ဆိုက်ရောက်ကြသဖြင့် လက်ဖက်ရည်ဆိုင်ဝင်ကာ ပဲ ပလာတာနှင့် လက်ဖက်ရည်များသောက်၍ ဟာနေသော ဝမ်းကို ဖြည့်ကြ သည်။

"ဒီမှာပဲ - ကားကို နားပြီးကားပေါ်မှ အိပ်ကြမလား၊ မနက်စောစောမှ ထထွက်ကြတာပေါ့"

ကျော်စိုးက ပြည်မှာနားဖို့ အကြံပြုသည်။

"ဟာ - နားလို့မဖြစ်ဘူး၊ နားလိုက်ရင် မကွေးကို အရောက်နောက်ကျပြီး ဖက်မမီရင် မကွေးမှာ ညထပ်အိပ်ရလိမ့်မယ်"

သွားဖူးလာဖူးရှိသော စာရေးလေး ကိုအောင်မြင့်က ဝင်ပြောလိုက် သဖြင့် ပြည်၌ မနားတော့ဘဲ စားသောက်ပြီးသည်နှင့် ကားကို ဆက်ထွက်ခဲ့ ကြသည်။ ညဘက်ဖို့ ကားမီးထိုးထားသော ရှေ့တည့်တည့်မှ လမ်းကိုသာ မြင်ရပြီး လမ်းနံဘေးဝဲယာနစ်ဖက်မှာမူ ပိန်းပိတ်အောင် မှောင်လျက်ရှိသည်။ ရံဖန်ရံခါ ကားမီးရှေ့ လမ်းပေါ်၌ ဖြတ်ပြေးသွားသော ယုန်ကလေးများ၊ ချေ ပေါက်စကလေးများကိုတွေ့ရပြီး လမ်းကွေ့များတွင် ကားမီးရောင်က လယ် ကွင်းများဆီသို့ ရောက်သွားလေရာ ရွာပြင်ရှိ အုတ်ဂူများ၊ မှတ်တိုင်များစုစု ရှိနေသော သချိုင်းကလေးများကို တွေ့ရတတ်လေသည်။ ရွာများကိုကား သစ်ပင်အုပ်အုပ်ကြီးများက အုပ်မိုးထားသောကြောင့် မည်းမည်းမှောင်မှောင် သာ တွေ့ရလေ၏။ ညဘက်မို့ ဘယ်ရောက်လို့ ရောက်မှန်းမသိအောင်ကား



ဖြစ်နေရပြန်သည်။ ထိုစဉ် ကားမှာ ကံမကောင်းစွာဖြင့် ရှေ့မီးလုံးကြီးနှစ်လုံးမှာ မှုတ်သွားပါတော့သည်။

"ဟာ - ဒုက္ခပဲဗျာ၊ ရှေ့တည့်တည့်ကလာတဲ့ကားက ကျုပ်တို့ကားကို အမှတ်တမဲ့ ဝင်တိုက်လိုက်မှဖြင့် အားလုံး သေကုန်တော့မှာပဲ"

ကျော်စိုးက ညည်းတွားလိုက်သည်။

"ရွာမနီး မြို့မနီးလမ်းခုလတ်မှာ ရပ်နေလို့ကလည်း မဖြစ်။ ကဲဗျာ - လက် နှိပ်ဓာတ်မီးနဲ့သာ ရှေ့ကို ထိုးပေတော့"

ကိုနီက လက်နှိပ်မီးရောင်ဖြင့် ဆက်မောင်းမည်ဟု ဆိုသည်။ ကိုတင် အောင်နှင့် ကိုအောင်မြင့်တို့က လက်နှိပ်မီးထုတ်ကာ ကားပြတင်းပေါက်မှ ရှေ့သို့ ပြိုင်တူထိုးပေးလိုက်ကြသည်။ ကိုနီက ကားကိုထိန်းကာ မောင်းနှင် လာခဲ့သည်။

"ဟာ - ဟိုရှေ့မှာ မီးရောင်လက်လက်နဲ့ ရွာကလေးတစ်ရွာပါလား"

"ကိုတင်အောင်က ကွင်းထဲမှ လှမ်းမြင်နေရသော ရွာကိုကြည့်ပြီး သို့ ကလို ပြောလိုက်သည်။

"ဟာ - ဟုတ်တယ်ဗျ၊ တစီထီနဲ့ ဆိုင်းသံကြားရတယ်၊ ကားမီးမှုတ်နေ မယ့်အတူတူ အဲဒီရွာဝင်ပြီး ပွဲကြည့်၊ မနက်စားရင်း အချိန်ဖြုန်းမယ်ဗျာ၊ မိုးလင်း မှ ဆက်ထွက်ကြတာပေါ့"

ကိုအောင်မြင့်က ဝမ်းသာအားရ ဝင်ပြောလိုက်သည်။

"ဟာ - မလုပ်ပါနဲ့ဗျာ၊ မကွေးကို အဝင်နောက်ကျရင် မင်းလှကိုဆက်ဖို့ ခက်နေလိမ့်မယ်"

ကျော်စိုးက သဘောမတူ ...

"ဟုတ်ပါတယ် - အန္တရာယ်မဖြစ်အောင် ကျွန်တော် ထိန်းမောင်းပါ့မယ်။ ကျွန်တော်တို့နဲ့ စိမ်းတဲ့ရွာမှာ မနားတာ ကောင်းပါတယ်။ ပါလာတဲ့ ရိက္ခာတွေ အတွက်လည်း မကြောင့်ကျရဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

မြောမြောဆိုဆို ကိုနီက ဆက်မောင်းလာခဲ့သည်။

မောင်းရင်း မောင်းရင်းနှင့် ရှေ့၌ လမ်းလုံခြုံရေး ရဲကင်းကလေးတစ်ခုကို တွေ့လိုက်ရသဖြင့် ကိုနီက ကားကို အရှိန်လျှော့ကာရပ်၍ အစစ်ဆေးခံလိုက်သည်။

"ခင်ဗျားတို့ကားက မီးဘာလို့ မိုတ်လာတာလဲ"

တာဝန်ရှိသူ ရဲအရာရှိက မေးလိုက်သဖြင့် ကျော်စိုးက အကျိုးအကြောင်း ရှင်းပြလိုက်ရသည်။

"အစိုးရရဲ့ ရိက္ခာတွေပါဗျာ၊ လုပ်အားပေးစခန်းပို့ဖို့က အကျိုးအကြောင်း ရှင်းပြလိုက်ရသည်။

ကျော်စိုး၏ စကားကို ရဲအရာရှိက လက်ခံလိုက်၏။

"ကျွန်တော်က ပွဲက,နေတဲ့ ရွာကလေးမှာ ပွဲဝင်ကြည့်ဖို့ ပြောတာ၊ သူတို့က လက်မခံလို့ ဆက်မောင်းလာခဲ့တာ၊ ပွဲကြည့်ပြီး မိုးလင်းမှ ပြန်ထွက်လာရင် ကားမီးပြဿနာ မရှင်းရတော့ဘူးပေါ့"

ကိုအောင်မြင့်က မကြေမချမ်းဖြင့် ဝင်ပြောလိုက်သည်။

"ဘယ်ရွာမှာလဲဗျာ၊ ဒီအနီးအနားမှာ ရွာလည်းမရှိဘူး၊ ပွဲလည်း မရှိဘူး၊ ရှိရင် ကျွန်တော်တို့ သိမှာပေါ့"

ရဲအရာရှိက အံ့အားသင့်သလို ပြောလိုက်ရာ -

"ဟုတ်ပါတယ် - ရွာရှိမယ် မထင်ပါဘူး။ ကျွန်တော်တို့ တခရီးလေးက ခရီးသွားအတွေ့အကြုံနည်းလေတော့ ယုန်ထင်ကြောင်ထင် ကိစ္စတွေကို အဟုတ်ထင်နေတာဗျ"

ခရီးများကို ထောင်းလမောင်းကြေအောင် သွားခဲ့ဖူးသော ယာဉ်မောင်း ကိုနီက ဝင်ပြောလိုက်သည်။

"အင်း - ဟုတ်ပြီ၊ ကျုပ်တို့အဖွဲ့ထဲက ရဲတပ်သားလေးတွေ ထိခဲ့တဲ့ အတိုင်း ဖြစ်တော့မလို့ပါလားဗျ"



သိန်းမြင့်တတော့ မိန်းမ ဝိသနာကြီးသူရို့ ရှေ့ပွဲလာအပျိုချောတို့ကို
ရှာဖွေနေလေ၏။ တော-တွေ့ပါပြီ။ သနပ်ခါးပါးကွက်ကျား
ဆံတောက်ဖားဖားကြီးနှင့် မိန်းမချောကလေးတစ်ယောက်၊
သူ့အမေ သို့မဟုတ် အဒေါ်နှင့်တူသော မိန်းမကြီးတစ်ယောက်နှင့်
ပွဲဈေးခင်းရှိရာသို့ ထွက်လာသည်။



ရဲအရာရှိက ကျော်စိုးတို့ အသိုက်ကို အောက်ပါအတိုင်း ပြောပြလိုက်တော့သည်။

=☠=

ရန်ကုန် - ပြည် လမ်းပိုင်းမှ မကွေးအရောက်မီ တောင်တွင်းကြီး မြို့ဝင် ရဲကင်းကလေးတွင် ရဲလုံခြုံရေးမှူး ကိုသောင်းတင်တို့အဖွဲ့ တာဝန်ကျသည်။ ထိုကင်းစခန်းသို့ ရဲတပ်သားအသစ် သိန်းမြင့်နှင့် အငယ်လေးဆိုသူ နှစ်

www.burmeseclassic.com

ယောက် ရောက်လာ၏၊ တစ်နေ့ သူတို့နှစ်ယောက် ည(၁၂)နာရီတွင် ရဲတပ်သား သန်းဦးနှင့် မြဝင်းတို့ကို ဂျူတီလွှဲပေးကာ ဂျူတီထွက်ကြ၏။

"မင်းတို့ အိမ်ကို ပြန်ကြနော်၊ စက်ဘီးကိုလည်း ကောင်းကောင်းစီးသွားကြ၊ ဟိုဝင်၊ ဒီဝင် မဝင်ကြနဲ့"

ရဲအရာရှိ ကိုဆောင်းတင်က မှာလိုက်သည်။ သိန်းမြင့်နှင့် အငယ်လေးတို့မှာ စက်ဘီးကိုယ်စီဆွဲကာ ရဲကင်းကလေးမှ ထွက်လာခဲ့ကြသည်။ ညသန်းခေါင်ယံအချိန်တွင် တစ်ချက်ဝေ့တိုက်လိုက်သော လေအေးကလေးကြောင့် နှစ်ဦးသား အိပ်ရေးပျက်သည်ကိုပင် ဂရုမထားနိုင်လောက်အောင် လန်းဆန်းသွားလေသည်။

"ဟေ့ - ဟေ့ - ဆိုင်းသံကြားတယ်ကွ၊ ဟောဟိုရှေ့က မီးရောင်လက်နေတဲ့ရွာမှာ ပွဲရှိမယ်၊ လာပါကွာ - အိမ်ပြန်လို့ ဘာအကျိုးမှ မရှိပါဘူး။ မင်းရော ငါပါ မိန်းမရှိတာမှ မဟုတ်တာ၊ ပွဲခင်းသွားပြီး စားလိုက် သောက်လိုက်ကြရအောင် ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးဆိုတာလို့ ချောချောလှလှ အပျိုတွေရင် ပိုးရအောင်"

သိန်းမြင့်က အငယ်လေးကို အဖော်ညှိသည်။ အငယ်လေးကလည်း ထိခနဲဆိုဗြိခနဲဆိုချင်၊ က.ချင်သည့် ဝါသနာကမွေးကတည်းက ပါလာပြီးသား ဆိုတော့ နှစ်ခါမခေါ်ရ၊ ဆိုင်းသံကြားရသော ရွာကလေးဆီသို့ စက်ဘီးကို ဦးတည်လိုက်သည်၊ နာရီဝက်လောက် နင်းပြီးသောအခါ ရွာထိပ်သို့ရောက်လာကြသည်၊ ပွဲဈေးခင်းကြီးကလည်း ဟည်းနေအောင်ပင် စည်ကားလှသည့် ဇာတ်ပွဲတွင် ညနက်ပိုင်းဖြစ်၍ ပြဇာတ်၊ အော်ပရာများပြီးကာ နောက်ပိုင်း ဇာတ်ထုပ်ဝင် စနေပေပြီ၊ နှစ်ယောက်သား ပွဲခင်းထဲဝင်ကာ လက်ဖက်ရည်နှင့် အီကြာကွေးမှာ၍ ဝမ်းဖြည့်လိုက်ကြသည်၊ အတာပိတ်အဖြစ် စီးကရက် လက်ကြားညှပ်ကာ ရေနွေးကြမ်းသောက်နေလိုက်ကြသေးသည်။ ပြီးမှ စက်ဘီးကိုတွန်းကာ ပွဲခင်းအစပ်သို့ လာကြသည်၊ ပွဲကြည့်ပရိသတ်ကလည်း ညို့နေ



လောက်အောင်ပင် များပြားလှသည်၊ ရွာပွဲဆိုတော့ လှည်းဝိုင်းကြီးများဖြင့် ပွဲလာကြည့်သူတွေလည်း ပါသည်၊ အငယ်လေးက ပွဲကြိုက်သူပီပီ ဇာတ်ခုံပေါ်က ကခုန်၊ သီဆိုနေသူများကို စူးစူးစိုက်စိုက်ကြည့်သည်၊ သိန်းမြင့်ကတော့ မိန်းမဝါသနာကြီးသူမို့ ရှေ့ပွဲလာအပျိုချောတို့ကို ရှာဖွေနေလေ၏၊ ဟော - တွေ့ပါပြီ၊ သနပ်ခါးပါးကွက်ကျား ဆံတောက်ဖားဖားကြီးနှင့် မိန်းမချောကလေးတစ်ယောက်၊ သူ့အမေ သို့မဟုတ် အဖော်နှင့်တူသော မိန်းမကြီးတစ်ယောက်နှင့် ပွဲဈေးခင်းရှိရာသို့ ထွက်လာသည်၊

သိန်းမြင့် ရှေ့တည့်တည့်ရောက်တော့ ခေါင်းကိုသမင်လည်ပြန်ကြည့်ရင်း မိန်းမကြီးနောက်ကို ပါသွားသည်၊

"ဟေ့ - အငယ်လေး၊ လာ - လာပါကွာ၊ မင့်မလည်း အရေးထဲ ပွဲငတ်ကြီးကျနေသေးတယ်"

သိန်းမြင့်က အငယ်လေး၏လက်ကို ဆောင့်ဆွဲကာမိန်းကလေးတို့နောက်သို့ လိုက်လာခဲ့သည်၊

"မင်းကလည်းကွာ၊ မိန်းမမြင်ရင် နေတို့မနေနိုင်ဘူး။ ဟိုက ပွဲခင်း အပြင်ထွက်ပြီး အပေါ့အပါးသွားတာလားမှ မသိတာ၊ မှားလိုက်မိရင် ပါးရိုက်ခံထိနေပါ့မယ်ကွ"

အငယ်လေးက ရှုံ့တွန့်တွန့်ဖြင့် ဆိုသည်၊ သူတို့ မိန်းကလေးကို မှီလာသောအခါ သိန်းမြင့်က -

"ညီမလေးတို့က ဒီရွာကလား"

ဟု စကားမရှိ စကားရှာကာ စ,လိုက်သည်၊

"အေး - ဟုတ်တယ်၊ မင်းတို့ကကော"

မိန်းကလေး၏ အဖော်မိန်းမကြီးက ဝင်ပြောလိုက်သည်၊

"ကျွန်တော်တို့က ရဲစခန်းက ရဲသားလေးတွေပါ"

www.burmeseclassic.com

သိန်းမြင့်က ပြန်ဖြေလိုက်သောအခါ မိန်းမကြီးက ပြုံးပြီးပြီးကြီး လုပ်ကာ -

"ငါတို့လည်း ယေရာက ကြီးလာတာပါကွယ်။ ဒီရွာမှာ အသိမရှိရင် ငါတို့နဲ့ လိုက်ပြီးပွဲကြည့်ပေါ့။ မဟုတ်ဘူးလား"

သိန်းမြင့်က မိန်းမကြီး၏စကားကြောင့် ရေငတ်တုန်း ရေတွင်းထဲ ကျသကဲ့သို့ ဝမ်းသာလုံးဆို့သွားပြီး ခပ်မြန်မြန် ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မိန်းကလေးနှင့်အတူ မုန့်ဈေးတန်းမှ လက်သုပ်စုံ စားကြသည်။ ပြီးတော့ - ပွဲခင်းဝင်ကာ မိန်းကလေးနှင့်အတူ ထိုင်၍ပွဲကြည့်ကြသည်။ ပွဲကလည်း နောက်ပိုင်းဇာတ်ထုပ် ဇာတ်အိမ်တည်နေရာ ဝန်ကြီးများ စကားပြောရှည်သဖြင့် ပျင်းရိပြီး အိပ်ငိုက်လာသည်။

"ဝါး - အိပ်ချင်လိုက်တာကွာ"

အငယ်လေးက ပြန်ရှင်သဖြင့် စကားစလိုက်သည်။

"ဟုတ်ပါ့ကွယ် - ပွဲကလည်း လိုရင်းကိုမရောက်ဘူး။ ပျင်းစရာကောင်းလို့ အိမ်ပြန်အိပ်ဖို့ပဲ ကောင်းတယ်။ မင်းတို့လည်း အခေါ်တို့အိမ်မှာပဲ လိုက်အိပ်ပြီး မိုးလင်းမှ ပြန်ကြပေါ့"

မိန်းမကြီးက ပြောလိုက်ရာ သိန်းမြင့်က အကြိုက်တွေ့သွားပြန်၏။ မိန်းမကြီးနှင့်အတူ လိုက်သွားလျှင် မိန်းကလေး၏ အိမ်ကို သိပြီးနောက်နေ့တွင် ထိုရွာသို့လာ၍ နောက်ပိုး ပိုးနိုင်သည်မဟုတ်ပါလား။ သိန်းမြင့်က ခေါင်းညိတ်ပြကာ အငယ်လေးကို အပါခေါ်သည်။

သူတို့ပွဲခင်းမှထွက်ကာ ရွာထဲသို့ဝင်လာကြသည်။ တစ်ရွာလုံးမှာ ပွဲခင်းထဲသို့ ရောက်နေကြသဖြင့် ရွာထဲတွင် မီးရောင်မရှိဘဲ မည်းမှောင်နေလေ၏။ အိမ်တစ်အိမ်၏ရှေ့သို့ ရောက်သောအခါ မိန်းမကြီးက အိမ်တံခါးကို ဖွင့်ပြီး -

"မီးထွန်းလိုက် - သမီး"



ဟု မိန်းကလေးကို ပြောလိုက်သဖြင့် သူတို့မှာ သားအမိဖြစ်ကြောင်း သိန်းမြင့် သိရှိသွားတော့သည်။

"လာ - တက်၊ အားမနာနဲ့ - သမီးအဖေက ခရီးထွက်နေလို့၊ အခေါ်တို့ သားအမိပဲရှိတာ"

အဒေါ်ကြီးက ပြောဆိုပြီး အိမ်ပေါ်၌ ဖျာခင်းပေးသည်၊ ခေါင်းအုံးချပေးသည်၊ သိန်းမြင့်တို့က အိမ်ရှေ့တွင် စက်ဘီးကိုထောင်ကာ အိမ်ပေါ်တက်ပြီး ဖျာပေါ်၌ လှဲလိုက်ကြသည်၊ ဖျာနှင့်ကျောထိလိုက်သည်နှင့် တားဆီးမရ လောက်အောင်ပင် အိပ်ချင်စိတ်ပြင်းပြကာ တရှူးရှူးနှင့် အိပ်ပျော်သွားကြလေတော့သည်။

=  =

မနက်မိုးလင်းသည်နှင့် ဦးစွာလန့်နိုးလာသူမှာ အငယ်လေးဖြစ်၏။

"ဟေ့ - ဟေ့ - သိန်းမြင့်၊ ထစမ်း - မြန်မြန်ထစမ်းပါဟ"

"ဟာကွာ - မင်းကလည်း ငါအိပ်ရေးမဝသေးဘူး"

"ဟေ့ကောင် - မင့်အမေလင်အိမ်က ဘယ်ရောက်သွားသလဲ"

"ဟာ - အိမ်က ခြေထောက်ပေါက်ပြီး ဘယ်ကို ထွက်သွားမှာလဲဟ"

သိန်းမြင့်က အိပ်မှုန်စုန်မွှားဖြင့် ပြောလိုက်သည်။

"ဟာ - အရေးထဲ တို့အိပ်နေတာ ညက အိမ်မဟုတ်ဘူးကွ၊ သင်္ချိုင်းကုန်း သင်္ချိုင်းကုန်းကွ"

အငယ်လေးက ပတ်ဝန်းကျင်ကိုကြည့်ပြီး ပြောလိုက်၏။

"ဟေ - ဘာကွ၊ သင်္ချိုင်းကုန်း ဟုတ်လား"

သိန်းမြင့်ဦးက သတိဝင်လာကာ ဝေါက်ခနဲ ထထိုင်လိုက်သည်။ ကြီးဒေါ့ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အုတ်ဂူဖွေးဖွေးကလေးတွေ မှတ်



www.burmeseclassic.com

www.burmeseclassic.com

တိုင်တွေ၊ မြေပုံမှိုမှိုတွေ၊ သူတို့ စက်ဘီးကလေးတွေက ငုတွေကိုမှီပြီးထောင်လျက်သား ရှိနေလေသည်။

"ညာ - ညကပွဲတွေ ကောင်မလေးနဲ့ ဟိုအဒေါ်ကြီး ဘယ်ရောက်ကုန်ပြီလဲကွ - ဟေ"

နစ်ယောက်သား စန့်စန့်ကြီး အိပ်နေသည့် ငုပေါ်မှ ရန်ချကာ စက်ဘီးကို ဆွဲ၍ ဇနောင့်နှင့် တင်ပါးတစ်သားထဲကျအောင် ပြေးခဲ့ကြလေသည်။

=💀=

"အဲဒါပါပဲ - သူတို့နှစ်ယောက် မောကြီးပန်းကြီးနဲ့ ပြန်ရောက်လာပြီး အကျိုးအကြောင်းပြောပြတော့ သူတို့ကို ဘုန်းတော်ကြီးကျောင်းကို ခေါ်သွားပြီး ရေမန်းတိုက် ပရိတ်ကြိုးဆွဲနိုင်းရတယ်၊ ဘုန်းကြီးကျောင်းက ကပ္ပိယကြီး ပြောတာကတော့ သူတို့နှစ်ယောက် ကျတ်ကုန်းကို ရောက်သွားကြတာတဲ့၊ မသေကောင်း မပျောက်ကောင်း။ ဒါကြောင့် - ကိုယ် မသိကျွမ်းတဲ့ ဒေသမှာ ညဘက် လျှောက်မသွားတာ အေးအကောင်းဆုံးပဲ၊ ညဆိုတာက သူတို့ ပျော်မြူးတဲ့ အချိန်မဟုတ်လား။ ဒီအနီးရှုပ်စပ်မှာ ညဘက်ဆို ဆိုင်းသံဗုံသံတွေကကြားရပါဘိသနဲ့၊ ဘယ်ရွာကမှန်းမသိ ဘာမှန်းမသိနဲ့၊ တဲ - တဲ - မိုးလင်းဖို့ နစ်နာရီလောက်ပဲ လိုတော့တာဆိုတော့ မီးမပါတဲ့ကားကို ဆက်မောင်း မသွားနဲ့တော့၊ ဒီမှာပဲ နားပြီး ရေနွေးကြမ်းလေး ဘာလေးသောက်ကြ၊ မိုးလင်းမှ ဆက်ထွက်ကြပေါ့"

ရဲကင်းအရာရှိက ကျော်စိုးတို့ကို ရဲကင်းတွင်နားရန် အကြံပေးသဖြင့် သူတို့ နားလိုက်ကြသည်၊ မိုးလင်းစပြုမှပင် ဆက်ထွက်လာခဲ့ကြလေ၏။

"အမလေး - ကြက်သီးထလိုက်တာ၊ ညက ဆိုင်းသံကြားတဲ့ရွာကို သွားမိရင် ငုပေါ်မှာပဲ အိပ်နေရမလားပဲ"



ကိုအောင်မြင့်က တွေးရင်းတွေးရင်း ကြောစိမ့်လာ၏၊ ကျော်စိုးက ယာဉ်မောင်းကိုနီကို ကြိတ်ပြီး ကျေးဇူးတင်၏၊ ကိုနီကပါ သဘောတူပြီး ပွဲကြည့်ရန် ဆိုင်းသံကြားရာသို့ ကားမောင်းဝင်လျှင် မည်သို့ကြုံရမည်ကို မတွေးဝံ့၊

"ခရီးသွားတယ်ဆိုတာ ယာဉ်အန္တရာယ်သာမက အစစအရာရာ သတိရှိမှ တန်ကာကျတယ်ဗျ"

ကိုနီက ကားကို ကျင်လည်စွာ မောင်းနေရင်းက ပြောလိုက်ပါလေ၏။

●● သိန်းသူ ●●

စာဖူးရှင်များသို့
ရွေးချယ်ထောက်စာရွှေများထို ပြန်လည်ပေးပို့
ညော်တော့တ်ဝါ၍ မိတ္တူပွားထားကြပါရန်။
အယ်ဒီတာအဖွဲ့
ဧည့်ရှင်လောက မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ဝေယံသိန်း

ဒီတိုက်ပွဲကို ငါတို့နိုင်ရမည်ဟု ကျိန်းသေတွက်ထားသ

ငါတို့ဘက်မှ လက်နက်အင်အားရော၊ လူအင်အားပါ သာသ

ဆရာကြီးက ပြောထားသည်။ ငါတို့တပ်မဟာ (.....) ကရင်လက်

သောင်းကျန်းသူအဖွဲ့သည် လှုံနိုင်ခဲ့သော နှ

တပ်မတော်အစိုးရကို ပုန်ကန်တိုက်ခိုက်ခဲ့ဖူး၏။ ယ ငါတို့

ရှေ့ပြီးမို့ ငါတို့ဆရာကြီး စိုင်းပန်းနောင်က ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com

ဖေယံသိန်း

# ခေတ်သစ် ဒေဝဒတ္တ

"စောအယ်ဒီမူး - ငါတို့တစ်တွေက လက်နက်အင်အားရော၊ လူအင်အားရော ကောင်းတာတော့ မှန်ပါရဲ့၊ ဒါပေမဲ့ - တပ်မတော်နဲ့ ငါတို့ ရေရှည်တိုက်နေဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ငါတို့ရဲ့ဘဝတွေဟာ ကျီးလန့်စာစားပြီး နွားခြေရာခွက်ထဲက ဖားသူငယ်လို ဖြစ်နေတယ်၊ ငါတို့အမြင်ကျယ်ဖို့ လိုပြီထင်တယ်ကွာ၊ မင်း စိတ်ကူးကို ပြောပါဦး"

"ငါလည်း နင်ပြောတာကို ထောက်ခံတယ် - ဗိုလ်ကြီး၊ ငါတို့မှာ တစ်ဖက်နိုင်ငံက ရထားလို့ ငွေကြေး၊ လက်နက်၊ ရိက္ခာပြည့်စုံသည်ပဲထားဦး - တပ်မတော်ရဲ့ဖွဲ့စည်းပုံကို ငါတို့မှာ မီမှာမဟုတ်ဘူး၊ သူတို့က ဟိုးတုန်းကတည်းက ဖွဲ့စည်းလာခဲ့တဲ့အတွက် ငါတို့နိုင်အောင်တိုက်ဖို့ မလွယ်လှဘူး၊ ပြီးတော့ - ငါတို့ အလင်းဝင်မယ်ဆိုလည်း သူတို့ဘက်က ဝမ်းပန်းတသာ ကြိုဆိုနေလေတော့ ငါတို့ရဲ့မိသားစုတွေအတွက်လည်း စိတ်အေးရမယ်ဝေ့"



ဝါ့စကားကို ဗိုလ်ကြီးက ပြုံးပြီးနားထောင်နေတယ်၊ ဒါပေမဲ့ - သူ့ မျက်မှောင်တွေ ကျုံ့သွားပြန်တယ်၊ ငါ့ကို ဆက်ပြီး -

"ငါတို့ အလင်းဝင်ချင်ပေမယ့် - အခက်အခဲတစ်ခု ရှိနေတယ်"

ဟု ပြောရာ ဝါ့စိတ်ထဲ ထင့်သွားသည်၊

"ဘာအခက်အခဲလဲ - ဗိုလ်ကြီး၊ နစ် ငါ့ကို ပွင့်ပွင့်လင်းလင်း တိုင်ပင်နိုင်ပါတယ်၊ ငါ သစ္စာမဖောက်တတ်ဘူးဆိုတာ နင် သိပြီးသားပါ"

"ငါ ပြောချင်တာက ဒီလို အယ်ဒီမူးရဲ့၊ ငါတို့ရဲ့မဟာမိတ်တပ်မဟာ(...)က ဗိုလ်မိုးဆောင်က ဒီကိစ္စကို ကန့်ကွက်တယ်လို့ ပြောနေတယ်၊ နင်သိတဲ့အတိုင်းပဲ၊ ဗိုလ်မိုးဆောင်က ငါတို့ထက် အင်အားသာတယ်လေ၊ ငါတို့ ဒီအကောင်ကို ရှောင်ဖို့မလွယ်ဘူး၊ အင်မတန်ညာက်များပြီး ခေါင်းမာလှတဲ့ အကောင်တွေကို ငါတို့ တိုက်မှပဲရမယ်"

ဗိုလ်ကြီး စကားက ဝါ့ခေါင်းတွေကို ရှုပ်ပွက်စေသည်၊ ငါတို့ အလင်းဝင်ငြိမ်းချမ်းရေးယူမည့်ကိစ္စကို တပ်မ(...)မှ ဗိုလ်မိုးဆောင်က ဖျက်မည်ဆိုတော့ ငါတို့ အိပ်မက်တွေ၊ ဘဝတွေကို ဖျက်ဆီးသည်နှင့် အတူတူပင် မဟုတ်လော...၊

"အဲဒီတော့ နင် ဘာဖြစ်ချင်လဲ - ဗိုလ်ကြီး၊ ငါတို့အားလုံး သူ့ကို တိုက်မလား၊ ဒီတောင်ကြားကနေ တပ်မတော်ဆီကို သွားမယ့်လမ်းမှာ ဒီကောင်တွေတပ်က ဝင်နှောင့်ယှက်နေမှာပဲ၊ ဒီတော့ - ငါတို့ အသေခံတိုက်ရမှာပဲ"

အဲဒီလို ငါတို့ရဲ့ တိုက်ပွဲကို ဖြစ်စေတဲ့အကြောင်းအရင်းကြောင့် ဝါ့ရဲ့ တပ်မတော် (...)က တပ်သား(၇၀၀)ဟာ အစုဆိုရင် ဗိုလ်မိုးဆောင်တို့တပ်ကို အပေါ်စီးကနေ စောင့်ကြည့်နေခဲ့ကြပြီ၊ ဒီကောင်တွေတပ်ကလည်း အရှိန်အဝါ မသေးလှချေ၊ သို့သော် - ငါတို့က ညသန်းခေါင်ကြီး ဝိုင်းထားပြီမို့ အခြေအနေက ငါတို့ဘက်ကို ရာခိုင်နှုန်းများစွာ သာနေတော့သည်၊ ထို



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွင် ငါ့တပည့် စောကျော်မိုး၊ ဟော - ရောက်လာပြီး ငါ့ကို တီးတိုးပြောလာသည်။

"ဗိုလ်ကြီး - ငါတို့တစ်တွေ သူတို့ကို ဒီအချိန်တိုက်လို့မဖြစ်ဘူးထင်တယ်နော်၊ ငါသိထားတဲ့ သတင်းတစ်ခု ရှိတယ်"

"ဘာ - ဘာသတင်းလဲကွ"

"ဗိုလ်မိုးဆောင်က မြဝတီမြို့ပေါ်က ဘုန်းကြီးလူထွက်တစ်ယောက်နှင့် ပေါင်းပြီး ငါတို့တစ်တွေကို ရေမှုန်းဖို့ လျှို့ဝှက်ပြင်ဆင်ထားတယ်လို့ သိရတယ်"

"ဘယ်လို - ဘုန်းကြီးလူထွက် - ဟုတ်လား၊ စစ်တိုက်တဲ့ကြားထဲကို ဘယ်က ဘုန်းကြီးက ကြားဝင်လာရတာလဲကွ၊ နင် - ငါ့ကို ရှင်းအောင် ပြောစမ်း"

"ငါသိရသလောက်ပြောရရင် - အဲဒီပုဂ္ဂိုလ်က လောကီဓာတ်ရိက်ဓာတ်ဆင် အရမ်းစွမ်းတယ်လို့ကြားဖူးတယ်၊ အရင်က တပ်မ(၉၉၉)တောင်မှ အဲဒီပုဂ္ဂိုလ်အစွမ်းနဲ့ တိုက်ပွဲတွေ နိုင်ခဲ့ဖူးတယ်လို့ ကြားဖူးတယ်၊ အခု အဲဒီလူဆီကို ဗိုလ်မိုးဆောင်သွားပြီး ပြန်လာတာ (၂)ရက်ရှိပြီ ကြားတယ်၊ ဒါကြောင့် အခုလို အချိန်ကြီး လျှို့ဝှက်မတိုက်ချင်ဘူး၊ မနက်ရောက်မှ ပြင်ပြင်ထင်ထင် သူသေကိုယ်သေ တိုက်မယ် စိတ်ကူးတယ်၊ အခု လက်ရှိပုန်းနေတဲ့ ငါတို့ နေရာကလည်း အရမ်းနီးနေတော့ အဆင်ပြေမယ် မထင်ဘူး"

ထိုစကားကြောင့် စိတ်ထဲတွင် တစ်စုံတစ်ရာကို ဆုံးဖြတ်ရတော့၏။ ဟုတ်သည်၊ ငါတို့ တစ်တွေက အမှောင်ထဲ ပုန်းလျှိုးကွယ်လျှိုးဖြင့် ဝင်လာခဲ့ရသည်၊ သိသွားက ငါတို့မလွယ်၊ နေရာက တောင်ကမူပေါ်မှ ဆိုပေမယ့် တကယ့်တကယ် တိုက်လာလျှင် ငါတို့ဘက်ကလည်း လူတွေ ကျနိုင်သည်၊ ငါကတော့ အကျမခံနိုင်၊ အနိုင်ပဲ ယူချင်သည်မို့ တပ်ကိုပြန်ဆုတ်ရန် စဉ်းစား



မိ၏၊ ထိုစဉ်မှာပင် ဗိုလ်မိုးဆောင်တို့တဲစခန်းထဲမှ တပ်သားတစ်ယောက် ထွက်လာသည်၊ ထူးခြားသည်မှာ သူ့လက်ထဲ၌ ဖယောင်းတိုင်ကြီးတစ်တိုင် ပါလာ၏၊ ထိုဖယောင်းတိုင်ကို မီးထွန်းပြီး ကျောက်တုံးတစ်တုံးပေါ် တင်ခဲ့ကာ ပြန်ဝင်သွားလေသည်၊ ငါတို့သည် ဤအခြင်းအရာကိုကြည့်၍စောကျော်မိုး ပြောခဲ့သလိုပင် ဗိုလ်မိုးဆောင် ဉာဏ်များနေပြီလောဟု တွေးမိ၏၊ တစ်နာရီကြာသည့်တိုင် ဘာမျှမထူးခြားသဖြင့် မှောင်ကြီးထဲတွင် ဖြတ်ကိုတ်၊ ခြင်ကိုက်ခြင့် စောင့်နေရာမှ ပြန်ဆုတ်ရန် အမိန့်ပေးလိုက်သည်၊

"ဝေါ - ဝရော"

"ဟာ - ဟော့ - အနောက်က ဘာဖြစ်တာလဲ - မြေပြိုတာလား"

ငါတို့၏ အနောက်မှ တောသည် မြေပြိုသံကဲ့သို့ အသံကျယ်လောင်လာ၏၊ တောလည်သည်လား၊ တောခြောက်သည်လား မသိ၊ ရုတ်တရက်မို့ ငါ့တပ်သားများသည် သေနတ်ကို မောင်းတင်၍ အသံကြားရာသို့ ချိန်ကြ၏၊

"ဟာ - ဟော့ - မ - မပစ်ကြနဲ့ - သေကုန်မယ်ကွ"

"ဒိန်း - ဒိန်း - ဒိုး"

ငါ့စကားပင် မဆုံးသေးချေ၊ အသံကြားရာသို့ မည်သည့်ခွေးမသားက ပစ်လိုက်သည် မသိရေ၊ ညဉ့်သန်းခေါင်ကြီး သေနတ်သံများ ဟိန်းထွက်သွား၏၊

"ဟော့ကောင် - မင်း ဘာလို့ ပစ်တာလဲ၊ အဲဒါ ရန်သူ မဟုတ်ဘူး၊ တောခြောက်တာကွ၊ မင်း ပတွေးတွေ ထွက်လာတော့မှာပဲ"

ထိုကဲ့သို့ စကားမဆုံးမီပင် ဗိုလ်မိုးဆောင်တို့ စခန်းဘက်မှ လက်နှိပ်ဓာတ်မီးရောင်များကို မြင်လိုက်ရသည်၊

"ဟာ - ပုန်း - ပုန်း"

"ဒုန်း - ဒုန်း - ဒက် - ဒက်"



www.burmeseclassic.com

www.burmeseclassic.com

ရှတ်တရက်ဆိုသို့ပင် ဗိုလ်မိုးဆောင်တို့ထဲမှ ပစ်ခတ်လေတော့၏။ အလုံးကြီး (လောင်ချာ)ဖြင့် ဇုသည်ကိုလည်း ခံရ၏၊ ဓါတို့ အပြန်အလှန် ပစ်ကြသည်၊ သို့သော် - အနောက်က တော်လဲသံနှင့်ရှေ့မှ ပစ်ခတ်သံ ရှုပ်ပွတ်လောရိုက်ပြီး ငါ့တပ်သားများ ဖရိုဖရဲ ဖြစ်ကုန်၏၊ ရန်သူတပ်တွေ တောင်ကုန်းပေါ်သို့ ညာသံပေးပြီး တပ်လာ၏၊ ငါ့တပ်သားများကို ငါ ရသလောက်ပြန်စုပြီး ပြောသည်၊ တဝေါဝေါ မြည်နေသည့်တောကြီးထဲ ဝင်ပြေးသည်၊အနောက်မှ ဝရုန်းသုန်းကား ပစ်လိုက်သည့် ကျည်ဆန်တွေ အချို့ငါ့လူတွေကို မှန်ကုန်၏၊ ငါပြေးနေဆဲမှာပင် -

"ဒိန်း"

"အား ..."

ငါ့ညာခြေသလုံး ပူခနဲ ဖြစ်သွား၏၊ ငါအက်ရာရခဲ့ပြီ၊ ငါ့ခြေကို ငါမနည်း မ,၍ ခွေးပြေးဝက်ပြေး ပြေးရသည်၊ တစ်သက်တွင် ဤမျှလောက် ရုပ်ပျက် ဆင်းပျက် မရှုံးဘူးချေ၊ ဘယ်တာ ဘယ်လိုပေါ်လာသည့် တောခြောက်သံ လည်းမသိ၊ ဗိုလ်မိုးဆောင်တား စောကျော်မိုး ဟောပြောသည့် ဗုဗ္ဗိုလ်နှင့် ပေါင်းကာ ငါတို့ကို ခတ်ရိုက်ခတ်ဆင်နည်းများဖြင့် လုပ်ချေပြီ၊

ပြေးရလွှားရလွန်း၍ ငါ့အာခေါင်တွေ ခြောက်လာသည်၊ ငါ့ရင်တွေ ပူလာသည်၊ မလှမ်းမကမ်းတွင် ငါ့စခန်းကို တွေ့ရချေပြီ၊ စခန်းအနားသို့ ရောက်ခါနီးတွင်မှာတော့ ငါ လဲကျသွားတော့သည်၊

=💀=

လွန်စွာမျှ ချမ်းအေးလှသော ဆောင်းရာသီ၏ နံနက်ခင်းတစ်ခုဝယ် ကျွန်ုပ်သည် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ခြေတော်ရင်းရှိ လက်ဖက်



ရည်ဆိုင်တစ်ဆိုင်တွင် ဝင်၍ နံနက်စာ အီကြာကွေးနှင့် လက်ဖက်ရည်ကို သုံးဆောင်နေစဉ် အိမ်နီးချင်းမိတ်ဆွေဖြစ်သူ အင်ဂျင်နီယာ ကိုသန်းမြင့် ရောက်လာလေ၏၊

"ဟာ - စာရေးဆရာ၊ ဘယ့်နယ် စောစောစီးစီး ဘုရားနားကို ရောက်နေတာလဲ"

"အေးဗျာ - အမိဋ္ဌာန်လာဝင်ရင်း ဗိုက်ဆာလို့ နံနက်စာ စားနေတာပဲ၊ ကိုသန်းမြင့်လည်း မှာဗျာ - ကြုံတုန်း ဒါနပြုရတာပေါ့"

"ဟား - ဟား - စာရေးဆရာကတော့ လုပ်ပြီ၊ စကားပြောရင် ဘာသာရေးနဲ့ အနှောင့်အသွားလေး မလွတ်ဘူးနော် - ဟဲ - ဟဲ၊ အခုရော စာတွေ ရေးဖြစ်သေးရဲ့လား - ပေါ့၊ မုန့်ဟင်းခါး ဘူးသီးကြော်နဲ့တစ်ပွဲ - ရှယ်ပုံမှန်ဝမ်း ချကွာ"

သူက ပြောပြောဆိုဆိုဖြင့် စားချင်တာတွေ မှာသည်၊ ကျွန်ုပ်မှာ သူ့ အမေးကို ဖြေရ၏၊

"ရေးပါတယ်ဗျာ - ပုံမှန်ပါပဲ"

"ဘာတွေရေးလဲဗျ"

"ဩော် - ဂမ္ဘီရစာတွေပါ"

"ဘာ - ဂမ္ဘီရစာ ဟုတ်လား၊ ဟား - ဟား - ဟား - ဟား"

ကျွန်ုပ်၏ အဖြေကို ကိုသန်းမြင့်မှာ အူလှိုက်သည်းလှိုက် ရယ်တော့၏၊ ဘာကို သဘောကျသည်၊ မကျသည်တော့ မသိချေ၊

"ခင်ဗျား - ဘာကိုရယ်သလဲ - ကိုသန်းမြင့်"

"ဩော် - ဂမ္ဘီရ ရေးတယ်ဆိုလို့ပါ၊ အမှန်အတိုင်း ပြောမယ်နော်၊ စိတ် မဆိုးပါနဲ့၊ ကျွန်တော်က ဂမ္ဘီရစာရေးဆရာတွေကို အထင်မကြီးဘူးဗျ၊ ဘာ လို့လည်းဆိုတော့ ကိုယ်တွေ့ကိုယ်တွေနဲ့ လုပ်ကြံနေကြတာချည်းကိုး၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါကလည်း ဒေသရှာပြန်၊ ကျိန်စာတိုက်၊ ကာလဲ့စားချေ၊ သရဲခြောက်ခံရ သိုက်နန်းရှင် နဲ့ ကြိတ်၊ ဒါတွေပါပဲ။ အဲဒီစာရေးဆရာတွေ တကယ်ကြုံဖူး သလားဆိုတော့ သူတို့ဝတ္ထုအောက်မှာ မှတ်ချက်တော့ ရေးပေးထားပါတယ်။ တကယ်တော့ မဟုတ်ဘူးဆိုတာကို ကျွန်တော်ယုံသဗျ”

“ဒါဆို ခင်ဗျားက ဂမ္ဘီရဆိုတာကို မရှိဘူး ထင်တယ်ပေါ့”

“ဒီလိုမဟုတ်ပါဘူး။ ကျွန်တော်လည်း ဗုဒ္ဓဘာသာဝင်ပဲ၊ ဘုရားဟော သလို (၃၁)ဘုံသားမှာပါတဲ့ ပြိတ္တာ၊ အသူရကာယ်တွေ ရှိတာတော့ ယုံတာ ပေါ့။ နောက်ပြီး - ထူးဆန်းတဲ့ပစ္စည်းတွေ တိုမိုကြီးသွားတို့၊ အမြုတေတို့လို ဟာမျိုးပေါ့ဗျာ၊ အဲဒါတွေ ရှိတာကိုလည်း ယုံတယ်၊ မယုံတာက စာရေးဆရာ တွေကိုပဲ၊ အထူးသဖြင့် အစ ပိုမိုဆိုးလာသဗျာ၊ သရဲတော်ထဲကကို မထွက် ဘူး။ ပြည်သူကို ဘယ်လိုအသိတရားတွေ ပေးမှာလဲလို့ ကျုပ်မေးချင်တယ် ဗျာ၊ ခင်ဗျားရော …”

ကိုသန်းမြင့် အမေးကို ကျွန်ုပ်ဖြေဖို့ စားလက်စကို လက်စသတ်လိုက်ရ သည်၊ ပြီးနောက်…

“ဒီလိုရှိတယ် - ကိုသန်းမြင့်ရဲ့ ခင်ဗျားပြောသလို တချို့စာရေးဆရာတွေ က စီးပွားဖြစ် ပေါ်ပင်လုပ်နေတာကိုတော့ ကျွန်တော် ဝန်ခံပါတယ်၊ ဒါပေမဲ့ - အားလုံးကိုတော့ မသုံးသပ်စေချင်ဘူး၊ တခြားစာရေးဆရာတွေတော့ ဘယ် လိုရည်ရွယ်ချက်နှင့် ရေးတယ်မသိဘူး၊ ကျွန်တော်ကတော့ ထေရဝါဒဘာ သာရေး အသိတလေးတွေ၊ ဗဟုသုတလေးတွေရအောင် ဇာတ်လမ်းကို ဖန်တီးရေးတယ်ဗျ၊ ကျွန်တော့်လို စာရေးဆရာတွေလည်း အများကြီးပါဗျာ၊ ခင်ဗျား မမြင်ဘူးသေးလို့ပါ၊ ပြီးတော့ - ဇာတ်လမ်းဆိုတာ ဖြစ်ရပ်မှန် ဖြစ်ရ မယ်လို့ ဘယ်သူမှ အမိန့်မထုတ်ထားဘူး၊ စိတ်ကူးနဲ့ ပုံဖော်ရတာတွေပဲ၊ ဖြစ်ရပ်မှန်တိုင်းလည်း ဒီအတိုင်းရေးလို့ မရဘူး၊ တန်ဆာဆင်ရသေးတယ်၊



ဒါတွေကို ခင်ဗျား နားလည်မှာ မဟုတ်ပါဘူး - ကိုသန်းမြင့်ရဲ့ ပြောရရင် အရှည်ကြီးပဲ၊ အဓိက,က စာဖတ်တဲ့လူဟာ စာမဖတ်တဲ့ လူထက်တော့ ခေါင်းတစ်လုံးသာပါတယ်ဗျာ၊ ဒါကိုတော့ ငြင်းလို့မရပါဘူး၊ အမျိုးအစား ရွေး ဖတ်တဲ့ လူပေါ်မှာသာ မူတည်ပါတယ်”

ဟု ရှည်လျားစွာ ရှင်းပြလိုက်ရာ ကိုသန်းမြင့်မှာ ကျွန်ုပ်၏ စကားများ ဆင်ခြင်သုံးသပ်ဟန် ရှိလေ၏၊ ထို့နောက် - ၎င်းက ဆက်၍…

“ဒါဆို ဂမ္ဘီရစာရေးဆရာတွေဟာ တိုင်းကျိုးပြည်ပြုအတွက်ရော ဘာများ အကျိုးပြုသလဲ၊ မသိလို့ မေးတာပါ”

ဟု မေးရာ ကျွန်ုပ်က ပြုံး၍ -

“အလိမ္မာ တမှာရှိဆိုတဲ့ စကားကို ခင်ဗျား နားမလည်သေးဘူး ထင် တယ်၊ စာဖတ်တဲ့လူဟာ အသိအလိမ္မာ ကြွယ်ဝလာမှာပဲ၊ အသိအလိမ္မာ ကြွယ်ဝလာခြင်းဟာ တိုင်းကျိုးပြည်ပြုဖို့ လမ်းစနေတာပဲပေါ့၊ နောက် - ဂမ္ဘီရ တပေမှာ ဘာသာရေးအသိတွေ၊ ဒဿနတွေလည်း ပါလေတော့ တိုးတက်ဖို့ မလွဲပါဘူး၊ (၈၀)ရာခိုင်နှုန်းလောက်တော့ ဂမ္ဘီရစာရေးဆရာတွေဘက်က မှန်တယ်လို့ ကျွန်တော် ပြောပါရစေ”

ကျွန်ုပ်၏ စကားအဆုံးဝယ် ကိုသန်းမြင့်တစ်ယောက် ရှုံးရှုံးရှဲရှဲဖြင့် ထထွက်သွားတော့၏။ မသွားခင် ဆိုင်ပေါက်ဝမှ ပြောသွားသည်၊

“အေးလေ - ဒီတစ်လ ခင်ဗျားဝတ္ထု ထွက်လာရင် ခင်ဗျားစကားနဲ့ ညီ၊ မညီ ကြည့်ရသေးတာပေါ့”

သူသည် လက်ဖက်ရည်ဖိုးလည်း မရှင်းသွားချေ၊ အားနာပါးနာပင် ရှင်းရ မည်ဟု မပြောသွား၊ ကျွန်ုပ်မှာ ဤလူအပေါ် များစွာကရုဏာသက်မိ၏။ မသိခြင်း မောဟတရား၏ နှိပ်စက်မှုကို ခံနေရသူပါတကားဟုလည်း တွေးမိ သည်၊ ထိုအချိန် ကျွန်ုပ်၏ ဖက်ပိုးအား ခြောင်းခနဲ ရိုက်လိုက်ခြင်းကို ခံလိုက်ရ ရသဖြင့် လှည့်ကြည့်မိရာ -



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ဆရာစိုး"

ကျွန်ုပ်၏ ဂမ္ဘီရဆရာကြီး ဦးခင်စိုးသည် ကျောနောက်မှနေ၍ ကွမ်းကို မြုံကာ ပြုံး၍ရှိနေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်မှာ ဝမ်းသာအားရ သိုင်းဖက်ပြီး -

"ဘယ်လိုက ဘယ်လိုရောက်လာတာလဲ - ဆရာစိုးရာ။ လာမယ်ဆိုကြို ပြီး ကျွန်တော့်တောင် မပြောဘူး"

ဟု မေးလိုက်၏။ ဆရာစိုးက -

"အေး - ငါ့အရမ်းအရေးကြီးတဲ့ကိစ္စနဲ့ ရောက်လာတာကွ။ မင်းတောတောက ဟိုကြောင်တောင်တောင်ကောင် အင်ဂျင်နီယာနဲ့ ပြောနေတာတွေလည်း ကြားပါတယ်။ ငါ မင်းပြောတဲ့ စကားတွေကို အသာနားထောင်နေတာကွ။ ထားပါတော့ - ငါ့အခု ရွှေတိဂုံမှာရှိတဲ့ ငါ့မိတ်ဆွေ ဦးပဥ္စင်း ရေဝတဆီကို လာတာကွ။ ပညာရပ်တစ်ခု လာဆည်းပူးတာဆိုပါတော့ကွာ။ ကိစ္စကတော့ ကရင်ပြည်နယ်က အရှပ်တော်ပုံပဲ။ ကရင်သူပုန်တွေကြားထဲ လောကီဓာတ်ပညာတွေနဲ့ လုပ်စားနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ကို ရှုတ်မလို့ဆိုပါတော့"

ဟု ပြောရာ ကျွန်ုပ် အံ့ဩသွားပြီး၊

"ဘယ်လို ဒီပုဂ္ဂိုလ်က သာသနာပြုလုပ်ငန်း၊ အလုပ်မလုပ်ဘဲ ဘယ်လိုလုပ် သူပုန်ကြားထဲ ဝင်ရှုပ်နေတာလဲ၊ လောကီပညာနဲ့လား။ ဒါမှမဟုတ် အောက်လမ်းပညာရပ်လား"

"မဟုတ်ဘူးကွ။ သူ လုပ်နေတာကတော့ ဂမ္ဘီရပညာရပ်တွေပဲ။ ဒါပေမဲ့ - အသုံးချတာ လွဲနေတယ်ဆိုပါတော့။ သူပုန်နဲ့ စစ်တပ်တိုက်တဲ့ပွဲမှာ လောကီပညာနဲ့ အင်းအိုင်လက်ဖွဲ့ ဆေးဖယောင်းတိုင်တွေနဲ့ နိုင်အောင်၊ ရှုံးအောင် ဝင်လုပ်ပေးနေတယ် ဆိုပါတော့။ အဲဒါ - အခု အလင်းဝင်မယ့် တပ်မ(...) အဖွဲ့နဲ့ အလင်းမဝင်တဲ့ တပ်မ(...)အဖွဲ့ကြားထဲ ဝင်ရှုပ်နေတယ်လေ။ အလင်းဝင်အဖွဲ့က ရှုံးပြီး အခု ဒုက္ခရောက်နေတယ်။ သေတဲ့ကောင်တွေ သေကုန်တယ်ကွာ။ မသေသေးဘဲ ကျန်နေတဲ့ ကရင်သူပုန် ဗိုလ်စောအယ်ဒီမှူးမျော ငါ့အစ်ဗှာန်ဝင်နေတဲ့ တောင်ပေါ်ရောက်လာပါလေရော။ ငါ့ကိုသူ မသိပါဘူး၊ ငါက ရောဂါကုပေးပြီး အကြောင်းစုံမေးလို့ သိရတော့ အဲဒီမှာနေတဲ့ ပုဂ္ဂိုလ်ကို ရှုတ်ချင်စိတ် ပေါ်လာတယ်ကွာ။ စက်တာက ငါက မနောစိတ္တာပွဲကိုကျိုးက အနှိမ်ဆရာဆိုပေမယ့် သရဲတစ္ဆေကိုသာ နိုင်တာကွ၊ ပညာသည်ချင်း မနိုင်စက်ချင်ဘူး။ ဒါကြောင့် - ဒီက ဦးပဥ္စင်းရေဝတဆီလာပြီး သံယာတော်တွေရဲ့ ဝိနည်းနဲ့ပတ်သက်လို့ သိသင့်၊ သိအပ်တာတွေ လာသင်တာပဲ။ အကုန်တော့ မဟုတ်ဘူးပေါ့။ ငါလိုချင်တဲ့ အချက်ကလေးတွေမှတ်ပြီး ဒီပုဂ္ဂိုလ်ကို ဘယ်လိုရှုတ်ရမယ်ဆိုတာ အကွက်ချနေတာ"

"အဲဒီပုဂ္ဂိုလ်နာမည်က ဘာတဲ့လဲ - ဆရာစိုး"

"ဦးသိဒ္ဓိလို့တော့ နာမည်ကြီးနေတာပဲ။ စက်တယ်ကွာ၊ ဒီနေ့ခေတ်က သာသနာကို ခုတုံးလုပ်ပြီး ရှုပ်ထွေးနေကြတာကွ"

ဆရာစိုးစကားကြောင့် ကျွန်ုပ်လည်း စိတ်မကောင်းဖြစ်ရသည်။

ကျွန်ုပ်သည် ဆရာဦးခင်စိုးကို တွေ့သည်ဖြင့် ရေငတ်တုန်း ရေတွင်းထဲ ကျသကဲ့သို့ -

"ဆရာစိုး - ဘယ်နေ့ပြန်မှာလဲ"

"မနက်ဖြန်ညနေ ပြန်မှာ။ ဒီကိစ္စက ဂမ္ဘီရဆန်နေတော့ မြန်မြန်ရှင်းရမယ် ဟေ့"

"ဒါဆို ကျွန်တော်လည်း လိုက်ခဲ့မယ်ဗျာ"

"ဟေ့ကောင် - ဖြစ်ပါ့မလား။ သူပုန်တွေကြားထဲ မင်းသေရင် ဘယ်လိုလုပ်မလဲ"

"သေပါစေဗျာ - သေတော့လည်း ဆရာစိုးနဲ့အတူတူ နိဗ္ဗာန်သွားတာ ပေါ့"





www.burmeseclassic.com

www.burmeseclassic.com

"ကောင်းကွာ"

သို့နှင့်ပင် - ကျွန်ုပ်သည် နောက်တစ်နေ့၌ ဆရာကြီး ဦးခင်စိုးနှင့်အတူ ကရင်ပြည်နယ်သို့ လိုက်ပါသွားပါတော့၏။

=💀=

ဆရာကြီး ဦးခင်စိုးအကြောင်းကို ကျွန်ုပ် ယခင်ဝတ္ထုများ၌ အကျယ်တဝင့် ရေးဖူးပါသည်။ ဆရာစိုးသည် လောကီပညာရပ်၌ အတော်အတန် ခရီးရောက်နေပြီး ယခုအခါ ဝိပဿနာဘက်သို့ ကူးပြောင်းသည့် လမ်းစဉ်လိုက်နေ၏။ မနောစိတ္တပြု ဝိဇ္ဇာဂိုဏ်းဝင် အန္တိမဆရာလည်းဖြစ်သလို အင်း၊ အိုင် လက်ဖွဲ့ ကိစ္စများ၌ လွန်စွာမှကျွမ်းကျင်၏။ ကျွန်ုပ်အား ဇုံးမသွန်သင်ကာ ဂမ္ဘီရစာရေး ဆရာဖြစ်လာစေရန် ကုန်ကြမ်းများစွာ ပေးဖူးခဲ့သည်။

ယခုလည်း ထူးထွေဆန်းပြားသော ဖြစ်ရပ်တစ်ခုကြောင့် ကရင်ပြည်နယ်၊ ဘားအံမြို့သို့ ရောက်ရှိခဲ့ရပြီ။ ကျွန်ုပ်တို့ ရောက်ရှိချိန်သည် ခေတ်ကာလအားဖြင့်ငြိမ်းချမ်းနေပြီဖြစ်သော်လည်း တောထဲတွင်မှာတော့ အနည်းငယ်မျှသော ဓါးကွဲ၊ လူမျိုးကွဲ သောင်းကျန်းသူအချို့ ကျန်နေသေးခြင်း ဖြစ်သည်။ ရောက်ရောက်ချင်း ရွှေရင်မျှော်ဘုရားသို့သွား၍ ဖူးမြော်ပြီး တည်းခိုခန်းတွင် တစ်ညတည်းရ၏။ နောက်တစ်နေ့ နံနက်မိုးလင်းခါမှ ကော့ကရိတ်သို့ ထပ်မံခရီးထွက်ရသည်။ ဆရာစိုးက လမ်းတွင် ကျွန်ုပ်အား ပြော၏။

"ငါတို့ ဦးသိဒ္ဓိဆီ မသွားသေးဘဲ - တောထဲက ဗိုလ်ဇောအယ်ဒိုမူးနဲ့ သွားတွေ့မှ ဖြစ်မယ်ထင်တယ်။ ငါတို့အနေနဲ့ ဒီကောင်တွေရဲ့ တိုက်ပွဲကိစ္စတွေကိုတော့ ဝင်မပါချင်ဘူးကွာ။ အားလုံးဟာ သူ့ဒေါသ၊ မောဟတွေနဲ့ ဖြစ်နေကြတာပဲ။ သေချင်လည်းသေကြမယ်။ နောင်တရပြီး လူ့အသိဝင်ရင်လည်း



ဝင်ပြီး ငြိမ်းချမ်းသွားကြမယ်။ အေး - ငါတို့လုပ်ရမှာက လူ့လောကီကိစ္စတွေ ဝင်ရှုပ်ရှုပ်နေတဲ့ ဟိုပုဂ္ဂိုလ်ကြီးကို တားမြစ်ဖို့ပဲ။ သူဟာ သာသနာ့အကြောင်း မြပြီး ပုဂံခေတ်က အရည်းကြီးဝါဒလက်ကျန် တန္တရ၊ မန္တရအတတ်တွေ၊ အိန္ဒိယတောင်ပိုင်းကလာတဲ့ ပြဟ္မဏကျင့်စဉ်တွေကို အသုံးချနေတာပဲ"

"ဟုတ်တယ် - ဆရာစိုး။ ဒီလိုပုဂ္ဂိုလ်မျိုးတွေကို ရန်ကုန်မှာလည်း အများကြီး တွေ့ရတယ်။ မှော်ဘီမှာဆို နစ်လုံးဂဏန်းပေး၊ ညာစား ဖြီးဖြန်းနေတဲ့ ဝိဇ္ဇာလိုလို၊ ဘာလိုလို ဘိုးတော်တွေ အများကြီးပဲ၊ သူတို့ကတော့ သတ္တဝါတွေရဲ့ အကျိုးစီးပွားတိုးတက်အောင်လို့ လုပ်တယ်လို့ အမည်ခံကြတယ်၊ ဒါပေမဲ့ - ဓမ္မရောင်အမြင်နဲ့ ကြည့်ရင် မသင့်တော်ဘူးဗျာ"

"ဟုတ်တာပေါ့ကွာ။ ငါတောင် ဟိုးတုန်းက ဝိဇ္ဇာမိုရ်လမ်းစဉ် အကျင့်ကို ကျင့်ပြီး လွဲမှားစွာ ကျေနပ်နေခဲ့တာပဲ၊ အခုမှ အသိတရားရပြီး ဝိပဿနာ တရားတွေကို ဆရာတော်ကြီးတွေရဲ့ ကျေးဇူးနဲ့ ကျင့်ကြံနိုင်ပြီကွာ။ ဒါပေမဲ့ - တတ်ထားတဲ့ သမထပညာတွေကိုတော့ (၇)နှစ်ရက်သားသမီး အကျိုး အတွက် လုပ်သလို အသုံးချရမှာပဲပေါ့"

သို့နှင့်ပင် - ကျွန်ုပ်တို့သည် ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့ကြားရှိ တောစပ်သို့ ရောက်သောအခါ ကားပေါ်မှ ဆင်းလိုက်ကြ၏၊ ထိုအခါတွင် ဆရာစိုး ကြိုတင်ချိတ်ဆက်ထားသော ဆိုင်ကယ် (၂)စီးနှင့် လူနှစ်ယောက် ရောက်လာ၏။ ထိုလူများသည် ကရင်ချိတ်နားပေါက်နှင့် လွန်စွာမှ ခေါင်ကောင်းပြီး ကျွန်ုပ်ကိုတွေ့သောအခါ "တက်ပါ" ဟုပြောပြီး တောထဲသို့လမ်းကျဉ်းကလေး အတိုင်း မောင်းချသွားတော့သည်။ နာရီဝက်ကျော်ကျော်မှ ဆိုင်ကယ်ဖြင့် သွားပြီးသော် ဆင်း၍လမ်းလျှောက်ရပြန်၏။ တောင်ကုန်းများကို ဖြတ်ရပြန် ၏။ လမ်းတွင် ဆရာစိုးက ကျွန်ုပ်အား စကားမပြောရန် မှာထားပြီး သောင်း ကျန်းသူနှစ်ယောက်ကလည်း စကားမပြောဘဲ ရှေ့မှ ဦးဆောင်သွားကြလေ



www.burmeseclassic.com

www.burmeseclassic.com

၏။ တစ်နာရီခန့်တွင်မှာတော့ တောင်များကြားမှ ရွက်ချင်တဲများကိုတွေ့ရပြီး လက်နက်ကိုင် ပြောက်ကျားသူပုန်များကို တွေ့ရလေတော့သည်။

ဆရာစိုးသည် စခန်းထဲသို့ဝင်ရာ၌ ကျွန်ုပ်၏ပခုံးကိုဖက်ကာ မကြောက်ဖို့တီးတိုးပြောသည်။ ကျွန်ုပ်မှာ သူပုန်များကိုင်ထားသော လက်နက်များကို ကြည့်ရာ ယိုးဒယားနိုင်ငံမှ ခိုးသွင်းထားသည့် လက်နက်များဖြစ်ပြီး အမျိုးအစား စုံလှသည်ကို တွေ့ရလေ၏။ ဆရာစိုးသည် ကျွန်ုပ်အား တဲတစ်ခုအတွင်းသို့ ခေါ်သွားရာ အထဲတွင် စားပွဲ၌ ထိုင်နေသော ကရင်သူပုန် ဗိုလ်တစ်ဦးကို တွေ့ရ၏။ ထိုလူ၏ မျက်နှာမှာ နှုတ်ခမ်းမွေးစဖြင့် အသားဖြူကာ သဘောကောင်းသော မျက်နှာပေးရှိ၏။ သို့သော် - မျက်လုံးများကမူ လူဆိုးတို့ထုံးစံအတိုင်း စူးစူးရဲရဲကြောက်မက်ဖွယ်ရှိလှသည်။ ထိုလူသည် စောအယ်ဒိုမူးပင် ဖြစ်နိုင်ရာ၏။

"ဆရာကြီး - ပြန်မှလာပါ့မလားလို့ ကျွန်တော် စိုးရိမ်နေတာ။ အခုမှပဲ စိတ်အေးရတော့တယ်၊ ဒါက ဆရာကြီး မိတ်ဆွေလား"

"အေးကွယ် - သူက ရန်ကုန်က ဆရာ့မိတ်ဆွေပါ။ ဒီလို အလည်အပတ်ခေါ်လာတာပဲ ဆိုပါတော့။ ပြီးတော့ - ဟိုပုဂ္ဂိုလ်ကို ချတ်ဖို့အတွက် သူ့အကူအညီလည်း လိုတယ်ဆိုပါတော့"

ထိုအခါ၌ စောအယ်ဒိုမူးက ထိုင်ရာမှ လာလာပြီး ကျွန်ုပ်၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ပြုံး၍ -

"ကျုပ်တို့ကို ကူညီပါဗျာ - ကျုပ်တို့ အလင်းဝင်လို့ လွယ်လွယ်ရနိုင်ပေမယ့် ဒီတောထဲက ကောင်တွေကို ဒီအတိုင်း မထားခဲ့နိုင်ဘူး။ သူတို့ဟာ ကျုပ်တို့လိုပဲ အသိတရားရရင်ရ၊ မရရင်တော့ သတ်ပစ်ခဲ့ရမှာပဲ။ သူတို့ကြောင့် ကရင်ရွာလေးတွေ ဒုက္ခရောက်နေတာကြာပြီ။ ဒီအတွက် ခင်ဗျားတို့တစ်တွေ ကူညီမှ ရမှာပေါ့။ ကျုပ် ကျေးဇူးမမေ့ပါဘူး။ လောလောဆယ် လိုအပ်တဲ့ လက်နက်မှန်သမျှ ယူသွားပါ၊ ငွေတွေလည်း ပေးလိုက်ပါ့မယ်။ ဦးသိဒ္ဓိကို ဒီကိစ္စတွေကြားထဲ ဝင်မပါနိုင်အောင် ကိစ္စတုံးခဲ့ပါ၊ ကျုပ်တို့က မြို့ပေါ်ကို သွားလို့ မရလို့ပါ"

ဟု ရှည်လျားစွာ ပြောရာ ကျွန်ုပ်မှာ ရင်းကို များစွာမှ ကရုဏာသက်မိလေတော့၏။ ထို့နောက် ညနေစောင်းတွင် ဆရာစိုးနှင့် ကျွန်ုပ်သည် မည်သည့်လက်နက်၊ ငွေကြေးမျှမယူဘဲ စခန်းမှ ပြန်ခဲ့ကြ၏။

"ငါတို့အတွက် ငွေကြေးမလိုပါဘူးကွယ်။ မေတ္တာလက်နက်လည်း ရှိတာပဲ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့ပဲ လိုတယ် - ဝေယံသိန်းရေ"

တောထဲမှ အပြန်လမ်းတွင်ပြောသော ဆရာစိုးစကားက ကျွန်ုပ်အဖို့တော့ ရှေ့ဆက်လုပ်ရမည့် ကိစ္စများအတွက် များစွာအားတက်ဖွယ်ပင် ဖြစ်စေတော့သည်။

=💀=

မြဝတီမြို့သို့ ရောက်ခဲ့ကြရပြီ။ နယ်စပ်မြို့ ဖြစ်သဖြင့် လူမျိုးစုံလင်လှသည်။ ရောက်ရောက်ချင်းပင် ဆရာစိုးသည် ဦးပဥ္စင်း ဦးခန္တီ အကြောင်းကို စုံစမ်း၏။ ပြီးသော် - ပေါင်းသင်းသင့်သူအချို့ကို နည်းအမျိုးမျိုးဖြင့် ပေါင်းသင်းထားပြီး စီမံကိန်းကြီးတစ်ခုကို ကျကျနန ရေးဆွဲလေ၏။ ယခုကိစ္စသည် သာမန်အောက်လမ်းဆရာ တစေ၊ စုန်းမျိုးကို အထက်လမ်းဆရာက ပညာဖြင့် ချတ်ခြင်းမျိုးမဟုတ်ဘဲ ဂိုဏ်းဆရာအချင်းချင်း ဆုံမရမည့်အခြေအနေဖြစ်ရာ ကျွန်ုပ်သည်ပင် ဤပွဲ၌ အနည်းငယ်တော့ ထိတ်လန့်နေမိ၏။ တစ်ဦးနှင့်တစ်ဦးပညာဖြင့် နိုင်ကွပ်မည်လောဟု ထင်စရာရှိသည်။ သို့သော် - ဆရာစိုးသည် မဇ္ဈိမပဋိပဒါဓါတ်သမားဖြစ်ရာ မေတ္တာလမ်းစဥ်သာ လိုက်မည့်အနေ





www.burmeseclassic.com

www.burmeseclassic.com

အထားမှ စိုးရိမ်စရာ မရှိပါချေ။ သည်လိုနှင့် တစ်ပတ်မျှ နေကြပြီးနောက် တစ်မနက်တွင် ဆရာစိုးသည် ကျွန်ုပ်အား သူ့အစီအစဉ်ကို စပြောလေတော့၏။

"တကယ်တော့ - ငါဟာ ဒီလိုလူတစ်ယောက်ကို အဲဒီလောက် ခေါင်းရှုပ်ခံပြီး ချုပ်မနေဘူးကွ။ ငါ့မှာ အကြောင်းတစ်ခု ရှိနေလို့ ဒီကိစ္စကို စဉ်းစားနေရတာပဲ။ အဲဒီအကြောင်းတစ်ခုက ငါတို့ ဘာသာရေးအတွက် အများကြီး ဆိုးကျိုးတွေ ဖြစ်လာမှာမို့ ငါ ဝင်ပါနေတာပဲ။ နောက်တော့ - မင်း သိရမှာပါ။ အခုလောလောဆယ် မင်း လုပ်ရမယ့်တာဝန်ကို ငါပြောမယ်"

ဆရာစိုးသည် သူ အကွက်ချထားသော အကြံအတိုင်း ကျွန်ုပ်ကို ခိုင်းလေတော့၏။

= =

လူတွေ တန်းစီး၍ ဦးသိဒ္ဓိရှေ့၌ ထိုင်နေကြ၏။ ဦးသိဒ္ဓိ၏ နောက်တွင် ဘုရားကျောင်းဆောင်ကြီးတစ်ဆောင်နှင့် သာသနာပွဲ၊ အုန်းပွဲ ငှက်ပျောပွဲများကို လှူထားသည်။ သူ့ရှေ့တွင် ထိုင်နေသူများမှာ နယ်နယ်ရရတော့ မဟုတ်။ DKBA (ကရင်အလင်းဝင်တပ်)ဗိုလ်မှူးများ၊ ကုန်သည်များ၊ လောင်းကစားဖိုင် သူဌေးများနှင့် အရာရှိတချို့ပါ၏။ ထိုအထဲတွင် ကျွန်ုပ်နှင့် ဆရာစိုးလည်း ရှိနေသည်။ ကျွန်ုပ်ကား အဝတ်အစားကို တောက်ပြောင်စွာ ဝတ်၍ ဆရာစိုးမှာ ရောဂါသည်တစ်ယောက်ကဲ့သို့ ချူချူချာချာလေး ဝတ်ထား၏။ ကျွန်ုပ်တို့နှစ်ဦးသည် ဦးသိဒ္ဓိ၏နေရာအတွင်းရှိ ဓာတ်ခန်းထဲ ရောက်နေခြင်းသာ ဖြစ်လေ၏။



"ဆရာကြီးရယ် - တပည့်တော် ဒီလူကို ဆက်ပြီး သည်းမခံနိုင်တော့ဘူး။ ကြာရင် - ကျွန်တော်ဘဝ လုံးပါး ပါးတော့မယ်။ ဒီလူ့ကို ကျွမ်းပြန်သွားအောင်လုပ်ပြီး ကျွန်တော် သူ့နေရာကို ယူမှပဲဖြစ်တော့မယ်။ ဆရာကြီး ကူညီပါဦး။ ကျွန်တော် သိန်း(၂၀)နဲ့ ကန်တော့ပါတယ်"

ကြားရသည့်စကားကြောင့် ကျွန်ုပ်ပင် မျက်လုံးပြူးသွားရ၏။ လူ တစ်ယောက်ကို သိန်း(၂၀)ဖြင့် ဒုက္ခပေးနေခြင်းပင်တည်း။ ၎င်းသည်ကို ဦးသိဒ္ဓိက ပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ -

"ဒါမျိုးတွေက ရိုးနေပါပြီကွာ။ ငါလည်း ပင်ပန်းလှပြီ။ ဒီတော့ မင်းလည်း နောက်တစ်ခါမလာရအောင်ပါ လုပ်ပေးလိုက်မယ်။ မနက်ဖြန် ငါ့ဆီမှာ ဆေးဖယောင်းတိုင် လာယူ။ ပြီးရင် - အဲဒီလူရဲ့ဓာတ်ပုံပေါ်မှာ ထွန်းပေတော့။ အဲဒီကောင် ချက်ချင်းခွေးဖြစ်သွားစေရမယ်"

ဟု ပြောရာ အရာရှိက -

"ကျေးဇူးကြီးလှပါတယ် - ခင်ဗျာ"

ဟု ပြောကာ ငွေစက္ကူတစ်ထုပ်ကြီးကို ထားခဲ့ပြီး ဆိုင်ကယ်ဖြင့် ပြန်သွားလေတော့၏။

ဤကား လက်တွေ့ပင်တည်း။ မိမိတတ်သော လောကီဝိဇ္ဇာပညာဖြင့် လူကိုဒုက္ခပေးနေပေပြီ။ တစ်နည်းအားဖြင့် ကြေးစားလူသတ်သမားသာသာ အဆင့်ရှိသော ဘိုးတော်ရှူးကြီး၏ ပညာက စွမ်းပါဦးမည်လော။ သည်လိုနှင့် တစ်ယောက်ပြီးတစ်ယောက် သူ့အခက်အခဲနှင့်သူ လျှောက်ထားကြပြီး နောက်ဆုံးတွင် ကျွန်ုပ်တို့ အလှည့်သို့ ရောက်တော့၏။ ဦးသိဒ္ဓိသည် ကျွန်ုပ်တို့ ဆရာတပည့်ကို ကြည့်၍ မျက်မှောင်ကြုတ်ကာ ခပ်ပြတ်ပြတ်လေသံဖြင့် ပြောသည်။

"မင်းတို့ ဒီနယ်က မဟုတ်ဘူး - မှတ်လား"

www.burmeseclassic.com

ထွီ–ဘာ–သာသနာပြုတာ–ဟုတ်လား။

မင်း ငါတို့သိက ကျမ်းစာအုပ်ကိုကိုင်ပြီး အဲဒီနည်းတွေနဲ့

မဟုတ်မမှန်လမ်းတွေမှာ သုံးနေတာဟာ လူသတ်နေတာကွ။

ဒါကြောင့်–ငါ လိုက်လာတာပဲ။ ဒီစာအုပ်ကို ငါလိုချင်တာထက်

ယောင်နဲ့ ချီနေတဲ့ ငါတို့

ဂိုဏ်းကလူတွေ အကုန်ပြန်လိုချင်

နေတယ်ဆိုတာ မင်းသိမှာပါ . . .



"ဟုတ် – ဟုတ်ပါတယ်၊ ရန်ကုန်က လာကြတာပါ။ ဒါက တပည့်တော်ရဲ့ ဦးလေးပါ၊ ဘာရောဂါမှန်းမသိတဲ့ရောဂါ ဖြစ်နေတာ ကြာပါပြီ၊ ကျွန်တော့် အထင်တော့ သူများက အောက်လမ်းနည်းနဲ့ လုပ်လိုက်တယ်လို့ ထင်တာ ပါပဲ"

ကျွန်ုပ်၏ အဖြေကို ဦးသိဒ္ဓိက အတန်ကြာစဉ်းစားပြီး ဆရာစိုးကို ရှေ့သို့ တိုးစေ၏၊ ဆရာစိုးမှာ တမင်တကာ လူမမာ ဟန်ဆောင်ပြီး မှင်သေသေ ဖြင့် ရှေ့သို့တိုး၏၊ ဦးသိဒ္ဓိသည် ဆရာစိုး၏လက်ဝတ်ကောက်ကို ကိုင်ကာ အနည်းငယ် သွေးခုန်နှုန်းစမ်းလေသည်၊ ဤကား ကျန်းမာရေးအခြေအနေ



ကိုသိချင်၍ ဖြစ်နိုင်၏၊ ထိုသို့ စမ်းရာတွင် ဆရာစိုး၏ လက်ဖျံရိုးပေါ်မှ ဂိုဏ်း ဆေးထိုးထားသော စုတ်ချက်များကို တွေ့သွားသည်၊

"ဟင် . . ."

ပြီးတော့ – မျက်လုံးပြူး၍ အံ့အားသင့်ကာ ဆရာစိုးအား မျက်နှာကို စေ့စေ့ကြည့်၍ . . .

"မင်း – မင်း – မနောစိတ္တဇ္ဈဂိုဏ်းကလား"

ဟု မေးရာ ဆရာစိုးသည် ပြုံး၍ ခေါင်းညိတ်ပြလိုက်လေ၏၊ ပြီးသော် – ဦးသိဒ္ဓိရှေ့မှာပင် အနေးထည်ကို ချွတ်လိုက်ရာ အင်္ကျီအဖြူနှင့် ယောပုဆိုးမှာ ထင်းခနဲ ပေါ်လာပြီး ကျက်သရေရှိလှသော ဆရာစိုး၏ ဟိတ်ဟန်ကိုကြည့်၍ မလှုပ်မယှက် ကြက်သေသေနေ၏၊ ဆရာစိုးက ၎င်း၏ရှေ့သို့ မျက်နှာကပ် ပြီး –

"ငါ ဒီကိုလာတာ မင်းကို ပွဲမကြမ်းချင်ဘူး၊ ဆွေးနွေးချင်တယ်၊ ငါနဲ့ – အသာတကြည် လိုက်ခဲ့၊ လူကြားထဲမှာဆို မင်း အရှက်ကွဲ သွားမယ် – ကျော်ကြီး"

ဟု ပြောရာ ကျွန်ုပ်လည်း အံ့အားသင့်သွား၏၊ ဦးသိဒ္ဓိအား ကျော်ကြီးဟု ခေါ်လိုက်ခြင်းပင်တည်း။ ဦးသိဒ္ဓိသည် ချွေးစေးများ ပြန်လာပြီး ဟန်ဆောင် သောမျက်နှာပေးဖြင့် –

"ဘာကိစ္စလိုက်ရမှာလဲ၊ မင်းတို့ထွက်သွား၊ ငါ – မင်းတို့ကို မသိဘူး"

ဟု ပြောရာ ဆရာစိုးက –

"မင်း မလိုက်ရင် မင်းရဲ့နလုံးသားတွေ ကြေကျသွားသလို ခံစားရမယ်၊ ငါခေါ်တာက ငါတို့ပစ္စည်း လိုချင်လို့ပဲဆိုတာ မင်းသိမှာပေါ့၊ မင်းမလိုက်ရင် မင်း ဘာဖြစ်နိုင်တယ်ဆိုတာ မင်းသိပါတယ်ကွာ၊ မင်း ငါ့ကိုတော့ လေး မယောင်းတိုင်နဲ့ ကျွမ်းပြန်အောင် မလုပ်နိုင်ပါဘူး – ဟဲ – ဟဲ – ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောရင်း သူ့လွယ်အိတ်ထဲမှ ကွမ်းတစ်ယာကို ထုတ်၍ ဝါးလိုက်သေးသည်။ နောက်ဆုံးတွင် ဦးသိဒ္ဓိသည် သူ၏တပည့်အချို့ကို ကျောင်းစောင့်ရန်မှာခဲ့ပြီး ဆိုင်ကယ်ဖြင့် ကျွန်ုပ်တို့ခေါ်ရာသို့ လိုက်ခဲ့ရလေတော့၏။

ကျွန်ုပ်တို့သည် တောင်ကုန်းတစ်ခုပေါ်သို့တက်၍ လူသူ ကင်းရှင်းသော တောင်ကုန်းထိပ်တွင် ဆွေးနွေးခန်းကို စတင်လေသည်။ ဦးသိဒ္ဓိက ဆရာစိုးအား -

"မင်း - ဒီကို ဘာလာလုပ်တာလဲ - ခင်စိုး။ မင်းလိုချင်တာ ငါ့ဆီမှာ မရှိဘူး။ ငါ့ဘာသာငါ စီးပွားရေးတစ်ဖက်နဲ့ သာသနာပြုနေတာကို မနှောင့်ယှက်ပါနဲ့ကွာ"

ဟု ပြောရာ ဆရာစိုးမှာ မျက်နှာတစ်ချက်မဲ့၍ -

"ထွီ - ဘာ - သာသနာပြုတာ - ဟုတ်လား။ မင်း ငါတို့ဆီက ကျမ်းစာအုပ်ကိုခိုးပြီး အဲဒီနည်းတွေနဲ့ မဟုတ်မမှန်လမ်းတွေမှာ သုံးနေတာဟာ လူသတ်နေတာကွ။ ဒါကြောင့် - ငါ လိုက်လာတာပဲ။ ဒီစာအုပ်ကို ငါလိုချင်တာထက် တောင်နဲ့ ချီနေတဲ့ ငါတို့ဂိုဏ်းကလူတွေ အကုန်ပြန်လိုချင်နေတယ်ဆိုတာ မင်း သိမှာပါ။ ငါတို့ပညာတွေဟာ ခုနစ်ရက်သားသမီးကို ကယ်တင်ဖို့ သီလ၊ သမာဓိအစွမ်းနဲ့ ကျင့်ကြံခဲ့တာကွ။ မင်းလို ယုတ်မာဖို့ မဟုတ်ဘူး။ မင်းက အခု သာသနာဖန်းပြပြီး လူသတ်နေတယ်၊ စာအုပ်ကို ပြန်ပေးပါ"

ဟု ပြောလိုက်သည်။ ထိုအခါ ဦးသိဒ္ဓိက -

"မင်းတောင်းတာ ငါ မပေးဘူးဆိုရင်ရောကွာ"

ဟု မေးလိုက်၏။

"မပေးရင်လည်း ရတယ်လေ။ မင်းရဲ့သမီးကို ငါတို့ ခေါ်ထားတယ်"

"ဘာ - ဘာကွ - တောက် - ကဲကွာ"

"ဒိုင်း"



"အား..."

"ဟာ - ဆရာစိုး - ဆရာစိုး"

အမြန်အနေမှာ မြန်ဆန်လွန်းလှ၏။ ဦးသိဒ္ဓိသည် သူ၏ အင်္ကျီကြားထဲမှ ဖွက်ထားသော ပစ္စတိုသေနတ်ကို ထုတ်၍ ဆရာစိုးအား ပစ်ချလိုက်၏။ ဆရာစိုးသည် ညာဘက်ရင်ဘတ်ကို ကျည်ဆန်မှန်၍ လဲကျသွား၏။ သို့သော် - ဆရာစိုး ထိသွားသည်နှင့် ကျွန်ုပ်မှာ တစ်ဟုန်ထိုးပြေး၍ ဦးသိဒ္ဓိအား တိုက်ခိုက်လေတော့သည်။ သို့သော် - တစ်ချိန်တည်းမှာပင် သူ့ပုန်ဝတ်စုံ ဝတ်ထားသော ဆိုင်ကယ်စီးလူများ ရောက်ရှိပြီး ကျွန်ုပ်တို့ ဆရာတပည့်အား သေနတ်ဖြင့် ဝိုင်းထားလေတော့၏။

"ခင် - ခင်ဗျား တော်တော်ယုတ်မာပါလား။ ခင်ဗျားဟာ ဒေဝဒတ်လို လူယုတ်မာမျိုးပဲ"

ကျွန်ုပ်၏ စကားကို ဦးသိဒ္ဓိက တဟားဟားရယ်၍ -

"မင်းတို့ ဆရာတပည့်က ရန်သူကို လျှော့တွက်တာကိုးကွ။ မင်းတို့ ဝင်လာကတည်းက ငါက သိပြီးသားပါကွ။ ဒါကြောင့် ဗိုလ်မိုးဆောင်ရဲ့အဖွဲ့ကို ဖုန်းဆက်ပြီး ခေါ်ထားတာပဲ။ ဒီမှာ - ဟေ့ကောင် - လောကမှာ မေ့ရဲ့လွှမ်းမိုးမှုရှိသလို အမှေ့ဝါဒရဲ့ လွှမ်းမိုးမှုလည်း ရှိတယ်ကွ။ အခု အဲဒီအမှေ့ဝါဒက ငါ့လက်ထဲမှာ ရှိနေလို့ မင်းတို့ကို လွှမ်းမိုးထားတာပဲ ဟေ့ - ဟား - ဟား - ဟား"

ဟု ပြောပြီး ထွက်သွားလေ၏။ ကျွန်ုပ်တို့ကိုမူ သူပုန်တပ်သားများ ဝိုင်း၍ ဖမ်းချုပ်လိုက်ကြလေတော့သည်။ နေရာက တပ်မတော်စစ်တပ် မရှိသည့် တောစပ်တစ်နေရာ ဖြစ်နေသဖြင့် ၎င်းတို့ အလွယ်တကူ ရောက်လာခြင်းဖြစ်ရလေ၏။ ဆရာစိုးသည် ထော့နင်းထော့နင်းဖြင့် သူပုန်များနောက်သို့ လိုက်ပါရရှာလေပြီတည်း။

=💀=



www.burmeseclassic.com

www.burmeseclassic.com

"တစ်ခါတစ်ရံတွင် လောကကြီး ပြောင်းပြန်ဖြစ်နေသည်" ဟု ယခင်က တင်စားပြောပြောဖူးခဲ့၏၊ ယခု တကယ်ပင် လောကကြီးကို ပြောင်းပြန်အဖြစ် မြင်နေရလေ၏၊ အကြောင်းမှာ ကျွန်ုပ်နှင့် ဆရာစိုးကို သစ်ပင်၌ ဇောက်ထိုး အနေအထားဖြင့် ကြိုးချည်ချိတ်ဆွဲထားခြင်းကြောင့်ပေတည်း၊ ကျွန်ုပ်တို့ ခေါင်းသည် မြေပြင်နှင့် တစ်ကိုက် (၃) ပေ အကွာရှိပြီး ခြေနှစ်ချောင်းက ကတွတ်ပင်ကိုင်းဖြင့် ကြိုးချည်ထားခြင်း ခံရသည်၊ လက်တွေကိုလည်း ကြိုးချည်ထားရာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတော့၏၊ ထိုကဲ့သို့ နေ့ နေရသည်မှာ နာရီပေါင်းများစွာ ကြာပြီဖြစ်၍ ခေါင်းတွေကလည်း မူးဝေနေ၏၊

အချိန်မှာ ညနေစောင်းဖြစ်ပြီး ကျွန်ုပ်တို့ ဘေးတွင်မှာတော့ လက်နက်ကိုင်ပြောက်ကျား သူပုန် (၅) ယောက် အလစ်မပေးဘဲ စောင့်နေ၏၊ ဤသူပုန် (၅) ယောက်သည် ဗိုလ်မိုးဆောင်၏ တပည့်များ ဖြစ်ရာ၏၊ အတန်အကြာတွင် ဆိုင်ကယ်သံတစ်သံ ကြားရပြီး ကျွန်ုပ်တို့ထံသို့ ဦးသိဒ္ဓိနှင့် သူပုန်ဗိုလ်တစ်ယောက် ရောက်ရှိလာတော့သည်၊ ကရင်သူပုန်ဗိုလ်က ကျွန်ုပ်တို့ကို ကြိုးဖြေပေး၏၊ မြေပြင်ပေါ်တွင် ဝုတ်တုတ်ထိုင်စေ၏၊ ပြီးသော် ဦးသိဒ္ဓိအား ပြောလေ၏၊

"ဒီကောင်နှစ်ကောင်ကို ရှင်းလိုက်ရမလား၊ ကျုပ်တော့ မျက်စိနောက်နေပြီ၊ တစ်ကောင်က အသက်မကြီးမငယ်နဲ့ စစ်ကိုင်ထဲ ဝင်ပါလို့ပါ၊ နောက် – တစ်ကောင်ကလည်း အရပ်ပုကွကွနဲ့ တာရေးဆရာလိုလို၊ ဘာလိုလို အိတ်တစ်လုံးနဲ့ တောထဲ လာစပ်စုတယ်၊ ရှုပ်တယ်၊ ရှင်းလိုက်ချင်ပြီဗျာ"

"အေးလေ – မင်းရှင်းချင်လည်း ရှင်းပေါ့၊ အခုရှင်းမလား – ငါတော့ မကြည့်ရဲဘူး၊ ဝေးဝေးသွားနေမယ်"

ဟု ဆိုကာ အဝေးသို့ ထွက်သွားလေ၏၊ ဤပုဂ္ဂိုလ်ကား မိစ္ဆာဒိဋ္ဌိဝါဒရှိရုံမျှမက အဝီစိကျပေပြီ၊ ထိုအချိန်မှာပင် ကရင်သူပုန်ဗိုလ်က ကျွန်ုပ်တို့အား သစ်ပင်တွင် မှီစေပြီး သူ့တပည့်များကို သေနတ်ဖြင့် ချိန်စေ၏၊ ကျွန်ုပ်တို့ကို



ကြိုးဖြေပေးပြီး သူက ဘေးမှ ပြုံးပြုံးကြီး ရပ်ကြည့်နေသည်၊ ကျွန်ုပ်သည် အမှန်တကယ် သေရမည်ဟု သိရသောအခါ ရင်တုန်ပန်းတုန်ဖြစ်၍ ဇောချွေးများ ပြန်လာ၏၊ ဆရာစိုးကို အပြစ်တင်မိ၏၊

"ဆရာစိုး – လုပ်လေဗျာ – ဒီမှာ ပစ်တော့မယ်"

"ပစ်တော့လည်း သေကြတာပေါ့ကွာ၊ မင်းပဲ ငါနဲ့ နိဗ္ဗာန်လိုက်မယ်လို့ ပြောခဲ့ဖူးတယ် မဟုတ်လား – ဟား – ဟား – ဟား"

"ဟာ – အဲ – အဲဒါက တင်စားတာဗျ၊ အခု ဟိုမှာ ကျည်တွေ ဖြည့်နေပြီ၊ မကြာခင် ပစ်တော့မယ်၊ ထွက်ပြေးလည်း လွတ်မယ်မထင်ဘူး"

"ဒီမှာ ပေါ့ကောင် – ဗုဒ္ဓါနုဿတိ ပွားစမ်း၊ မင်းကွာ – ငါ့တပည့်လုပ်နေပြီး သေရမှာကို ရေးကြီးခွင်ကျယ်လုပ်နေတယ် – ထွီ"

ဆရာစိုးကား ကျွန်ုပ်ကို အပြစ်တင်ရင်း သူ့မျက်လုံးများကိုမှိတ်ကာ ဘုရားစာများကို စတင်၍ ရွတ်ဖတ်သရဇ္ဈာယ်နေတော့သည်၊ ကျွန်ုပ်လည်း "အရဟံ" ဂုဏ်တော်ကိုပွားပြီး တစ်လောကလုံးကို မေ့ထားလိုက်တော့၏၊ နားထဲတွင် ကျည်ဆန်ဖြည့်ခြင်းနှင့် မောင်းရိုက်သံများကိုကြားရပြီး တစ်လောကလုံးကတော့ အမှောင်လွှမ်းစပြုနေပေပြီ၊ ထိုအခိုက်မှာပင် ဆရာစိုးသည် မတ်တတ်ရပ်နေရာမှ မြေကြီးကို ဖနောင့်နှင့် သုံးချက်ပေါက်လေ၏၊ ထိုအပြုအမူကိုကျွန်ုပ်စိတ်ထဲဝယ် ထူးခြားသည်ဟု ထင်မိ၏၊ မည်သူ့ကို အချက်ပေးလေသနည်း၊ ထိုအခိုက်မှာပင် ကရင်သူပုန်က တစ်နှစ်သုံး ရေလေတော့၏၊

"တစ် ..."

"ချောက်"

"နှစ် ..."

"သုံး – ပစ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒိန်း – ဒိန်း – ဒိန်း"

"အား…"

ကျွန်ုပ်သည် ပါးစပ်မှ ထိတ်လန့်တကြားဖြင့် အော်လိုက်မိ၏။ သို့သော် ကျည်တစ်ချက်မျှ မထိပါချေ။ အကွာအဝေးမှာ (၁၅)ပေမျှသာ ဝေး၏။ ဆရာစိုးကို ကြည့်ရာတွင် ဆရာစိုးသည်လည်း ကျည်ဆန်ရာမထင်ဘဲ ဖုန်မှုန့်သာ တိုသာ ဖွားနေသည်။ သူပုန်များ ကြောင်အ,သွားပြီ။

"ဟေ့ကောင်တွေ – မင်းတို့ သေနတ်တွေက ကျည်အ,နေပြီ – ဟုတ်လား။ ပြန်လုပ်ကြစမ်း – ခွေးမသားတွေ၊ ပရမ်းပတာနဲ့ – ဒီကောင်တွေက မင်းတို့အဖေတွေ မဟုတ်ဘူးကွ – ထိအောင်ပစ်ကြ"

ထိုစကားဆုံးသည်နှင့် သူပုန်ငယ်များသည် သူတို့ဆရာ ဗိုလ်ကြီးစကား အတိုင်း ကျည်အပြည့် ထပ်ထည့်ကာ တရစပ် ပစ်ပြန်လေသည်။

"ဒိန်း – ဒိန်း – ဒိန်း"

မထိချေ။ အသံသာမြည်ပြီး ကျည်က ဘယ်ရောက်သွားသည် မသိပါချေ။ ကရင်သူပုန်ဗိုလ်သည် ကျွန်ုပ်တို့ကို အံ့အားသင့်သွားပြီး သူ၏ ခါးမှ ဓားတိုဖြင့်ပစ်ရန် အနားသို့ ရောက်လာ၏။ ပြီးသော် – ကျွန်ုပ်အား ဘယ်ပြန် ညာပြန် ပါးရိုက်လေသည်။ ဆရာစိုး ရှေ့သို့ ရောက်သော် –

"ခင်ဗျားကလည်း လူထူးလူဆန်း ပုဂ္ဂိုလ်ပဲကိုး။ သေနတ်နဲ့ ပစ်မရရင် လက်နဲ့ ထုတာယ်ကွာ"

ဟု ပြောကာ ဆရာစိုး၏ ခေါင်းကို သေနတ်ဒင်ဖြင့် ထုလေ၏။ ထိုအခိုက်မှာပင် ဆရာစိုးသည် လျှပ်တစ်ပြက် ညာပင့်လက်သီးဖြင့် သူပုန်ဗိုလ်၏မေးရိုးကို ထိုးချလိုက်ပြီး ဘယ်လက်ဖြင့် ၎င်း၏ သေနတ်ကိုင်ထားသော လက်ကိုလိမ်ချိုးလိုက်လေသည်။ သူပုန်ဗိုလ်သည် အားခနဲအော်ပြီး သေနတ် လွှတ်ကျသွားသည်။ ကျွန်ုပ်လည်း လျင်မြန်စွာဖြင့် သေနတ်ကိုကောက်ကာ



သူပုန်ဗိုလ်၏ နားထင်ကို ချိန်ရွယ်လိုက်တော့၏။ ကျွန်ုပ်တို့အား ကြိုးမတုပ်ခဲ့ခြင်းကား ၎င်းတို့အမှားပင်တည်း။ ဆရာစိုးက တဟားဟားရယ်၍ –

"ဘယ့်နှယ်လဲ – ဗိုလ်မိုးဆောင်၊ အသေခံမလား – ငါတို့နဲ့ လိုက်ခဲ့မလား။ မင်းတပည့်တွေကို သေနတ်ချခိုင်းလိုက်ပါကွာ"

ဟု ပြောရာ ကျွန်ုပ်လည်း ထိုအခါမှပင် ဗိုလ်မိုးဆောင်ဖြစ်ကြောင်း သိရတော့၏။ ဗိုလ်မိုးဆောင်က သူ့တပည့်များကို လက်နက်ချခိုင်းပြီး ဝေးဝေး သွားစေသည်။ ပြီးတော့ – ကျွန်ုပ်တို့အား…

"မင်းတို့ငါ့ကို ဘယ်ခေါ်သွားမှာလဲ။ သတ်ချင်လည်း သတ်လိုက်ကြကွာ။ ငါ မင်းတို့နဲ့ မလိုက်နိုင်ဘူး"

ဟု ပြောရာ ဆရာစိုးက ပြန်၍ –

"မင်းကိုသတ်ရင် ဘာထူးမှာလဲ။ မင်းကို ငါတို့ တောအယ်ဒိုမူးဆီ ခေါ်သွားမယ်။ မင်းကို အလင်းဝင်ဖို့ သူက ကောင်းကောင်းညှိ လိမ့်မယ်။ အဲဒါကို လက်ခံရင် မင်းကိုပြန်လွှတ်လိမ့်မယ်။ ပြီးရင် – မင်းတပည့်တွေခေါ်ပြီး အလင်း ဝင်ပေါ့ကွာ။ အကယ်၍ ကလန်ကဆန်လုပ်ရင်တော့ မင်းတို့စခန်းကို တစ်စစီဖြစ်သွားအောင် ငါကိုယ်တိုင် စီရင်မယ်။ ဦးသိဒ္ဓိ တတ်တာလောက်တော့ ငါက ရယ်တာပေါ့ကွာ"

ဟုပြောလိုက်သည်။ ထိုအခါ ဗိုလ်မိုးဆောင်သည် အတန်ကြာစဉ်းစားပြီး တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချနေပြီး နောက်ဆုံးတွင် ကျွန်ုပ်တို့ ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့တော့၏။

ကျွန်ုပ်တို့သည် ညကြီးမင်းကြီးမို့ တောထဲမှ ရုတ်တရက် မထွက်သေးဘဲ ဂူငယ်တစ်ခု၌ဝင်ကာ မီးဖို၍ အနားယူကြသည်။ ဗိုလ်မိုးဆောင်သည် ကရင် ဒီဇီကာတိတော့တည်၏။ ဘယ်မှတော့ ထွက်မပြေး။ သူ့သဘောက တောအင်



www.burmeseclassic.com

www.burmeseclassic.com

ဒိုမူးနှင့် တွေ့မှသာ ညှိမည်ဟု စိတ်ပိုင်းဖြတ်ထားပုံရ၏။ ကျွန်ုပ်တို့လည်း ထိုညသို့ အိပ်စက်ရန် နေရာယူပြီး စကားစမြည် ပြောဖြစ်ကြပြန်သည်။

"ဆရာစိုးကို ကျွန်တော်မသိလို့ တစ်ခုမေးပါရစေဦး။ သေနတ်တွေ ပိုင်းပစ်တော့ - ဘာလို့ ကျည်မထိတာလဲ။ အဲဒါ - ဆရာစိုး လက်ချက်မဟုတ်လား"

ကျွန်ုပ်၏ အမေးကို ဆရာစိုးက ပြုံး၍ -

"အဲဒါက ဒီလိုကွ - ဒီကောင်တွေသေနတ်နဲ့ မပစ်ခင်ကတည်းက ငါဟာ မေတ္တာသုတ်ရွတ်ပြီး တောစောင့်နတ်တွေကို အမျှဝေတယ်ကွာ၊ အကူအညီတောင်းတယ်၊ တောင်းပန်တယ်ကွ၊ ပြီးတော့ - ငါ့ရဲ့သီလသမာဓိ အစွမ်းနဲ့ နတ်တွေကို အကူအညီတောင်းရတော့တာပေါ့၊ ဒီလိုနဲ့ပဲ ဟိုကောင်တွေ ကျည်အ,သွားရတော့တာပဲ"

ဟု ရှင်းပြရာ ကျွန်ုပ်မှာ ဆရာစိုးကို အားရမိသည်။

"ဒါဆို - ကျွန်တော်လည်း နတ်တွေကိုအမျှဝေ မေတ္တာပို့ပြီး တိုင်တည်ရင် ရနိုင်မလား"

"အင်း - လူတိုင်းတော့ မရနိုင်ဘူးကွ၊ ဒီလိုဖြစ်ဖို့ဆိုတာ အဆင့်တွေ အများကြီးလိုတယ်၊ မင်း နောက်တော့ နားလည်လာမှာပါကွာ။ မင်းက ငယ်သေးတာကိုး ..."

ကျွန်ုပ်သည် ဆရာစိုး ရှင်းပြသည်ကို နားထောင်ပြီး လူတစ်ယောက်၏ ကျင့်ကြံအားထုတ်မှု စရဏအားကို လွန်စွာမှ အားကျနေမိ၏။

"ဒါနဲ့ ဆရာစိုး - ဦးသိဒ္ဓိရဲ့ သမီးနဲ့ ဆရာစိုးနဲ့ ဘယ်လိုပတ်သက်တာလဲ။ ပြီးတော့ - ကျမ်းစာအုပ်ကြီးကို ခိုးသွားတယ်လို့လဲ ကြားတယ်။ ဘာတွေလဲ။ ကျွန်တော့်ကို ရှင်းပြပါဦး"

"ဟား - ဟား - ဟား - မင်းကတော့ စာရေးဖို့ ကုန်ကြမ်းရှာနေပြီပေါ့။ ဒီလိုကွ - ငါတို့ မနောစိတ္တာပူဇော်ဂိုဏ်းဆိုတာ အနယ်နယ် အရပ်ရပ်မှာ ရှိသလို



ယိုးဒယား၊ တရုတ်၊ သီရိလင်္ကာနှင့် တချို့နိုင်ငံတွေမှာလည်း ရှိကြတယ်။ ဒီကနေ သွားနေကြတဲ့ပုဂ္ဂိုလ်တွေပေါ့ကွာ၊ အဲဒီလူတွေဟာ ရောက်ရာနေရာမှာ သာသနာပြုဖို့ တပည့်တွေ မွေးပြီး၊ ဆေးကုတယ်၊ လောကီအစီအရင်တွေနှင့် ခုနစ်ရက်သားသမီးကို အကျိုးစီးပွားပေးတယ်၊ ငါ့မှာ သူရိန်လင်းလို့ ခေါ်တဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်ကွ၊ သူက ငါ့လို ပုဂ္ဂိုလ်ပဲဆိုပါတော့၊ တရင်ပြည်နယ်မှာ သာသနာပြုဖို့ အဖွဲ့ဖွဲ့ပြီး တပည့်တွေနဲ့ နေတယ်၊ တစ်နေ့ ကျော်ကြီးဆိုတဲ့ လူတစ်ယောက် ရောက်လာပြီး ဆရာသူရိန်လင်းဆီမှာ တပည့်ခံ မနောစိတ္တာပူဇော်ဂိုဏ်းဆေး ပေါက်တယ်၊ အနိမ့်ဆရာအဆင့်လောက် လည်း ရောက်ရော သစ္စာဖောက်ပြီး ဂိုဏ်းရဲ့တန်ဖိုးထားရာ "အင်းကျမ်းကြီး" ကို ခိုးသွားတော့တာပဲပေ့"

"အဲဒီကျမ်းက ဘာလုပ်လို့ရလဲ - ဆရာစိုး"

"အဲဒီကျမ်းထဲမှာ အင်းနဲ့ပတ်သက်တဲ့ သိဒ္ဓိမြောက် အစီအရင်တွေ ပါတယ်လေ၊ လူတွေကိုကောင်းကျိုးပေးသလို၊ ဆိုးကျိုးပေးတဲ့အင်းတွေလည်း ပါတယ်၊ အင်းဆိုတဲ့ သဘောကတော့ အစောင့်အရှောက်တွေ၊ တမန်တွေကို ခိုင်းတာပဲ ဆိုပါတော့၊ လူတစ်ယောက်ကို စီးပွားတက်စေချင်ရင် စီးပွားတက်စေတဲ့အင်းကို ရေးပြီး အဲဒီအင်းပြားကို ဖယောင်းတိုင်မှာပတ်၊ ထွန်းလိုက်ရင် စီးပွားတက်တယ်၊ စီးပွားပျက် ကျွမ်းပြန်ချင်ရင်လည်း ဒီလိုလုပ်လို့ရတယ်၊ အင်းဝိဇ္ဇာဆိုတာ မင်းလည်း ကြားဖူးမှာပါ၊ အင်းအတတ်နဲ့ ကဝေ(၆၂)မျိုး၊ စုန်း၊ ဖုတ် အစရှိတာတွေကိုလည်း နိုင်တယ်၊ ခိုင်းစားလို့လည်း ရတယ်၊ အခု ဦးသိဒ္ဓိဟာ အဲဒီအင်းကျမ်းထဲက နည်းတွေကို သုံးပြီး သူ့အကျိုးစီးပွားအတွက် စစ်ရေးစစ်ရာတွေမှာ လွဲမှားစွာ သုံးနေတာပဲ၊ ကြာရင်လူတွေ ဒုက္ခရောက်ကုန်မှာစိုးလို့ ငါ့သူငယ်ချင်း သူရိန်လင်းက ငါ့ကို အကူအညီတောင်းတယ်ကွာ၊ သူကတော့ အခု ဘန်ကောက်မှာ ဘုရားတစ်ဆူပြုပြင်မွမ်းမံရေးအလုပ်



www.burmeseclassic.com

ရှိနေတယ်တဲ့၊ ငါလည်း ဦးသိဒ္ဓိအကြောင်းကို သိသလောက်စုံစမ်းတော့ သူ့မှာ သမီးတစ်ယောက် ရှိတယ်ဆိုတယ်၊ သူ့သမီးက ဘန်ကောက်မှာ အလုပ်သွားလုပ်နေတယ်၊ အခု ပြန်လာတာ မကြာသေးဘူး၊ စောအယ်ဒိုမူး တို့ ဖမ်းထားတယ်၊ မနက်ကျရင် မင်းတွေ့မှာပါ၊ ရှေ့ဆက်ဘာလုပ်သင့်လဲ ဆိုတော့ ဦးသိဒ္ဓိရဲ့သမီးနဲ့ ဇျမ်းစာအုပ်ကို ပြန်လဲမယ်၊ ပြီးရင် သူ့ကိုပါ နောင် ဒီလိုတွေမလုပ်ဖို့ အပြတ်ထားရမယ်၊ သစ္စာရေတိုက်လိုက်ရင် ဖြစ်ပါတယ် ကွာ၊ ခက်တာက သူက ငါတို့ကို အင်းအတတ်တွေနဲ့ ခုခံတိုက်ခိုက်ရင် မလွယ် ဘူးကွ၊ အဲဒီနည်းတွေက ငါ့ကိုတော့ မထိရောက်စေပါဘူး၊ ဒါပေမဲ့ - မဆိုင် တဲ့လူတွေကို ထိမှာစိုးလို့ အမြန်ထားဆီးမှ ဖြစ်မယ်"

ဆရာစိုးသည် ဦးသိဒ္ဓိအကြောင်း ရှည်လျားစွာ ရှင်းပြပြီးနောက် အိပ် စက်အနားယူလေတော့သည်၊ ကျွန်ုပ်လည်း ဗီးတွက်ခေါ်သံ ကြားရပြီး နောက် စပ်မှေးမှေးဖြင့် သတိထားရင်း အိပ်ပျော်သွားလေတော့သည်၊

=💀=

နောက်တစ်နေ့ နံနက် (၁၀)နာရီခန့်တွင် ကျွန်ုပ်တို့ သုံးဦးသည် စော အယ်ဒိုမူးတို့ စခန်းရှိရာသို့ ရောက်ရှိကြလေ၏၊ စောအယ်ဒိုမူးသည် ဗိုလ်မိုး ဆောင်ကို တွေ့သောအခါ ပြုံး၍ ဖော်ရွေသောအမူအရာဖြင့် ဆီးကြိုလေ သည်၊

"အလင်းဝင်ဖို့ ကြိုဆိုပါတယ် - သူငယ်ချင်း"

"မင်းကို ဘယ်သူက အလင်းဝင်မယ် ပြောဖူးလို့လဲ၊ ငါ မင်းနဲ့ စာရင်းရှင်းဖို့ လာတာကွ ..."

ဗိုလ်မိုးဆောင်က ပြောရင်း သူ၏ ခါးမှ သေနတ်ကို ဖြုတ်ကာ စားပွဲပေါ် ပစ်တင်လိုက်လေ၏၊ ထိုအခါ စောအယ်ဒိုမူးမှာ မျက်မှောင်ကြုတ်လျက် -

"မင်း မိုက်နေချင်သေးသကိုး ...၊ မင်း စဉ်းစားပါကွာ၊ ငါတို့ အမှောင်ထဲ မှာ ဆက်လျှောက်နေရင် တစ်နေ့နေ့ ချောက်ထဲကျသွားလိမ့်မယ်၊ အခုချိန် မှာ မင်း ငါနဲ့ စာရင်းရှင်းချင်တယ်ဆိုရအောင် မင်းဘက်မှာ အရှုံးပဲနော်"

ဟု ပြောလိုက်ရာ ဗိုလ်မိုးဆောင်မှာ အံကို ကြိတ်လိုက်၏၊

"ငါ့ဘဝမှာ ဘယ်တော့မှ အရှုံးဆိုတာ မရှိဘူးကွ၊ ငါ အနိုင်ပဲ လိုချင် တယ်"

"ဒါဆိုလည်း မင်းသဘောပေါ့၊ မင်း အခု ဘာဖြစ်ချင်လဲ၊ ဗိုလ်မရှိတော့တဲ့ မင်းရဲ့စခန်းကို ငါ အခုနကလေးတင်ပဲ တပည့်တွေလွှတ်ပြီး ဝင်သိမ်းနိုင်း လိုက်ပြီကွ - ဟား - ဟား - ဟား"

"ဘာ - ဘာကွ - တောက် - မင်း အကြံပက်စက်ပါလား"

စောအယ်ဒိုမူး၏ လှောင်ရယ်သံကြောင့် ဗိုလ်မိုးဆောင်ကား ဒေါသများ ထွက်လာပြီး စားပွဲပေါ်ရှိ သေနတ်ကို ကောက်ကိုင်လေတော့၏၊ ကျွန်ုပ်နှင့် ဆရာစိုးလည်း ကိုယ့်ကိစ္စမဟုတ်သဖြင့် တစ်ဖက်သို့လှည့်ကာ ဦးသိဒ္ဓိ၏သမီး ကို သွားတွေ့၏၊ ဦးသိဒ္ဓိ၏သမီးမှာ စန္ဒာခင်ဟု သိရပြီး တဲတစ်ခုအတွင်း ဖမ်းထားလေသည်၊ ဆရာစိုးသည် စန္ဒာခင်ကို ခေါ်ထုတ်စေသော် ခေတ္တ အကြာ၌ အသက် (၂၈)နှစ်အရွယ် အသားဖြူဖြူ မှန်မျက်နှာစပ် မိန်းကလေး ချောချောတစ်ယောက် ရောက်လာတော့၏၊ ထိုမိန်းကလေးက စန္ဒာခင်ပင် ဖြစ်ရာ၏၊ ဆရာစိုးက ပြုံး၍ နှုတ်ဆက်လိုက်၏၊

"အဘတို့က သမီးကို ဒုက္ခပေးဖို့လာတာမဟုတ်ပါဘူးကွယ်၊ အကူ အညီ တောင်းဖို့လာတာပါ"

"သမီးအားလုံး သိပြီးပါပြီရှင့်၊ သမီးအဖေရဲ့သတင်းဆိုးတွေက နားနှင့် တောင် မဆံ့တော့ပါဘူး၊ ဒီအတွက် အဘက အဖေ့ရဲ့ မကောင်းတဲ့ လုပ်ရပ် တွေကို ရပ်ပေးစေချင်နေတယ်ဆိုတာလည်း စောအယ်ဒိုမူး ပြောပြတာကို သိရပြီးပါပြီ၊ သမီး အဘတို့ကို ကူညီပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

စန္ဒာခင်၏ စကားကြောင့် ကျွန်ုပ်တို့မှာ ဝမ်းသာသွားရလေ၏။ ဆရာစိုးတား စန္ဒာခင်ကို သူမ၏အဖေထံမှ အင်းကျမ်းကို ပြန်တောင်းပေးရန်နှင့် ရှာဖွေရာသလောက် သဘောလည်းကောင်းလှ၏။ ဆရာစိုး ပြောသမျှအပြင် ကျွန်ုပ်၏ စိတ်ကူးတချို့ကိုပါ ထောက်ခံ၍ စဉ်းစားသည်။ ထိုကဲ့သို့ ညှိနှိုင်းနေကြစဉ် သေနတ်သံနစ်ချက် ထွက်ပေါ်လာ၏။

"ဒိန်း - ဒိန်း"

ရုတ်တရက်မို့ ကျွန်ုပ်တို့လည်း သေနတ်သံကြားရာသို့ သွားကြည့်ရာ ဗိုလ်မိုးဆောင်မှာ သေနတ်ဒဏ်ရာဖြင့် သေနေပြီး စောအယ်ဒိုမူးမှာ လက်မောင်း၌ သေနတ်ဒဏ်ရာ ရနေသည်ကို တွေ့လိုက်ရလေသည်။ ဆရာစိုးနှင့် ကျွန်ုပ်ကို တွေ့သောအခါ ...

"ဒီကောင် ညှိလို့မရဘူး ဆရာကြီး။ ကျွန်တော့်ကို သေနတ်နဲ့ ပစ်လို့ ကျွန်တော် တပည့်တစ်ယောက်က ဆော်ထည့်လိုက်ရတာပဲ၊ မတတ်နိုင်ဘူး ဆရာကြီးရယ်၊ သူ့ကြမ္မာနဲ့ သူပေါ့"

ဟု ရှင်းပြရာ ဆရာစိုးမှာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး "အေးလေ - ဒါဆိုလည်း မင်းတို့ကိစ္စ ရှင်းသွားပြီပေါ့။ မင်းတို့ အလင်းဝင်ဖို့ စီစဉ်ကြတော့လေ။ ငါ ဒီမိန်းကလေးကိုခေါ်ပြီး ဦးစန္ဒီကို သွားရှင်းလိုက်မယ်။ ငါ့အတွက် ဘာမျှ မပူနဲ့"

ဟု ပြောလိုက်သည်။ စောအယ်ဒိုမူးက ဆရာစိုးကို ဖက်ကာ "ကျွန်တော်တို့ကို အမှောင်ထဲကနေ အလင်းပြပေးတဲ့အတွက် တစ်သက်လုံး ကျေးဇူးမမေ့ပါဘူး။ ဆရာကြီးတို့ကိစ္စလည်း အောင်မြင်ပါစေ။ ကဲ - ဟေ့ကောင်တွေ ဆရာကြီးကို ကန်တော့ကြ"

ဟု ဆိုပြီး သူ့တပည့် ပြောက်ကျားတပ်သားများကို ဆရာစိုးအား ကန်တော့စေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဆရာစိုးသည် စန္ဒာခင်ကိုခေါ်ကာ ဦးသိဒ္ဓိရှိရာ မြဝတီသို့ ထွက်ခဲ့ကြလေသည်။



မြဝတီသို့ ရောက်သော် ဆရာစိုးသည် ဦးသိဒ္ဓိထံသို့ ဆိုင်ကယ်တက္ကစီသမားတစ်ယောက်အား လွှတ်၍ စာတစ်စောင်ပေးလိုက်လေ၏။ စာထဲ၌ကား ...

ဟေ့ကောင် - ကျော်ကြီး ...။

မင်းသမီးကို ငါဖမ်းထားတယ်။ မင်း ငါ့ကို သတ်ပေမယ့် ငါမသေဘူးကွ၊ ဒီလောက်ဆို မင်း ငါ့အစွမ်းကိုသိရောပေါ့။ ဒီတော့ ငါ မနက်ဖြန် ည (၁၀) နာရီမှာ မြို့စွန်က ကျောက်လုံးကြီးစေတီနားက တောင်ကုန်းအောက်မှာ စောင့်နေမယ်။ မင်း - ငါ့စာအုပ် ယူလာပြီး မင်းရဲ့သမီး စန္ဒာခင်ကို လာရွေးပါ။ မရွေးရင်တော့ မင်းသမီးလည်း ဗိုလ်မိုးဆောင်နောက် လိုက်သွားမှာပဲ"

ဟု ရေးထားပြီး စန္ဒာခင်ကိုလည်း အစစအရာရာ ညှိနှိုင်းပြီး တိုင်ပင်ထားလေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဆရာစိုးသည် စန္ဒာခင်ကို သစ္စာရေသောက်ပြီး စိတ်ချရပြီဆိုမှ ထိုည၌ ကျောက်လုံးကြီးဘုရားဘက်သို့ ထွက်ခဲ့ကြလေတော့၏။ ကျောက်လုံးကြီးဘုရားသည် သာမညတောင်ဆရာတော်ကြီး တစ်ဦးထားခဲ့သော အဓိဋ္ဌာန်အောင်စေတီတော်နှင့် (၂)မိုင်ခန့် ဝေးကွာပြီး တောစပ်တောင်စပ်လည်း ဖြစ်သည်။ ကျွန်ုပ်တို့ ထိုနေရာသို့ ရောက်သော် တောင်ကုန်းတစ်ခြမ်းပဲ့ကို တွေ့ရ၏။

တောင်ကုန်း အဘယ့်ကြောင့် တစ်ခြမ်းပဲ့နေရသနည်းဟု လေ့လာသော် ဘူဒိုဇာဟုခေါ်သည့် မြေတူးစက်ကြီးတစ်လုံးကိုပါ တွေ့ရ၏။ ထိုအခါမှ အစိုးရက ဤနေရာကို ဌာနတစ်ခုခုလုပ်ရန် တောင်ကုန်းကို ဖြိုနေခြင်းဖြစ်သည်ဟု သိလိုက်ရသည်။ တောင်ကုန်းမှာ တစ်ခြမ်းပဲ့ဖြစ်ပြီး တောင်ကုန်းပေါ်၌ မြေတူးစက်ကားကြီးမှာ မောင်းသူမရှိဘဲ အမှောင်ထဲတွင် ဧရာမကျားကြီး တစ်ကောင်ပမာ ငြိမ်သက်နေတော့၏။ ည (၁၀)နာရီ ထိုးသော် ဆိုင်ကယ် တစ်စီးသည် ဝေါခနဲ မောင်းချလာပြီး ကျွန်ုပ်တို့အား ဆိုင်ကယ်မီးဖြင့် ထိုးလေ



www.burmeseclassic.com

www.burmeseclassic.com

ငါ သေရတော့မယ်ဆိုတာသိလို့ မြေကြီးကို လက်နဲ့ပုတ်ပြီး
တောင်စောင့်နတ်ကို အတူအညီတောင်းရတာပဲကွာ။
ကံကြမ္မာက လူမိုက်တွေကို လက်မခံဘူးထင်ပါရဲ့။
လျှင်လည်းမလျှပ်၊ လေလည်း မတိုက်ပါဘဲနဲ့ တောင်ပြိုတယ်။
သာသနာ အငြင့်ခြံထားတဲ့ လူမိုက်ကို သမ္မာအဝနတ်တွေက
အပြစ်ပေးတာ မျက်မြင်ပဲ ဝေယံသိန်း . . .



၏။ ဆိုင်ကယ်စီးမိုတ်သွားတော့မှ အသေအချာကြည့်သော် ဦးသိဒ္ဓိကို တွေ့ရသည်။ ဦးသိဒ္ဓိသည် စန္ဒာခင်ကိုတွေ့သောအခါ ဣန္ဒြေမဆည်နိုင်ပဲ "ဟော့ကောင်တွေ - မင်းတို့ ငါ့သမီးကို ဒီလိုနေရာအထိ ခေါ်လာစရာမလိုဘူးကွ။ အခု - လွှတ်လိုက်စမ်း"

ဟု ပြောရာ ဆရာစိုးက -

"လွှတ်ဆိုလည်း လွှတ်ရတာပေါ့၊ ငါ့စာအုပ်လည်း ပြန်ပေးဦးလေကွာ"

ဟု - ပြောသဖြင့် ဦးသိဒ္ဓိသည် ဆိုင်ကယ်ခြင်းထဲမှ အဝတ်နီကြီးဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို ပေ(၂၀)အကွာလောက်မှ လှမ်းပစ်ပေး၏။ ကျွန်ုပ်လည်း အထုပ်ကိုဖမ်းယူပြီး ဖြေကြည့်ရာ အထဲတွင် သားရေဖုံးထားသော လက်(၅)လက်မခန့်ထူသည့် စာအုပ်ကြီးတစ်အုပ်ကို တွေ့ရလေတော့သည်။ ဆရာစိုးက စာအုပ်ကိုစစ်ကြည့်ပြီး . . .

"ဒီမှာ - ဟော့ကောင် - ကျော်ကြီး၊ မင်း ဒီလိုမျိုး ဘိုးတော်တု၊ ဘိုးတော်ယောင်ဘဝနဲ့ မနေသင့်ပါဘူး၊ သာသနာကို စုတ်ပုံလုပ်တယ်ဆိုတာ အင်မတန် အပြစ်ကြီးတယ်ကွ၊ မင်းရဲ့သမီးကိုပါ အခု လွှတ်လိုက်ပြီ၊ ဒါပေမဲ့ - မင်းဆီ သူက လာခဲ့ဦးမလား"

ဟုကြိုတင်ကြံစည်ထားသည့်အတိုင်း ဦးသိဒ္ဓိကို ချွတ်လို၍ ပြောလိုက်ရာ စန္ဒာခင်က ရှေ့သို့ထွက်၍ အသံစာစာဖြင့် ပြောလေတော့၏။ "ဒီမှာ အဖေ သမီး အဖေ့ကို ချစ်ပါတယ်၊ ဒါပေမဲ့ - အဖေ ဒီလိုဘဝနဲ့တော့ သမီးကို မခေါ်ပါနဲ့၊ သမီးရှက်တယ်၊ တခြားနည်းနဲ့ စီးပွားရှာပြီး ဒီအလုပ်တွေကို စွန့်လွှတ်လိုက်ပါ့မယ်လို့ ကတိပေးပါ၊ ကတိမပေးရင်တော့ သမီး ပြန်မလိုက်ခဲ့တော့ဘူး"

စန္ဒာခင်သည် ဆရာစိုးနှင့် ကျွန်ုပ် ကြိုသင်ထားသလိုပြောရာ ဦးသိဒ္ဓိမှာ ရုတ်တရက် မိုင်တွေကာ မှိုင်ကျသွားတော့သည်၊ သူသည် လရောင်ပိုးတဝါး၌ မျက်ရည်များကိုသုတ်ရင်း ဝိုသံပါကြီးဖြင့် လှမ်းပြော၏။

"သမီးရယ် - အဖေ့တို့ အဲဒီလောက်လည်း အထင်မသေးပါနဲ့ကွယ်၊ အဖေ သမီးနဲ့သာ အေးအေးချမ်းချမ်းနေရမယ်ဆိုရင် ဒီအလုပ်တွေကို အခုပဲစွန့်လွှတ်လိုက်ပါတော့မယ်၊ သမီးက ငယ်ငယ်ကတည်းက သမီးအမေနဲ့ ဘန်ကောက်မှာ သွားနေပြီး ပြန်လာတော့လည်း အဖေ့ရင်ကို စုံတန်တော့မလို့လား၊ အဖေ့ဆီကို ပြန်လာခဲ့ပါ သမီးရယ်၊ သမီး ဖြစ်စေချင်သည့်အတိုင်း ဖြစ်စေရပါ့မယ်"





www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကျွန်ုပ်တို့ ဆရာတပည့်အား စန္ဒာခင်က လှမ်းကြည့်ရာ ဆရာစိုးတခေါင်းညိတ်ပြလေသည်။ ပြီးသော် - သူမ၏ ဖခင်ရှိရာသို့ ပြေးထွက်သွားလေသည်။ ကျွန်ုပ်တို့ ဆရာတပည့်လည်း ဖြစ်ချင်တာဖြစ်ရပြီမို့ ကျောခိုင်းလှည့်ထွက်ခဲ့၏။ သူတို့သားအဖကား လွမ်းခန်းဆွေးခန်းများဖြင့် ပီတိဖြစ်နေကြပေတော့မည်။ ကျွန်ုပ်နှင့် ဆရာစိုး စာအုပ်ထုပ်ကြီး သယ်ကာ စကားတပြောပြော လျှောက်နေရာမှ ရုတ်တရက် -

"ဗိုင်း"

"အား"

ဆရာစိုးသည် မြေပြင်ပေါ် ခွေခနဲ လဲကျသွား၏။ ကျွန်ုပ် သိလိုက်ရပြီ။ အနောက်ဘက်သို့ လှည့်ကြည့်သော် စန္ဒာခင်သည် ပစ္စတိုသေနတ်တစ်လက်ကိုကိုင်၍ ခါးထောက်ကြည့်ကာ ရပ်နေလေ၏။

"ဟား - ဟား - ဟား - ရှင်တို့ တော်တော်ရူးတဲ့ လူတွေပဲ။ ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတဲ့ ရှင်တို့နှစ်ယောက်အတွက် ကျွန်မက ဘာလို့ ပေးဆပ်လိုက်ရမှာလဲ။ ကျွန်မ အဖေက ကျွန်မ ကောင်းစားဖို့ ငွေရှာနေတာ။ ဒီတော့ - ရှင်တို့လက်ကလွတ်ပြီး ကျွန်မ အဖေဆီ ကျွန်မပြန်ရောက်အောင်ကြံလိုက်တာပဲ"

ကျွန်ုပ်သည် သေနတ်ထိသွားသော ဆရာစိုးကို ထူမ၍ ဒေါသများ အလိပ်လိုက်ထွက်လာ၏။

"မင်း - တော်တော် ကောက်ကျစ်စဉ်းလဲတဲ့ မိန်းမပါလား။ မင်းကို ငါတို့က ကောင်းကျိုးအတွက် အသုံးချတာပါကွ။ ငါတို့ အကျိုးစီးပွားတစ်ခုမှ မပါဘူး။ ဒါကို မင်းက မင်းအခုပဲ သေရစေ့မယ်"

ကျွန်ုပ်သည် ဒေါသဖြစ်လွန်း၍ အသင့်ယူလာသော ဆရာစိုး၏ လွယ်အိတ်ထဲမှ အဆိပ်လူးမှတ်ပြောင်းကိုထုတ်ကာ ပါးစပ်၌တေ့၍ မှုတ်ပစ်လိုက်



တော့၏။ စန္ဒာခင်သည် ကျွန်ုပ်၏ ရုတ်တရက် အပြုအမူကို ကြောင်ဝေးကြည့်နေစဉ်မှာပင် မောင်းပြည်းမည်း၌ လျှပ်တစ်ပြက်ဝင်လာသော အဆိပ်လူးမြားငယ်ကိုမရှောင်နိုင်ဘဲ လည်မျိုတွင် တည့်မတ်စွာ စိုက်ဝင်နေတော့သည်။

"အား - အ - အ"

စန္ဒာခင် လဲကျသွားသလိုနှင့် ဘယ်ကဘယ်လို ထွက်လာမှန်းမသိသော လူတစ်စုသည် ညာဘက်သံပေး၍ တောင်ကုန်းပေါ်မှ ပြေးဆင်းလာကြလေသည်။ ထိုလူများသည် ကျွန်ုပ်နှင့် ဆရာစိုးအား ဝိုင်း၍ထိုးကြကန်ကြဖြင့် အသေသတ်တော့၏။ ဦးသိဒ္ဓိသည် စန္ဒာခင်ကို ပွေ့၍ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။ ပြီးသော် - သူ့တပည့်များကို အော်ပြော၏။

"ဟေ့ကောင်တွေ - အဲဒီနှစ်ကောင်ကို စိစိညက်ညက် ချေပစ်။ ခွေးမသား ဆရာတပည့်တွေ၊ ငါကိုယ်တိုင် သတ်မယ်ကွ"

ကျွန်ုပ်နှင့် ဆရာစိုးမှာ သွေးများကျိုးကုန်ကာ တစ်ကိုယ်လုံးဖူးရောင်နေ၏။ နာခေါင်း၌ သွေးလိမ်းလိမ်းလျှံကာ ခေါင်းထဲတွင် ထိုးချက်ရိုက်ချက်များကြောင့် မူးဝေလာပြီး လောကကြီးကို ဝေဝါးခြင်းဖြင့်သာ မြင်ရတော့၏။ ကျွန်ုပ် ကြည့်နေစဉ်မှာပင် ဦးသိဒ္ဓိသည် သူ ကြိုတင်ခေါ်ထားဟန်တူသော သူ့တပည့်များကို ဖယ်စေ၍ သေနတ်ကိုကိုင်ကာ ကျွန်ုပ်တို့ရှိရာသို့ ဒေါမောဖြင့် လျှောက်လာလေသည်။ ကျွန်ုပ်တို့မှာ မြေပြင်ပေါ်၌ အတုံးအရုံးပင်။ ထိုအချိန်တွင်ဆရာစိုးသည် မြေပြင်ပေါ်လဲနေရာမှ မြေကြီးကိုလက်ဖြင့် သုံးချက်ပုတ်ရင်းတစ်စုံတစ်ရာကို ရွတ်ဖတ်နေလေ၏။ ဦးသိဒ္ဓိသည် သေနတ်ကိုမောင်းတင်လိုက်ပြီး ကျွန်ုပ်၏ပါးစပ်ထဲသို့ပြောင်းတံထိုးတည့်လိုက်သည်။ ကျွန်ုပ်ကား၎င်းတစ်ကြိမ်တွင်တော့ မုချမသွေ အသက်ထွက်ရပေတော့မည်ဟု သိလိုက်ရသည်နှင့် ဘုရားကိုသာ အာရုံပြု ထားလိုက်တော့သည်။ ဒီ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတော့ ဟိုတစ်ခါလို ကျည်မထွက်ဘူးဘဲ ထားဦး၊ ဓားဖြင့် ဝိုင်းခုတ်ကြ ပေမည်။အစိတ်စိတ်အမြွှာမြွှာ မွှန်းကြပေတော့ မည်တကား၊ ထိုအခိုက် –

"ဝေါ"

ရုတ်တရက် အသံကျယ်ကြီးတစ်သံ ကြားလိုက်ရ၏၊ ဦးသိဒ္ဓိကိုလည်း အသံကြားရာသို့ လှမ်းကြည့်လိုက်ကြရာ ဘေးမှ တောင်ကုန်းကလေးသည် မြေသားများ တအိအိ ပြိုကျလာသလိုကို တွေ့ရလေသည်။

"ဟာ – တောင် – တောင် ပြိုတာကွ၊ ပြေး – ပြေး –"

သို့နှင့်ပင် ဦးသိဒ္ဓိတို့ လူစုသည် တောင်ပြိုသဖြင့် ကျွန်ုပ်တို့ကို ဂရုမထားနိုင်ပဲ ထွက်ပြေးကြတော့၏၊ တောင်ပြိုသည်နှင့် တစ်ပြိုင်နက် တောင်ကုန်းပေါ်မှ ဘုဒိုဇာကားကြီးသည် လူမမောင်းပါဘဲ ဝေါခနဲ တစ်ရှိန်ထိုး လိမ့်ဆင်းလာလေ၏၊ ဦးသိဒ္ဓိသည် သူ၏ ဆိုင်ကယ်ကို စက်နှိုးရင်း သူ့နောက်မှ ဘုဒိုဇာကားကြီး ဆင်းလာသည်ကို မမြင်ပါချေ၊ ဆိုင်ကယ်ကလည်း ယခုမှပင် စက်ကလုံးဝမနှိုး။ ကျွန်ုပ်နှင့် ဆရာစိုးသည် လဲနေရာမှ အားယူထပြီး ချိုင့်ဝှမ်းငယ်လေးတစ်ခုအတွင်းဝင်၍ဦးသိဒ္ဓိကို ချောင်းနေရာ ကြည့်နေစဉ်မှာပင် ဆိုင်ကယ်ရော၊ လူကိုပါ ဘုဒိုဇာကားကြီးက ကြိတ်ချလိုက်လေတော့သည်၊ ထို့ပြင် မြေသားများပြိုဆင်းလာပြီး ထိုအရာကို ဖုံးလွှမ်းသွားလေ၏၊ စောစောက လူများလည်း ဘယ်ရောက်တုန်ပြီမှန်း မသိပါချေ၊ ထူးဆန်းသည်မှာ ဦးသိဒ္ဓိနှင့် ဆိုင်ကယ်တို့ မြေကြီးများဖုံးလွှမ်းသွားပြီးသကာလ တောင်ပြိုခြင်းမှာ ရပ်တန့်သွားတော့သည်၊ ထိုအခါမှ ကျွန်ုပ်လည်း ဆရာစိုးကို ထူမပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်၏၊ ကျွန်ုပ်တို့လက်ထဲမှ လွတ်ကျသွားသော စာအုပ်ကို ပြန်ရှာသော် မြေသားများ ဖုံးလွှမ်းသွားသည်ထင်၏၊ လုံးဝ ရှာမတွေ့ပါချေ၊ ယခုတော့ ဦးသိဒ္ဓိရော၊ သူ့သမီးပါ အမြစ်ပြတ်သေဆုံးကြရလေပြီ၊ ဆရာစိုးက ဖြစ်ခဲ့သမျှကိုကြည့်ရင်း "ငါသေရတော့မယ်ဆိုတာ သိလို့ မြေကြီးကိုလက်နဲ့ပုတ်ပြီး တောင်စောင့်နတ်ကို အကူအညီတောင်းရတာပဲကွာ၊ ကံကြမ္မာကလူမိုက်တွေကို လက်မခံဘူးထင်ပါရဲ့၊ လျှင်လည်းမလှုပ်၊ လေလည်းမတိုက်ပါဘဲနဲ့ တောင်ပြိုတယ်၊ သာသနာ့အရေ ခြုံထားတဲ့လူမိုက်ကို သမ္မာဒေဝနတ်တွေက အပြစ်ပေးတာ မျက်မြင်ပဲ ဝေယံသိန်း၊ ဒီတစ်ခါလည်း ငါတို့ကိုနတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်လိုက်ပြန်ပြီပေါ့ကွာ၊ သေရွာတာပေါ့၊"

ဟု ပြောရာ ကျွန်ုပ်က စဉ်းစား၍ . . .

"ကျွန်တော်တော့ သေပြီမှတ်တာ ဆရာစိုးရဲ့၊ ဒီဖြစ်ရပ်ဟာ အရမ်းအံ့ဩဖို့ကောင်းတယ်၊ ထူးလဲထူးဆန်းတယ်၊ ပြီးတော့ – ကျွန်တော်တို့ကို ဘယ်ကလူတွေထွက်လာပြီး ဝိုင်းရိုက်တာလဲ၊ ဒီနေရာမှာ တောင်ကတုံးကွင်းပြင် မဟုတ်လား၊ ရွာတွေ ဘာတွေလည်း ပုန်းဖို့မရှိပါဘူး"

ဟု ပြောလိုက်သည်၊ ဆရာစိုးက ခေါင်းညိတ်၍ ရှင်းပြ၏၊

"အဲဒါ – လူတွေမဟုတ်ဘူး၊ ကျောက်ကြီးလို့ခေါ်တဲ့ ဦးသိဒ္ဓိ အစီအရင်နဲ့ ခေါ်ထားတဲ့ ဗုတ်ဘီလူးတွေပဲ"

"ဗျာ"

ကျွန်ုပ်၏ မျက်လုံးများပြူးကျယ်သွားရ၏၊

ဆ – ဆရာစိုးက ဘယ်လိုသိလဲ၊

"အင်း – ဒီကောင်တွေ လာကတည်းက မင်းကိုပဲ ဝိုင်းရိုက်နေတယ်လေကွာ၊ ငါက ဘုန်းကံမြင့်အောင် ဘာဓနာတွေပွားထားတော့ သူတို့ငါ့ကိုမတွန်းလှန်နိုင်ဘူး၊ ငါက ကျည်အင်္ကျီရာပေါင်မှာထိထားလို့ အသားလေးငြိမ်နေတာကွ၊ အခုတော့ ခေတ်သစ်ဒေဝဒတ်ကြီး ငရဲအိုးထဲ ရောက်နေလောက်ပြီပေါ့ကွာ"





www.burmeseclassic.com

www.burmeseclassic.com

ဆရာစိုး၏ စကားကြောင့် ကျွန်ုပ်သည် ဦးသိဒ္ဓိ ခေါ်ကျော်ကြီးကို နောက်ဘဝအတွက် ရင်လေးမိသည်။ သူ့သမီး စန္ဒာခင်က အရောင်အတု သိလ်သယ်ယူသွားသေးသည်။ ကျွန်ုပ်သည် အဝေးမှ လေနအေးကို ရှူရှိုက်ရင်း ယနေ့ခေတ် လူပုဂ္ဂိုလ် ဒကာ၊ ဒကာမများ ခေတ်သစ်ဒေဝဒတ္တကို ဘိုးတော်တု၊ ဘိုးတော်ယောင် အယောင်ဆောင်မျိုးနှင့် တွေ့ပါက ရှောင်ရှားနိုင်ကြပါစေဟု ဆုတောင်းရင်း ပြန်လာခဲ့ကြလေ၏။ အဝေးမှ ကျောက်လုံးကြီး စေတီတော် ဆည်းလည်းသံက ရှိသာစွာ ပျံ့လွင့်လာလေတော့သည်။

သန္တိအားဖြင့် အမြဲငြိမ်းပါစေ ---

●● ဝေယံသိန်း ●●

BURMESE CLASSIC

မှတ်ချက် ။ ။ ဤဇာတ်လမ်းသည် မည်သူ့ကိုမှ ရည်ရွယ်ပါ၊ ကြား သော အဖြစ်အပျက်လေးတစ်ခုကို ပုံဖော်ထားသော ဇာတ်လမ်းလေးတစ်ပုဒ်သာ ဖြစ်ပါသည်။

www.burmeseclassic.com